
www.burmeseclassic.com



www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၂၅၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်တင်တင်အေး (ရွှက်စိမ်း စာပေ)
အမှတ် ၄၃ (A)၊ ၄ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



# လမ်းပေါ်မှလူငယ်

ညနေဆည်းဆာချိန် ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်သမ်းလျှက်ရှိနေသည်။

ထိုပုစွန်ဆီရောင်သည် ကမ္ဘာမြေကိုပါ အထပ်ထပ်လွှမ်းခြုံထားလိုက်သည်။

မြေပြင်ပေါ်တွင် အလေ့ကျပေါက်ရောက်နေကြသော ချုံနွယ်များနှင့် မြက်ပင်တို့သည် အရောင်ပြောင်း၍သွားသကဲ့သို့ ဝါထိန်နေတော့သည်။

အလွန်သာယာသော ရှုခင်းတစ်ခုပင်။

ထိုအချိန်အခါသမယ၌ လုရန်မြို့သို့သွားရာ လမ်းတစ်လမ်းပေါ်တွင် ပြောက်တိပြောက်ကျားဖြင့် နွားကိုဆွဲ၍ ယောက်

www.burmeseclassic.com



တူးများကိုထမ်းကာ အိမ်သို့ပြန်နေကြသော တောင်သူလယ်သမားများကို တွေ့မြင်နိုင်ကြသလို အခြားသောလူတစ်ယောက်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

လူငယ်တစ်ယောက် ဖြစ်ပေသည်။

လူငယ်သည် ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထား၏။

အသားအရေ ဖြူဝင်း၍ ထူထဲနက်မှောင်သော မျက်ခုံးမွေးနှင့် အလွန်ချောမောသော လူငယ်တစ်ယောက်ဖြစ်ပေသည်။

ပုစွန်ဆီရောင်ဖြင့် ရွှန်းမြလှပနေသော နေရောင်ခြည်ဆည်းဆာအောက်တွင် လုရန်မြို့ဟောင်းဆီသို့ ခရီးနှင်လျှက်ရှိ၏။

တဖြည်းဖြည်းနှင့် ဆည်းဆာချိန်သည် ဖျော့တော့အားနည်းလာသည်။

မကြာမီ. . .

ထိုနေလုံးကြီး ပျောက်ကွယ်သွားပေတော့မည်။

အလုပ်သိမ်း၍ ပြန်လာကြသော လူကြီးမိဘများ၏ကလေးငယ်များက ထွက်ကြိုနေကြသည်ကို လူငယ်က လှမ်းမြင်လိုက်ရသည်။

ကလေးငယ်တို့၏ ပျော်ရွှင်တက်ကြွနေပုံများနှင့် စကားသံတို့ကို လူငယ်ကြားနေရသည်။

လူငယ်သည် လျှောက်လှမ်းသွားနေရင်းမှ တစ်စုံတစ်ရာတို့ စိတ်ကူးရသွားသလို ပြုံးလိုက်မိသည်။



အထီးကျန်လှသော သူ့ဘဝကို ပြန်လည်သုံးသပ် ဆင်ခြင်မိ၍ ပြုံးလိုက်မိသည်လား။

မကျေနပ်သော မိမိဘဝအကြောင်း ပြုံးမိသည်လား။

လောကကြီးကို အရွဲ့တိုက်ချင်၍ ပြုံးမိသည်လား။

ထိုသူ့အပြုံးသည် နားလည်ရခက်သောအပြုံးမျိုး ဖြစ်နေ၏။

လုရန်မြို့သို့ သွားသော လမ်းမကြီးကို တစ်နံတစ်လျားရှည်စွာ ဖြောင့်ဖြောင့်ကြီးပင် လှမ်းမြင်နေရသည်။

လူငယ် လျှောက်လှမ်းနေစဉ်မှာပင် သူ့ကျောဘက်ဆီမှအသံဗလံများကို ကြားလိုက်ရသည်။

ထိုအသံမှာ မြင်းခွာသံများနှင့် ချူသံများ ဖြစ်ပေ၏။

ချူသံနှင့် မြင်းခွာသံတို့မှာ စည်းချက်မှန်မှန် သံပြိုင်ထွက်ပေါ်လာကြသည်။

"ချွင်. . ချွင်. . ချွင်"

"ခွပ်. . ခွပ်. . ခွပ်"

အနောက်ဘက်ခြမ်းမှ ကြားလာရသော ယင်းအသံများသည် တဖြည်းဖြည်း သူနှင့်နီးကပ်၍ လာနေကြသည်။

သူသည် နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

သန်မာထွားကျိုင်းလှသော မြင်းနှစ်ကောင် ဘွားခနဲပေါ်လာသည်ကို တွေ့လိုက်ရသည်။

ထိုမြင်းနှစ်ကောင်သည် တရကြမ်း ပြေးလာနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများနှင့်အတူ ဖုန်တထောင်းထောင်း ထသွားကြသည်။

မြင်းနှစ်ကောင်သည် တစ်မုဟုတ်ချင်း ဆိုသလို လူငယ်အနီးသို့ ရောက်ရှိလာသည်။

အရှိန်ဖြင့် ပြေးလာကြသော မြင်းနှစ်ကောင်ကြောင့် လူငယ်သည် လမ်းနံဘေးသို့ ရှောင်လိုက်ရလေသည်။

"ခွပ်. . ခွပ်. . ခွပ်"

"ရှီး. . ရှီး"

မြင်းစီးသမားနှစ်ယောက်သည် သိုင်းဝတ်စုံကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားကြသည်။

သိုင်းသမားနှစ်ဦးတို့မှာ ၎င်းတို့ စီးလာကြသော မြင်းများကဲ့သို့ပင် လွန်စွာမှ သန်မာထွားကျိုင်းလှပေသည်။

သူတို့၏မျက်နှာပြင်တို့တွင် ဖုန်များ တလူးလူး ပေကျံနေကြသည်။

သူတို့နှစ်ယောက်သည် ခရီးပြင်းနှင်နေကြကြောင်း သူတို့ အခြေအနေကို ကြည့်၍ လူငယ် သဘောပေါက်လိုက်လေသည်။

ထိုအချိန်မှာပင် မြင်းခွာသံများနှင့်အတူ မြင်းနှစ်ကောင်က လူငယ် နံဘေးမှ ဖြတ်ကျော်၍ သွားလေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်သောလူမှာ မျက်လုံးပြူးပြူးနှင့်ဖြစ်ပြီး လူငယ်ကို တစ်ချက်အကဲခတ်ကြည့်ကာ



ရှေ့သို့ အရှိန်ဖြင့် မောင်းနှင်သွားလေတော့သည်။

လူငယ်သည် ထိုမျက်လုံးပြူးပြူးနှင့်လူကို ပြန်ကြည့်လိုက်စဉ်မှာပင် သူတို့၏မြင်းများသည် အလွန်ဝေးကွာသော နေရာသို့ လျင်မြန်စွာ ရောက်ရှိသွားကြပြီ ဖြစ်လေ၏။

လူငယ်သည် ခရီးဆက်လက်နှင်လိုက်၏။

သူသည် ဘာကိုမှ ဂရုမစိုက်သလိုရှိသည်။

ပုစွန်ဆီရောင် ဆည်းဆာသည် ယခုအချိန်၌ မရှိတော့ပြီ ဖြစ်သည်။

အမှောင်ရိပ်ကို စိုးမိုးစပြုလာနေပြီ ဖြစ်သည်။

လူငယ်သည် ပတ်ဝန်းကျင် ရှုခင်းအလှကို လေ့လာသုံးသပ်ကြည့်ရင်း လျှောက်လှမ်းသွားနေစဉ်မှာပင် ကြွေးကြော်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

၎င်းအသံမှာ အာမခံဌာနမှ သိုင်းဆရာများ အာမခံပစ္စည်းများကို ပို့ဆောင်ရာ၌ ဆိုလေ့ဆိုထ ရှိသော ကြွေးကြော်သံပင် ဖြစ်ပေသည်။

'ဘာမထီအဖွဲ့ လာပြီ' ဟူသော ကြွေးကြော်သံပင် ဖြစ်သည်။

သံပြိုင်သီဆိုလိုက်ကြသော ထိုအသံသည် တဒင်္ဂအတွင်းမှာပင် လေထုအတွင်းနှင့် မြင်းခွာသံတို့ အကြားတွင် ရောထွေးယှက်ထင်လျက် နားဆီသို့ သဲကွဲပီပြင်စွာ ပေါ်ထွက်လာရှ ပီပီသသ ကြားလာစေသည်။

www.burmeseclassic.com



လူငယ် ပြုံးလိုက်သည်။

သူ့အပြုံးသည် အလွန်နှစ်သက်ဖွယ်ကောင်းသော်လည်း ထိုအပြုံး၏နောက်ကွယ်၌ ဖုံးကွယ်ငုပ်လျှိုးနေကြသော လျှို့ဝှက်ချက်များသည် ရှိကောင်းရှိနေပေလိမ့်မည်။

မြင်းခွာသံများနှင့် လှည်းအသံများက ပိုမိုနီးကပ်လာကြသော်လည်း လူငယ်သည် နောက်သို့ လှည့်မကြည့်ပေ။

သူ့စိတ်ထဲ၌ သူသည် သူ့အလုပ်ကို သူလုပ်၍ သူတို့လည်း သူတို့အလုပ်ကို သူတို့လုပ်နေကြသည်ဟူသကဲ့သို့ပင် ခံယူထားပုံရပေသည်။

"ဟေ့. . . မြန်မြန်လုပ်ကြ၊ အချိန်မရှိဘူး"

"ဟုတ်တယ်ဟေ့၊ နည်းနည်းအားယူပြီး လှုပ်ရှားကြဟေ့၊ ဟိုရှေ့နားကြရင် နားကြမယ်"

အာမခံဌာနအဖွဲ့မှ အသံများဟု လူငယ် နားလည်လိုက်သည်။

"အားစိုက်ကြစမ်းဟေ့၊ လုရန်မြို့မှာ ရွှေခရားလွှက်ရည်ဆိုင်က ပေါက်စီမွှေးမွှေးလေးကိုတောင် ငါအနံ့ရနေပြီကွ၊ တို့ကို ကြိုဆိုနေကြပြီ"

နောက်ဆုံး ထွက်ပေါ်လာသော အသံမှာ ခပ်ဝဲဝဲ အသံမျိုး ဖြစ်ပေသည်။

သူတို့သည် ဆန္ဒစောနေကြပုံရလေသည်။

လုရန်မြို့ကိုအရောက် ခရီးပြင်းနှင်နေလေသည်။



"ဟိတ်. . ဆရာ၊ ခင်ဗျားကို စောင့်နေတယ်နော် အဟီး"

"ဟား. . ဟား. . ဟား"

နောက်ပြောင်သံများ စီစီရီရီ ပေါ်ထွက်လာကြပြန်၏။

ထို့နောက်. . .

ရယ်မောသံများ လွှမ်းခြုံသွားကြသည်။

လူငယ်သည် ထိုအသံကို နားစွင့်ရင်း ပြုံးလိုက်မိ၏။

အနောက်ဘက်က အုပ်စုသည် လူငယ်နှင့် များစွာနီးကပ်၍ လာသလို ရှေ့၌တည်ရှိနေသော တောအုပ်နှင့်လည်း နီးကပ်လာလေသည်။

ထိုစဉ်မှာပင် လူငယ်၏လျှောက်လှမ်း ရွေ့လျားနေသော ခြေအစုံတို့သည် ရုတ်တရက် ရပ်တန့်၍ သွားသည်။

လူငယ် ရပ်တန့်သွားသည်နှင့် အနောက်ဘက်က ဆူညံရယ်မောနောက်ပြောင်လျှောင်နေကြသော အသံဗလံတို့သည်လည်း ရပ်တန့်၍ သွားပေတော့၏။

"ဟီး. . ဟီး. . ဟီး"

မြင်းဇက်ကြိုးကို သတ်လိုက်ကြသဖြင့် မြင်းမှာ ရပ်တန့်သွားကာ ဟီလိုက်ကြသည်။

အရှေ့ရှူးရှူးဆီမှ ထူးခြားသော မြင်ကွင်းတစ်ရပ်ကို ရုတ်တရက် မြင်တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မီးရောင်တွေပါလား"

အရှေ့ဘက်ဆီမှ မီးရောင်များကို မြင်တွေ့လိုက်ရလေ၏။

ထိုအလင်းရောင်များသည် ညအမှောင်ကို ဖြိုခွင်းလိုက်သကဲ့သို့ ရှိပေသည်။

မီးအိမ်နှစ်ခုမှ မီးရောင်များ ဘွားခနဲ ပေါ်လာသလို လူငယ်နှင့် မျက်နှာချင်းဆိုင်၍ သွားလေ၏။

သည်တစ်ခါတော့ လူငယ်သည် လမ်းနံဘေးသို့ ဆုတ်ရှောင်ပေးခြင်း မပြုတော့ဘဲ လမ်းလယ်ကောင်တည့်တည့်မှနေ၍ ရင်ဆိုင်လိုက်ပေသည်။

ထိုမီးရောင်ရှင်များသည် လူငယ်အား အာမခံဌာနအဖွဲ့မှ ခေါင်းဆောင်တစ်ယောက်ဟု ထင်သွားကြမည် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် လူငယ်သည် အာမခံဌာန၏ ရှေ့တွင် မားမားမတ်မတ်ကြီး ရပ်တန့်နေသောကြောင့် ဖြစ်ပေသည်။

လေသည် တဟူးဟူးတိုက်၍ ကောင်းနေဆဲပင် ရှိသည်။

မီးအလင်းရောင်အောက်တွင် လူငယ်၏ရုပ်အသွင်မှာ အလွန်ချောမောခန့်ညားနေ၏။

ဝင်းဝါစိုပြည်သော သူ့အသားအရောင်သည် မီးအလင်းရောင်ကြောင့် ရွှေရောင်တောက်သွားသကဲ့သို့ ထင်ရပေသည်။



ဤနေရာ၌ လူငယ်အား သေသေချာချာ အကဲခတ်ကြည့်နိုင်ကြမည်ဆိုလျှင် လူငယ်၏မျက်နှာပေါ်၌ ဒေါသအရောင်များ လွှမ်းမိုးယှက်သမ်းနေမည်ကို မြင်နိုင်ပေလိမ့်မည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ရေခဲစိမ်ထားသကဲ့သို့ တကတိ တိတ်ဆိတ်အေးချမ်း၍ ရှိနေရာ ထိုအခြေအနေတစ်ရပ်ဝင်လျှင် တုန်လှုပ်ချောက်ချားဖွယ်ကောင်း၍ နေပေတော့၏။

မည်မျှတိတ်ဆိတ်ငြိမ်သက် အေးချမ်းနေပါသနည်းဟုဆိုလာလျှင် ထိုအချိန်သည် အလွန်ဆိတ်ငြိမ်လွန်း၍ အပ်ကျသံပင် ကြားနိုင်မည် ဖြစ်သည်။

ထိုသို့ ချောက်ချား တိတ်ဆိတ်လွန်းပေတော့သည်။

"ဟီး . . ဟီး . . ဟီး"

ရုတ်တရက် . . .

မြင်းများက လန့်သွားကာ ဟီလိုက်ကြသည်။

အရှေ့၊ အလယ်နှင့် အနောက် အုပ်စုတို့သည် ဘာအသံမှမဆို ဘာအသံမှ မပြုချေ။

ထိုအတိုင်း ငြိမ်နေကြသည်။

မုန်တိုင်းတစ်ခုအတွက် သူ့ရှေ့မှ လေပြည်လေညင်းပို့နေသကဲ့သို့ အရှိန်ယူနေသည့် သဘောမျိုးကို ဆောင်နေလေတော့သည်။

ထိုခဏမှာပင် မီးရောင်တန်းများ၏ နောက်မှ အသံကြီးတစ်ခုက ပေါ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက အာမခံဌာနအဖွဲ့က သိုင်းဆရာလားကွ"

လူငယ် ဘာမှမပြောဘဲ ငြိမ်နေသည်။

"သူ့ကို ဟိုပုဂ္ဂိုလ်ကြီးရဲ့တပည့်လို့ အစ်ကိုကြီး ထင်သလား"

သူတို့ ဘာကို ရည်ရွယ်၍ ပြောနေမှန်း လူငယ် မသိပါချေ။

ပဟေဠိဆန်သော စကားတစ်ရပ်ဟုသာ လူငယ်သဘောပေါက်ထားလိုက်၏။

လူငယ် ငြိမ်နေဆဲမှာပင် ငှက်ဆိုးထိုးသံလို အသံတစ်သံ ထွက်ပေါ်လာသည်။

"တာဝန်ခံသိုင်းဆရာ ကျွေဖန်းကို စကားပြောဖို့ ကြွခဲ့ပါလို့ ပြောလိုက်ပါ"

"အို. . . ကျွေဖန်းကို အောက်ကျနောက်ကျခံပြီး ကြွနိုင်းမနေပါနဲ့၊ ဟော. . . လာစမ်းလို့ တစ်ခွန်းတည်း ခေါ်လိုက်ရုံနဲ့ သူထွက်လာမှာပါ"

ဝံပုလွေသံလိုလူနှင့် ငှက်ဆိုးထိုးသံကဲ့သော လူနှစ်ယောက်၏ အပြန်အလှန် စကားသံတို့ ထွက်ပေါ်လာသည်။

လူငယ်သည် ယခုအချိန်အထိ နှုတ်ဆိတ်နေကာ အခြေအနေ စောင့်ကြည့်နေ၏။

ထိုစဉ် ဝံပုလွေအော်သံနှင့်တူသော ပုဂ္ဂိုလ်၏အသံက ထပ်ဆင့်ပေါ် ထွက်လာပြန်၏။



"ဟော. . . သေသေချာချာ နားထောင်စမ်း၊ အခုတစ်ခေါက် မင်းတို့ ဘာမထီအာမခံဌာနက ပို့လိုက်တဲ့ ပစ္စည်းတွေကို တို့ငရဲမီးအိမ်ဂိုဏ်းက အပိုင်သိမ်းထားမယ်၊ အခုလို ငါတို့ရဲ့ ဂိုဏ်းဖွင့်ပွဲမှာ လက်ဆောင်လာပို့တဲ့အတွက် ကျေးဇူးအရမ်းတင်တယ်၊ ပစ္စည်းတွေကို ထားခဲ့ကြ၊ မင်းတို့အားလုံး ပြန်နိုင်ပြီ"

"တောက်"

ဝံပုလွေအသံရှင်၏ စကားသံဆုံးသွားသည်နှင့် လူချောလေး၏ နောက်ဘက်ဆီမှ အာမခံဌာနသားတစ်ဦး၏ မကျေနပ်သော တောက်ခေါက်သံတစ်ခု ပေါ်ထွက်လာကြသည်။

"ဝှစ်. . ဝှစ်"

ဤတွင် တခဏအတွင်း၌ပင် အရိပ်သဏ္ဍာန်နှစ်ခုက ရုတ်တရက် ခုန်လွှား၍ လူငယ်၏နံဘေးမှ ဖြတ်ကျော်ကာ ကျရောက်လာပေ၏။

လူငယ်က ရုတ်တရက် လှုပ်ရှားလိုက်ရာ ထိုအရိပ်သဏ္ဍာန်နှစ်ခုသည် ရှေ့ဆက်တိုး၍ မသွားနိုင်တော့ဘဲ တောင့်တောင့်မတ်မတ်ကြီးဖြစ်၍ နေကြလေသည်။

ဤအဖြစ်အပျက်သည် လျှပ်တစ်ပြက် မျက်တောင်တစ်ခတ်မျှသာ ကြာ၍ ထိုအရိပ်သဏ္ဍာန်ရှင်များပင် ကောင်းစွာ သိရှိလိုက်မည် မဟုတ်ပေ။

သူတို့၏စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်သွားကြမည်မှာ သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ဝေခွဲမရအောင် ဖြစ်နေပေ၏။

လူချောလေးမှာ ထိုကိစ္စကို ဘာမှမသိသလို ဘာသိဘာသာပင်ရှိလျက် အားလုံးကို ကျောခိုင်းထားလိုက်ပေသည်။

ပြီးမှ. . .

အေးစက်တည်ငြိမ်သော အသံဖြင့် လူငယ်က ပြောလိုက်သည်။

"ခင်ဗျားတို့ ကျုပ်ကို မေးနေတာလား"

"အေး. . မင်းကို မမေးလို့ ငါတို့က ဘယ်သူ့ကို မေးရမှာလဲ"

လူငယ်က. . .

"ခင်ဗျား ဘယ်သူနဲ့ စကားပြောနေတယ်ဆိုတာ သိရဲ့လား"

လူငယ်၏အသံမှာ သြဇာတိက္ကမနှင့် ပြီးပြည့်စုံနေသကဲ့သို့ ရှိပေသည်။

ထိုအခါ. . .

စောစောက ဝင်ပြောသော ငှက်ဆိုးထိုးသံကဲ့သို့သော လေသံရှင်က. . .

"ဘယ်သူနဲ့ ပြောနေရမှာလဲကွ၊ မင်းဝေးဝေးရှောင်နေစမ်းကွာ"

လူငယ်က. . .



"သိပ်ရှည်ရှည်ဝေးဝေး လုပ်မနေနဲ့၊ သတ္တိရှိရင် ဓား ထုတ်လိုက်"

ဟု ပြောလိုက်၏။

သူ၏စကားသံ၌ ဒေါသအငွေ့အသက်များ ပါနေကြောင်း သိသာသည်။

လူငယ်သည် သူတို့ကို မျက်နှာချင်းဆိုင်ပစ်လိုက်သည်။

အလင်းတန်းနှစ်သွယ်က လူငယ်၏မျက်ဝန်းအစုံမှ ထွက်ပေါ်နေသကဲ့သို့ ထင်ရ၏။

လူငယ်က မီးအိမ်ကိုင်လူများထံမှ ညာဘက်အစွန်ဆုံး လူတစ်ယောက်ကို စိုက်ကြည့်လိုက်ရာမှ ထိုလူသည် အထိတ်တလန့်ဖြင့် လက်ထဲမှ မီးအိမ်ကို ချွမ်းခနဲ လွှတ်ချလိုက်ပေသည်။

"အင့်"

လူငယ်သည် လက်နက်ပုန်းတစ်ခုကို ပစ်လွှတ်လိုက်ဟန်တူ၏။

ထိုလူသည် လက်နက်ပုန်း ထိမှန်သွားဟန်ဖြင့် မြေကြီးပေါ်သို့ ဘိုင်းခနဲလဲကျကာ လူးလှိမ့်၍ နေတော့၏။

ထို့နောက်. . .

ထိုလူသည် မြေပေါ်၌ လူးလှိမ့်ရင်း နာနာကျင်ကျင် စူးစူးရှရှဖြင့် အော်ဟစ်ညည်းတွားနေတော့သည်။

အလွန်တရာမှလည်း ချောက်ချားထိတ်လန့်ဖွယ်ကောင်းသော အော်သံကြီးပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ"

အဖြစ်အပျက်ကို ရုတ်တရက် မြင်လိုက်ကြရသူက လူငယ်၏အရေ့နှင့် အနောက်တွင် ရှိကြသော အဖွဲ့နှစ်ဖွဲ့ပင် ဖြစ်ပေသည်။

သူတို့လည်း အလွန်ထိတ်လန့် အံ့သြသွားပုံရပေ၏။

ငရဲမီးအိမ်ဂိုဏ်းမှ လူတစ်ယောက် ခံလိုက်ရသဖြင့် ယင်းဂိုဏ်းသားတို့သည် ရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်။

ယင်းတို့သည် ကြံ့စုဂိုဏ်းသားများ ဖြစ်ကြပေသည်။

ယခုတော့ သူတို့သည် ဘာမထီအာမခံဌာနမှ ချောထုပ်များကို လုယူ၍ မရမီမှာပင် သူတို့အဖွဲ့သားတစ်ဦး ခံလိုက်ရပြီ မဟုတ်ပါလား။

ဘာမထီအာမခံဌာနနှင့် ငရဲမီးအိမ်ဂိုဏ်းတို့သည် လွန်စွာ အံ့သြထိတ်လန့်နေဟန်ဖြင့် မြေပြင်ပေါ် လူးလိမ့်နေသော ထိုလူကိုတစ်လှည့် လူငယ်ကိုတစ်လှည့် ကြည့်ရင်း သူတို့စိတ်ထဲတွင် နားမလည်နိုင်အောင် ဖြစ်နေတော့၏။

မြေပြင်၌ လူးလိမ့်နေသူသည် အော်ဟစ်ညည်းညူခြင်းကို ရပ်တန့်လိုက်၏။

ထိုပုဂ္ဂိုလ်သည် လူငယ်ကို ကြည့်ပြီး အံ့သြမင်တက်မိနေလေသည်။

ထို့နောက်. . .



မြေပြင်ထက်မှ ကုန်းထပြီး မီးအိမ်ကို ကောက်ယူပြန်ရာ ဝုန်းခနဲ ဒူးညွတ်ပြုတ်ကျသွားပြန်သည်။

"ကြိုးစားပြီး ထလိုက်စမ်းပါဗျာ"

ထိုလူသည် မီးအိမ်ကို ကောက်ယူပြီး ကြိုးစား၍ထလိုက်သည်။

ပြီးလျှင် လူငယ်ကို အံ့သြထိတ်လန့်စွာ လှမ်းကြည့်ရင်း ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်၏။

"မင်း. . . မင်းဟာ အလယ်ပိုင်းက တစ်ကိုယ်တော်ဖြစ်တဲ့ ချင်ချန်းနဲ့ ဘာတော်သလဲ"

လူငယ်လေးသည် တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မပြုဘဲ နှုတ်ဆိတ်နေလေသည်။

ငရဲမီးအိမ်ဂိုဏ်းခေါင်းဆောင် ဖြစ်ဟန်တူသော မရဏတန်စန်းဆိုသူက လူငယ်ကို စိုက်ကြည့်၍. . .

"ဟေ့. . မင်းကို ပြောနေတာ မကြားဘူးလား၊ ဖြေလိုက်လေကွာ"

သူက အသံကိုမြှင့်၍ မေးလိုက်သည်။

လူငယ်က လေသံအေးအေးဖြင့် တစ်လုံးချင်း ပြန်မေးလိုက်သည်။

"အခုအချိန်မှာ အရေးကြီးတဲ့ ကိစ္စတွေကို အရင်ပြီးအောင် ဆောင်ရွက်လိုက်ရင် တန်ဖိုးရှိတဲ့ အချိန် ဖြစ်သွားလိမ့်မယ်လို့ ကျုပ်ထင်တယ်၊ ကျုပ်ပြောတာ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ရဲမီးအိမ်ဂိုဏ်းထဲမှ အဖွဲ့ဝင်တစ်ယောက် ဖြစ်သူက ရှေ့သို့တိုး၍ တက်လာပြီး ခက်ထန်သောလေသံဖြင့် ပြောလိုက်၏။

"သိပ်ကြီးကျယ်မနေနဲ့၊ အခုအချိန်မှာ မင်းကို အမှုန့်ချေပစ်လို့ရတယ်"

ပြောပြောဆိုဆိုပင် ထိုလူသည် ရုတ်တရက် လှုပ်ရှားလိုက်လေသည်။

အလင်းတန်းတစ်ခုသည် သူ့လက်တွင်းမှ ပေါ်ထွက်လာကာ လူငယ်၏ဇက်ပေါ်သို့ ဖျတ်ခနဲ ကျရောက်လာပေသည်။

"အား"

ထိုသူ၏လက်အတွင်းမှ ဓားသည် လူငယ်၏ဇက်ပေါ်သို့ ရောက်မလာခင် တစ်ထွာခန့် အလို၌ မီးပွင့်များ ဝင်းလက်သွားပြီး လွင့်စဉ်သွားသည်ကို အားလုံးလိုလိုပင် မြင်လိုက်ကြရပေ၏။

ဤသည်မှာ လူငယ်က လက်တုန့်ပြန်လိုက်ခြင်း ဖြစ်လေသည်။

လူငယ်သည် ရုတ်တရက် ဓားကို ဓားအိမ်အတွင်းမှ လျှင်မြန်စွာ ဆွဲထုတ်လိုက်ပြီး သူ့ကိုယ်ပေါ်သို့ ကျရောက်လာသော ရန်သူ၏ဓားကို ခတ်ထုတ်ပစ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ရန်သူသည် လက်မှ ဓားလွတ်ကျသွားသလို လက်ကောက်ဝတ်မှာလည်း နာကျင်သွားပေ၏။



လူငယ်သည် ရန်သူ့ဓားချက်ကို သူ့ဓားချက်ဖြင့် ခတ်ထုတ်ပစ်လိုက်ရင်းမှ တစ်ဆက်တည်းဆိုသလိုပင် ဓားရိုးဖြင့် ထိုသူ၏လက်ကောက်ဝတ်ကိုပါ ပွတ်ဆွဲကာ သွေးကြောတစ်ချောင်းကို ပိတ်ပစ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ထိုလူမှာ ဓားကို ပြန်မကောက်နိုင်ဘဲ လူငယ်ကို အလွန်ထိတ်လန့် အံ့ဩစွာ စိုက်ကြည့်ရင်း တောင့်တောင့်ကြီး ဖြစ်၍ နေလေသည်။

"ကျုပ် ဘယ်သူ့ကိုမှ အနာတရ ဖြစ်အောင် မလုပ်ချင်ပါဘူး၊ ဒါပေမယ့် ကျုပ်ကိုလုပ်လာရင်တော့ ကျုပ်တလဲ ပြန်ပြီးလက်တုံ့ပြန်လိုက်ရမှ ကျေနပ်တာ ဝမ်းနည်းပါတယ်ဗျာ၊ ကဲ သတ္တိရှိတဲ့ လူတစ်ယောက် ထွက်လာပါဦး"

လူငယ်က ခပ်အေးအေးပင် ပြောပြီး ဓားအိမ်အတွင်းသို့ ဓားကို ရှပ်ခနဲ ထည့်သွင်းလိုက်သည်။

"သည်ကောင်က တယ်စွမ်းပါလား"

"ဟုတ်တယ်၊ ဘယ်လိုလုပ်ပြီးတော့ ရောက်လာတာလဲ မသိဘူး"

ထိုအသံမှာ နှစ်ကိုယ်ကြား အသံမျိုး ဖြစ်သော်လည်း လူငယ်သည် ထိုအသံကို သဲကွဲပီသစွာပင် ကြားလိုက်ရသည်။

လေသံဖြင့် တီးတိုးဝေဖန်ပြောဆိုနေသူတို့မှာ အာမခံ ဌာနသားများ ဖြစ်ကြ၏။

"ခင်ဗျားတို့ ကိုယ့်လမ်းကိုယ်သွားကြပါတော့လား၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



လို့ သည်မှာ ရပ်နေကြတာလဲ"

လူငယ်က ငရဲမီးအိမ်ဂိုဏ်းမှ လူများအား လှမ်းအော်ပြောလိုက်သော်လည်း သူတို့သည် ဂရုမစိုက်ဟန်ဖြင့် ရပ်မြဲရပ်နေကြလေသည်။

သူတို့သည် တုတ်တုတ်မျှ မလှုပ်ဘဲ တိတ်ဆိတ်ငြိမ်သက်စွာပင် လူငယ်ကို စိုက်ကြည့်နေကြပေ၏။

ထိုစဉ် ငရဲမီးအိမ်ဂိုဏ်းခေါင်းဆောင်သည် ရှေ့သို့ တစ်လှမ်း တိုးတက်လာပြီး. . .

"မင်း ဘယ်သူလဲ၊ တစ်ကိုယ်တော်ချင်ချန်းရဲ့တပည့်လား"

"ခင်ဗျားသိဖို့ မလိုပါဘူးဗျ"

လူငယ်က လေသံမာမာဖြင့် ပြောလိုက်သောအခါ ထိုလူသည် ဓားကို လျင်မြန်စွာ ဆွဲထုတ်လိုက်ပြီး လေထဲ၌ ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

လေခတ်သံနှင့် ဓားရောင်များ ပြိုးပြိုးပြက်ပြက် လင်းလက်ထွက်ပေါ် လာလေသည်။

လူငယ်သည် အကြောက်အလန့် ကင်းမဲ့စွာဖြင့် ထိုလူကို မျက်မှောင်ကြုတ်၍ ကြည့်နေပေ၏။

တောအုပ်အတွင်းမှ အမျိုးအမည် မသိသော ညှဉ့်ငှက်အော်သံကို ကြားလိုက်ရသော်လည်း ထိုငှက်အော်သံသည် ပြန်



သည်တိတ်ဆိတ်သွားပေ၏။

လူငယ်သည် ဓားကိုဆွဲထုတ်ခြင်း မပြုဘဲ ထိုလူကို စိုက်ကြည့်နေဆဲမှာပင် အလင်းတန်းတစ်ခုက လူငယ်ပေါ် သို့ အရှိန်အဟုန်ပြင်းစွာဖြင့် ရုတ်တရက်ကျရောက်လာပေ၏။

"ဝှစ်"

"ဟိတ်"

လူငယ်သည် တည့်မတ်စွာ ကျရောက်လာသော ဓားလမ်းကြောင်းမှ ကိုယ်ကို တစောင်းအနေအထားပြု၍ ရှောင်တိမ်းလိုက်ရာ ဓားသည် အလင်းတန်းများနှင့်အတူ ဝှစ်ခနဲ အော်မြည်လျက် လေထဲဝဲပျံသွားပေသည်။

"အလို မိတ်ဆွေကြီးရဲ့ ဓားချက်က ကလေးတစ်ယောက် ဆော့ကစားနေသလိုပါပဲလား၊ သည့်ထက် ကောင်းတဲ့ ပညာရှိရင် ထုတ်လိုက်စမ်းပါ"

လူငယ်သည် မခံချင်အောင် ပြောလိုက်ပြီး ကိုယ်နေဟန်ထားကို အသင့်ပြင်ဆင်ထားလိုက်ပေ၏။

"မင်းဟာ တော်တော်လေကျယ်တာပဲ၊ မင်း တကယ်ပဲ အစွမ်းအစ ရှိသလားဆိုတာ လက်တွေ့စမ်းသပ်ကြည့်ကြသေးတာပေါ့"

"ကောင်းပြီလေ၊ လက်တွေ့စမ်းသပ်ကြည့်ကြသေးတာပေါ့"

လူငယ်သည် စိန်ခေါ်၍ အသင့်အနေအထားမှ နေ၍

www.burmeseclassic.com

www.burmeseclassic.com



သို့ ခြေတစ်လှမ်းဆုတ်လိုက်စဉ်မှာပင် အရိပ်သဏ္ဍာန်တစ်ခုသည် လူငယ်ကိုယ်ပေါ်သို့ အုပ်မိုး၍ ကျရောက်လာပေ၏။

"သွားစမ်း"

လူငယ်သည် သူ့ကိုယ်ပေါ်သို့ အုပ်မိုးကျရောက်လာသော ထိုလူကို လက်ဝါးရိုက်ချက်တစ်ခုဖြင့် လှမ်းရိုက်ထည့်လိုက်လေသည်။

ထိုလူသည် ချက်ချင်းပင် မြေပေါ်သို့ ပြန်ကျမသွားခင်မှာပင် တစ်ဖက်သို့ လွှားခနဲ ခုန်ရှောင်လိုက်သည်။

လူငယ်၏ရိုက်ချက်သည် လွဲချော်သွားရသလို ထိုလူ၏ ဓားချက်သည်လည်း လူငယ့်ကိုယ်ပေါ်သို့ ကျရောက်သွားခြင်း မရှိဘဲ လေကို ခုတ်မိလျက်သား ဖြစ်သွားပေသည်။

လူငယ်သည် ယခုတိုင် သူ၏ဓားကို ဓားအိမ်အတွင်းမှ ဆွဲထုတ်၍ တိုက်ခိုက်ခြင်း မပြုသေးပေ။

မရဏဟန်စန်းသည် လူငယ်ကို ဓားဖြင့် တိုက်ခိုက်နေမိသဖြင့် သူ့ကိုယ်သူလည်း မလုံမလဲ ဖြစ်သွားပုံရသည်။

တစ်ဖက်သတ်ကျနေသည်ဟုလည်း ထင်မြင်သွားပုံရ၏။

ထို့ကြောင့် ရန်သူက သူ့ဓားကို ဓားအိမ်အတွင်းသို့ ပြန်ထည့်လိုက်လေ၏။

"ခင်ဗျားက ဓားကို ဘာဖြစ်လို့ ဓားအိမ်ထဲ ပြန်ထည့်လိုက်ရတာလဲ၊ ကျုပ်ကို မယှဉ်ရဲတော့ဘူးဆိုတဲ့ သဘောလား"



လူငယ်က မေးလိုက်လျှင် ဟန်စန်းက ရယ်မောလိုက်ပြီးနောက်. . .

"မင်း သည်လိုထင်ရင် မှားသွားမှာပေါ့ကွာ၊ မင်းက ဓားမကိုင်တဲ့အတွက် ငါ့ဘက်ကလဲ ဓားမကိုင်ချင်ဘူး၊ မင်းက လက်ဗလာနဲ့ တိုက်ခိုက်ချင်တဲ့သဘော ရှိပုံရတယ်၊ ဒါကြောင့် ငါကလဲ မင်းကို လက်နက်မဲ့နဲ့ပဲ ယှဉ်တော့မယ်လေ၊ ဒါမှ တရားမျှတမယ် မဟုတ်လား"

လူငယ်သည် ကျေနပ်စွာ တစ်ချက်ပြုံးပြလိုက်ပြီး. . .

"ကောင်းတယ်ထင်ရင် လုပ်ပါ၊ ကဲ. . . နိုင်အောင်သာ တိုက်ပေတော့"

ဟု ပြောပြီး လက်ဝဲလက်ကို ဖြန့်၍ မိုးပေါ်သို့ ထောင်ပြလိုက်သည်။

ဟန်စန်းသည် ၎င်း၏အဆင့်မြင့်သိုင်းပညာ ဖြစ်သော သက်ခြေလက်ဝါးသိုင်းကျမ်းဖြင့် သိုင်းကွက်ဆင်လိုက်ပေ၏။

လူငယ်သည် ဟန်စန်း၏လှုပ်ရှားလာမည့် သိုင်းကွက်ကို မျက်ခြည်ပြတ်မခံဘဲ အကဲခတ် စောင့်ကြည့်ရင် တိုက်စစ်ဆင်လာပါက ပြန်လည်ခုခံကာကွယ်နိုင်ရန် ကိုယ်ကိုလည်း အသင့်ပြင်ဆင်၍ ထားလိုက်ပေ၏။

ထိုစဉ်မှာပင် မရဏဟန်စန်းသည် ရုတ်တရက် သိုင်းကွက်ကို ဆင်၍ တိုက်ပွဲစတင်လိုက်သည်။

သူ၏သက်ခြေလက်ဝါးသိုင်းထဲမှ တစ်ကွက်ထုတ်ဖော်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ထိုသိုင်းကွက်မှာ ကြောက်စရာကောင်းသော လက်ဝါးရိုက်ချက်တစ်ခု ဖြစ်သည်။

လေထုကြား၌ ဝုန်းဟူသော အသံကို ကြားလိုက်သည်နှင့် လူငယ်သည် နောက်သို့ တစ်လှမ်းခန့် ဆုတ်၍ လျင်မြန်စွာ ရှောင်တိမ်းလိုက်ရသည်။

"ခင်ဗျား ကျုပ်ကို သက်ခြေလက်ဝါးသိုင်းကွက်နဲ့ တိုက်နေတာကိုး။ ခင်ဗျားက သည်သိုင်းကွက်ကို ဘယ်တုန်းက တတ်ထားတာလဲ၊ ခင်ဗျားသိုင်းကွက်ကို ကြည့်ရတာ သက်ခြေလက်ဝါးသိုင်းကွက်ထဲက တစ်ကွက်ပဲ ဖြစ်ရမယ်"

မရဏာဟန်စန်းသည် လူငယ်၏စကားနှင့် ဟန်ပန်အမူအရာကို ကြည့်၍ လွန်စွာ ဘဝင်မြင့်သွားပုံရပေသည်။

"ဟဲ. . . ဟဲ. . . သည်အကွက်က ပဏာမအကွက်ပဲရှိသေးတယ်၊ ငါ့ရဲ့ နောက်ဆက်တွဲ အကွက်တွေကို မင်းမြင်လိုက်ရင် မင်းဟာ သိုင်းလောကကို တစ်သက်လုံး စွန့်ခွာသွားမှာ သေချာတယ်"

လူငယ်သည် သဘောကျစွာ ပြုံးလိုက်ပြီး ကန်ချက်တစ်ချက်ဖြင့် ဟန်စန်းကို အကဲစမ်းလိုက်သည်။

ထိုအကွက်မှာ လူငယ်၏ မြင်းကန်သိုင်းကွက်ပင် ဖြစ်ပေ၏။

ခြေနှစ်ဖက်နှင့် စုံကန်၍ လေထဲပျံဝဲလာသည်နှင့် မရဏာ



ဟန်စန်းသည် ပြက်ရယ်ပြု၍. . .

"မင်းအကွက်က မြင်းကန်သိုင်းကွက်ပဲ၊ ငါ့အမြင်မှာတော့ မမှီမကမ်းနဲ့ လှမ်းပြီး ခွပ်နေသလိုပဲ၊ မင်းဟာ မင်းဆရာရဲ့ ခြေရာ လက်ရာ မမှီပါလားကွ၊ ချင်ချွန်းရဲ့တပည့်ဆိုတာ ဖြစ်နိုင်ပါ့မလားကွ၊ ဝါတော့ ယုံတောင် မယုံချင်တော့ဘူး"

မရဏာဟန်စန်းက နှိမ်သလိုပြောပြီး သိုင်းကွက်လေးငါးကွက်ကို ဆက်တိုက်ဆိုသလို ထုတ်၍ လူငယ်ကို တိုက်ခိုက်လိုက်လေသည်။

လူငယ်မှာ တစ်ဖက်မှ တိုက်ခိုက်ချက်ကို ခံစစ်အဖြစ်ခုခံနေရလေသည်။

ခံစစ်ဖြစ်နေသော လူငယ်ကို ကြည့်ပြီး မရဏာဟန်စန်းသည် လူငယ်ကို အလွန်အမင်း အထင်သေးသွားပုံဖြင့်. . .

"မင်းဟာ ငါ့ကို သိုင်းကွက်ဆယ်ကွယ် မပြည့်ခင်မှာဘဲကိစ္စပြတ်သွားမယ်နဲ့တူတယ်၊ ဟဲ. . ဟဲ. . မင်းကို ငါအထင်ကြီးခဲ့တာ တကတက်စင်မှာ နေပါရော့လား၊ တကယ်တော့ ကြွက်စုတ်တစ်ကောင်လောက်တောင် အစွမ်းအစ မရှိပါလားကွ"

ပြောပြီး ဟန်စန်းသည် ကျယ်လောင်စွာ လှောင်ရယ်ရယ်လိုက်လေသည်။

"အချိန်တန်တော့ အရှုံးပေးလိုက်ရတာမျိုးဆိုရင်တော့ ခင်ဗျား ဒုက္ခရောက်သွားမယ်နော်"

လူငယ်၏စကားကြောင့် မရဏာဟန်စန်းသည် ရှုံရှုံးရှဲရှဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။

အလွန်အကျည်းတန်သော သူ့ရုပ်သည် ထိုခဏ၌ ပို၍ အကျည်းတန်သွားပေတော့သည်။

"ဝှီး. . . ဝှီး"

"ဝုန်း. . . ဝုန်း"

ဟန်စန်း၏ လက်ဝါးရိုက်ချက်နှစ်ခု လူငယ်ထံ ပြေးဝင်လာကြသည်။

ဘယ်လက်ဝါးရိုက်ချက်နှင့် ညာလက်ဝါးရိုက်ချက်ဖြစ်သည်။

ထိုရိုက်ချက်ကို တစ်ချက်ချင်းမရိုက်ဘဲ လက်ဝါးနှစ်ဘက်ကိုမြှောက်၍ စုံရိုက်လိုက်ခြင်း ဖြစ်သည်။

လူငယ်သည် ဖျတ်လတ်စွာ ကာကွယ်ရင်း လက်ဝါးစောင်းတစ်ချက် သူ့ကိုယ်ပေါ်သို့ ရိုက်ချလိုက်လေသည်။

"ဆရာ. . . သတိထား"

လူတစ်ယောက်က သတိပေးလိုက်သည်။

မရဏဟန်စန်းသည် လူငယ်၏ရိုက်ချက်ကို လက်ဝါးဖြင့်ဆီးခံလိုက်ရာ ရိုက်ချက်များ ပြင်းထန်ကြသဖြင့် နှစ်ယောက်စလုံးပင် နောက်သို့ သုံးလှမ်းခန့် လွင့်စဉ်သွားကြလေသည်။

လူငယ်သည် မျက်နှာတစ်ချက်မျှ မဲ့လိုက်ရာ ဟန်စန်း၏ စိတ်ထဲ၌ လူငယ် အတွင်းဒဏ်ရာရသွားပြီဟု အဝင်မြင့်စွာ တွေးလိုက်လေသည်။



သိုင်းကွက်ဆယ်ကွက်ကျော်လာသည်အထိ လူငယ်ပေါ် ထိရောက်ခြင်းမရှိသေးပေ။

လူငယ်သည် ခံစစ်မှ ထိုးစစ်ဆင်ရန် ပြင်ဆင်လိုက်လေသည်။

"သည်တစ်ခါတော့ ကျုပ်အလှည့်ပေါ့ဗျာ"

လူငယ်သည် လက်ဝါးတစ်ချက်နှင့် လက်သီးထိုးချက်တစ်ခုဖြင့် ဟန်စန်းကို ထိုးစစ်ဆင်နေရာမှ စတင်တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

"အင့်"

မရဏဟန်စန်းထံမှ အင့်ဟူသော ညည်းသံတစ်ခုပေါ်ထွက်လာသည်။

လူငယ်သည် လက်ချင်းယှက်ကာ အားချင်းပြိုင်လိုက်သော်လည်း ဟန်စန်း၏အားမှာ လူငယ်ထက် အနည်းငယ် ယုတ်လျော့နေသဖြင့် နှစ်လံခန့် လွင့်စဉ်သွားလေသည်။

နောက်တစ်ကွက်ဆိုလျှင် သူ့သိုင်းကွက် ဆယ့်ခြောက်ကွက်ပြည့်ပြီ ဖြစ်သည်။

နောက်ဆုံးသိုင်းကွက်မှ လူငယ်ကိုမနိုင်ခဲ့လျှင် ဟန်စန်းအဖို့မလွယ်တော့ချေ။

နောက်ထပ် တိုက်ခိုက်ရန် သူ့၌သိုင်းကွက်များ မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဟန်စန်းစိတ်ထဲ အနည်းငယ် စိုးရွံ့သွားပုံရသည်။

ထိုအချိန်၌ သူ့မျက်နှာလည်း ကျားရှေ့ရောက်နေသော ယုန်သူငယ်လို ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

သူ၏စိုးရိမ်ကြောင့်ကျစိတ်နှင့် ထိတ်လန့်ချောက်ချား နေသောစိတ်တို့ကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် . . .

စိုးရိမ်စိတ်တို့က သူ၏မျက်နှာပေါ်တွင် နေရာယူထား လိုက်ပြီဖြစ်ပေသည်။

"ဟိတ်"

"ယား"

ထို့နောက် . . .

ထိပ်တိုက်ရင်ဆိုင် လိုက်ကြလေတော့သည်။

♥ ♥ ♥



လူငယ်သည် လက်ဝါးရိုက်ချက်ဖြင့် ဟန်စန်းကို ရိုက်ချလိုက်သည်။

ဟန်စန်း ရှောင်လိုက်သဖြင့် လူငယ်၏လက်ဝါးရိုက်ချက် အလွဲချော်သွားပြီး လေထဲမှာ ဝှစ်ခနဲ ကျယ်လောင်စူးရှစွာ အော်မြည်သွားလေသည်။

"ခင်ဗျားကိုကြည့်ရတာ အခြေအနေ သိပ်ကောင်းပုံမပေါ်တော့ဘူး။ နောက်တစ်ကွက်ဆိုရင် ခင်ဗျားဟာ ဒုက္ခရောက်တော့မှာ သေချာတယ်"

လူငယ်သည် ထိုသို့ပြောလိုက်ပြီး ဟန်စန်း၏အခြေအနေကို စောင့်ကြည့်နေလေသည်။

တစ်စုံတစ်ရာ တိုက်ခိုက်ခြင်းမပြုသေးချေ။

မရဏဟန်စန်းသည် အစိုးရိမ်လွန်နေကြောင်း ထိုသူ့မျက်နှာက ဖော်ပြနေ၏။

နောက်ဆုံးတစ်ကွက်ကို သူသည် အရမ်းမသုံးရဲဘဲ အခြေအနေကို စောင့်ကြည့်နေသလို လူငယ်၏ဟာကွက်နှင့် ဖျော့ကွက်ကို ရှာဖွေကြည့်နေပေတော့သည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

မရဏဟန်စန်းက ကောက်ကျစ်စဉ်းလဲစွာဖြင့် ပရိယာယ်သုံး၍မေးလိုက်သည်။

လူငယ် အာရုံအပျက်မှာ အလစ်ဝင်တိုက်ရန် ရည်ရွယ်ချက်ဖြင့် ထိုသို့မေးလိုက်ခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် ထိချီလို့ခေါ်တယ်"

"ဝုန်း"

လူငယ်သည် ရုတ်တရက် အာရုံပြောင်းအသွားတွင် ဟန်စန်း ခုန်ဝင်၍ နောက်ဆုံးလက်ကျန်သိုင်းကွက်တစ်ကွက်ဖြင့် ထိချီကို တအားရိုက်ထည့်လိုက်သည်။

သူ၏လက်ဝါးရိုက်ချက်မှာ လက်ဝါးသိုင်းကွက် ဆယ့်ခြောက်ကွက်မှ နောက်ဆုံးသိုင်းကွက် တစ်ကွက်ဖြစ်ပေသည်။

ထိချီ၏မျက်နှာရှေ့မှ ဖြတ်သွားသော သူ၏နောက်ဆုံးလက်ကျန်သိုင်းကွက်မှာ ကြောက်စရာအကောင်းဆုံး သိုင်းကွက်တစ်ကွက်ပင် ဖြစ်သည်။

"ကဲ. . . ခင်ဗျားလက်ကျန်ထားတဲ့ သိုင်းကွက်တော့ ကုန်ပြီ၊ ကျုပ်သိုင်းကွက်ပဲ ကျန်တော့တယ်၊ သတိသာထားပေတော့"

"တောက်"

"အွန့်"

မရဏဟန်စန်းသည် ရုတ်တရက် အော်ဟစ်လိုက်ပြီး မြေပေါ်သို့လဲကျသွားလေသည်။

"ဟင်"

"ကောင်းလိုက်တဲ့ တိုက်ကွက်ပါလား"

ယင်းအာမေဋိတ်အသံများမှာ အာမခံဌာနမှထွက်ပေါ်လာသောအသံများ ဖြစ်ပေသည်။



လူငယ်သည် မရဏဟန်စန်းအား လက်နှင့်မတို့ဘဲ အနိုင်ယူ တိုက်ခိုက်လိုက်လေသည်။

ဟန်စန်း၏နောက်ဆုံးတိုက်ကွက်အဆုံးမှာ ထိရောက်မှုမရှိဘဲ အရှိန်လွန်သွား၏။

ထိုစဉ်. . .

ထိချီက မြေပေါ်မှကျောက်ခဲတစ်လုံးကို ခြေချောင်းဖြင့်ကုပ်ယူပြီး လှမ်းပစ်လိုက်သည်။

ထိုကျောက်ခဲသည် ထိုလူ၏ကိုယ်ခန္ဓာပေါ်မှ သွေးကြောကိုထိမှန်သွား၍ လဲကျသွားခြင်းဖြစ်ပေတော့သည်။

ထိုသွေးကြောပိတ် ပညာသည် စိုးရိမ်ဖွယ်မရှိချေ။

အချိန်အကန့်အသတ်နှင့် ဖြစ်သောကြောင့် နောက်တခဏအကြာတွင် ထိုလူသည် ပြန်လည်သတိရလာကာ အကြောပိတ်ခံထားရခြင်းမှ ပြေပျောက်သွားပေလိမ့်မည်။

"ကဲ. . . မိတ်ဆွေတို့ ခင်ဗျားတို့ သည်အတိုင်းရပ်မနေကြနဲ့လေ၊ ခင်ဗျားတို့ဆရာကို ထမ်းခေါ်သွားပြီး သည်ကထွက်ခွာသွားကြပါတော့"

ကြံ့စုဂိုဏ်းသားများ တော်တော်လန့်သွားကြပုံရသည်။

တစ်ယောက်မျှ ထွက်မလာကြတော့ပေ။

သူ့ဆရာကို ထမ်းပိုးပြီး ချက်ချင်းဆိုသလိုပင် ထိချီကိုကျော်၍ တောအုပ်ကြီးထဲသို့ အလျှိုအလျှို ဝင်ရောက်ပျောက်ကွယ်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိချီသည် ကြုံစုဂိုဏ်းသားများကို မျက်စိတဆုံး ကြည့်နေပြီးနောက် ထွက်ခွာသွားလေသည်။

ထိုစဉ်. . .

အာမခံဌာနမှ ခေါင်းဆောင် တာဝန်ခံသိုင်းဆရာကျွဖန်းက. . .

"ဟိတ်. . . သူငယ် နေစမ်းပါဦး"

ဟု လှမ်းခေါ်သော်လည်း နောက်သို့ ယောင်၍မျှပင် လှည့်မကြည့်ဘဲ မကြားဟန်ဖြင့် တစ်လှမ်းချင်း လျှောက်လှမ်းထွက်ခွာသွားလေတော့သည်။

♥ ♥ ♥



## တည်းခိုမည့်သူ

စေတနာတည်းခိုခန်းသို့ ရောက်သောအခါ ညဥ့်အတော်နက်နေချိန်ဖြစ်သည်။

စေတနာတည်းခိုခန်းမှာ တည်းခိုရန်နှင့် စားသောက်ခန်းဟူ၍ နှစ်ပိုင်းခွဲထားသည်။

အောက်ထပ်တွင် စားသောက်ဆိုင်ဖြစ်ပြီး အပေါ်ထပ်သည် တည်းခိုခန်းတစ်ခု ဖြစ်ပေသည်။

ထိချီသည် ထိုတည်းခိုခန်းသို့ ရောက်ရှိလာသောအခါ စားပွဲထိုးများက ထိချီကို စိုက်ကြည့်နေကြသည်။

ထိုအချိန်တွင် အောက်ထပ်၌ လူစည်ကားနေဆဲဖြစ်ပြီး သောက်စားနေကြသူများနှင့် စည်စည်ကားကား ဆူဆူညံညံရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲလွတ်တစ်ခုတွင် ထိုင်လိုက်အပြီးတွင် စားပွဲထိုးတစ်ယောက်က အနားရောက်လာကာ. . .

"ဘာ သုံးဆောင်မလဲဆိုတာ အမိန့်ရှိပါ ခင်ဗျာ"

ဟု မေးသည်။

ထိချိုဆိုသောလူငယ်က. . .

"ရေနွေးတစ်အိုး၊ ပေါက်စီနှစ်လုံး ဒါပဲအရင်ယူခဲ့ပါ"

ဟု ပြောလိုက်သည်။

စားပွဲထိုးက. . .

"ဟုတ်ကဲ့"

ဟုပြောပြီး လှည့်ထွက်သွားသည်။

"မျက်နှာစိမ်းတွေ အခုတလော ခြေရှုပ်နေကြတယ်ကွ၊ သတိတော့ထားဖို့လိုတယ်"

လူငယ်သည် စားပွဲထိုးထွက်သွားရာသို့ လိုက်ကြည့်နေဆဲမှာပင် မျက်စောင်းထိုးဝိုင်းတစ်ဝိုင်းမှ လူတစ်ယောက်၏ စကားပြောသံကို ကြားလိုက်ရလေသည်။

ထို့ကြောင့်. . .

ထိချိုက ထိုလူအား တစ်ချက်မျှ အကဲခတ်ကြည့်လိုက်မိသည်။

အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိသော လူတစ်ယောက်က သူနှင့်အတူစားသောက်နေကြသော သူ၏အဖော်ဖြစ်သူ လူသုံးယောက်အား ပြောနေခြင်းဖြစ်ပေသည်။



သူတို့ဝိုင်းတွင် စုစုပေါင်း လူလေးယောက်ရှိလေသည်။

သူတို့လေးယောက်စလုံးမှာ ဝတ်စုံနက်များ ဝတ်ထားကြလေသည်။

"ဆရာလျှပြောတာ မှန်တယ်၊ မျက်နှာစိမ်းတွေကို ဆုံးမထားမှ နို့မဟုတ်ရင် သည်ကောင်တွေက သူများတွေရဲ့မြို့မှာ အိပ်ရောင့်တက်ချင်ကြတာ"

ထိုစကားပြောသူမှာ အလွန်သေးကွေးကြုံလှီ၍ ပြားချပ်ချပ်ဖြစ်နေသော လူပိန်လေးဖြစ်သည်။

ထိုလူပိန်လေးက ထိချိုအားကြည့်ကာ ခပ်ရဲရဲပြောလိုက်သည်။

ထိချိုသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးလိုက်လေသည်။

ထိုလူပိန်လေးကိုလည်း တစ်ချက်မျှ အကဲခတ်ကြည့်လိုက်မိပြန်သည်။

ထိုလူပိန်လေးမှာ အသက်သုံးဆယ်ခန့် ရှိမည်ဟု ထင်ရလေသည်။

ဆရာလျှုဆိုသူက ရယ်စရာမပါဘဲ တဟားဟားဖြင့် ရယ်မောလိုက်လေသည်။

ထိုစဉ်. . .

သူတို့ဝိုင်းမှ မျောက်မျက်နှာနှင့်တူသော လူတစ်ယောက်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ရှန်ထိုမြို့အကြောင်းကို သိသွားအောင်တော့ လုပ်ပြလိုက်ရဦးမှနဲ့တူတယ်"

ဟု ဝင်ပြောလိုက်၏။

ထိုသို့ပြောနေစဉ်အတွင်းမှာပင် ထိချီ မှာကြားထားသော စားပွဲထိုးပြန်ရောက်လာပြီး ရေနွေးတစ်အိုးနှင့် ပေါက်စီနှစ်လုံး လာချပေးသည်။

"ကျုပ် တစ်ခုမေးပါရစေ"

ထိချီက ထွက်ခွာရန် ဟန်ပြင်နေသော စားပွဲထိုးကို လှမ်းပြောလိုက်၏။

စားပွဲထိုးသည် ထိချီအား မျက်နှာချင်းဆိုင်ကာ. . .

"ဟုတ်ကဲ့ ပြောပါခင်ဗျာ၊ လူကြီးမင်း ဘာပြောချင်လို့လဲ မေးစရာရှိရင်မေးပါ"

ထိချီနှင့် စားပွဲထိုးတို့ စကားပြောနေကြသောအခါ တစ်ဘက်ဝိုင်းမှ ဆရာလျှုတို့လူစုသည် တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

သူတို့သည် ထိချီတို့ဝိုင်းကို လှမ်းကြည့်ကာ အကဲခတ်နေကြောင်းကိုလည်း ထိချီက ရိပ်မိလိုက်လေသည်။

ထို့ကြောင့်. . .

သူက စားပွဲထိုးအား လေသံဖြင့်. . .

"ကျုပ် သည်မှာ နှစ်ရက်သုံးရက်လောက် တည်းခိုချင်လို့ပါ"



ဟု ပြောလိုက်သည်။

ထိုအခါ စားပွဲထိုးက. . .

"ငွေသိမ်းစားပွဲမှာ စာရေးကြီးရှိပါတယ်၊ သူနဲ့သွားတွေ့ပါခင်ဗျာ၊ ကျွန်တော်က ဆိုင်လုလင်ပါ"

ဟု ပြောသည်။

ထိချီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

စားပွဲထိုးလေး ထွက်သွားသည်။

ထိချီသည် ပေါက်စီတစ်လုံးကို လှမ်းယူပြီး စားသောက်လိုက်သည်။

ပေါက်စီတစ်လုံးအကုန်တွင် ရေနွေးကို စတင်သောက်လိုက်သည်။

ထိုစဉ်. . .

ဆရာချူတို့ဝိုင်းမှ အသံကို သူကဆက်၍ကြားလိုက်ရလေသည်။

"ဟိုမျက်နှာစိမ်းကို ပညာစမ်းကြည့်ရမယ်၊ သည်ကောင့်ပုံက သိုင်းကွက်နှစ်ကွက်တည်းနဲ့ ထွက်ပြေးသွားမယ့်ပုံပဲ၊ သည်ကောင်နဲ့ပတ်သက်ပြီး မင်းတို့ထဲက သူရဲကောင်းတစ်ယောက် ရွေးထုတ်ရမယ်၊ တိုက်ရဲတဲ့လူကို ငါအရက်တစ်အိုး ဒက်ပြုမယ်"

ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူပိန်လေးက ထိုင်ရာမှထလိုက်သည်။

ဆရာလျှူက...

"ဟေ့ကောင်... ဘာလုပ်မလို့လဲ"

ဟု မေးလိုက်၏။

လူပိန်လေးက...

"ဆရာလျှူက သူ့ရဲကောင်းရွေးမယ်ဆိုလို့ ကျွန်တော် ထလိုက်တာပါ"

"ဟား... ဟား... ဟား"

ဆရာလျှူတို့ဝိုင်းမှ ရယ်မောသံများ လျှံထွက်လာသည်။

လူပိန်လေးသည် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေသည်။

ထိချို၏ ဒုတိယပေါက်စီသည် ကုန်သွားပြီဖြစ်လေသည်။

ထိုစဉ်မှာပင် ရေနွေးအိုးထဲမှ ရေနွေးလည်း လျော့သွားပြီဖြစ်သည်။

"ဟေ့ကောင်... ပြန်ထိုင်နေစမ်း၊ အရက်သိပ်သောက်ချင်ရင် ငါတိုက်ပါ့မယ်၊ မင်းအရက်ကြိုက်တတ်မှန်း သိပါတယ်၊ အရက်ကိုမက်ပြီး အသက်ကိုစတေးခံလိုက်တာမျိုးတော့မဖြစ်ပါစေနဲ့ကွာ၊ တော်ကြာ မင်းမိန်းမ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်နေပါဦးမယ်"

ဆရာလျှူ၏စကားအဆုံးတွင် ရယ်သံများ ထပ်မံထွက်ပေါ်လာပြန်သည်။

ထိချိုသည် သူတို့စကားတွေကို နားစွင့်နေမိလေသည်။



ဆရာလျှူကို မကျေမနပ်ဖြင့် တစ်ချက်ကြည့်ပြီး လူပိန်လေးသည် နေရာတွင် ပြန်ထိုင်လိုက်လေသည်။

ထိုလူ ထိုင်သွားသည်နှင့် နောက်တစ်ယောက်ထလာသည်။

ထိုလူမှာ ဗလကောင်းကောင်းနှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ထူလပျစ်နှင့်လူ ဖြစ်သည်။

သူ့အမည်မှာ မောက်ယိဖြစ်သည်။

"အေး... မင်းက မဆိုးဘူး၊ ကြိုးကြာသိုင်းကွက်တတ်တယ်၊ မင်း သူ့ကိုနိုင်ရင် အရက်တစ်အိုး ဆုချမယ်"

ဟု ပြောလိုက်သည်။

"တကယ်လို့ သူရှုံးသွားရင်ရော ကျုပ်အတွက် ဘာအကျိုးခံစားရမလဲ"

ထိုစကားကို ပြောလိုက်သူမှာ ထိချိုဖြစ်သည်။

ထိချို မည်သည့်အချိန်က သူတို့အနားရောက်သွားမှန်း မသိချေ။ ထိချိုက...

"ကဲ... ပြောပါဦး ကျုပ်နိုင်ရင် ကျုပ်က ဘာအကျိုးထူး ခံစားရမှာလဲ"

"မင်းက နိုင်မယ်လို့ တထစ်ချ ယုံကြည်နေလို့လား"

"ယုံကြည်လို့ ပြောနေတာပေါ့ဗျာ"

"ကောင်းပြီ မင်းကြိုက်တာပြော"

ဆရာလျှူဆိုသူက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် များများမတောင်းပါဘူး၊ ကျုပ်နိုင်ရင် ကျုပ်စားသောက်ထားတဲ့ ပေါက်စီနှစ်လုံးနဲ့ ရေနွေးတစ်အိုးဖိုးကို ကျုပ်အစား ခင်ဗျားပေးလိုက်"

"သိပ်ကောင်းတာပေါ့ကွာ"

ငွေသိမ်းစားပွဲမှ စာရေးနှင့် စားပွဲထိုးများက ယင်းကိစ္စကိုစိတ်ဝင်စားစွာ အကဲခတ်နေကြသည်။

"သည်မယ် ကျုပ်စားသောက်ထားတဲ့ ရေနွေးတစ်အိုးနဲ့ ပေါက်စီနှစ်လုံးဖိုးကို သည်ကမိတ်ဆွေတွေ ပေးပါလိမ့်မယ်၊ ကျုပ်တို့ အလုပ်လုပ်စရာရှိသေးလို့ ခဏသည်းခံပြီးစောင့်ပါ"

စားပွဲထိုးက စာရေးကို လှမ်းကြည့်လိုက်သည်။

စာရေးက ခေါင်းညိတ်ပြီး ထိချီကို လှမ်းပြောလိုက်၏။

"ဟုတ်ကဲ့ ရပါတယ်"

ထိုအခါ ထိချီက ဆရာလျှုကို ပြောလိုက်သည်။

"ကျုပ်တို့ အပြင်ထွက်သွားပြီး အလုပ်လုပ်ကြမယ်၊ ဆိုင်ထဲမှာ ဘယ်သူ့ကိုမှ ကျုပ်အနှောက်အယှက် မပေးချင်ဘူး၊ လာ သွားကြမယ်"

ထိချီသည် ပြောပြောဆိုဆိုဖြင့် စားသောက်ဆိုင်အပြင်ဘက်သို့ ဦးစွာထွက်လိုက်သည်။

ထိုအခါ ဆရာလျှုတို့လည်း နောက်မှ ထွက်လိုက်လာခဲ့ကြလေသည်။

♥ ♥ ♥



လေက တသုန်သုန် တိုက်ခတ်လျက်ရှိသည်။

ခပ်လှမ်းလှမ်းတွင် မီးရောင်ကို တွေ့လိုက်ရသည်။

ထိုမီးရောင်မှာ စေတနာတည်းခိုခန်းနှင့် စားသောက်ဆိုင်မှ ထွက်ပေါ်လာသော မီးရောင်များဖြစ်လေသည်။

စေတနာတည်းခိုခန်းအတွင်းမှ လူတစ်ချို့သည် ထွက်ကြည့်နေကြသည်။

သူတို့သည် အလွန်စိတ်ဝင်စား နေကြပုံရလေသည်။

စားပွဲထိုးနှင့်ငွေသိမ်းစာရေးတို့လည်း မှန်ပြတင်းပေါက်မှတဆင့် လှမ်းကြည့်နေကြလေသည်။

ဆရာလျှုက. . .

"ကဲ. . . စသော့"

ဟု အချက်ပေးလိုက်သည်နှင့် မောက်ယိသည် ထိချီကို သဲသဲမဲမဲ စတင်တိုက်ခိုက်လိုက်လေတော့သည်။

"သူက ဘယ်ကလဲကွ"

ငွေသိမ်းစာရေးက စားပွဲထိုးကို မေးလိုက်သည်၊

စားပွဲထိုး၏အမည်မှာ ဖိန်းယီဖြစ်သည်။

ငွေသိမ်းစာရေး၏အမည်မှာ မာလင်း ဖြစ်ပေသည်။

"မသိဘူး ဆရာ"

"သည်ကောင်လေးကို တစ်ခါမှမမြင်ဖူးဘူး၊ တော်တော်ရဲတဲ့ သတ္တိခဲလေးပဲ၊ ဆရာလျှုတို့က ရက်စက်တဲ့အကြောင်း သည်ကောင်လေး မသိသေးဘူးနဲ့တူတယ်၊ ဒုက္ခပဲ"

www.burmeseclassic.com

www.burmeseclassic.com



မာလင်းကပြောပြီး ပြတင်းပေါက်မှတဆင့် အပြင်သို့ လှမ်းကြည့်လိုက်သည်။

"ဟင်. . . ဖိန်းယီ ကြည့်စမ်းပါဦး၊ ဆရာမောက်ယီ လဲကျသွားပြီ"

ဖိန်းယီ လှမ်းကြည့်လိုက်သည်။

မောက်ယီတစ်ယောက် မြေပြင်ထက်၌လူးလိမ့်နေသည်ကို တွေ့လိုက်ရသဖြင့် အလွန် ထိတ်လန့်အံ့ဩသွားလေသည်။

ထိချိုက မောက်ယီအား အနိုင်ရလိုက်သဖြင့် ဆိုင်တွင်းသို့ဝင်ရောက်လာလေသည်။

ဆိုင်တွင်းသို့ရောက်သည်နှင့် ထိချိုက စားပွဲထိုးအား လှမ်းအော်ပြောလိုက်လေသည်။

"သည်မှာ ကျုပ်စားသောက်တဲ့ ရေနွေးနဲ့ပေါက်စီဖိုးကို ဆရာလျှုတို့အဖွဲ့က ရှင်းပေးပါလိမ့်မယ်၊ ကျုပ်အတွက် အရက်ပေးပါ၊ သည်အရက်ဖိုးကို ကျုပ်ရှင်းမယ်"

ထိချိုသည် ထိုသို့ပြောဆိုလိုက်ပြီးနောက် သူ စောစောက ထိုင်ခဲ့သောစားပွဲမှာပင် ပြန်ထိုင်လိုက်လေသည်။

စားပွဲထိုးဖိန်းယီသည် အရက်တစ်အိုးလာရောက်ချပေးလိုက်စဉ်မှာပင် ဆရာလျှုတို့အဖွဲ့သည် ဆိုင်အတွင်းသို့ ဝင်ရောက်လာကြလေသည်။

မောက်ယီမှာ အကြောပိတ်နေသဖြင့် သူတို့ကတွဲခေါ်လာပြီး သူတို့ စောစောကထိုင်ခဲ့ကြသော စားပွဲတွင် အသာချ



ထားပေးလိုက်သည်။

ဆရာလျှုသည် ထိချို၏စားပွဲသို့ လျှောက်လာပြီး. . .

"သည်မှာ မိတ်ဆွေလေး၊ သည်ပွဲမှာ မင်းအနိုင်ရပေမယ့် အရက်ဖိုးနဲ့ပေါက်စီဖိုးတော့ ကျုပ်မရှင်းပေးနိုင်ဘူး၊ မင်းဘာသာ မင်းရှင်းလိုက်တော့"

ဟု ပြောလိုက်သည်။

ထိချိုသည် ဆရာလျှုကို မော့ကြည့်လိုက်ပြီး. . .

"ဆရာလျှု ပေးလိုက်စမ်းပါ၊ ပြဿနာထပ်ရှုပ်အောင် မလုပ်ပါနဲ့"

ပြောပြီး ထိချိုသည် အရက်အိုးကိုကောက်ကိုင်လိုက်လေသည်။

"ခွမ်း"

ဆရာလျှုသည် အရက်အိုးကို ရိုက်ခွဲလိုက်သည်။

အရက်အိုးကွဲသွားပြီး စားပွဲနှင့် ကြမ်းပြင်ပေါ်သို့ အရက်များဖိတ်စဉ်သွားလေသည်။

"သည်မယ်. . . ဆရာလျှုခွဲလိုက်တဲ့ အရက်အိုး အတွက်လည်း ခင်ဗျားပဲ စိုက်ပေးရမယ်နော်၊ ကျုပ်ကြောင့် ဖြစ်တာမဟုတ်ဘူး၊ ခင်ဗျားရိုက်ခွဲလို့ကွဲသွားတာ သည်လူတွေ အားလုံး သိတယ် မြင်တယ်"

ထိချိုသည် ပြောပြီး ခပ်တည်တည်ပင် နေရာတွင်ထိုင်လျက် ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုး ရောက်လာသည်။

အရက်တစ်အိုး ချပေးပြီး ပြန်ထွက်သွားလေသည်။

ထိချီသည် အရက်အိုးကို မ,၍သောက်မည်အပြုတွင် အရက်အိုးက တုန့်ခနဲရပ်သွားသည်။

ဆရာလျှုဆိုသူက အရက်အိုးကို လှမ်းဆွဲထားလိုက်သောကြောင့်ဖြစ်သည်။

ဆိုင်တွင်း၌ စားသောက်နေကြသော ပရိသတ်များ ထိတ်လန့်သွားကြသည်။

"ဆရာလျှု ဒါ ဘာသဘောလဲဗျ"

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ဆရာလျှုက မေးလိုက်သည်။

ထိချီက. . .

"ဘာကြောင့် ခင်ဗျားက မေးတာလဲ"

"သိချင်လို့ မေးနေတာပေါ့ကွ"

ရုတ်တရက်. . .

"ဝုန်း"

ထိချီသည် ဆရာလျှုကို တွန်းထုတ်လိုက်၏။

ဆရာလျှုမှာ လွင့်စဉ်သွားပြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားလေသည်။

ထိချီသည် အရက်အိုးကို စားပွဲပေါ်တင်လိုက်ပြီး ဆရာလျှုကို စိုက်ကြည့်နေသည်။



ဆရာလျှုသည် ရုတ်တရက် ခံလိုက်ရသဖြင့် အလွန်အခင်း ရှက်သွားကာ ဓားကိုဆွဲထုတ်လိုက်လေသည်။

"ဝှစ်"

ဓားကို ဆွဲထုတ်လိုက်ပြီးသည်နှင့် ဆရာလျှုသည် ထိချီထို စတင်တိုက်ခိုက်လိုက်လေတော့သည်။

ထိချီသည် ဆရာလျှု၏ဓားချက်နှစ်ချက်ကို ရှောင်တိမ်းလိုက်ပြီး လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

ဆရာလျှုသည် အဆင့်မြင့်သိုင်းသမား တစ်ဦးဖြစ်၍ ထိချီ၏ရိုက်ချက်ကို ရှောင်တိမ်းကာ ဓားဖြင့်လှမ်းပက်လိုက်သည်။

ထိချီသည် ဆရာလျှု လှမ်းပက်လိုက်သောဓားကို လက်နှစ်ဘက်ဖြင့် ဓားရွက်ကို လှမ်းဆွဲထားလိုက်၏။

ဆရာလျှုသည် ဓားကို ပြန်ရုပ်သော်လည်း မရပါတော့ချေ။

ထိချီ၏ လက်နှစ်ဘက်ကြားတွင် ပြုတ်တူနှင့်ညှပ်ထားသလို စွဲစွဲမြဲမြဲကပ်လျှက် ရှိနေပေတော့သည်။

"ဘယ်လိုလဲ ဆရာလျှု"

ထိချီသည် သဘောကျစွာ ရယ်မောလိုက်လေသည်။

ဆရာလျှုသည် ရှက်လည်းရှက် ဒေါသလည်းထွက်ကာ ဓားကို တအားဆွဲယူလိုက်လေသည်။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



"အား"

ဆရာလျှ၏လက်ထဲတွင် ခေါးရိုးကျွတ်ပါသွားပြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ အရှိန်လွန်၍ကျသွားလေသည်။

"ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

ပွဲကြည့်ပရိသတ်များ ပွဲကျ၍ရယ်မောလိုက်ကြသည်။

ဆရာလျှ၏မျက်နှာသည် သွေးရောင်လွှမ်းသွားသည်။

သည်အချက်က စောစောကအချက်ထက် ပိုပြီးကြီးကျယ်ကြောင်း သူကိုယ်တိုင်လည်း ကောင်းစွာသိလိုက်ပေသည်။

ထိချီသည် လက်ထဲ၌ရောက်နေသော ခေါးရှက်ကို ထောင်ကြည့်လိုက်ပြီး လက်နှစ်ဘက်ဆုပ်ကာ ဖြောင်းခနဲချိုးပစ်လိုက်လေသည်။

ထို့နောက်. . .

ကျိုးသွားသော ခေါးနှစ်ပိုင်းကို ကြမ်းပြင်ပေါ်သို့ ချွမ်းခနဲ ပစ်ချလိုက်လေသည်။

ဆရာလျှသည် ရုတ်တရက် လဲကျနေရာမှ လွှားခနဲခုန်ထ၍ ထိချီကို ခုန်အုပ်လိုက်သည်။

"ဝုန်း"

"အား"

ရုတ်တရက် ခုန်ထလာသော ဆရာလျှကို ထိချီ တစ်ချက်လှုပ်ရှားလိုက်သည်။



ဆရာလျှသည် အားဟု တစ်ချက်ညည်းညူပြီး ကြမ်းပြင်ပေါ်သို့ ဒုတိယအကြိမ် လဲကျသွားပြန်လေသည်။

ဆရာလျှ လဲကျသွားလျှင် အားလုံး ထိတ်လန့်သွားကြသည်။

ထိချီက လူပိန်လေးကိုကြည့်၍. . .

"သည်မှာ ခင်ဗျားဆရာလျှတော့ အကြောပိတ်သွားပြီ၊ အရက်ဖိုးနဲ့ပေါက်စီဖိုးကို ခင်ဗျား ငွေရှင်းပြီး သွားကြပေတော့"

လူပိန်သည် သွေးဆုတ်ဖြူရော်နေသော မျက်နှာကို အတတ်နိုင်ဆုံးပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက်. . .

သူတို့သည် အကြောပိတ်နေသော လူနှစ်ယောက်ကို တစ်ယောက်စီတွဲပြီး စားသောက်ဆိုင်တွင်းမှ ထွက်သွားကြလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်ပြသနာ

"ညီလေးက သည်မှာ ဘယ်နှစ်ရက် တည်းခိုမှာလဲ"

"နှစ်ရက် သုံးရက်လောက်ပါပဲ၊ ဘာဖြစ်လို့လဲ မိတ်ဆွေ အခန်းမအားလို့လား"

ငွေသိမ်းစာရေးမာလင်းသည် လက်ကာပြလိုက်ပြီး. . .

"အို. . . မဟုတ်ပါဘူး၊ အခန်းတွေ အများကြီးလွတ်နေပါတယ်၊ ညီလေး သည်မှာ အကြာကြီးတည်းခိုနိုင်မယ်ဆိုရင် အစ်ကို အခန်းခ တစ်ဝက်ပဲယူမှာပါ ဟင်း ဟင်း"

ထိချီသည် ငွေသိမ်းစာရေးမာလင်းပြောသော စကားကို နားမလည်သဖြင့် အူကြောင်ကြောင်ဖြစ်သွားလေသည်။

"ထုံးစံရှိသလိုပဲ ယူပါခင်ဗျာ၊ ဒါနဲ့ ကျွန်တော် သည်မှာ အကြာကြီးတည်းခိုဖို့ကို မိတ်ဆွေက ဘာဖြစ်လို့ သဘောတူလက်ခံနေရတာလဲ၊ ကျွန်တော် နားမလည်ဘူး"



မာလင်းက. . .

"ညီလေး သည်မှာ အကြာကြီးနေမယ်ဆိုရင် ကျွန်တော်တို့စားသောက်ဆိုင်နဲ့ တည်းခိုခန်းဟာ အများကြီး အဆင်ပြေသွားမှာမို့လို့ပါ၊ ညီလေးလည်း ကိုယ်တွေ့ကြုံခဲ့ရပြီ မဟုတ်လား၊ ဆရာလျူတို့အဖွဲ့ဟာ အင်မတန် သောင်းကျန်းကြတာ၊ သူတို့မထင်ရင်မထင်သလို ဗိုလ်ကျတက်တယ်၊ ကျုပ်ဆိုင်မှာ သည်လူတွေ ဗိုလ်ကျနေတာကြာပြီ၊ စားစရိတ် သောက်စရိတ်ကိုလည်း ဘယ်တော့မှ ရှင်းမပေးဘူး၊ ခုတော့ ညီလေးကြောင့် ကျုပ်တို့လည်း သူ့ဆီကငွေကို ရခဲ့ဖူးပြီ"

ငွေသိမ်းစာရေးမာလင်း၏ စကားကြောင့် ထိချီသဘောကျစွာ ပြုံးလိုက်လေသည်။

ငွေသိမ်းစာရေး၏ ဆိုလိုရင်းအဓိပ္ပါယ်ကိုလည်း ထိချီသဘောပေါက်သွား၏။

"ဪ. . . သည်လိုလား၊ ဒါဆိုလည်း အခြေအနေကြည့်တာပေါ့ဗျာ၊ ကျွန်တော့်ကိစ္စ ပေါ်လာရင်တော့ သည်မှာကြာကြာနေလို့မဖြစ်ဘူးနော်၊ ကျွန်တော် ချက်ချင်းထွက်သွားမှာ၊ ဒါပေမယ့် ကျွန်တော် တည်းခိုခဲ့သလောက်တော့ ငွေကို အကြေပေးသွားမှာပါ၊ ဘယ်လိုလဲ"

"ကောင်းပါတယ် ညီလေး၊ သဘောကျပါတယ်"

"သည်လူတွေ လာတောင်လာရဲကြမှာ မဟုတ်တော့ဘူးလို့ ထင်တယ်၊ လာရင်လည်း အရင်လိုသောင်းကျန်းရဲ

www.burmeseclassic.com

www.burmeseclassic.com



တော့မှာ မဟုတ်ဘူး၊ ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော် ရှိနေသမျှကာလမှာတော့ ဘယ်သူပဲဖြစ်ဖြစ် ဗိုလ်ကျအနိုင်ကျင့်တဲ့လူတွေကိုတော့ တတ်နိုင်သလောက် ဖြေရှင်းပေးသွားမှာပါ၊ အဲသည်အတွက်တော့ မပူပါနဲ့၊ ကျွန်တော့်တာဝန်ထား"

ထိချိုက အားတက်သရောဖြင့် သူတို့အားရှိသွားအောင် ပြောလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ညီလေး"

ဤသို့ဖြင့် ထိချိုသည် ညအတွက် အိပ်စက်ရန် အခန်းတစ်ခန်း ရလိုက်သည်။

ညသည် တိတ်ဆိတ်ငြိမ်သက်သွားသကဲ့သို့ ရှိပေသည်။

ထိချိုသည် သူ့အခန်းတွင်း၌ ချက်ချင်းမအိပ်သေးဘဲ တစ်စုံတစ်ခုကို တွေးနေသဖြင့် အိပ်ချင်စိတ်လည်း မဖြစ်မိချေ။

ညဥ့်အတော်နက်မှ အိပ်ချင်စိတ်များပေါ်လာလေသည်။

ခုတင်ပေါ်သို့ လှဲလိုက်စဉ်မှာပင် မျက်တောင်တို့က အလိုလိုပိတ်သွားလေသည်။

ထိချိုက မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

♥ ♥ ♥



အလွန်တိုးညင်းသော အသံတစ်သံက သူ့နားစည်ကို လာရိုက်ခတ်သောကြောင့် ထိချို လန့်နိုးလာသည်။

ထိချိုသည် နားအလွန်ပါးပြီး အဆိပ်ဆတ်သူတစ်ဦးလည်းဖြစ်လေသည်။

အသံလာရာသို့ နားနှင့်အာရုံကို စူးစိုက်ထားလိုက်၏။

ထိုအသံမှာ တည်းခိုခန်း၏ ခေါင်းမိုးဘက်မှ ထွက်ပေါ်လာသောအသံဖြစ်ကြောင်း ထိချို ချက်ချင်းနားလည်လိုက်၏။

ထို့ကြောင့်. . .

ထိချိုလည်း ခုတင်ပေါ်မှ ခုန်ထလိုက်လေတော့သည်။

♥ ♥ ♥

အရိပ်သဏ္ဍာန်တစ်ခုသည် တည်းခိုခန်း၏ခေါင်မိုးထက်မှ မြောက်ဘက်သို့ ကြောင်တစ်ကောင်လို ခုန်ကူးပြေးထွက်သွားသည်။

ထိုအရိပ်သဏ္ဍာန်၏ နောက်မှ အခြားအရိပ်သဏ္ဍာန်တစ်ခုကလည်း ထပ်ကြပ်မကွာ ပြေးလိုက်နေပေသည်။

အရှေ့မှပြေးနေသော အရိပ်သဏ္ဍာန်မှာ ခပ်ငယ်ငယ်ဖြစ်ပြီး နောက်မှ အမီလိုက်နေသော အရိပ်မှာမူ ခပ်ထွားထွားဖြစ်နေပေသည်။

ထိုစဉ်မှာပင် ဒုတိယအရိပ်နောက်မှ တတိယအရိပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကလည်း ရုတ်တရက် ပေါ်ထွက်လာကာ အစဉ်တစိုက် ဆိုသလိုပင် နောက်က ဆက်လိုက်သွားပြန်၏။

ဤအဖြစ်အပျက်တို့မှာ အပျော်သက်သက် ခေါင်မိုးပေါ်တက်၍ ဆော့ကစားနေခြင်းမျိုးကား မဟုတ်ချေ။

တစ်စုံတစ်ခုသော ကိစ္စတစ်ခုကြောင့် ယင်းတို့သည် လျှို့ဝှက်စွာ လှုပ်ရှားနေကြခြင်း ဖြစ်ပေသည်။

သူတို့သည် တစ်စုတည်း တစ်ဖွဲ့တည်းမှ ပုဂ္ဂိုလ်များ မဟုတ်နိုင်ချေ။

ရှေ့မှပြေးနေသော အရိပ်ကို ဒုတိယအရိပ်က လက်ရဖမ်းဆီးရန်လိုက်နေခြင်းဖြစ်သလို ရှေ့မှပြေးနေသော အရိပ်ရှင်မှာလည်း နောက်ကလိုက်နေသူ၏ အန္တရာယ်ပြုမည့် အသက်ဘေးမှ လွတ်မြောက်ရန်အတွက် အကြောက်အကန် ထွက်ပြေးနေခြင်း ဖြစ်ပေသည်။

နောက်ဆုံးမှလိုက်နေသူကား ယင်းတို့၏လှုပ်ရှားမှုကို နောက်ယောင်ခံလိုက်နေသူသာ ဖြစ်ပေသည်။

ထိုလူကား ထိချီပင်ဖြစ်ပေသည်။

ရှေ့ဆုံးမှပြေးနေသော အရိပ်ရှင်သည် တစ်ဘက်အဆောင်သို့ လွှားခနဲ ခုန်ကျော်လိုက်ပြီး ထိုမှတဖန် မြေပေါ်သို့ လွှားခနဲ ခုန်ဆင်းလိုက်သည်။

"ဟိတ်"

"ဝှစ်"



ဒုတိယလူက နောက်ကလိုက်လာပြီး လှမ်းအော်လိုက်လေသည်။

တဆက်တည်းပင် လက်နက်ပုန်းတစ်ခုကိုလည်း ပစ်သွတ်လိုက်သည်။

အလင်းတန်းတစ်ခု လင်းလက်သွားပြီး လွဲချော်သွားလေသည်။

ရှေ့မှပြေးနေသူအား မထိလိုက်ပေ။

ဒုတိယလူသည် ခေါင်မိုးထက်မှ မြေပေါ်သို့ လွှားခနဲ ခုန်ဆင်း၍ ဆက်လိုက်သည်။

ထိချီသည် ကိုယ်ဖော့ပညာဖြင့် ၎င်းတို့၏နောက်မှ ဆက်၍လိုက်နေသည်။

ရှေ့မှပြေးနေသူ နှစ်ဦးသည် နောက်မှပြေးလိုက်လာနေသော ထိချီကို သတိပြုမိပုံမရချေ။

ရှေ့သို့သာမဲ၍ ပြေးနေသည်။

ယခုဆိုလျှင် သုံးယောက်စလုံး မြေပေါ်သို့ကျရောက်သွားပြီဖြစ်ကာ မြေပေါ်တွင် ဆက်ပြေးနေကြလေသည်။

"ဟိတ်. . . မပြေးနဲ့၊ ငါ့လက်က လွတ်မယ်များထင်နေသလား"

ဒုတိယလူက ရှေ့မှပြေးနေသော ပထမလူကို အော်ပြောလိုက်သည်။

ရှေ့မှပြေးနေသော ပထမလူသည် ကိုယ်ဖော့ပညာ

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကောင်းလှပေ။

ဒုတိယလူသည် မကြာမီ မီလာပြီး ဥယျာဉ်စပ်နားအ ရောက်တွင် လွှားခနဲ ရှေ့ကလူကို ခုန်အုပ်လိုက်လေသည်။

"အမေ့"

နှစ်ယောက်သား ပူး၍လုံးသွားကြကာ မြေပေါ်သို့လဲကျ သွားလေသည်။

အထိတ်တလန့်ဖြင့် အော်လိုက်သံကြောင့် အရိပ်နှစ်ခု အနက် တစ်ခုမှာ မိန်းကလေးဖြစ်ကြောင်း သိနိုင်ပေသည်။

"ဟား. . . ဟား. . . ဟား. . . အခု မင်းငါ့လက်က လွတ်နိုင်သေးရဲ့လား"

ဒုတိယလူက မိန်းကလေးကို ထိန်းချုပ်လိုက်ပြီး ပြော လိုက်စဉ်မှာပင် ထိချီသည် သစ်ပင်အကွယ်တစ်ခုတွင် ဝင် ရောက်ပုန်းခိုလိုက်ပြီးလျှင် အခြေအနေကို စောင့်ကြည့်နေလိုက် သည်။

"သည်မယ် လင်းလျှ၊ ဘယ်မှာလဲ ပစ္စည်း"

"ဘာပစ္စည်းလဲ၊ ကျွန်မ မသိဘူး"

"ဟား. . . ဟား. . . ဟား"

ထိုလူက သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက် သူက ဆက်၍. . .

"ကျောက်နီနဂါးရုပ် ဘယ်မှာလဲ၊ ငါ့ကို မညာနဲ့ ကျော် ဟင်းကို သည်လိုလှိမ့်လို့မရဘူး"



ဟု ပြောလိုက်လေသည်။

ထိချီသည် ကျောက်နီနဂါးရုပ်ဟု ကြားလိုက်ရသည်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ရှင်ပြောတဲ့ ကျောက်နီနဂါးရုပ် ကျွန်မမှာမရှိဘူး၊ သိ လည်း မသိဘူး၊ မြင်လည်း မမြင်ဖူးဘူး"

လင်းလျှဆိုသော မိန်းကလေးက အကြောက်အကန် ငြင်းဆိုလိုက်ပြီး ထိုလူလက်တွင်းမှ ရုန်းထွက်နိုင်ရန် အတင်းပင် ရုန်းကန်နေ၏။

သူမ ရုန်းနေသော်လည်း အကြောင်းမထူးလှပေ။

အဘယ်ကြောင့်ဆိုသော် ကျော်ဟင်းသည် ဘီလူးကြီး တစ်ကောင်လို ထွားကျိုင်း၍ သူမမှာ ယုန်ဖြူလေးတစ်ကောင် လို သေးငယ်နေသောကြောင့်ပင် ဖြစ်ပေသည်။

ထိချီသည် သူမကို အကဲခတ်ကြည့်လိုက်ရာ အလွန်ပင် ချောမောလှပကြောင်း သတိပြုမိလေသည်။

"မင်းမှာ ကျောက်နီနဂါးရုပ်ရှိတယ်ဆိုတာ ငါတို့သိတယ် မင်းပညာနဲ့ ဆရာရှမ်းထင်းလီနဲ့တွေ့ရင် မင်း သည်ထက်ပိုဆိုး သွားနိုင်တယ်"

ဆရာရှမ်းထင်းလီဆိုသော အမည်ကို ကြားလိုက်သည် နှင့် လင်းလျှ တစ်ကိုယ်လုံး တုန်ခါသွားလေသည်။

ရှမ်းထင်းလီသည် ကြံ့စုဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးတစ်ဦး ဖြစ်ကြောင်း သူမ သိလိုက်သလို ချောင်းမြောင်းနေသောထောင်

www.burmeseclassic.com

www.burmeseclassic.com



နေသော သစ်ပင်ကွယ်မှ ထိချီလည်း ကောင်းစွာသဘော ပေါက်မိလေသည်။

ရှမ်းထင်းလီသည် အလွန်ရက်စက်သော သိုင်းသမား တစ်ဦးဖြစ်ပေသည်။

ကျော်ဟင်းမှာ ထိုဂိုဏ်းမှ ဂိုဏ်းခွဲမှူးတစ်ဦးဖြစ်ကြောင်း ကိုလည်း ထိချီ ကောင်းစွာနားလည်ပေသည်။

"သည်မှာ ကျုပ် အသာတကြည်တောင်းနေတယ်နော်၊ မပေးရင် ကျုပ်ကို အဆိုးမဆိုနဲ့ ဒါပဲ"

ကျော်ဟင်းက အကျပ်ကိုင်လိုက်သည်။

"ဒုက္ခပဲ၊ ကျွန်မ ဘယ်လိုပြောရမလဲ၊ ရှင်တို့ပြောတဲ့ ကျောက်နီနဂါးရုပ်က ကျွန်မမှာ မရှိဘူးရှင့်၊ ကျွန်မမှာမရှိတာကို ကျွန်မက ဘယ်လိုလုပ်ပြီးပေးနိုင်မှာလဲ"

ကျော်ဟင်းက တခဏစဉ်းစားလိုက်ပြီး. . .

"ကျောက်နီနဂါးရုပ် နင့်မှာ တကယ်မရှိဘူးလား"

"မရှိဘူး"

"ငါမယုံဘူး"

"မယုံရင်လည်း ကျွန်မ မတတ်နိုင်ဘူး"

"ဖြန်း"

"အ"

ကျော်ဟင်းသည် လင်းလျှံ၏ပါးကို ဖြန်းခနဲ တစ်ချက် ရိုက်ထည့်လိုက်သည်။



ရိုက်ချက် ပြင်းထန်သဖြင့် သူမသည် မြေပေါ်သို့လဲကျ သွားလေသည်။

"နင့်ဆီမှာ ကျောက်နီနဂါးရုပ် မရှိဘူးဆိုတာ ငါ လုံးဝ မယုံဘူး၊ နင့်ကိုယ်မှာ ရှာကြည့်မယ်"

ပြောပြောဆိုဆိုပင် ကျော်ဟင်းသည် သူမ၏အပေါ် အင်္ကျီကို ဗြိခနဲ ဆွဲဆုတ်ပစ်လိုက်သည်။

"အို"

လင်းလျှံ အလွန်ထိတ်လန့်သွားလေသည်။

ထိချီသည် အခြေအနေ မကောင်းတော့မှန်းသိသည် နှင့် သစ်ပင်အကွယ်မှ ထွက်လိုက်ပြီး. . .

"ဟိတ်လူ. . . ခင်ဗျားလိုချင်တဲ့ ကျောက်နီနဂါးရုပ်က ကျုပ်ဆီမှာ"

ဟု လှမ်းပြောလိုက်သည်။

ကျော်ဟင်း ရုတ်တရက် ထိတ်လန့်သွားပြီး နောက်သို့ ခြေနှစ်လှမ်းခန့်ဆုတ်ကာ ထိချီကို စိုက်ကြည့်လိုက်၏။

"မင်းက ဘယ်သူလဲကွ"

ဟု လှမ်းမေးလိုက်၏။

"ထိချီပါ၊ ခင်ဗျားကြားဖူးချင်မှ ကြားဖူးမယ်၊ ကျုပ်နာ မည်ထက်စာရင် ကျောက်နီနဂါးရုပ်ကို ခင်ဗျားပိုသိမှာပေါ့၊ သည်မှာ မိတ်ဆွေ ကျောက်နီနဂါးရုပ်ကို ခင်ဗျားဘာလုပ်မလို့ လဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစ်လှမ်းတက်၍ ထိချီအား လှမ်းမေးလိုက်သည်။

"ခင်ဗျားမှာ ကျောက်နီနဂါးရုပ် တကယ်ရှိသလား"

ထိချီက ခေါင်းညိတ်လိုက်ပြီး. . .

"ရှိတယ်"

ဟု ပြောလိုက်သည်။

လင်းလျှံသည် ထိချီကိုတစ်လှည့် ကျော်ဟင်းကိုတစ်လှည့်ကြည့်ကာ လဲနေရာမှ ဖျတ်ခနဲ ထလိုက်သည်။

သူမ၏စိတ်ထဲတွင် ကယ်တင်ရှင်ထိချီကို တွေ့လိုက်ရသဖြင့် အားတက်သရော ဖြစ်သွားလေသည်။

စောစောက ခံစားလိုက်ရသော ကြောက်လန့်စိတ်တို့ပင် ပျောက်ကွယ်သွားလေသည်။

"မင်းဆီမှာရှိရင် ငါ့ကိုပေးစမ်း"

"ခင်ဗျားကို ကျုပ်က ဘာလို့ပေးရမှာလဲ"

"ဩော်. . . မင်းက မပေးချင်ဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ဘယ်သူ့ကိုမှ သည်ကျောက်နီနဂါးရုပ်ကို မပေးနိုင်ဘူး။ ခင်ဗျားက ဘာကြောင့်လိုချင်တယ်ဆိုတဲ့အကြောင်း နိုင်လုံအောင် ပြောပြနိုင်ရင်တော့ ကျုပ်စဉ်းစားမယ်"

"ဩော်. . . မင်းက သည်လိုလား။ ဒါဆိုရင်လည်း ရတဲ့နည်းနဲ့ ယူရမှာပေါ့လေ"

ကျော်ဟင်းက ဓားကိုလျှင်မြန်စွာဆွဲထုတ်လိုက်ပြီး လေထဲဝှေ့ယမ်းလိုက်သည်။



"ဝှစ်. . . ဝှစ်. . . ဝှစ်"

ဓားရိပ်များ လေထဲပျံ့ဝဲသွားသလို လေသံလည်း တဝှစ်ဝှစ် မြည်ဟည်းသွားသည်။

ထိချီသည် ကျော်ဟင်း၏လှုပ်ရှားမှုကို စိုက်ကြည့်နေလေသည်။

လင်းလျှံသည် ကယ်တင်ရှင်ကိုကြည့်ပြီး စိုးရိမ်မကင်းဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော် လူငယ်နှင့်ကျော်ဟင်းတို့မှာ အလွန်ကွာခြားနေသောကြောင့် ဖြစ်သည်။

"အစ်ကို သတိထားနော်၊ သည်လူက သိပ်ပြီးရက်စက်တယ်၊ အို. ."

လင်းလျှံပြောနေရင်း အသံပြတ်ကာ လွတ်ခနဲ တစ်ချက်အော်လိုက်သည်။

ကျော်ဟင်းသည် ရုတ်တရက် ထိချီကို ဓားဖြင့် လှမ်းခုတ်လိုက်သောကြောင့် ဖြစ်ပေသည်။

"ဝှစ်"

"ယား"

ထိချီသည် ဓားရိပ်အောက်မှ လွှားခနဲ ခုန်ထွက်သွားလေသည်။

ကျော်ဟင်း၏ဓားချက်က လေထဲ ဝဲပျံ့သွား၏။

"ထန်း"

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက် လှမ်းအခုတ်မှာ ဓားနှစ်လက်က လေထဲမှာ ထိခတ်သွားပြီး ထန်းခနဲမြည်သွားပေသည်။

ထိချီသည် နေရာတွင် ရပ်နေ၏။

လင်းလျှံသည် ထိချီ၏ရှေ့သို့ရောက်လာကာ ဓားကို လေထဲ၌ ဝှေ့ယမ်းလိုက်သည်။

စောစောက ဓားချင်းထိခတ်သံမှာ ကျော်ဟင်း၏ဓားချက်ကို ကာဆီးရိုက်ထုတ်လိုက်သော လင်းလျှံ၏ဓားချက်ပင် ဖြစ်ပေသည်။

"မင်းတို့နှစ်ယောက် တစ်ကျိတ်တည်းတစ်ဥာဏ်တည်း မဟုတ်လား"

ကျော်ဟင်းက မေးလိုက်သည်။

သူ့စိတ်ထဲမှာ လင်းလျှံနှင့်ထိချီကို တစ်ဖွဲ့တည်းကလူတွေဟု အထင်ရှိနေပုံရပေသည်။

လင်းလျှံနှင့်ထိချီသည် ယခုမှ စတွေ့သောသူများဖြစ်ကြသည်။

"သည်မှာ သည်ကအစ်ကိုက ကျွန်မနဲ့ဘာမှမတော်ဘူး၊ သိလည်းမသိဘူး၊ ရှင် မတရားလို့ သူက ကျွန်မဘက်က ဝင်ကူတာ၊ အစ်ကိုဘေးဖယ်နေ၊ သည်လူနဲ့ကျွန်မ ရှင်းမယ်"

လင်းလျှံသည် ထိချီကို လှည့်ပြောလိုက်ပြီး ကျော်ဟင်းကို ရုတ်တရက် လှုပ်ရှားတိုက်ခိုက်လိုက်လေသည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"



သူမသည် ရိပ်ခနဲ ခုန်ဝင်သွားပြီး ဓားသုံးချက်ပစ်သွင်းလိုက်သည်။

ဓားရောင် တဖျတ်ဖျတ် လင်းလက်သွားသလို ထိခတ်သံများ ညံသွားသည်။

ကျော်ဟင်းသည် သူမ၏ဓားသုံးချက်ကြောင့် နောက်သို့ သုံးလှမ်းခန့် ခုန်ဆုတ်လိုက်သည်။

သူမက ရှေ့သို့ သုံးလှမ်းခန့် ဆက်တက်လိုက်လေသည်။

ထိချီသည် ပွဲကြည့်သူတစ်ယောက် ဖြစ်သွားလေသည်။

"နင်က ငါ့ကိုယှဉ်နိုင်မယ်များ ထင်နေလို့လား၊ လင်းလျှံ သိုင်းကွက်ခြောက်ကွက်မရောက်ခင် နင်အရေးနိမ့်သွားမှာပဲ"

"ထန်း. . . ထန်း"

ကျော်ဟင်းသည် ဓားကွက်နှစ်ကွက်ဖြင့် လင်းလျှံကို တိုက်ခိုက်လိုက်သည်။

"နှစ်ကွက်ရှိပြီ၊ နောက်လေးကွက်ဆိုရင် ဟား ဟား ဟား ခင်းကိုယ်ပေါ်က အရေခွံတွေကိုဆုတ်ပြီး ငါယူသွားမယ် စောင့်သာကြည့်ပေတော့"

လင်းလျှံသည် အလွန်ပြင်းထန်သော ကျော်ဟင်း၏ဓားကွက်နှစ်ကွက်ကို ခုခံရင်း နောက်သို့နှစ်လှမ်း ပြန်ဆုတ်သွားလေသည်။

ထိချီသည် လင်းလျှံကိုကြည့်ရင်း ခေါင်းကိုခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်အတိုင်းဆို မလွယ်ဘူး၊ သူခံရလိမ့်မယ်"

ဟူသောအတွေးကြောင့် ခေါင်းကို ခါယမ်းလိုက်ခြင်း ဖြစ်သည်။

"ထန်း. . . ထန်း"

"အို. . . အမေ့"

လင်းလျှံ၏လက်တွင်းမှဓားက လွတ်ကျသွားသည်။

ထိချီ ထင်သည့်အတိုင်းပင် လင်းလျှံမှာ အရေးနိမ့်သွားပြီဖြစ်သည်။

"ဘယ့်နှယ်လဲ၊ သိုင်းကွက်ခြောက်ကွက်တောင် မပြည့်သေးဘူး၊ လေးကွက်တည်းနဲ့တောင် နင့်လက်ထဲကဓား လွတ်ကျသွားပါလား"

ကျော်ဟင်းသည် အောင်မြင်သူ၏လေသံအတိုင်း ဝင့်ကြွားစွာပြောရင်း ရှေ့တက်လာသည်။

သူမက နောက်သို့ တဖြည်းဖြည်းဆုတ်ခွာသွားနေ၏။

"နင့်ကို ငါမသတ်ပါဘူး၊ ဟင်း ဟင်း"

ကျော်ဟင်းသည် ဓားကို ဖျတ်ခနဲ ဓားအိမ်တွင်းသို့ ထိုးသွင်းလိုက်သည်။

သူ့မျက်နှာသည် ပြုံးနေသော်လည်း ထိုအပြုံး၏နောက်ကွယ်၌ အလွန်ကြောက်စရာကောင်းသော ကောက်ကျစ်စဉ်းလဲမှုများ ပုန်းခိုနေသည်ကို ထိချီ အကဲခတ်မိသည်။

သူမသည် နောက်သို့ဖြည်းဖြည်းချင်း ဆုတ်လာနေ



သလို ကျော်ဟင်းကလည်း ရှေ့သို့ တဖြည်းဖြည်းချင်း လှမ်းလာနေ၏။

နောက်ဆုံး သူမသည် ဆုတ်စရာနေရာ မရှိတော့ဘဲ ရပ်တန့်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် ထိချီနှင့်ထိကပ်သွားပြီး ရပ်တန့်သွားခြင်းကြောင့် ဖြစ်ပေသည်။

"ဝုန်း"

"အား"

ကျော်ဟင်းသည် ရုတ်တရက် လှုပ်ရှားလိုက်သည့်အခိုက်မှာပင် လင်းလျှံသည် အော်၍မြေပြင်ပေါ်သို့ လဲကျသွားလေသည်။

ကျော်ဟင်း၏လက်ဝါးရိုက်ချက် လွန်စွာပြင်းထန်သောကြောင့် လင်းလျှံမှာ တောင့်ခံနိုင်စွမ်းမရှိဘဲ မြေပေါ်သို့လဲပြိုကျသွားခြင်း ဖြစ်ပေသည်။

ထိချီက ဟန့်တားလိုက်သည်။

"ရပ်လိုက်"

ကျော်ဟင်းသည် လင်းလျှံကို လက်ဝါးဖြင့် ရိုက်လိုက်ပြီးနောက် လှစ်ခနဲ ထွက်ပြေးသွားလေသည်။

ထိချီသည် လင်းလျှံ၏အခြေအနေကို သိသော်လည်း မည်သို့မျှ မကယ်နိုင်တော့ပေ။

သူ့ကို ဦးစားပေးကူညီလိုက်လျှင် ကျော်ဟင်းသည်

www.burmeseclassic.com

www.burmeseclassic.com



မျက်ခြည်ပြတ်၍ လွတ်မြောက်သွားနိုင်သည်။

ထို့ကြောင့်. . .

ထိချီသည် မိန်းကလေးလင်းလျှံအား သည်အတိုင်းထား ခဲ့ပြီး ကျော်ဟင်းနောက်သို့ ပြေးလိုက်သွားလေတော့သည်။

♥ ♥ ♥

"ဟော့. . . မပြေးနဲ့"

ကျော်ဟင်းသည် ရှေ့ကပြေးနေသည်။

ထိချီက နောက်ကလိုက်နေသည်။

မြို့လယ်ပိုင်းသို့ အရောက်တွင် ထိချီသည် ကျော်ဟင်း ကိုမျက်ခြည်ပြတ်သွားသည်။

မြို့လယ်ပိုင်းသည် တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိချီက မျက်လုံးအစုံနှင့် နားအစုံကို စွင့်ထားလိုက် သည်။

သူ့မျက်နှာသည် ပြုံးနေသော်လည်း ထိုအပြုံး၏နောက် ကွယ်၌ အလွန်ကြောက်စရာကောင်းနေ၏။

ကျော်ဟင်းသည် တစ်နေရာမှာ ပုန်းနေသည်ဟု ထိချီ ယူဆသည်။

အလစ်ချောင်း၍ ကျော်ဟင်းက မိမိအား တိုက်ခိုက် လိမ့်မည်ဟု ထိချီယူဆနေသည်။



ရုတ်တရက် ထိချီက အနံ့အသက်တစ်ခုကို ရလိုက်၏။

ထိုအနံ့မှာ ထူးဆန်းပေသည်။

လူတစ်ယောက်၏ ချွေးနံ့ပင်ဖြစ်နေသည် မဟုတ်ပါ လား။

ထိချီသည် ကျိတ်၍ပြုံးလိုက်သည်။

ထို့နောက် သူက ရုတ်တရက် လှုပ်ရှားလိုက်သည်။

"ဝှစ်"

"အား"

သူက မိုးကြိုးချည်ဓားမြှောင်ကိုသုံး၍ ချုံပုထ်တစ်ခုအ တွင်းသို့ ပစ်လွှတ်လိုက်သည်။

ချုံပုတ်အတွင်းမှ အော်သံတစ်ချက် ထွက်ပေါ်လာပြီး ပြေးထွက်သွားသံကို ဆက်ကြားရသည်။

ပြေးထွက်သွားသူမှာ ကျော်ဟင်းပင်ဖြစ်သည်။

ထိချီသည် သူပစ်လွှတ်သော မိုးကြိုးချည်ဓားမြှောင်ကို ပြန်ဆွဲယူသောအခါ ဓားသွား၌ နားရွက်တစ်ဘက်ပြတ်ပါလာ သည်ကို တွေ့ရ၏။

ထိုနားရွက်မှာ ကျော်ဟင်း၏နားရွက်ပင် ဖြစ်ပေသည်။

ထိုနားရွက်ကိုဖြုတ်၍ လက်ကိုင်ပုဝါနှင့်ထုပ်ကာ သိမ်း ထားလိုက်ပြီး ပြန်ထွက်လာခဲ့လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



လင်းလျှံသည် သတိလစ်လျှက် ရှိနေ၏။

ကျော်တင်း၏လက်ဝါးသိုင်းကွက်ကြောင့် သူမ ဒဏ်ရာရရှိသွားကြောင်း ထိချီ နားလည်လိုက်သည်။

လင်းလျှံ သတိပြန်ရလာ၏။

မြေပေါ်မှထလိုက်သောအခါ သူမ၏အခြေအနေမှာ အိပ်ရာမှထလာသကဲ့သို့ အိပ်မှုန်စုံမွှားနှင့် ကြောင်တောင်တောင် ဖြစ်နေသည်။

ထိချီသည် သူမကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။

လင်းလျှံမှာ အလွန်ချောမောလှပသော မိန်းကလေး တစ်ယောက်ဖြစ်ပေသည်။

လင်းလျှံသည် ထိချီကို မော့ကြည့်လိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ် အစ်ကို"

သူမ၏အသံမှာလည်း အလွန်သာယာနာပျော်ဖွယ်ရှိသည်ဟု ထိချီ မှတ်ချက်ချလိုက်မိသည်။

"မင်း သည်အတိုင်းနေလို့ မဖြစ်ဘူး"

ထိချီက သူမကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ရှင် ကျွန်မ သည်အတိုင်းနေလို့ မဖြစ်ဘူး ဟုတ်လား အစ်ကို"

"ဟုတ်တယ်၊ မင်းဟာ အတွင်းဒဏ်ရာရထားတယ်၊ သည်အတိုင်း အတွင်းဒဏ်ရာကို မကုသဘဲ ဆက်ပြီးလှုပ်ရှားနေ



မယ်ဆိုရင် မင်းဟာ နှစ်လလောက်မှာ သွေးအန်ပြီးတော့ အသက်ဆုံးရှုံးသွားနိုင်တယ်"

"ရှင်"

လင်းလျှံ ထိတ်လန့်သွားသည်။

ထိချီကို သူမ မျက်လုံးအဝိုင်းသားနှင့် ကြည့်လိုက်၏။

ထိချီသည် သူမ၏ကြောက်ရွံ့ထိတ်လန့်နေသော အမူအရာကိုကြည့်ပြီး သဘောကျစွာ ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ မင်းရဲ့အတွင်းဒဏ်ရာကို ကျုပ်ကုသပေးနိုင်ပါတယ်"

လင်းလျှံ ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကို၊ ကျွန်မကို အခုလို ကူညီတယ်တင်ပေးတဲ့အတွက် အစ်ကို့ကျေးဇူးကို တစ်သက်မမေ့ပါဘူး"

လင်းလျှံသည် လက်နှစ်ဘက်ဆုပ်၍ ထိချီကိုဦးညွှတ် အရိုအသေပေးလိုက်သည်။

ထိချီက လက်ကာပြပြီး. . .

"သိပ်လည်း မစိုးရိမ်ပါနဲ့၊ နေပါဦး အခု မင်းဘယ်ကို သွားမလဲ"

ထိချီက ချက်ချင်း သတိရကာမေးလိုက်သည်။

ထိုအခါ သူမက. . .

"အခုလောလောဆယ် ကျွန်မ ဘယ်ကိုသွားရမယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ မစဉ်းစားတတ်သေးပါဘူးရှင်၊ ကျွန်မ လူတစ်ယောက်နဲ့ တွေ့ရဦးမယ်၊ အဲသည်လူနဲ့ တွေ့ပြီး ဆွေးနွေးပြီးမှ ကျွန်မ ခရီး ဆက်ရမှာပါ"

ထိချီသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး. . .

"အဲသည်လူက ဘယ်သူလဲ"

လင်းလျှံ တောင်းပန်လိုက်သည်။

"ကျွန်မ ပြောပိုင်ခွင့်မရှိတာ ခွင့်လွှတ်ပါရှင်"

ထိချီ ပြုံးလိုက်သည်။

"မင်း ကျုပ်ကို စပ်စုတဲ့လူတစ်ယောက်လို့ ထင်သွားသလား"

လင်းလျှံ ခေါင်းခါယမ်းလိုက်သည်။

"မထင်ပါဘူး အစ်ကို"

"မင်း ကျုပ်အခန်းကို လိုက်ခဲ့ပါ၊ မင်းရဲ့အတွင်းဒဏ်ရာကို ကျုပ်ကုသပေးမယ်"

ပြောပြီး ထိချီ ထွက်သွား၏။

လင်းလျှံလည်း ထိချီနောက်သို့ အမီလိုက်သွားလေတော့သည်။

♥ ♥ ♥



ထိချီက လင်းလျှံအား ဆေးတိုက်လိုက်သည်။

တဖန်. . .

လင်းလျှံအကြောင်းကို မေးလိုက်သည်။

"မင်းဟာ သာမန်အရပ်သား အရပ်သူတစ်ယောက်တော့ ဟုတ်မယ်မထင်ဘူး၊ မင်းက ဘယ်ဂိုဏ်းကလဲ၊ နာမည် ဘယ်လိုခေါ်သလဲ"

လင်းလျှံက ထိချီကို မော့ကြည့်လိုက်ပြီး. . .

"ကျွန်မက ခုံတုံဂိုဏ်းကပါ၊ နာမည်က လင်းလျှံလို့ခေါ်ပါတယ်"

ထိချီသည် မျက်နှာတစ်ချက် ပျက်သွားသည်။

ယင်းသို့ ထိချီ မျက်နှာပျက်သွားသည်ကို သူမမြင်တွေ့လိုက်ရသောအခါ စိုးရိမ်မကင်းဖြစ်သွားသည်။

သူ မျက်နှာ ဘာလို့ပျက်သွားပါလိမ့်ဟု တွေးကာ မစဉ်းစားတတ်အောင်ဖြစ်သွားသည်။

အတန်ကြာမှ ထိချီက. . .

"မင်းဟာ လင်း အမျိုးအနွယ်ကိုး"

တစ်ယောက်တည်း ညည်းပြောပြောသလို ထိချီကပြောလိုက်ပြီး အခန်းဆောင်၏ ပြတင်းပေါက်နားသို့ လျှောက်သွားလေသည်။

ထို့နောက်. . .

ပြတင်းပေါက်မှတဆင့် အပြင်သို့ လှမ်းကြည့်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ထိန်ထိန်သာနေသော လမင်းကြီးက ရှုတ်တရက် တိမ်ဆိုင်အတွင်းသို့ ရိုပ်ခနဲ တိုးဝင်သွားလေသည်။

အမှောင်တိုက်များ လွှမ်းမိုးသွားသော်လည်း အချိန်ကာလအားဖြင့် သိပ်မကြာလှသေးချေ။

လမင်းကြီးသည် တိမ်ဆိုင်အတွင်းမှ ပြန်ထွက်လာပြီး အမှောင်တိုက်ကို ခွင်းပစ်လိုက်လေသည်။

ညချမ်းသည် လရောင်ရွှမ်းရွှမ်းအောက်တွင် လှပနေသည်။

သစ်ရွက်လှုပ်သံများနှင့်အတူ လေတိုးသံများ ကြားနေရလေသည်။

သစ်ရွက်ခြောက်များ ကြွေနေကြသည်။

တစ်ချက်တစ်ချက် ညဥ့်ငှက်အော်မြည်သံကို ကြားရလေသည်။

လင်းလျှံက. . .

"လင်းမျိုးနွယ်စုနဲ့ အစ်ကို ဘယ်လိုများပတ်သက်ခဲ့လို့လဲဟင်"

သံသယစိတ်ဖြင့် မေးလိုက်သည်။

ထိချီသည် လင်းလျှံကို မျက်နှာချင်းဆိုင်လိုက်ပြီး. . .

"မင်း ငါ့ကိုနှုတ်ဆက်ချင်ရင် နှုတ်ဆက်လို့ရတယ်၊ အခုပြန်ချင်တယ်ဆိုရင်လည်း ပြန်နိုင်တယ်၊ ငါ လင်းအမျိုးအနွယ်နဲ့မဆက်ဆံချင်ဘူး"



"ရှင်"

လင်းလျှံ အံ့ဩသွားသည်။

"အစ်ကိုနဲ့ လင်းအမျိုးအနွယ် ဘယ်လိုဘယ်ပုံ ပတ်သက်ခဲ့တယ်ဆိုတာ ကျွန်မ မသိပါရစေ၊ အစ်ကိုဟာ ကျွန်မရဲ့ အသက်သခင်ကျေးဇူးရှင်ပါ၊ တစ်ချိန်က မျိုးနွယ်စုအချင်းချင်း ဘယ်လိုပဲဖြစ်ခဲ့ကြပါစေ၊ အစ်ကိုနဲ့ကျွန်မဟာ ရန်သူတွေမဟုတ်ကြတော့ပါဘူး၊ ကျွန်မတို့ သဘောထားကြီးကြီးနဲ့ အဲသည်ကျန်ခဲ့တဲ့ကိစ္စတွေကို မေ့ပစ်လိုက်ကြရအောင်ပါ"

ထိချီ ဟက်ခနဲ ရယ်မောလိုက်သည်။

ထိချီ၏ အေးစက်စက်ရယ်သံကြောင့် လင်းလျှံ ထိတ်လန့်သွားလေသည်။

"မင်း ထိအမျိုးအနွယ်အကြောင်း ဘယ်လောက်သိသလဲ လင်းလျှံ"

"ထိအမျိုးအနွယ် ဟုတ်လား အစ်ကို"

"ဟုတ်တယ်၊ ထိအမျိုးအနွယ်အကြောင်းကို မေးနေတာ"

"ကျွန်မ သိသလောက်ပြောရရင်တော့ ထိအမျိုးအနွယ်စုထဲမှာ အထင်ရှားဆုံးပုဂ္ဂိုလ်က ထိဖုံးပါပဲ"

လင်းလျှံသည် စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်ပြီးလျှင် ထိချီကို အကဲခတ်ကြည့်လိုက်လေသည်။

ထိချီသည် လှုပ်လှုပ်ရှားရှားဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ထိဖုံးကိစ္စနဲ့ပတ်သက်ပြီး မင်းဘယ်လောက်သိတယ်ဆိုတာ ငါ့ကို ပြောပြစမ်း"

ထိချို၏မျက်နှာပြင်သည် ရုတ်တရက် နီမြန်းလာပြီး ခက်ထန်ကြမ်းတမ်းတော့မည့်ပုံမျိုး ပေါ်နေသည်။

သူမသည် ထိချိုကိုကြည့်ပြီး ကြောက်ရွံ့သွားပုံရသည်။

"ထိဖုံးဟာ အင်မတန်တော်တဲ့ သိုင်းသမားတစ်ယောက်လို့ ဖေဖေပြောဖူးပါတယ်"

ထိချိုက စကားဖြတ်မေးလိုက်သည်။

"မင်းအဖေနာမည်က ဘယ်လိုခေါ်သလဲ"

"ဖေဖေ့နာမည်က လင်းလွှကျိုင်းပါ"

"ဟား. . . ဟား. . . ဟား"

ရုတ်တရက်. . .

ထိချို၏ရယ်မောသံကြီးသည် ခန်းလုံးပြည့်လျှံသွားသောကြောင့် လင်းလျှံမှာ ဆောက်တည်ရာမရအောင် ထိတ်လန့်သွားလေသည်။

လင်းလျှံ ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။

သူမသည် ယခုမှ ပို၍ထိချိုကို ကြောက်လာ၏။

ထိချိုက အေးစက်စွာဖြင့်. . .

"ကဲ. . . ဆက်ပြောစမ်းပါဦး"

လင်းလျှံက တုန်ယင်စွာဖြင့်. . .

"ဖေဖေက ထိဖုံးနဲ့ပတ်သက်လို့ ကျွန်မကိုပြောပြခဲ့တာ



တစ်ခုရှိပါတယ်၊ ထိဖုံးဟာ သိုင်းပညာ သိပ်တော်ပြီး ယှဉ်နိုင်တဲ့လူ သိပ်မရှိဘူးတဲ့၊ အဲသည်တုန်းက ဖေဖေရဲ့ဂိုဏ်းချုပ်ကြီးတာ. . ."

"စန်းရယ်မဟုတ်လား၊ အခု စန်းရယ်မရှိတော့ မင်းအဖေလင်းလွှကျိုင်းက ဂိုဏ်းချုပ်ဖြစ်နေတယ်လေ"

"ဟုတ်ပါတယ် အစ်ကို၊ အစ်ကိုက ထိအမျိုးအနွယ်ကမှန်း ကျွန်မမသိပါတယ်"

"သိပ်ဟုတ်တာပေါ့ လင်းလျှံ၊ ငါ့နာမည်က ထိချို၊ ငါ့အဖေက ထိဖုံးလေ၊ လင်းလွှကျိုင်းဟာ ဖေဖေ့ကို ခုံတုံဂိုဏ်းကိုခေါ်သွားပြီး အဖွဲ့လိုက်သတ်ခဲ့တာပဲ မဟုတ်လား၊ ဒါပေမယ့် ငါ့အဖေက ထွက်ပြေးလာပြီး အိမ်ပြန်ရောက်မှ သေတာပဲ"

လင်းလျှံသည် သတ္တိများ ဝင်လာပြီး ကြမ်းပြင်ပေါ် ထိုင်နေရင်းမှ ဆတ်ခနဲ ထရပ်လိုက်သည်။

"အစ်ကိုလည်း ကျွန်မကို သည်နည်းမျိုးနဲ့ သတ်ချင်တယ်ဆိုရင် သတ်လိုက်ပါ အစ်ကို၊ ဖေဖေကတော့ အခုထိ အင်မတန်တော်တဲ့ လူတစ်ယောက်ကို သတ်ခဲ့မိတဲ့အတွက် သူ့အမှားကို နောင်တရမဆုံး ဖြစ်နေတယ်"

"နေပါဦး ဖေဖေ့မှာ ဘာအပြစ်ရှိလို့ မင်းအဖေက သတ်ရတာလဲ"

ထိချို၏အသံက ခက်ထန်မာကျောလှသည်။

အသံလှိုင်းမှာ ဟိန်းထွက်လာသဖြင့် လင်းလျှံ ထိတ်လန့်

www.burmeseclassic.com

www.burmeseclassic.com



သွားပြန်သည်။

"ဖေဖေပြောတာတော့ ကျောက်နီနဂါးရုပ်ကြောင့် ဖေဖေရဲ့ ဂိုဏ်းချုပ်ကြီးက သတ်ခိုင်းတာတဲ့"

"ဪ. . . တာဝန်နဲ့သစ္စာကို သိတတ်တဲ့သဘောပဲ ပေါ့"

ထိချို ခနဲ့လိုက်သည်။

ပြီးမှ လင်းလျှံအား စိုက်ကြည့်လိုက်ပြီး. . .

"ငါပြောမယ့်စကားကို မင်းသေသေချာချာ နားထောင်ပါ။ မင်းအတွက် ငါအချိန်ပေးလိုက်မယ်၊ နောက်သုံးနှစ်ကြာရင် ငါတို့ပြန်ဆုံကြမယ်"

"ရှင်"

"အဲသည် သုံးနှစ်အတွင်းမှာ သိုင်းပညာအဆင့်မြင့်အောင် ကြိုးစားထားပါ၊ မင်းနဲ့ငါအဲသည်အချိန်ကျမှ ပြန်ဆုံပြီး သွေးကြွေးဆပ်ကြတာပေါ့၊ ငါပြောတာ တရားမျှတရဲ့လား"

လင်းလျှံ ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

"ကျွန်မကို သတ်ချင်ရင် အခုပဲသတ်လိုက်ပါ၊ နောက်သုံးနှစ်မကလို့ ဆယ်နှစ်ပဲဖြစ်ဖြစ် အဆင့်မြင့်လာအောင် ကျွန်မ မကြိုးစားနိုင်ဘူး၊ ကြိုးလည်းမကြိုးစားဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မ ရှင့်ကို ဘယ်တော့မှ မယှဉ်ဘူး၊ အဲသည်အချိန်ကျလည်း ကျွန်မက ရှင့်ဓားအောက်မှာ ဇက်ထိုးခံဖို့ အဆင်သင့်ရှိ



နေမှာပါ၊ ကျွန်မ ပြန်တော့မယ်"

လင်းလျှံသည် အခန်းဆောင်အတွင်းမှ ထွက်ခွာသွားခြည်အပြုတွင် ထိချိုက လှမ်းတားသည်။

"မင်း သည်လိုထွက်သွားလို့ ဘယ်ဖြစ်မလဲ၊ ငါ့ကို ကတိပေးခဲ့ဦးလေ"

"ကျွန်မ ပေးခဲ့ပြီးပြီပဲ"

ထိချို ခေါင်းခါယမ်းလိုက်သည်။

"သည်လို မရေရာတဲ့ ကတိမျိုးပေးလို့ ဘယ်ရမလဲ၊ ငါတောင်းတဲ့ကတိကို မင်းလက်ခံတယ်မဟုတ်လား လင်းလျှံ"

လင်းလျှံ ခဏစဉ်းစားလိုက်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို စိတ်ထဲချလိုက်ပြီးလျှင် ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်လေသည်။

"ကျွန်မ ကတိပေးပါတယ်"

"ဒါဆိုရင် သုံးနှစ်ပြည့်တဲ့နေ့မှာ ငါမင်းကို ထင်းစန်းတောင်က စောင့်နေမယ်၊ မင်းအရောက်လာခဲ့ပါ၊ သုံးနှစ်ပြည့်တဲ့နေ့မှာပဲ မနက်အာရုံလင်းတာနဲ့ ငါရောက်နေပြီလို့ မှတ်ထားလိုက်ပါ"

လင်းလျှံ ခပ်မဲ့မဲ့ တစ်ချက်ပြုံးလိုက်သည်ကို ထိချို တွေ့မြင်လိုက်ရသည်။

ထို့ကြောင့်. . .

"မင်း ဘာပြုံးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

လင်းလျှံက. . .

"ကျွန်မ စဉ်းစားမိတာ တစ်ခုရှိလို့ပါ"

"ဘာလဲ"

"သုံးနှစ်မပြည့်ခင် ကျွန်မ သေသွားခဲ့ရင်ကော"

"သုံးနှစ်လောက်နဲ့တော့ မင်းသေနိုင်မယ် မထင်ပါဘူး"

လင်းလျှံ လှောင်ရယ်ရယ်လိုက်သည်။

ပြီးမှ. . .

"လောကမှာ ဘယ်အရာမှ ပုံသေကားချပ်သတ်မှတ်လို့ မရပါဘူး၊ နှစ်မစေ့ခင် အကြောင်းတစ်ခုခုကြောင့် ကျွန်မ သေသွားခဲ့ရင် ဘယ့်နှယ်လုပ်မလဲ၊ ကျွန်မအလောင်းကို ပြန်ဖော်ပြီး ဓားနဲ့သာ တုံးထစ်လိုက်ပါလေ"

အရွဲ့တိုက်ပြောမှန်း ထိချီ သဘောပေါက်သော်လည်း စောဒကမတက်တော့ပါ။

"အဲသည်အခါကျတော့လည်း တစ်မျိုးပေါ့၊ ကဲ မင်းပြန်ရင် သည်ဆေးလုံးတွေယူသွား"

"ကျွန်မ မယူဘူး"

"မယူလို့ ဘယ်ဖြစ်မလဲ၊ မင်းရဲ့ဒဏ်ရာကို သည်ဆေးကသာ ကုသနိုင်မှာ၊ ရော့ ယူသွား"

"ရှင်လိုအပ်ရင် ဘယ့်နှယ်လုပ်မလဲ"

"ငါ့အတွက် ကိစ္စမရှိပါဘူး၊ သည်ဆေးမျိုးကို ဘယ်



အချိန်ဖော်ဖော် ဖော်စပ်လို့ရပါတယ်၊ မင်းအတွက်သာ အရေးကြီးတာ"

ဆေးပုလင်းကို လှမ်းပေးလိုက်၏။

သူမသည် ဆေးပုလင်းကို လှမ်းယူလိုက်သည်။

"ကျွန်မ သွားလို့ရပြီလား"

"နေဦး၊ မင်းကို ငါမေးဖို့တစ်ခု ရှိနေသေးတယ်"

လင်းလျှံက. . .

"ရှင်က ဘာမေးချင်လို့လဲ"

"စောစောက မင်းပြောခဲ့တဲ့စကားကို ပြန်မေးချင်လို့ပါ၊ မင်း လူတစ်ယောက်ကို တွေ့ချင်နေတယ်ဆိုတာလေ၊ အဲသည်သူဟာ ဘယ်သူလဲ"

"အဲသည်လူဟာ ရှင်ပဲ"

ထိချီ မျက်မှောင်ကြုတ်သွားသည်။

"ဘာကြောင့် မင်းကငါ့ကို တွေ့ချင်တာလဲ"

"ရှင့်မှာ ကျောက်နီနဂါးရုပ်ရှိတယ် သတင်းကြားလို့ပါ"

"ဟုတ်တယ်၊ ငါ့မှာရှိတယ်၊ မင်းဘာလုပ်မလို့လဲ"

"ကျွန်မ စောစောကတော့ ရှင်နဲ့တွေ့ပြီး အဲသည် ကျောက်နီနဂါးရုပ်အကြောင်း ဆွေးနွေးမလို့ပါ၊ ခုတော့ မဆွေးနွေးချင်တော့ဘူး"

"မင်းတို့ ခုံတုံဂိုဏ်းက ဂိုဏ်းချုပ်လင်းလွေကျိုင်မှာလည်း ကျောက်နီနဂါးရုပ်တစ်ရုပ် ရှိနေတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်၊ ဖေဖေ့မှာရှိတဲ့ကျောက်နီရုပ်က အဆင့်မြင့် သိုင်းသုံးကွက်ပါတဲ့ ကျောက်နီရုပ်ပဲ၊ ရှင့်ကျောက်နီ နဂါးရုပ် မှာကော ဘာတွေပါလဲ"

"ငါ့ရဲ့အရုပ်မှာလည်း သိုင်းသုံးကွက်မှတ်တမ်းတင်ထား တယ်"

"ဒါဖြင့် ကြံ့စုဂိုဏ်းက ဂိုဏ်းချုပ်ရှမ်းထင်းလီမှာရှိတဲ့ အရုပ်ဟာ သိုင်းသုံးကွက်ပါတဲ့ ကျောက်နီရုပ်ဆိုတာ သေချာသွား ပြီပေါ့"

ထိခ်ျိ စိတ်ဝင်စားသွား၏။

ထိုစဉ်မှာပင်. . .

"ကျွန်မ ပြန်မယ်"

ဟုပြောပြီး လင်းလျှံ ပြတင်းပေါက်မှ ခုန်ဆင်းကာ ပြေး လွှားသွားလေတော့သည်။

♥ ♥ ♥



## သဲလွန်စ

ကြံ့စုဂိုဏ်းချုပ်ကြီး ရှမ်းထင်းလီသည် တက်တစ် ခေါက်ခေါက်ဖြစ်နေလေသည်။

ဂိုဏ်းခွဲမှူးကျော်ဟင်းသည် နားရွက်ကိုလက်ဖြင့်အုပ် ထားသော်လည်း အုပ်ထားသောလက်ကြားမှ သွေးတို့က စီးကျ နေသည်။

မရဏာဟန်စန်းမှာ ခေါင်းငုံ့ငြိမ်သက်လျက်ရှိနေသည်။

မရဏာဟန်စန်းမှာ ကြံ့စုဂိုဏ်းမှ အဆင့်မြင့်ဂိုဏ်းခွဲမှူး တစ်ယောက်ပင် ဖြစ်ပေသည်။

"မင်း တော်တော်ညံ့တဲ့ကောင်ပဲ၊ လင်းလျှံကိုတောင် နိုင်အောင်မတိုက်နိုင်ဘူးဆိုတော့ မင်းလောက်ညံ့တဲ့လူ မရှိနိုင် တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြံ့စုဂိုဏ်းချုပ်ကြီး ရှမ်းထင်းလီက လေသံမာမာဖြင့် ကျော်ဟင်းအား ပြောလိုက်သည်။

"ကျွန်တော့်နား ပြတ်သွားတာဟာ လင်းလျှံလက်ချက်ကြောင့် မဟုတ်ပါဘူး၊ ဟိုလူငယ်လေးရဲ့ လက်ချက်ကြောင့်ပါ"

ဟုပြောကာ ဖြစ်ကြောင်းကုန်စင်ကို ပြန်လည်ပြောပြလိုက်သောအခါ ဂိုဏ်းချုပ်ကြီးရှမ်းထင်းလီက အံ့ဩထိတ်လန့်သွားလေသည်။

"ဘာ သူ့မှာလည်း ကျောက်နီနဂါးရုပ်ရှိတယ် ဟုတ်လား"

"သူ့မှာ ကျောက်နီနဂါးရုပ်ရှိတယ်လို့ သူ့ပါးစပ်က ပြောခဲ့ပါတယ်"

ရှမ်းထင်းလီသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်လေတော့သည်။

"အင်း. . . ဒီကောင်ဟာ ထိမျိုးနွယ်က ထိဖုံးသားများ ဖြစ်နေမလား မသိဘူး"

ရှမ်းထင်းလီသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သောကြောင့် အဖြေရရှိသွားလေသည်။

ထိုစဉ် မရဏာဟန်စန်းက ရှုတ်တရက် ဝင်ပြောလိုက်သည်။

"ဟာ. . . ဂိုဏ်းချုပ်ကြီးပြောမှ ကျွန်တော် သတိရတယ်၊ ဟုတ်တယ် ကျွန်တော် မှတ်မိပြီး ဒီချာတိတ်က လက်စသတ်တော့ ထိချိကိုး"



"ဘာ. . . ထိချိ ဟုတ်လား"

ဟု ရှမ်းထင်းလီက အလောတကြီးမေးလိုက်သည်။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ သူ့နာမည်က ထိချိလို့ ခေါ်ပါတယ်၊ ကျွန်တော်တို့အဖွဲ့နဲ့ ပြဿနာဖြစ်ခဲ့တာ သူပေါ့"

မရဏာဟန်စန်းက ဘာသမထီအာမခံဌာနကို တိုက်ခိုက်လုယက်ခဲ့စဉ်က ဖြစ်ပျက်ခဲ့သောဖြစ်စဉ်တစ်ရပ်ကို အစအဆုံး ပြောပြလိုက်သည်။

"ဟာ. . . ဒါဆိုရင် ထိချိဆိုတဲ့ကောင်ဟာ တို့အတွက် အနှောက်အယှက်တစ်ခု ဖြစ်နေပြီ"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ သူဟာ အဆင့်မြင့်သိုင်းသမားဖြစ်နေပါတယ်၊ အချိန်မီ ထိန်းချုပ်ထားနိုင်မှ တော်ကာကျလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်"

မရဏာဟန်စန်းက ပြောလိုက်လေသည်။

"အေး. . ဟုတ်တယ်၊ သူ့ဆီမှာရှိတဲ့ ကျောက်နီနဂါးရုပ်ကိုရဖို့က အားလုံးထက်ပိုအရေးကြီးတယ်၊ သူ့ဆီက တစ်ရုပ်နဲ့ ခုံတုံဂိုဏ်းချုပ်လင်းလွှေကျိုင်းဆီက တစ်ရုပ်၊ အဲဒီနှစ်ရုပ်သာရလိုက်ရင် ငါ့လက်ထဲမှာ သုံးရုပ်ဖြစ်သွားမယ်၊ ဟဲ ဟဲ ဟဲ အဲဒီသုံးရုပ်စလုံးကို ငါပိုင်ခဲ့ရင်တော့ သိုင်းလောကကြီးတစ်ခုလုံးကို ငါလုပ်ချင်သလိုလုပ်၊ ချယ်လှယ်ချင်သလို ချယ်လှယ်လို့ရပြီပေါ့ကွာ၊ ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးရှမ်းထင်းလီသည် အားရတက်ကြွစွာ ရယ်မောလိုက်လေသည်။

သူ၏မျက်နှာပြင်ပေါ်တွင် လောဘရိပ်များ ထင်ဟပ်နေလေတော့သည်။

ထို့နောက် ဂိုဏ်းချုပ်ကြီးရှမ်းထင်းလီသည် ကျော်ဟင်းကို လှမ်း၍မှာလိုက်လေသည်။

"ဟောကောင်၊ မင်းနားရွက်ကိစ္စကို ဆေးဆရာဟုန်ကျန့်သွားတွေ့ပြီး ကုသလိုက်ဦး"

ဟုပြောလိုက်မှ ကျော်ဟင်းသည် ချက်ချင်းပင် ထိုင်ရာမှထသွားလေသည်။

"ဟေ့. . . ဟန်စန်း"

"ခင်ဗျာ. . . အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

ကျော်ဟင်းအားကြည့်နေစဉ်မှာပင် ဂိုဏ်းချုပ်၏ခေါင်းထဲသံကြောင့် ပျာပျာသလဲ ဖြစ်သွားလေသည်။

"ငါတို့ ဒီကိစ္စကို ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ရှမ်းထင်းလီက ဟန်စန်းထံ အကြံတောင်းခံလိုက်လေသည်။ ဟန်စန်း တခဏစဉ်းစားလိုက်၏။

ပြီးမှ အကြံပြုလိုက်၏။

"အကောင်းဆုံးကတော့ သူတော်အင်းယန်နဲ့ ဆေးတံရှင်လုဖိန့်ကို အကူအညီတောင်းရင် ကောင်းမယ်ထင်တယ် ဂိုဏ်းချုပ်ကြီး"



ရှမ်းထင်းလီက ပြုံးကာ. . .

"ဟာ. . . မင်းအကြံ သိပ်ကောင်းတယ်"

ဟု ပြောလိုက်လေသည်။

သူတော်အင်းယန်နှင့် ဆေးတံရှင်လုဖိန့်တို့မှာ အလွန်ရက်စက်သော သိုင်းသမားကြီးနှစ်ဦး ဖြစ်လေသည်။

သိုင်းလောကတွင် နာမည်ကြီးနေကြသော ကြေးစားအဓိပတိကြီးများ ဖြစ်ပေသည်။

"အေး. . . မင်းပြောတာ ကောင်းတယ်၊ ဒီကိစ္စကို အောင်မြင်အောင် အမြန်ဆုံးလုပ်ရလိမ့်မယ်"

"မှန်ပါတယ် ဂိုဏ်းချုပ်ကြီး"

"ငါ့သဘောကတော့ နှစ်ရက်အတောအတွင်းမှာ ကိစ္စအားလုံး ပြတ်သွားစေချင်တယ်"

"ဂိုဏ်းချုပ်ကြီး ဖြစ်ချင်သလို ဖြစ်ရမှာပါ"

"ဒါဖြင့် လုပ်စရာရှိတာ သွားလုပ်တော့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သူသည် ထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် ရှမ်းထင်းလီက. . .

"ခဏနေဦး ဟန်စန်း"

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"ခုံတုံဂိုဏ်းက အဖွဲ့အစည်းနဲ့ဆိုတော့ တော်တော်ကြိုးစားရဦးမှာ သတိထားပါ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

ဂိုဏ်းချုပ်ကြီးသည် ခေါင်းတညိတ်ညိတ်ဖြင့်ပြုံးနေလေတော့သည်။

ဟန်စန်းက ဂါရဝပြုကာ ထွက်လာခဲ့လေသည်။

♥ ♥ ♥

"သမီးပြောတဲ့ကောင်လေးက ထိချီလား"

"ဟုတ်ပါတယ် ဖေဖေ"

ဂိုဏ်းချုပ်ကြီးလင်းလွေကျိုင်းသည် ထိချီဟူသောနာမည်ကိုကြားလိုက်ရသည်နှင့် ထိဖုံးကို သတိရသွား၏။

"ဒါဆိုရင် ထိဖုံးရဲ့သားပဲ"

"ဟုတ်ပါတယ် ဖေဖေ၊ သူက ထိဖုံးရဲ့သားလို့ ပြောပါတယ်"

ခုံတုံဂိုဏ်းချုပ်လင်းလွေကျိုင်း အနည်းငယ် ထိတ်လန့်သွားလေတော့သည်။

"သူ ဖေဖေ့ကို သွေးကြွေးဆပ်ဖို့ ပေါ်လာတာနဲ့တူတယ်"

လင်းလျှံသည် သူ့အဖေမျက်နှာကို ကြည့်လိုက်ပြီး ခေါင်းကိုခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဖေဖေ၊ ဖေဖေ့ကို သူလက်စားချေမှာမဟုတ်ပါဘူး၊ သူ သွေးကြွေးဆပ်ချင်တာက ကျွန်မကိုပါ"



"ဟင်. . . သမီးကို ဟုတ်လား"

"ဟုတ်ပါတယ်ဖေဖေ၊ ဒါပေမယ့် ခုမဟုတ်သေးပါဘူး၊ နောက်သုံးနှစ်ကြာမှ ကျွန်မကို သွေးကြွေးဆပ်မယ်လို့ ပြောပါတယ်"

လင်းလွေကျိုင်းသည် မျက်မှောင်ကြုတ်သွားလေတော့သည်။

"သုံးနှစ်ကြာမှ ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ"

"ဘာရည်ရွယ်ချက်ပါလိမ့်"

"သူက ပြောပါတယ်၊ မင်းနဲ့ငါဟာ အဆင့်ချင်းမတူဘူးတဲ့၊ အဆင့်တူအောင် သုံးနှစ်လေ့ကျင့်ပါတဲ့၊ သုံးနှစ်ပြည့်မှ ထင်းစန်းတောင်မှာ ပြန်ဆုံကြမယ်တဲ့၊ အဲဒီတော့မှ သွေးကြွေးဆပ်မယ်လို့ သူပြောပါတယ်"

လင်းလွေကျိုင်းသည် မျက်နှာပေါ်မှ ချွေးသီးများထလာသောကြောင့် လက်ကိုင်ပဝါဖြင့်သုတ်ပြီး. . .

"အဲဒီတော့ သမီးက ဘယ်လိုဖြစ်ချင်လဲ"

"သမီး ဆုံးဖြတ်ပြီးပါပြီ၊ သုံးနှစ်ပြည့်တဲ့နေ့မှာ သူ့ကိုယှဉ်ပါ့မယ်၊ အဲဒါ ကျွန်မရဲ့နောက်ဆုံး ဆုံးဖြတ်ချက်ပါပဲ"

လင်းလွေကျိုင်း သက်ပြင်းချလိုက်သည်။

နေဝင်သွားပြီဖြစ်သောကြောင့် အမှောင်ရိပ်များဖုံးဝင်

www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

"သုံးနှစ်လောက်နဲ့ သမီး သူ့ကိုနိုင်နိုင်ပါ့မလား။ သူ့အဖေထိဖိုးဟာ အင်မတန် ထက်မြက်တဲ့လူတစ်ယောက်ဆိုတာ သမီးသိခဲ့ပြီးပြီနော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဖေဖေထင်တာ ထိဖိုးဟာ ထက်မြက်သလို ထိချီဟာလည်း ထက်မြက်ချင် ထက်မြက်နေမှာပါ"

"ဖေဖေ မှန်ပါတယ်၊ ထိဖိုးရဲ့သားထိချီဟာလည်း ထက်မြက်တယ်ဆိုတာ ကျွန်မသိပါတယ်၊ ထိချီဟာ အင်မတန် ထက်မြက်တဲ့လူတစ်ယောက်ပါပဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်မကိုယ်တွေ့မို့လို့ပါ"

လင်းလွေကျိုင်း ငြိမ်သွားသည်။

"ပြောပါဦး ဖေဖေ"

"သမီးပြောတာ မှန်ပါတယ်၊ သမီးပြောတဲ့သုံးနှစ်ဟာ လူ့ဘဝကို ပြောင်းလဲပစ်နိုင်စွမ်း ရှိပါတယ်"

လင်းလွေကျိုင်းသည် ရယ်မောလိုက်သည်။

"စောစောက သမီးပြောခဲ့တာ မှတ်မိသေးလားဟင်"

"ဘာကိုလဲ ဖေဖေ"

"သူ့ဆီမှာ ကျောက်နီနဂါးရုပ်ရှိတယ်ဆိုတာ"

"သြော်. . . ဟုတ်ကဲ့ ရှိပါတယ်ဖေဖေ၊ ဖေဖေ့မှာရှိတဲ့ နဂါးရုပ်မျိုးပါပဲ"



"သမီးကို သူပြခဲ့သေးလား"

"ပြတော့မပြပါဘူး၊ သူ့မှာ တကယ်ရှိတယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်"

လင်းလွေကျိုင်းက သက်ပြင်းရှိုက်လိုက်ပြန်သည်။

"ကဲ. . . အနားယူတော့"

လင်းလျှံက အရိုအသေပေး၍ ထွက်လာခဲ့သည်။

သူမသည် အဆောင်သို့ရောက်သောအခါ ထိုင်၍စဉ်းစားမိလေသည်။

"သူဟာ ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်ပဲ၊ သူသာ အချိန်မီ ရောက်မလာဘဲနေခဲ့ရင် ငါဟာ ရန်သူလက်ချက်နဲ့ သေသွားနိုင်တယ်၊ ငါ့ဖေဖေနဲ့ပတ်သက်ပြီး ငါ့အပေါ် အငြိုးမပြေဘဲ ရှိနေခဲ့တာကို တစ်နေ့ သဘောပေါက်လာအောင် ငါလုပ်ဆောင်ပြရမယ်၊ သူ ငါ့အပေါ် အငြိုးပြေသွားအောင် ငါဘာယ်လိုလုပ်ရမလဲ မသိဘူး"

သူမ အကြာကြီး တွေးနေစဉ်မှာပင် အကြံတစ်ခုရလာလေသည်။

"အင်း. . . ထိချီဟာ ငါ့ကို အခွင့်အရေးပေးသွားပဲ၊ သုံးနှစ်ဆိုတဲ့ကာလဟာ နည်းတဲ့ကာလမှမဟုတ်ဘဲ၊ ငါသုံးနှစ်အတွင်း ဘာလုပ်မလဲ၊ သိုင်းပညာအဆင့်မြင့်လာအောင် ဆက်သင်ရမလား၊ ဆက်ပြီးကြိုးစားရမလား၊ သူ့ကိုငါ မယှဉ်ဘူး၊ နှစ်နေ့လို့ သူနဲ့ပြန်ဆုံတဲ့နေ့မှာ သူလုပ်ချင်သလိုလုပ်ပါစေ၊ ငါ အသေခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်"

လင်းလှုံ အတွေးစကို ဖြတ်လိုက်သည်။

ထိချီပေးသော ဒဏ်ကြေဆေးလုံးကိုယူကာ အဖုံးဖွင့်လိုက်သည်။

ဆေးသုံးလုံးကိုယူ၍ သောက်လိုက်သည်။

ဆေးသုံးလုံးသောက်ပြီးသောအခါ နွေးနွေးထွေးထွေးဖြစ်သွားလေသည်။

အလွန်အစွမ်းထက်သော ဆေးစွမ်းကောင်းဟု သူမနားလည်စဉ်မှာ ထိချီကို ပြန်သတိရသည်။

သို့သော် သူမသည် ထိချီအကြောင်းကို ဆက်မတွေးတော့ပါချေ။

သူမ အိပ်ရာဝင်ကာ အိပ်ပျော်အောင် စိတ်ကိုလျှော့ချလိုက်လေသည်။

ညသည် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

♥ ♥ ♥



## ပြဿနာ

ထိချီသည် ငွေသိမ်းစာရေးကို တည်းခိုစရိတ်ရှင်းပေးပြီးနောက် ချက်ချင်းဆိုသလို တည်းခိုခန်းမှ ထွက်လာခဲ့လေသည်။

သူ၏စိတ်ထဲ၌ အန္တရာယ်တစ်ခုခု ကျရောက်တော့မည်ဟု စိတ်ထဲကနေ ထင်နေလေသည်။

ခရီးဆက်ရကောင်းမလားဟု သူစဉ်းစားနေလေသည်။

ရာသီဥတုမှာ လွန်စွာသာယာလျက်ရှိသည်။

ခရီးဆက်ရမည်ဆိုလျှင် အတော် ခရီးသွားရပေလိမ့်မည်။

ဟူမေမြို့သို့ ခရီးဆက်မည်ဆိုလျှင်တော့ တစ်ညမကူးဘဲ နေ့ချင်းပေါက်ရောက်နိုင်ကြောင်း သူသိသည်။

ထို့နောက် သူဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သူသည် ဟူမေမြို့သို့ ခရီးဆက်လာခဲ့လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ဟူမေမြို့သို့ ရောက်သောအခါ နေ့လယ်အချိန်ဖြစ်လေသည်။

နေသည် ခြစ်ခြစ်တောက်ပူလျှက်ရှိသည်။

စားသောက်ဆိုင်တစ်ခုရှေ့သို့ ရောက်သောအခါ သူ မြင်းကိုရပ်လိုက်၏။

မြင်းပေါ်မှဆင်းလိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်နေလေသည်။

ထိုအချိန်မှာပင် စားသောက်ဆိုင်အတွင်းမှ လူတစ်ယောက်ထွက်လာပြီး ထိချီကို ခရီးဦးကြိုပြု၏။

"လူကြီးမင်းကြွပါခင်ဗျား၊ ကျွန်တော်တို့ စားသောက်ဆိုင်မှာတည်းခိုခန်းလည်း ရှိပါတယ်"

ထိချီက အာသွက်လျှာသွက်ပြောနေသော ထိုလူကို အကဲခတ်ကြည့်လိုက်ပြီး. . .

"ခင်ဗျားက ဒီဆိုင်ကလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒီရွှေငါးတည်းခိုခန်းမှာ ဧည့်ဝတ်ပြုကြိုဆိုရတဲ့တာဝန်ကို ယူထားတဲ့လူတစ်ယောက်ပါ၊ ဧ ကြီးမင်းအတွက် ရွှေငါးတည်းခိုခန်းက စိတ်ချမ်းသာကိုယ်ချမ်းသာအောင် ဆောင်ရွက်ပေးပါလိမ့်မယ် ခင်ဗျာ၊ ကြွပါ"

အပြောကောင်းသော ထိုလူကိုကြည့်၍ ထိချီ ခေါင်းညိတ်ပြုံးလိုက်မိသည်။

"ခင်ဗျားက အင်မတန် ဖော်ရွေတဲ့ လူတစ်ယောက်ပါပဲ"



"လူကြီးမင်းကို ကျွန်တော် ကျေးဇူးတင်သွားပါပြီ"

"ဘာဖြစ်လို့လဲဗျ"

"ရက်ကြာလေ၊ ကျွန်တော်က ငွေပိုရလေဗျ၊ ဟားဟား"

"ဘယ်လိုကြောင့်လဲ၊ တည်းခိုခန်းပိုင်ရှင်က သဘောကျပြီး ဆုကြေးပေးလို့လား"

"မဟုတ်ပါဘူး၊ ဧည့်သည်တော်တွေက ဆုချတာပါ၊ ဧည့်သည်များများကြီး အနေကြာလေ ကျွန်တော့်အဖို့ ကောင်းလေပဲ၊ ဧည့်သည်တွေများများလာပါစေလို့ ဆုတောင်းရတဲ့အလုပ်က ကျွန်တော့်အလုပ်ပါ"

ထိချီ ခေါင်းညိတ်လိုက်သည်။

ထို့နောက် ငွေတုံးတစ်တုံး နှိုက်ယူကာ ပေးလိုက်၏။

"မိတ်ဆွေရဲ့နာမည်က ဘယ်လိုခေါ်လဲ"

ထိချီက မေးလိုက်သည်။

"ဆိုင်လုလင်ဟွီးဆိုရင် ကျွန်တော့်ကို အားလုံးသိပါတယ်၊ နာမည်အပြည့်အစုံကတော့ ဟွီးယင်လို့ခေါ်ပါတယ်"

"ကျုပ်နာမည်က ထိချီပါ၊ ခင်ဗျားကို ကျုပ်မြင်မြင်ချင်း သိပ်ခင်သွားပြီဗျာ"

"အဲဒီလို ပြောတာ ကျေးဇူးတင်ပါတယ်"

"ကဲ. . . ကျုပ်ကို ဆိုင်ထဲ ဝင်ခွင့်ပြုပါဦး"

"ဝင်ပါခင်ဗျာ ဝင်ပါ၊ လူကြီးမင်းရဲ့မြင်းကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ထားလိုက်ပါ့မယ်၊ အစာလဲ ကျွေးထားလိုက်ပါ့မယ်၊ လူကြီးမင်းပြန်ရင် လူကြီးမင်းရဲ့မြင်းကို လူကြီးမင်း မှတ်မိမှာတောင် မဟုတ်ဘူး"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"အပြုစုကောင်းတဲ့ ကျွန်တော့်ကြောင့်ပေါ့"

"ဟာ. . . ခင်ဗျားတော်တော်ပျော်တတ်တာပဲ၊ ကဲ နောက်မှ ပြန်တွေ့တာပေါ့ဗျာ၊ ဗိုက်ထဲမှာ သိပ်ဆာနေလို့ ဝင်စားလိုက်ဦးမယ်"

"ဝင်ပါ. . . ဝင်ပါ"

ဟု ပြောကာ ထိချီ၏မြင်းအားဆွဲကာ ထွက်ခွာသွားလေသည်။

♥ ♥ ♥



စားသောက်ဆိုင်အတွင်းသို့ ထိချီ ဝင်လာလေသည်။

သူဝင်လာသည်နှင့် ဆိုင်ထဲရှိ လူအားလုံး၏အကြည့်များ သူ့ထံသို့ ရောက်လာလေသည်။

သူသည် အေးအေးဆေးဆေးပင် စားပွဲလွတ်တစ်လုံး၌ ဝင်ထိုင်လိုက်သည်။

ထိုစဉ် စားပွဲထိုးတစ်ယောက် သူ့ဘေးနားသို့ ရောက်လာလေသည်။

"အစ်ကို ဘာသုံးဆောင်မလဲဗျ"

စားပွဲထိုးလေးက ရိုကျိုးစွာဖြင့် ပြောလိုက်လေသည်။

ထိချီသည် စားပွဲထိုးကောင်လေးအား တစ်ချက်မော့ကြည့်လိုက်ပြီး. . .

"အရက်နဲ့ ပေါက်စီ ချပေးကွာ"

"အကောင်းစားအရက်အိုးနဲ့ ပေါက်စီတစ်ပွဲ ကျွန်တော်လာပို့ပါ့မယ်"

စားပွဲထိုးကောင်လေးသည် ဦးညွတ်အရိုအသေပေးလိုက်သည်။

ထို့နောက် လျင်မြန်စွာ ထွက်သွားလေသည်။

ထိချီက. . .

"အင်း. . . ဒီဆိုင်က လုလင်တွေက တော်တော်သွက်သွက်လက်လက်ရှိတဲ့ လူတွေပဲ"

ထိချီသည် ဤသို့ တွေးလိုက်ပြီးလျှင် ဆိုင်တစ်ဆိုင်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကို မြုံ့ငုံအောင် အကဲခတ်လေ့လာလိုက်သည်။

ဆိုင်ထဲတွင် စားပွဲအနံ့ ဆိုသလို လူတွေ ပြည့်နေကြ၏။

အများအားဖြင့် အစား စားသောက်နေသူထက် အရက်သောက်နေသူက ပိုများနေလေသည်။

ဆိုင်၏မြောက်ဘက် ခပ်ကျကျရှိ စားပွဲဝိုင်းသို့ အကြည့်ရောက်သွားစဉ် လူနှစ်ယောက်ကို ထိချို သတိထားလိုက်မိလေသည်။

ထိချို၏စိတ်ထဲတွင် အနည်းငယ် ထူးဆန်းသွားသည်ဟု ထင်မိလေသည်။

အဘယ်ကြောင့်ဆိုသော် ယင်းပုဂ္ဂိုလ်နှစ်ဦးသည် မိမိကို စိုက်၍ ကြည့်နေသောကြောင့် ဖြစ်လေသည်။

နှစ်ယောက်စလုံး ဝတ်စုံနက်များကို ဝတ်ဆင်ထားကြသော်လည်း တစ်ဦးမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့် ဖြစ်လေသည်။

ကျန်တစ်ဦးမှာမူ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး မရှိပါချေ။

သို့သော် တစ်တောင်ကျော်ကျော်ခန့် ရှိသော ဆေးတံတစ်ချောင်းကိုမူ ပါးစပ်နှင့် တပ်ထားပေ၏။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး မရှိသော ဆေးတံရှည်ကို ခဲထားသည့် ပုဂ္ဂိုလ်သည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ရှိသော ပုဂ္ဂိုလ်ထက် အသက်ငယ်ပုံရပြီး ပိန်ပိန်သွယ်သွယ်နှင့် အရပ်ရှည်ပုံရပေသည်။



သူတို့နှစ်ဦးနှင့် ထိချို အကြည့်ချင်း ဆုံသွားကြသောအခါ သူတို့နှစ်ဦးက စ၍ မျက်နှာလွှဲလိုက်ကြသည်။

ထိုစဉ် ဆိုင်လုလင်လေး ရောက်လာ၏။

အရက်တစ်အိုးနှင့် ပေါက်စီတစ်ပွဲ ချပေးပြီး ထွက်ခွာသွားမည်အပြု ထိချိုက တားလိုက်ပြီး. . .

"ညီလေးကို အစ်ကို တစ်ခုမေးချင်တယ်၊ ညီလေး မှန်မှန်ဖြေမယ်ဆိုရင် ညီလေးကို အစ်ကို အပိုဆုချပေးပါ့မယ်"

အပိုဆုဟူသော စကားကို ကြားလိုက်သည့် စားပွဲထိုးလေး၏မျက်နှာသည် သိသိသာသာ လင်းလက်သွားလေတော့သည်။

"ဟုတ်ကဲ့ အစ်ကို၊ အစ်ကို ဘာသိချင်ပါသလဲ ခင်ဗျား ကျွန်တော်ဖြေနိုင်ရင် ဖြေပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွာ"

ထိုသို့ ကျေးဇူးတင်စကားကို ပြောလိုက်အပြီးမှာ ထိချိုက လေသံဖြင့်. . .

"မင်း သူတို့ကိုတော့ လှည့်မကြည့်နဲ့နော်၊ မြောက်ဘက်စားပွဲဝိုင်းမှာ လူနှစ်ယောက် ထိုင်နေတယ်၊ တစ်ယောက်က မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနဲ့၊ ကျန်တစ်ယောက်က ဆေးတံရှည်ကြီးကို ခဲထားတယ်၊ အဲဒီ လူနှစ်ယောက်က ဘယ်ကလဲ၊ သူတို့ရဲ့နာမည်တွေကိုရော ညီလေးသိလား၊ သိရင် အစ်ကို့ကို ပြောပြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေးသည် ချက်ချင်းပင် မြောက်ဘက်စားပွဲဝိုင်းကို လှည့်မကြည့်ဘဲ ဖြေကြားလိုက်လေသည်။

"ဟာ. . . အစ်ကို၊ အဲဒီ လူနှစ်ယောက်ကို သွားမစလိုက်ပါနဲ့၊ သူတို့က အင်မတန် ကြောက်စရာကောင်းတဲ့ မြွေပွေးတွေဗျ၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနဲ့လူက သူတော်အင်းယန်လို့ခေါ်တယ်၊ ဆေးတံနဲ့လူက လုဖိန်လို့ခေါ်တယ်"

ထိုစဉ် သူတော်စင် ရောက်လာပြီး. . .

"ကောင်လေး ငါ့ကို အရက်တိုက်စမ်း"

စတင် ရန်စလာလေသည်။

"ကျုပ် မတိုက်နိုင်ဘူး၊ သောက်ချင်ရင် ကိုယ့်ဘာသာဝယ်သောက်ပါ"

ထိချိုက ပြန်ပြောလိုက်သောအခါ သူတော်အင်းယန်က တဟားဟား ရယ်မောလိုက်ပြီး. . .

"ငါ့အကြောင်း မင်း မသိသေးဘူးနဲ့ တူတယ်၊ မင်းဆီက အရက်အိုး မရရင် မင်းဒုက္ခရောက်သွားလိမ့်မယ်"

ဟု ခြိမ်းခြောက်လိုက်သည်။

ထိချိုက. . .

"သူတော်နဲ့ အရက် ဘာမှမဆိုင်တဲ့အတွက်. . ."

"ဟေ့ကောင် တိတ်စမ်း"

"ဝုန်း"

သူတော်အင်းယန်၏ လက်ဝါးရိုက်ချက်မှာ လွန်စွာ ပြင်း



ထန်သောကြောင့် စားပွဲမျက်နှာပြင်သည် ပျက်စီးသွားလေတော့သည်။

ထိချိုက အပြုံးမပျက်ဘဲ လေသံအေးအေးဖြင့် ပြောလိုက်သည်။

"သူတော်ကြီးက ရန်စတာပဲ၊ သက်သက်မဲ့ ရန်စတာကိုတော့ ကျွန်တော်သည်းမခံနိုင်ဘူး"

သူတော်အင်းယန်က. . .

"မင်းက ငါ့ကို စမ်းချင်လို့လားကွ"

ဟု အော်ပြောရင်း ထိုင်ရာမှ ထလိုက်သည်။

ဆိုင်အတွင်းမှ လူများသည် ထိချိုကို စိုးရိမ်သောအကြည့်တို့ဖြင့် ကြည့်နေကြလေသည်။

"ဒုက္ခပဲ၊ လူငယ်တော့ ခံရတော့မယ်"

"မထင်ပါနဲ့ဗျာ၊ လူငယ်တွေကိုလဲ လျှော့တွက်ထားလို့မရပါဘူး"

လူငယ်တစ်ယောက်က ထိချိုဘက်က လိုက်၍ ထောက်ခံပြောဆိုလိုက်သည်။

"ဟေ့လူ. . . တိုးတိုးပြော၊ ကြားသွားမယ်"

တစ်ယောက်က သတိပေးလိုက်သဖြင့် ထိချိုကို ထောက်ခံပြောနေသော လူငယ်၏ပါးစပ် ပိတ်သွားလေသည်။

ထိချိုက သူတော်ကြီးအင်းယန့်ကို ကြည့်လိုက်ပြီး. . .

"သူတော်ကြီးက ကျွန်တော့်ရဲ့အရက်နဲ့ ပေါက်စီကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှင်းမလဲ"

ဟု မေးလိုက်သည်။

"ဘယ်လိုမှ မရှင်းဘူး၊ ငါ့ အခု ရှင်းမှာက မင်းကိုကွ"

ဒေါသဖြင့် အော်ပြောပြီး သူတော်ကြီးသည် ဓားကို ရှင်ခနဲမြည်အောင် ဓားအိမ်အတွင်းမှ လျင်မြန်စွာ ဆွဲထုတ်လိုက်လေသည်။

ထိချီသည် ပြုံးလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

ထိုစဉ်မှာပင် သူတော်အင်းယန်၏ဓားချက် တစ်ချက်က ထိချီထံသို့ ရောက်လာလေသည်။

"ထန်း"

အလင်းတန်းတစ်ခုသည် ဖျတ်ခနဲ ဝင်းလက်စွာ ထွက်ပေါ်လာလေသည်။

သူတော်အင်းယန်၏ လက်ထဲမှ ဓားကို ရိုက်ခတ်သွားရာ ဓားသည် လွတ်ကျသွားလေသည်။

"ဟင်"

"ဟာ"

"ဘယ်လို ဖြစ်တာပါလိမ့်"

ဆိုင်းတွင်းမှ လူတစ်ချို့၏ အာမေဋိတ်သံများ ပေါ်ထွက်လာကြသည်။

ထိချီကိုယ်တိုင်ပင် ဤကိစ္စကို အံ့အားသင့်၍ သွားလေသည်။



သူတော်အင်းယန်၏လက်တွင်းမှ ဓားကို တစ်စုံတစ်ယောက်က လက်နက်ပုန်းဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်ပေသည်။

ပစ်ခတ်တိုက်ခိုက်သူမှာ မည်သူ ဖြစ်မှန်း မသိချေ။

သူတော်အင်းယန်က နောက်သို့ ဆုတ်ကာ ပြောလိုက်လေသည်။

"ဟိတ်. . . ဘယ်ကောင်လဲကွ၊ ငါ့ကို ခိုးကြောင်ခိုးဝှက် တိုက်ခိုက်တာ၊ ထွက်ခဲ့စမ်း"

ဟု စိန်ခေါ်သော်လည်း မည်သူမျှ မထွက်လာချေ။

လူတွေလည်း တစ်ယောက်နှင့်တစ်ယောက် ကြည့်နေကြလေ၏။

ဆေးတံရှင်လုဖိန်သည် လှုပ်ရှားခြင်း တစ်စုံတစ်ခုမျှ မလုပ်ဘဲ ဆေးတံကိုသာ ကိုင်ထားသည်။

ဆေးတံရှင်လုဖိန်သည် အလွန်အေးစက်သော လူတစ်ယောက် ဖြစ်သည်။

ထိုစဉ်မှာပင် အရိပ်တစ်ခု ထိုးကျလာလေသည်။

"ဩော် လက်စသတ်တော့ မင်းတို့"

ထိုစကားကို ပြောလိုက်သူမှာ သူတော်အင်းယန် မဟုတ်ပါချေ။ ထိချီပင် ဖြစ်ပါသည်။

"အစ်ကိုထိချီ ဘေးဖယ်နေပါ၊ ကျွန်မ ဒီသူတော်နဲ့ တိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်းလျှံသည် ထိချီ၏ရှေ့မှ ကာဆီးလျက် ခေါးလွတ်ကို ကိုင်ကာ လေထဲဝှေ့ယမ်းလိုက်လေသည်။

"ဒီမှာ လင်းလျှံ၊ ငါ့ကိစ္စ ငါရှင်းပါရစေ၊ မင်းအသာနေစမ်းပါ"

"အစ်ကိုထိချီကို ကျွန်မ ကယ်ချင်လို့ပါ၊ တစ်ချိန်က အစ်ကိုထိချီဟာ ကျွန်မရဲ့အသက်ကို ကယ်ခဲ့ဖူးတာပဲ၊ ဒီတစ်ခါတော့ ကျွန်မအလှည့်ထားပါ၊ ကျွန်မ သူနဲ့တိုက်ပါရစေ"

ထိချီသည် ဟက်ခနဲ ရယ်မောလိုက်လေ၏။

"မင်းက ဒီနည်းနဲ့ ငါ့ကို တုံ့ပြန်တာလား၊ မင်းတုံ့ပြန့်လဲ ငါက ကျေမှာ မဟုတ်ဘူး၊ မင်းနဲ့ငါ့ကိစ္စက တစ်ပိုင်းပါ၊ အချိန်တွေ အများကြီး လိုသေးတယ်၊ မင်းဖယ်နေစမ်းပါ"

"ဟိုင်း"

"ဝှစ်"

ဤသို့ ထိချီနှင့် လင်းလျှံတို့ စကားများနေစဉ်မှာပင် ရုတ်တရက် သူတော်အင်းယန်က လှုပ်ရှားကာ လင်းလျှံအား ဝင်တိုက်ခိုက်လိုက်လေသည်။

ခေါးချက်သည် လင်းလျှံကို မထိဘဲ လေကိုသာ ခုတ်မိလေသည်။

ထိချီသည် လင်းလျှံအား ဘေးသို့ တွန်းလိုက်သောကြောင့် ဖြစ်ပေသည်။

သူမသည် ဘေးသို့ ယိုင်လဲသွားရာ ကုလားထိုင်ပေါ်တွင် ထိုင်မိလျက်သား ဖြစ်သွားလေသည်။

"ဖောင်း"

"အား"

ထိချီ၏ခြေတစ်ဖက် မြောက်တက်သွားပြီး အင်းယန်၏ ရင်ဘတ်ကို ဖောင်းခနဲ ထိမှန်သည်။

အင်းယန်သည် နောက်ဆုတ်လိုက်သော်လည်း ခန္ဓာကိုယ်သည် ယိမ်းယိုင်သွားလေသည်။

ထိချီ၏ကန်ချက်မှာ လွန်စွာ ပြင်းထန်သွားလေသည်။

လင်းလျှံသည် ကုလားထိုင်ပေါ်မှ လျှင်မြန်စွာ ထလိုက်သည်။

သို့သော် အရိပ်တစ်ခုသည် သူမ၏ရှေ့သို့ လွှားခနဲ ထိုးကျလာလေသည်။

♥ ♥ ♥

"ဝှစ်"

"ဟင်"

လက်နက်ပုန်းတစ်ခုက သူမ၏ခေါင်းတည့်တည့်ကို အရှိန်ဖြင့် ကျလာသည်။

သူမသည် ထိတ်လန့်သွားကာ အနောက်သို့ လှန်၍ ရှောင်တိမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လက်နက်ပုန်းသည် သူမ၏ကိုယ်ပေါ်မှ အနည်းငယ် ရုပ်၍ ဖြတ်သွားလေသည်။

သူမသည် အလစ်ဝင်တိုက်ခိုက်သူအား ကြည့်လိုက်လေသည်။

ထိုသူမှာ ဆေးတံရှင်လုဖိန်ပင် ဖြစ်ပါသည်။

"ရှင် ဘယ်သူလဲ၊ ဘာကြောင့် ကျွန်မကို ဝင်တိုက်ရတာလဲ"

လင်းလျှံက မေးလိုက်သည်။

ဆေးတံရှင်လုဖိန်သည် ဟက်ခနဲ ရယ်မောကာ ရှေ့သို့ တက်လာ၏။

"မင်း ငါ့နာမည်ကို မသိဘူးလား၊ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ကြေးစားလူဆိုးကြီးနှစ်ယောက်ထဲက ဆေးတံရှင်လုဖိန်ဆိုတာ ငါပဲလေ၊ ဟား. . . ဟား. . . ဟား၊ သူတော်အင်းယန်က ငါ့အစ်ကိုလေ၊ ဟား. . . ဟား"

ဆေးတံရှင်လုဖိန်သည် သူမကို စိုက်ကြည့်ပြီး တဟားဟား ရယ်မောလိုက်၏။

သူ၏မျက်လုံးအစုံမှာ ရိုးသားခြင်း မရှိချေ။

သူသည် လင်းလျှံအား ကြည့်ကာ. . .

"ငါ မင်းကို မသတ်ချင်ဘူး၊ မင်းကို ငါယူမယ်"

ဟု ပြောကာ ရှေ့သို့ တစ်လှမ်းချင်း တိုးလာလေသည်။

သူ၏မျက်နှာသည် အလွန်ပင် အကျည်းတန်နေ၏။



သူမသည် ရွံရှာစွာဖြင့်. . .

"ရှင် ဘာတွေ ဘာပြောနေတာလဲ၊ ရှင့်လို လူမျိုးကို စိတ်ကူးထဲတောင် မထည့်ဘူး"

လင်းလျှံသည် ပြောကာ တံတွေးဖြင့် ထွေးလိုက်လေတော့သည်။

ဆေးတံရှင်လုဖိန်သည် ဒေါသထွက်သွားလေသည်။

ထို့နောက် သူမအား ခြေထောက်ဖြင့် လှမ်းကန်လိုက်လေသည်။

"ဝိုး"

သူမသည် လွှားခနဲ ခုန်ရှောင်လိုက်လေသည်။

လုဖိန်သည် ချက်ချင်းပင် ဆေးတံကို ကိုင်၍ တစ်ချက် ဝှေ့ယမ်းလိုက်သည်။

ဆေးတံမှ ဆေးမှုန့်များသည် လွင့်စဉ်၍ ထွက်သွားလေသည်။

လေထဲ ဆေးမှုန့်များ ဝဲပျံလာသည်နှင့် လင်းလျှံသည် နောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ်၍ ရှောင်တိမ်းလိုက်သည်။

ဆေးတံရှင်လုဖိန်၏ ဆေးအိုးမှ ထွက်လာသော ဆေးမှုန့်များသည် လေထဲဝဲပျံသွားကာ အရက်သောက်သုံးနေသူများ၏ မျက်စိထဲ ဝင်ရောက်သွားလေသည်။

"အား"

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



"မျက်စိတွေ ကန်းကုန်ပြီနဲ့ တူတယ်"

"ဟော့ . . ဘယ်လိုလုပ်လိုက်တာလဲ"

မဆိုင်သူများ၏ မျက်စိထဲသို့ ဆေးမှုန့်များ ဝင်ရောက်သွားလေသည်။

ဆေးမှုန့်များမှာ အလွန်ပြင်းထန်သောကြောင့် ရုတ်တရက် မျက်လုံးမဖွင့်နိုင်ဘဲ ခပ်ဖျဉ်းဖျဉ်းဝေဒနာများကို ခံစားရကာ ထအော်၍ နေကြတော့သည်။

လင်းလျှံသည် လွန်စွာ ပါးနပ်သူ ဖြစ်ပေသည်။

ဆေးမှုန့်အန္တရာယ်မှ လွတ်သွားသည်နှင့် ဓားကို ဝှေ့ယမ်းကာ ဆေးတံရှင်လုဖိန်ထံ လွှားခနဲ ခုန်ဝင်လိုက်လေသည်။

"ထန်း"

"ထန်း"

ဆေးတံရှင်လုဖိန် ဓားချက်ထိခတ်သွားရာ ပြင်းထန်ကျယ်လောင်သော အသံများ ထွက်လာလေသည်။

တိုက်ခိုက်မှုမှာလည်း လွန်စွာပြင်းထန်သောကြောင့် နှစ်ယောက်စလုံးပင် နောက်သို့ နှစ်လှမ်းခန့်စီ အရှိန်ဖြင့် လွင့်သွားကြလေသည်။

"မင်းက တကယ် တိုက်ချင်တာလား၊ မင်းပညာကိုသာ အကုန်လုံး ထုတ်လိုက်စမ်းပါ၊ ဒါပေမယ့် မင်းကို ငါ သိုင်းလေးကွက်အရောက်မှာ ရှုံးအောင် တိုက်ပြမယ်"

ဆေးတံရှင်လုဖိန်သည် ဆေးတံကို ဝှေ့ယမ်း၍ လင်းလျှံကို ခြိမ်းခြောက်ပြောဆိုလိုက်သည်။



လင်းလျှံသည် ဟက်ခနဲ ရယ်မောလိုက်လေသည်။

"ရှင့်ရဲ့ပညာကို ကျွန်မက ကြောက်နေမယ် ထင်လား၊ သိုင်းလေးကွက် မဆိုနဲ့ သိုင်းအကွက် လေးဆယ်တောင် ကျွန်မ ရှင့်ကို မမှုဘူး"

သူမသည် ဤသို့ ပြောပြီးနောက် လွှားခနဲ ခုန်ဝင်ကာ ဓားဖြင့် ဝှေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

"ထန်း"

"ဒလန်"

သူမ၏လှုပ်ရှားမှုမှာ လွန်စွာ ပြင်းထန်သော်လည်း ထိရောက်ချင်း မရှိပါချေ။

ဆေးတံရှင်လုဖိန်သည် သူမ၏သိုင်းကွက်နှင့် တိုက်ကွက်များကို ခုခံကာ နောက်ဆုံးတွင် ဆေးတံဖြင့် ဆီးခံလိုက်သည်။ ဆေးတံ၏ဆေးဆုံအိုးသည် ထူးဆန်းပေ၏။

လျှပ်စစ်သံလိုက်များဖြင့် ပြုလုပ်ထားသောကြောင့် ဓားသည် ဆေးတံအိုးဖြင့် ကပ်သွားလေသည်။

ထိုအခါ လုဖိန်က . .

"မင်းလက်ထဲက ဓားက ငါ့ဆီရောက်နေပြီနော်၊ ငါပြောတဲ့ သိုင်းလေးကွက်အတွင်းမှာ မင်းကို နိုင်တော့မှာနော်"

ဆေးတံရှင်လုဖိန်သည် လက်တစ်ဘက်က ဓားကို ကိုင်ကာ ဝင့်ကြွားဂုဏ်ယူစွာ ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းလျှံသည် လက်နက်မဲ့သွားသောအခါ တစ်ဖက်ရန်ကို ထိတ်လန့်မိနေတော့၏။

ထို့ကြောင့် သူမသည် နောက်သို့ မသိမသာ တစ်လှမ်းချင်း ဆုတ်ခွာ၍ နေရတော့၏။

ဆေးတံရှင်လုဖိန်မှာမူ တစ်လှမ်းချင်း သူမအား တိုက်ခိုက်အနိုင်ယူရန် အလို့ငှာ တက်ရောက်၍ လာပေ၏။

"မင်း ငါ့လက်က မရုန်းထွက်နိုင်တော့ပါဘူးကွာ၊ ငါမင်းကိုသတ်ရမှာ နှမြောလိုက်တာ"

သူမသည် မျက်မှောင်ကြုတ်ကာ. . .

"ရှင် အနားတိုးမလာနဲ့နော်"

"မကြောက်ပါနဲ့၊ မင်းကို ငါ မသတ်တော့ပါဘူး"

ဆေးတံရှင်လုဖိန်သည် ရုတ်တရက် မျက်လုံးပြူး၍ကြည့်ကာ လဲကျသွားလေသည်။

လုဖိန်၏နောက်တွင် ထိချီ ရောက်နေလေသည်။

သူတော်အင်းယန်မှာလည်း ကြမ်းပြင်၌ လဲကျနေလေ၏။ ထိချီပင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပေ၏။

"အစ်ကို ကျွန်မကို ကယ်တာ နှစ်ခါ ရှိပြီ"

လင်းလျှံက ပြောသော်လည်း ထိချီက ဘာမှ မပြောဘဲ ထွက်သွားလေ၏။

"ဩော်. . . ဒီလောက်တောင်ပဲလား အစ်ကိုရယ်"

♥ ♥ ♥



တစ်လပတ်သော အချိန်သည် ကုန်ဆုံးသွားလေ၏။

တစ်နေ့၌ ဘာမထိအာမခံဌာနမှ ကျွေဖန်းဦးဆောင်သောအဖွဲ့သည် ထိချီ တည်းခိုနေသော စားသောက်ဆိုင်သို့ ရောက်ရှိလာကြရလေသည်။

ထိချီသည် စားပွဲတစ်လုံး၌ ထိုင်၍ စားသောက်နေလေသည်။

ကျွေဖန်းသည် ထိချီအား တွေ့သွားလေသည်။

ဝမ်းသာအားရစွာဖြင့်. . .

"ညီလေး အစ်ကိုကြီးကို မှတ်မိလား၊ အစ်ကိုကြီးတို့အဖွဲ့ကို ဇရဲမိုးအိမ်ဂိုဏ်း လက်ထဲက ကယ်တင်ခဲ့တာလေ"

ထိချီသည် အတန်ကြာအောင် ကြည့်ပြီးမှ မှတ်မိသွားတာ. . .

"ဩော်. . . အစ်ကိုကြီးကိုး"

ကျွေဖန်းက. . .

"ညီလေးကို အစ်ကိုကြီး ဂုဏ်ပြုပါရစေ"

"ဟာ. . . ကျွန်တော့်အတွက် ဘာမှမလုပ်ပါနဲ့"

"မဟုတ်တာ၊ မင်းက ငါတို့အသက်ကို ကယ်တဲ့ ကျေးဇူးရှင်၊ ဒါကြောင့် နည်းနည်းဖြစ်ဖြစ် အစ်ကိုကြီးတို့နဲ့ သောက်ပါကွာ"

ထိချီသည် အားနာစွာဖြင့် သောက်နေ၏။

ထိချီသည် အနည်းငယ်သောက်ပြီးသောအခါ မူးစပြု

www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

ထို့ကြောင့် သူသည် စကားသွက်လာလေသည်။

"အစ်ကိုကြီးတို့ ဒီမှာ ကြာကြာမနေပါနဲ့၊ ဒီက အမြန်ဆုံး ထွက်နိုင်အောင် ကြိုးစားပါ"

ဟု ပြောကာ သူတော်အင်းယန်တို့အကြောင်း ပြောပြလိုက်လေသည်။

ထိုအခါ ကျွဲဖန်းက. . .

"ဘာ သူတို့က ညီလေးကို တိုက်ခိုက်ကြတယ် ဟုတ်လား၊ ဒီတစ်ခါလာရင် အစ်ကိုတို့ ဝိုင်းတိုက်ပေးမယ်လေ"

"သူတို့ မလာရဲတော့ပါဘူး"

"ဒါက မင်းထင်တာကိုး"

ရုတ်တရက် အသံတစ်သံ ထွက်ပေါ်လာသဖြင့် လှမ်းကြည့်လိုက်ရာ ဆိုင်ပေါက်ဝ၌ ရပ်နေသူတစ်ဦးကို တွေ့လိုက်ရ၏။

ထိုလူ၏နောက်၌လည်း လူပေါင်းလေးငါးခြောက်ယောက်ခန့်ကို မြင်တွေ့ရသောအခါ ဘာမထီအဖွဲ့ခေါင်းဆောင်ကြီး ကျွဲဖန်းမှာ ထိတ်လန့်သွားလေတော့သည်။

ထိချီမှာမူ လုံးဝလှုပ်ရှားခြင်း မရှိဘဲ ဆိုင်ပေါက်ဝကိုသာ ငေးကြည့်နေ၏။

ထိုစဉ်. . .

"ဟား. . . ဟား. . . ဟား၊ အင်းယန်တို့ ညီနောင်နှစ်



ခေါက်ကို မင်းက အနိုင်ရသွားလို့ ဘဝင်မြင့်နေတာလားကွ"

ထိုလူကို ထိချီ ကြည့်လိုက်သော်လည်း မမှတ်မိချေ။

"ဟော့. . . ထိချီ၊ မင်း ငါ့ကို မှတ်မိသေးလားကွ"

ထိုသူ၏အသံကိုတော့ ထိချီ ကောင်းကောင်းမှတ်မိသွား၏။

"ဟား. . . ဟား. . . ဟား. . . လက်စသတ်တော့ ခင်ဗျားက ကျုပ်သိမ်းထားတဲ့ နားရွက်တစ်ဘက်ကိုယူဖို့ ရောက်လာတယ်နဲ့တူတယ်၊ ရမယ် ရော့"

ဟုပြောကာ အင်္ကျီအိတ်ထဲမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်ကာ ဖြေလိုက်လေသည်။

အထုပ်ထဲမှ ခြောက်ကပ်နေသော နားရွက်တစ်ဘက် ထွက်လာသည်။

"ဟင်"

"ဟာ"

"နားရွက်ပြတ်ကြီးပါလား"

ကျော်ဟင်း ဒေါသထွက်သွား၏။

"မင်းက ငါ့နားရွက်ကို ဖြတ်ခဲ့တော့ ငါကမင်းရဲ့ လက်နှစ်ဘက်ကိုဖြတ်ရမှာပေါ့ကွာ၊ ဟိတ် သည်ကောင့်ကို ဝိုင်းထားလိုက်ကြစမ်း"

ထိချီသည် ထိုင်ရာမှမထဘဲ ကျော်ဟိုးကို စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မရဏဟန်စန်းက ဓားကို အသင့်ကိုင်၍ ထိချိုကို အကဲခတ်ကြည့်နေသလို သူတော်အင်းယန်ကမူ အလွန်ထူးဆန်းသော လက်နက်ကြီးကို ပခုံးထက်၌ ထမ်းထားသည်။

ထိုလက်နက်မှာ အလွန်အစွမ်းထက်မြက်သော သံမဏိစကြာလက်နက်ဖြစ်သည်။

ထိချိုက. . .

"ကဲ. . . ကျုပ်တို့ တိုက်ခိုက်ကြမယ်ဆိုရင် စားသောက်ဆိုင်အပြင်ဘက်မှာ သွားတိုက်ကြရအောင်၊ သူများတွေကို အနှောက်အယှက် မပေးချင်ဘူး"

ဟု အေးဆေးတည်ငြိမ်စွာ ပြောပြီး ထိုင်ရာမှထလိုက်လေသည်။

ကျွဲဖန်းက. . .

"ညီလေးထိ. . . အစ်ကိုလည်း လိုက်ခဲ့မယ်၊ လိုအပ်ရင် အစ်ကိုတို့အဖွဲ့ကိုလည်း သုံးနိုင်တယ်"

ထိချိုနှင့်အတူ ကျွဲဖန်း၏တပည့် နေလဘီလူးနှစ်ဖော်တို့သည် အတူလိုက်သွား၏။

ထိချိုက. . .

"မိတ်ဆွေတို့ထဲက ဘယ်သူကျုပ်နဲ့ တိုက်ချင်တာလဲ"

"ငါ"

သူတော်အင်းဟန်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"ဟား. . . ဟား. . . ဟား"



ထိချိုက ရယ်မောလိုက်ပြီး စကားကို ဆက်ပြောလိုက်လေသည်။

"ခင်ဗျားရဲ့ဆရာတောင် ကျုပ်ကို နိုင်အောင်မတိုက်နိုင်တာ၊ ခင်ဗျားဆို ပိုဆိုးမှာပေါ့"

ထိုစဉ်. . .

ကျွဲဖန်းက ထိချိုနှင့်အင်းယန်တို့ကြား ဝင်လာပြီး. . .

"ညီလေး. . . လေကျယ်လွန်းတဲ့ သူ့ကို ကျုပ်တာဝန်ထား"

ဟု ပြောကာ ဓားကိုဓားအိမ်တွင်းမှ ချွမ်းခနဲ ဆွဲထုတ်ပြီး အင်းယန်ကိုကြည့်ကာ. . .

"ဟိတ်. . . သတ္တိရှိရင် ငါနဲ့ယှဉ်မယ်"

သူတော်အင်းယန်သည် သူ့ပခုံးထက်၌ ထမ်းထားသော သံမဏိစကြာလက်နက်ကို ဝုန်းခနဲ မြေပြင်ပေါ် ပစ်ချလိုက်သည်။

ထို့နောက်. . .

သံကြိုးကွင်းဆက်ကို ဝှေ့ယမ်းလိုက်ရာ သံမဏိစကြာသည် ရှတ်တရက် မြေမှကြွတက်ကာ လေထဲဝေ့ယမ်းသွားလေသည်။

ဝိုင်းကြည့်နေသော လူများသည် သံမဏိစကြာ၏အန္တရာယ်စက်ကွင်းမိမည်စိုး၍ ဘေးသို့ ပြေးထွက် ရှောင်တိမ်းလိုက်ကြသည်။

ကျွဲဖန်းသည် ချွေးများပြန်စပြုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား မည်သို့ နိုင်အောင် တိုက်ခိုက်ရပါမည်နည်းဟု စဉ်းစားနေစဉ်မှာပင် . . .

"ဝှီး"

ဟူသော ကြောက်စရာကောင်းသည့် အော်မြည်သံကြီး တစ်ခု ထွက်ပေါ်လာလေသည်။

"အစ်ကိုကြီး သတိထား။ သံမဏိစကြာဗဟိုချက်ရဲ့ သံကြိုးကွင်းဆက်နားထိ ခုန်ဝင်လိုက်"

ထိချီသည် အခြေအနေမဟန်တော့မှန်း သိသည်နှင့် ကျွေဖန်းအား အော်ဟစ်သတိပေး လိုက်ရလေသည်။

♥ ♥ ♥



# အကြောပိတ်ပညာ

"ဟိုင်း"

"ဝှီး . . . ဝှီး"

ကျွေဖန်းသည် ထိချီ အော်ဟစ်သတိပေးလိုက်သည့် အတိုင်းပင် ရန်သူ၏သံမဏိစကြာအတွင်းသို့ သွားခနဲ ခုန်ဝင် လိုက်သည်။

ကျွေဖန်းသည် ဗဟိုချက်သို့ ရောက်ရှိသွားသည်နှင့် သံမဏိစကြာသည် ချက်ချင်းဆိုသလို အနားသို့ ပြေးကပ်ရောက် လာသည်။

ထို့အတူပင် ကျွေဖန်း၏ခေါင်းသွားမှာလည်း အသွားလိပ် ခြင်း၊ ပဲ့ခြင်းများဖြစ်ကာ ရစရာမရှိအောင် ပျက်စီးသွားလေတော့ သည်။

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

တိတ်ဆိတ်ငြိမ်သက်နေကြသော ပရိသတ်တို့၏ အာမေဋိတ်သံများ ထပ်မံပေါ်ထွက်လာပြန်၏။

ယင်းသို့ တိုက်ခိုက်နေစဉ်မှာပင် ရုတ်တရက် လှုပ်ရှားလာသူက ဆေးတံရှင်လုဖိန်ဖြစ်လေသည်။

လုဖိန်သည် သူတော်အင်းယန် အရေးနိမ့်ရတော့မည်ဟုသိသည်နှင့် လွှားခနဲ ခုန်ဝင်လိုက်လေသည်။

နောက် ဆေးတံဖြင့် ကျွဲဖန်းအား တိုက်ခိုက်ရန် လက်ကိုမြှောက်လိုက်၏။

"အစ်ကိုကြီး. . . ရန်သူ. . . သတိထား"

ထိချို အော်ဟစ်သတိပေးလိုက်သည်။

ထိုသတိပေး အော်ဟစ်သံနှင့် တဆက်တည်းမှာပင် ရိပ်ခနဲ ပြေးဝင်လာသော အရိပ်သဏ္ဌာန်တစ်ခုကိုလည်း မြင်လိုက်ရသဖြင့် ကျွဲဖန်းမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

အင်းယန်အား ကိစ္စတုံးစီရင်ဖစ်ရန် အချိန်မပေးတော့ဘဲ ရန်သူ့ဘေးမှ လွတ်မြောက်ရန်အတွက် လှုပ်ရှားရှောင်တိမ်းလိုက်ရလေသည်။

"ဗွိုး"

"အား"

ဆေးတံရှင်လုဖိန်သည် ဆေးတံဖြင့် ကျွဲဖန်း၏ငယ်ထိပ်ကို တအားရိုက်ချလိုက်စဉ်မှာပင် ကျွဲဖန်းသည် တစ်ဘက်သို့ လွှားခနဲ ခုန်၍ မြေပြင်ပေါ်သို့ ဆင်းလိုက်သည်။



လုဖိန်၏ရိုက်ချက်မှာ ကျွဲဖန်းဆီသို့ ဦးတည်မသွားတော့ဘဲ ကျွဲဖန်းအား ခုန်အုပ်ရန်အတွက် ဘွားခနဲပေါ်လာသော အင်းယန်၏ငယ်ထိပ်ကို ရိုက်မိလျက်သား ဖြစ်သွားလေတော့သည်။

သူတော်အင်းယန်သည် အားဟု တစ်ချက်သာအော်သိုက်ပြီး မြေပေါ်သို့ ပြိုလဲကျသွားလေသည်။

"ဟာ. . . လူမှား ရိုက်မိသွားပြီဟေ့"

ပရိသတ်များ၏ အော်ဟစ်သံကို ကြားလိုက်ရသည်။

ဆေးတံရှင်လုဖိန်မှာ သူတော်အင်းယန် လဲကျသေဆုံးသွားသည်မှာ မိမိကြောင့်ဟု ယူဆကာ အင်းယန်ကိုပွေ့ထူ၍ ရင်ခွင်ထဲ၌ ပွေ့ဖက်ထားလိုက်လေသည်။

ထို့နောက်. . .

အလောင်းကို မြေပေါ်သို့ချလိုက်ပြီး ကျွဲဖန်းကို ရင်ဆိုင်ရန်အတွက် ဝုန်းခနဲ ထလိုက်လေသည်။

သူက ကျွဲဖန်းအား အပြတ်ရှင်းရန် လွှားခနဲ ခုန်ဝင်လိုက်စဉ်မှာပင် ကျွဲဖန်း၏ခါးက လေထဲတွင် ဝေ့ယမ်းတာ ဆေးတံရှင်၏ဆေးအိုးနှင့် ထိခတ်သွားပြီးဓားမှာ လက်မှလွတ်ထွက်သွားလေသည်။

"ဟင်"

"ဟား. . . ဟား. . . ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဆေးတံရှင်လုဖိန်၏ အောင်မြင်ဝင့်ကြွားသော ရယ်မောသံပင် ဖြစ်လေသည်။

သံလိုက်ခေတ်ပါသော သူ၏ဆေးတံ၊ ဆေးဆုံအိုး၌ ကျွေဖန်း၏ဓားက ကပ်ပါသွားခဲ့ပြီ မဟုတ်ပါလား။

လုဖိန်က. . .

"ငါ့အစ်ကိုသေသလို မင်းလည်း သေရမယ်ဟေ့"

"ဝုန်း"

ပြောပြောဆိုဆိုပင် ဆေးတံရှင်လုဖိန်သည် အလွန်ကြောက်စရာကောင်းသော လှုပ်ရှားမှုတစ်ခု ပြုလိုက်၏။

ဆေးတံဆုံအိုးဖြင့် ကျွေဖန်းအား တအားလွှဲ၍ရိုက်ချလိုက်ခြင်း ဖြစ်သည်။

သို့သော်. . .

ကျွေဖန်းမှာ ခေသူ တစ်ယောက်မဟုတ်ချေ။

အနယ်နယ်အရပ်ရပ်သို့ ခရီးလှည့်လည်သွားလာပြီး အာမခံလုပ်ငန်းကို ဦးဆောင်ထဲ့သူ တစ်ယောက်ဖြစ်သောကြောင့် အတွေ့အကြုံရင့်ကျက်နေသူ တစ်ယောက်ဖြစ်ပေသည်။

သိုင်းပညာမှာလည်း အလွန်အဆင့်မြင့်လှပေသည်။

အတွေ့အကြုံရင့်သူ တစ်ဦးပီပီ ရန်သူ၏ရိုက်ချက် ရှတ်တရက် ဝင်လာသည်နှင့် တစ်ဘက်သို့ ရှောင်တိမ်းလိုက်ပြီး ဖြစ်နေသည်။



ထို့ကြောင့်. . .

ဆေးတံရှင်လုဖိန်၏ ရိုက်ချက်မှာ ကျွေဖန်းကို မထိဘဲ လွဲချော်သွားကာ လေကို ရိုက်မိလျှက်သားဖြစ်သွားလေသည်။

"အစ်ကိုကြီး. . ခဏနားဦး၊ ကျွန်တော် ဝင်တိုက်မယ်"

နေလဘီလူးနှစ်ဖော်အနက်မှ ညီဖြစ်သူ လဘီလူးက လှမ်းအော်ပြောလိုက်လေသည်။

ထိုအခါ အစ်ကိုကြီးဖြစ်သူ နေဘီလူးက. . .

"ညီလေး မဝင်နဲ့ အစ်ကိုဝင်မယ်"

ဟု လှမ်းတားပြီး တိုက်ပွဲသို့ ခုန်ဝင်လာရာ အလင်းတန်းတစ်ခုက ရုတ်တရက် ဖြတ်ဝင်လာပြီး နေဘီလူးကို တိုက်ခိုက်လိုက်လေသည်။

"အား"

ဟု အော်သံတစ်ခု ထွက်ပေါ်လာပြီးနောက် နေဘီလူးသည် မြေပေါ်သို့ လဲကျကာ ချက်ချင်းဆိုသလိုပင် သေဆုံးသွားလေတော့သည်။

"ဟင်"

"အား"

ထိုသို့ အားလုံးလိုလို အံ့အားသင့် မင်တက်မိသွားခိုက်မှာပင် အားဟု အော်သံတစ်ချက် ထပ်မံထွက်ပေါ်လာပြီး မြေပြင်ပေါ်သို့ လူတစ်ယောက် လဲပြိုကျကာ ချက်ချင်းပင် သေဆုံးသွားပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသေဆုံးသွားသူမှာ လဘီလူးပင် ဖြစ်ပေသည်။

"ဟိတ်"

"ဝုန်း"

ထိချီသည် ချက်ချင်း လှုပ်ရှားကာ ဟန်စန်းအား တိုက်ခိုက်လိုက်လေသည်။

ဟန်စန်းသည် ပါးစပ်၊ နှာခေါင်းနှင့်နားတို့မှ သွေးများယိုစီးထွက်ကျကာ မြေပေါ်သို့ လဲကျသေဆုံးသွားလေသည်။

ထိချီက. . .

"သူဟာ အင်မတန်ယုတ်မာတဲ့လူပဲ၊ သည်လိုဇာတ်သိမ်းမျိုးပဲ ရှိသင့်တယ်"

ထိချီက ခပ်အေးအေးပင်ပြောပြီး ပရိသတ်များဘက်သို့ လှည့်၍ အကဲခတ်လိုက်သည်။

ပရိသတ်တို့မှာ ယင်းအဖြစ်အပျက်ကို မသိရှိကြသဖြင့် အထူးအဆန်းဖြစ်နေကြ၏။

ကျော်ဟင်းသည် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေသည်။

ထိချီသည် ဟန်စန်း လဲကျသေဆုံးနေသောနေရာသို့ လျှောက်လှမ်းသွားပြီး ဆုပ်ထားသော လက်ဝါးနှစ်ဘက်ကို ဖြန့်လိုက်သည်။

လက်ဝါးနှစ်ဘက်၌ အဆိပ်အပ်နှစ်ချောင်းကို တွေ့လိုက်သဖြင့် ထိချီကယူလိုက်ပြီး. . .

"တွေ့တယ် မဟုတ်လား၊ သည်အဆိပ်အပ်နဲ့ ဟန်စန်း



က နေလဘီလူးနှစ်ဖော်ကို သတ်လိုက်တာလေ၊ ဒါကြောင့် ကျုပ်က ဟန်စန်းကို သတ်လိုက်တာ၊ ဘယ်လိုလဲ ကျော်ဟင်းခင်ဗျားမကျေနပ်ရင် ကြိုက်သလို ဆောင်ရွက်နိုင်တယ်"

ထိချီ ရှင်းပြလိုက်သောအခါ ပရိသတ်များ သဘောပေါက်သွားသည်။

ကျော်ဟင်းသည် ဆေးတံရှင်လုဖိန်အား. . .

"သွားကြမယ်"

ဟု အမိန့်ပေးလိုက်ပြီးနောက် သူ၏လူများကို စုစည်းကာ အလောင်းနှစ်လောင်းကို ထမ်းစေ၍ နေရာမှထွက်ခွာသွားလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်သတင်း

တာဝန်ခံကျွဲဖန်းသည် သူ အလွန်အားကိုးရသော နေလဘီလူးနှစ်ဖော် လုပ်ကြံခံရ၍ သေဆုံးသွားသောကြောင့် ယူကြုံးမရဖြစ်နေလေသည်။

ထို့အတူ. . .

ထိချီလည်း စိတ်မကောင်း ဖြစ်ရလေသည်။

သူက စိတ်မကောင်းသောလေသံဖြင့်. . .

"အခုလိုဖြစ်ရတာ ကျွန်တော့်ကြောင့်ပါ၊ အစ်ကိုကြီးတို့သာ ကျွန်တော့်ဘက်က ဝင်မပါရင် အခုလိုဖြစ်စရာအကြောင်း မရှိပါဘူး၊ ကျွန်တော် တကယ်ပဲ စိတ်မကောင်းဖြစ်မိပါတယ်"

ဟု ပြောလိုက်လေသည်။

အမှန်တကယ်လည်း နေလဘီလူးနှစ်ဖော် သေဆုံးရခြင်းနှင့်ပတ်သက်၍ လွန်စွာ စိတ်မကောင်းဖြစ်မိရလေသည်။



"ဘယ်တတ်နိုင်မလဲ ညီလေးရာ"

ဤမျှသာပြောပြီး ကျွဲဖန်းမှာလည်း စိတ်မကောင်းဖြစ်ကာ စိတ်ထိခိုက်နေလေသည်။

နောက်တစ်နေ့တွင် ကျွဲဖန်းသည် နေလဘီလူးနှစ်ဖော်အား မြေမြှုပ်သင်္ဂြိုလ်ပေးလိုက်၏။

ထို့နောက်. . .

ထိချီအား နှုတ်ဆက်ကာ ခရီးဆက်သွားကြလေသည်။

ထိချီမှာ တာဝန်ခံကျွဲဖန်းအား အစ်ကိုတစ်ယောက်ကဲ့သို့ သံယောဇဉ်ဖြစ်၍ ကျန်ရစ်ခဲ့လေတော့သည်။

♥ ♥ ♥

ည. . .။

အမှောင်ထု ကြီးစိုးနေပေသည်။

တိတ်ဆိတ်ငြိမ်သက်၍လည်း နေသည်။

"ရှပ်. . . ရှပ်"

တိတ်ဆိတ်မှုကို ထွင်းဖောက်၍ ခြေသံသဲ့သဲ့ထွက်ပေါ်လာသည်။ ထိချီ ဆတ်ခနဲ နိုးလာသည်။

ချက်ချင်းပင် ခုတင်ထက်မှ ထလိုက်သည်။

ခြေသံသည် တံခါးမကြီးအနားသို့ အရောက်တွင် ရပ်တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိချီသည် အလွန်မျက်စိရှင်၍ နားပါးသူ တစ်ဦးဖြစ်ပေသည်။

သူ၏မျက်စိမှာလည်း ကြောင်တစ်ကောင်ကဲ့သို့ အမှောင်ထုကို ထိုးဖောက်မြင်နိုင်စွမ်းရှိသူ တစ်ဦးဖြစ်ပေသည်။

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံနှစ်ချက် ကြားလိုက်ရ၏။

အချိန်မှာ သန်းခေါင်ကျော်ပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်ချက်သား ကောင်းနေသည်။

ထိုစဉ်. . .

တံခါးခေါက်သံသည် တိတ်ဆိတ်ခြင်းကို ကျယ်လောင်စွာဖြိုခွင်းလိုက်သလို ဟိန်း၍ထွက်ပေါ်လာသည်။

ထိချီသည် တံခါးနားသို့ ခြေသံမကြားအောင် ခုန်လွှားရောက်ရှိလာသည်။

ထို့နောက် လေသံဖြင့် အသံပြုလိုက်သည်။

"ဘယ်သူလဲ"

"ကျွန်မပါ"

ထိချီ ထိတ်လန့်သွားသည်။

မိန်းကလေးအသံ ဖြစ်နေသောကြောင့် ဖြစ်သည်။

ထိချီက. . .

"လင်းလျှိုလား"

"မဟုတ်ဘူး။ ထိန်လုလုပါ"



တစ်ခါမျှ မကြားဖူးသော နာမည်ဖြစ်သည်။

ထိချီ ပို၍တုန်လှုပ်သွားသည်။

"ဘယ်က ထိန်လုလုလဲ၊ ကျွန်တော် မသိဘူး"

"ပန်းပွင့်ဂေဟာက ထိန်လုလုပါ၊ တံခါးဖွင့်ပေးပါ၊ အရေးကြီးတဲ့ကိစ္စတစ်ခု ရှင့်ကိုပြောချင်လို့ပါ"

စကားသံ တိတ်သွားသည်။

ထိချီ နားမလည်နိုင်အောင် ဖြစ်သွားသည်။

ထိန်လုလုဆိုသော မိန်းကလေးကို သူက မသိပါချေ။

"တံခါးဖွင့်ပေးပါ၊ ရှင့်အတွက် အင်မတန် အရေးကြီးတဲ့ သတင်းတစ်ခုပေးမလို့ပါ၊ တော်ကြာ သူတို့ရောက်လာကြရင် ကျွန်မအတွက် အန္တရာယ်ရှိနိုင်တယ်"

အသံမှာ သိသိသာသာ တုန်နေကြောင်း သိသာသည်။

ထိချီ တံခါးဖွင့်ပေးလိုက်သည်။

ချောမောလှပသော မိန်းကလေးတစ်ယောက် ဘွားခနဲပေါ်လာသည်။

မိန်းကလေးက အခန်းထဲ လှမ်းဝင်လာပြီးနောက်. . .

"တံခါးပြန်ပိတ်လိုက်ပါ အစ်ကို"

ဟု ပြောလာသည်။

ထိန်လုလုဆိုသော မိန်းကလေး၏စကားအတိုင်း ထိချီ တံခါးပြန်ပိတ်လိုက်သည်။

"ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



တံခါးပြန်ပိတ်လိုက်မှ သူမထံမှ သက်ပြင်းချသံထွက်လာသည်။

သူမကို သေသေချာချာ ကြည့်လိုက်သောအခါ ချွေးစက်များ မျက်နှာပေါ်၌ တင်နေသည်ကို တွေ့ရသည်။

သူမ အလွန်ထိတ်လန့်နေကြောင်း သိသာသည်။

ထိချီက. . .

"မင်းကြည့်ရတာ သိပ်ပင်ပန်းနေတဲ့ပုံပဲ၊ ခဏထိုင်ပြီး အနားယူလိုက်ပါ"

ဟုပြောကာ ခုံတစ်လုံးပေးလိုက်၏။

သူမက ထိုင်လိုက်သည်။

ထိချီက. . .

"မင်းကို ကျုပ်တစ်ခါမှ မမြင်ဖူးဘူး"

မိန်းကလေး ပြုံးပြကာ. . .

"အစ်ကိုကိုတော့ ကျွန်မ သိပါတယ်၊ ကျွန်မက ထိန်မျိုးနွယ်ပါ၊ နာမည်အပြည့်အစုံကတော့ ထိန်လုလုပါ"

"ဪ"

သူက ခေါင်းညိတ် အသိအမှတ်ပြုလိုက်သည်။

"အနားယူလိုက်ပါဦး၊ အရက်သောက်မလား"

"ဟုတ်ကဲ့"

ထိချီက အသင့်ဆောင်ထားသော အရက်အိုးကိုယူ၍ သူမကို လှမ်းပေးလိုက်သည်။



ထိန်လုလုက လှမ်းယူပြီး သောက်လိုက်သည်။

လေးငါးငုံခန့် သောက်ပြီးနောက် အရက်အိုးကို ထိချီအားပြန်ပေးလိုက်သည်။

"အစ်ကိုကော ထိုင်လေ"

ဟု ဆိုသည်။

ထိချီသည် ထိန်လုလုနှင့် မျက်နှာချင်းဆိုင်ခုံတွင် ထိုင်လိုက်သည်။

ထို့နောက် ထိချီက လက်ကိုင်ပဝါကို ထုတ်ပေးပြီး. . .

"ချွေးတွေ သုတ်လိုက်ပါဦး"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ထိန်လုလုက လှမ်းယူ၍ ချွေးသုတ်သည်။

ပြီးနောက်. . .

လက်ကိုင်ပဝါကို ထိချီအား ပြန်၍လှမ်းပေးလိုက်သည်။

"ကျွန်မ အစ်ကို့ကို လေးစားပါတယ်၊ အစ်ကို့ရဲ့သတ္တိကို ကျွန်မ လေးစားဂုဏ်ပြုပါတယ်"

"ဒါထက် စောစောက မင်းပြောတဲ့ သတင်းထူးဆိုတာ တာ. . ."

ထိန်လုလုက. . .

"ကျွန်မ ပြောပြပါ့မယ်၊ ဒါကြောင့် တကူးတကလာခဲ့တာပါ၊ တစ်ညလုံး ကျွန်မ အနားမယူရသေးပါဘူး၊ အတော်လေးလည်း ပင်ပန်းခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

ထိချို၏စကားကြောင့် သူမ ပြုံးလိုက်သည်။

အနည်းငယ်လည်း ရှက်သွားပုံရသည်။

"ကျွန်မ ဘာကြောင့် ပင်ပန်းတယ်ဆိုတာ အစ်ကို တကယ်မသိဘူးလား"

"ဟာ. . . ကျုပ်က ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ၊ အခု မှ မင်းကို ကျုပ်တွေ့ဖူးတာ"

ထိန်လုလု သက်ပြင်းချလိုက်သည်။

အပျော်ဂေဟာအကြောင်း ဘာမှမသိသော လူပါလား ဟုလည်း ထင်လိုက်၏။

ထိချိုက. . .

"စောစောက သတင်းထူးဆိုတာ ဘာများလဲ"

ဟု မေးလိုက်သည်။

ထိန်လုလုက. . .

"ကျွန်မပေးမယ့် သတင်းထူးက ကျောက်နီနဂါးရုပ်သ တင်းပါ"

"ဟင်"

ကျောက်နီနဂါးရုပ်ဟူသော စကားကို ကြားလိုက်ရသည် နှင့် ထိချို လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ထိန်လုလုက. . .

"ဟုတ်ပါတယ်၊ ဒီနေ့ပဲ ကျောက်နီနဂါးရုပ်နဲ့ ပတ်သက်



တဲ့လူတစ်ယောက် ကျွန်မဆီ ရောက်ခဲ့ပါတယ်"

"ဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီလူက ဘယ်သူလဲ၊ ညီမ သိသလား"

ထိချိုသည် စိတ်ဝင်တစားဖြင့် မေးလိုက်၏။

သူမက ခေါင်းညိတ်ပြလိုက်ပြီး. . .

"သိပါတယ်၊ အဲဒီလူကို ကျွန်မသိသလို အဲဒီလူကလည်း အစ်ကို့ကို သိနေတယ်"

ထိချိုမှာ ပို၍စိတ်ဝင်စားလာသည်။

"ပြောစမ်းပါဦး၊ အဲဒီလူနာမည်က ဘယ်လိုခေါ်သလဲ"

ထိန်လုလုက. . .

"ကြုံစုဂိုဏ်းက ဂိုဏ်းချုပ်ကြီး ဆရာရှမ်းထင်းလီပါပဲ"

"ရှမ်းထင်းလီ ဟုတ်လား"

ထိချို အလွန်တုန်လှုပ်သွားကာ ဆက်မေးလိုက်လေ သည်။

"ကြုံစုဂိုဏ်းချုပ် ရှမ်းထင်းလီကို ဘယ်လိုလုပ်သိတာလဲ၊ သူတစ်ယောက်တည်း လာတာလား"

ထိချိုက စေ့စပ်သေချာစွာ မေးမြန်းလိုက်၏။

ထိန်လုလု ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မဆီရောက်လာတာတော့ တစ်ယောက်တည်းပါ၊ ဒါပေမယ့် သူက ရုပ်ဖျက်ပြီးလာခဲ့တာပါ၊ အဲဒီလူက ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



အပျော်ဂေဟာကို မကြာခဏ လာတတ်ပါတယ်"

ထိချီက. . .

"ရှမ်းထင်းလီရဲ့ ကျောက်နီနဂါးရုပ်က ဘယ်လိုတဲ့လဲ"

ဟု မေးလိုက်သည်။

ထိန်လုလုက လာရင်းကိစ္စကို ပြီးပြတ်အောင် ပြောပြလိုက်သည်။

"ဒီလိုပါ ဆရာရှမ်းဆီမှာရှိတဲ့ ကျောက်နီနဂါးရုပ်က အဖိုလို့ပြောတယ်၊ အမတစ်ကောင်နဲ့ သားတစ်ကောင်ကျန်သေးတယ်တဲ့၊ သားက အစ်ကို့ဆီမှာရှိတယ်လို့ ပြောတယ်"

သူမက ခဏနားကာ ဆက်ပြောလိုက်၏။

"အဲဒီကျောက်နီနဂါးရဲ့သားကို ရပြီးရင် အမကိုရယူဖို့က သိပ်မခက်တော့ဘူးတဲ့၊ အဲဒီအမကလည်း လင်းလွေ့ကျိုင်းဆီမှာရှိတယ်လို့ပြောတယ်၊ တကယ်တမ်း ဆရာရှမ်းက အဲဒီပုဂ္ဂိုလ်နှစ်ယောက်ကို ရှင်းပစ်ပြီး သူတို့ဆီက ကျောက်နီနဂါးရုပ် နှစ်ရုပ်ကို အရယူမယ်လို့ ပြောနေတယ် အစ်ကို"

ထိချီ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ဩော်. . . ဒီလိုကိုး"

"ဟုတ်ပါတယ် အစ်ကို့အတွက် အင်မတန် အန္တရာယ်များလို့ ကျွန်မ လာသတိပေးတာပါ"

ထိချီမှာ သူမအား လွန်စွာကျေးဇူးတင်သွားမိလေသည်။

"ညီမကို ကျုပ် တကယ်ကျေးဇူးတင်မိပါတယ်၊ အခုလို အဖိုးတန် သတင်းပေးတဲ့အတွက်လည်း ဝမ်းသာမိပါတယ်"



ထိချီက သူမအား ဆက်မေးလိုက်သည်။

"အခု သူဘယ်မှာလဲ၊ ပန်းပွင့်ဂေဟာမှာပဲလား"

ထိန်လုလု ခေါင်းခါယမ်းလိုက်သည်။

"မရှိတော့ဘူး၊ သူပြန်သွားပါပြီ၊ အစ်ကို ဒီမှာရှိတယ်ဆိုတာ သူသိနေတယ်၊ အစ်ကို ဒီကရှောင်ထွက်သွားရင်ကောင်းမယ်ထင်တယ်၊ သူက တစ်နည်းမဟုတ် တစ်နည်းလာပြီး ဒုက္ခပေးမှာ သေချာတယ်"

ထိချီ ပြုံးလိုက်သည်။

"အခုလို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ လာတော့လည်း ရင်ဆိုင်လိုက်ရုံပဲပေါ့"

ထိန်လုလု စိုးထိတ်သွား၏။

"အစ်ကိုက တစ်ယောက်တည်း၊ သူတို့က လူအင်အားများတယ်၊ အစ်ကို ဒုက္ခရောက်လိမ့်မယ်၊ ကျွန်မက အစ်ကို့ကိုလေးစားလို့ အခုလိုကြိုတင်လာပြီး သတင်းပေးတာ၊ သူ့အဖွဲ့သားတွေ ဒီနယ်မြေထဲမှာရှိနေတယ်၊ ကျွန်မ အခုလိုလာတာ ရိပ်မိသွားရင် ကျွန်မအဖို့လည်း အန္တရာယ်မကင်းဘူး"

ထိချီ ခေါင်းညိတ်လိုက်သည်။

"အစ်ကို နားလည်ပါတယ်၊ ပိရိသေချာအောင် လုပ်ဆောင်တတ်ပါတယ်၊ ဒီအတွက်တော့ မပူပါနဲ့၊ ကဲ ညဉ့်နက်ပြီ ညီမပြန်ရင်ကောင်းမယ်၊ အစ်ကို လိုက်ပို့ပေးရမလား"

www.burmeseclassic.com

www.burmeseclassic.com



ထိန်လုလု ငြင်းဆန်လိုက်သည်။

"ကျွန်မအတွက် ကိစ္စမရှိဘူး၊ အစ်ကိုသာ သတိထားနေပါ"

ထိချိုက. . .

"စိတ်ချ၊ အစစအရာရာ သတိထားပါ့မယ်၊ မနက်ဖြန် အစ်ကိုလာတွေ့ပါဦးမယ်"

ပြောရင်း နှုတ်ဆက်လိုက်၏။

ထိန်လုလုကလည်း နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားလေတော့သည်။

♥ ♥ ♥



## ရုပ်ပြောင်းရုပ်လွှဲ

နံနက်. . .။

နေခြည် ဖြာကျနေပေသည်။

ထိချိုသည် စားသောက်ဆိုင်ရှိရာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဆိုင်လုလင်လေးက အပြေးရောက်လာပြီး ခရီးဦးကြိုပြုလေသည်။

"အစ်ကိုလေး. . . ဘာသုံးဆောင်မလဲ၊ လိုအပ်တာပြောပါ၊ အစ်ကိုလေးအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော် ချက်ချင်း ဆောင်ရွက်ပေးပါ့မယ်"

ဆိုင်လုလင်လေးက အရိုအသေပေးကာ သွက်သွက်လက်လက် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိချီသည် တက်တက်ကြွကြွဖြစ်နေသော ဆိုင်လုလင် အားကြည့်ကာ. . .

"ဘယ်လိုဖြစ်တာလဲကွ၊ မင်းကြည့်ရတာ ဒီနေ့ သိပ်ထူး ခြားနေသလိုပဲ"

ဟု ပြောလိုက်သည်။

ထို့နောက်. . .

စားပွဲတစ်လုံးတွင် နေရာယူလိုက်သည်။

"အစ်ကိုလေးကို ဆိုင်တာဝန်ခံနဲ့ စားသုံးသူတွေက သိပ် လေးစားနေကြတာဗျ။ မနေ့ကကိစ္စနဲ့ ပတ်သက်ပြီး အစ်ကို့ရဲ့ စွမ်းရည်သတ္တိကို သိပ်သဘောကျနေကြတာ၊ အစ်ကို့ကြောင့် လူဆိုးလူမိုက်တွေ နည်းနည်းရှဲသွားပုံရတယ်လို့ သူတို့က ဝေဖန် ပြောဆိုနေကြတယ်"

ထိချီ ပြုံးလိုက်သည်။

"သူတို့က ထားပါတော့လေ၊ မင်းကရော ဘယ်လိုဖြစ်ပြီး ငါ့အပေါ် စေတနာတွေ သိပ်ကောင်းနေရတာလဲ"

ဆိုင်လုလင်ကို အကဲခတ်ကြည့်ကာ ထိချီက မေးလိုက် သည်။

ထိုအခါ ဆိုင်လုလင်လေးက. . .

"ကျွန်တော်လည်း အစ်ကို့ကို လေးစားတဲ့အထဲမှာ တစ် ယောက်အပါအဝင် ဖြစ်နေလို့ပါ ခင်ဗျာ"

ဟု ပြောလိုက်လေသည်။



"သြော်. . . ဒါကြောင့်လား"

ထိုမျှသာပြောပြီး ထိချီက ပေါက်စီနှင့်အရက်တစ်အိုး မှာ ကြားလိုက်လေသည်။

"ဟုတ်ကဲ့ ရမယ်၊ အစ်ကို"

ပြောပြီး ဆိုင်လုလင်လေးသည် လျင်မြန်စွာ ပြန်ထွက် သွားလေသည်။

တခဏမျှကြာသောအခါ ဆိုင်လုလင်လေးသည် အ ရက်တစ်အိုးနှင့် ပေါက်စီတစ်ပန်းကန်ကို ယူလာပြီး စားပွဲပေါ် သို့တင်ပေးကာ ထိချီကိုကြည့်၍ စကားပြောမည်အပြု. . .

"ဟင်"

ဆိုင်လုလင် တွန့်ခနဲ ဖြစ်သွား၏။

လက်ကို ပြန်ရုပ်လိုက်သောကြောင့် စားပွဲပေါ်သို့ ကျ ရောက်တော့မည့်ဆဲဆဲ ဖြစ်နေသော အရက်အိုးနှင့်ပေါက်စီပန်း ကန်မှာ မြောက်တက်သွားလေသည်။

ဆိုင်လုလင်လေးမှာ အံ့ဩထိတ်လန့်ခြင်းလည်း ဖြစ် သွားလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိချီ ထိုင်ခဲ့သော ထိုင်ခုံတွင် အခြားမျက်နှာစိမ်းတစ် ယောက် ထိုင်နေသောကြောင့်ပင်ဖြစ်လေသည်။

ဆိုင်လုလင်လေးက လွန်စွာ အံ့ဩခြင်းဖြစ်သွားပြီးလျှင် ထိုမျက်နှာစိမ်းအား မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စောစောက ဒီစားပွဲမှာ အစ်ကိုလေးထိုင်နေတာပဲ အခု မတွေ့တော့ဘူး"

ထိုမျက်နှာစိမ်းက ဆိုင်လုလင်ကို နားမလည်ဟန်ဖြင့် ကြည့်ကာ ကြောင်အမ်းအမ်း ဖြစ်နေ၏။

"အစ်ကိုလေး ဘယ်ရောက်သွားပါလိမ့်၊ မတွေ့တော့ပါလား"

ဆိုင်လုလင်လေးက တစ်ဆိုင်လုံးအနှံ့ ရှာဖွေကြည့်လိုက်ပြီး တစ်ယောက်တည်း ပြောသလိုပြောလိုက်လေသည်။

ထိုအခါ. . .

မျက်နှာစိမ်းက ဆိုင်လုလင်အား မျက်မှောင်ကုပ်၍ ကြည့်ကာ. . .

"မင်း အကြည့်မှားတာဖြစ်လိမ့်မယ်၊ တခြားစားပွဲကများလားကွာ၊ ငါ ဒီမှာရောက်ကတည်းက ဘယ်သူမှမရှိဘူး။ ငါတစ်ယောက်တည်းပဲ ရှိနေတာ"

မျက်နှာစိမ်းက မျက်မှောင်ကြုတ်ကာ လူငယ်အားကြည့်၍ ပြောလိုက်ခြင်းပင်။

ဆိုင်လုလင် အူကြောင်ကြောင်ဖြစ်နေပေသည်။

"အစ်ကိုလေး မှာပြီး ဘယ်ထွက်သွားပါလိမ့်"

ဆိုင်လုလင်လေးမှာ အရက်အိုးနှင့်ပေါက်စီတစ်ပွဲကို ကိုင်ကာ တစ်ယောက်တည်း ညည်းညူလိုက်မိသည်။

မျက်နှာစိမ်းက. . .



"ကဲ. . . ညီလေး၊ အဲဒီအရက်အိုးနဲ့ပေါက်စီ ငါ့အတွက် ပေးလိုက်တော့၊ သူလာတော့လည်း ထပ်လုပ်ပေးလိုက်ပေါ့ကွာ၊ အဲဒီအတွက်တော့ ငါရှင်းမယ်"

မျက်နှာစိမ်းကို တစ်ချက်ကြည့်လိုက်ပြီး ဆိုင်လုလင် သက်ပြင်းချလိုက်သည်။

ထို့နောက် အရက်အိုးနှင့်ပေါက်စီကို စားပွဲပေါ်ချပေးကာ ပြန်ထွက်သွားလေတော့သည်။

♥ ♥ ♥

မျက်နှာစိမ်းက စားသောက်လိုက်သည်။

မကြာမီ. . .

အရက်တစ်အိုးနှင့် ပေါက်စီတစ်ပွဲ တက်တက်စင် အောင်ပြောင်သွားသည်။

ထိုအချိန်မှာပင် ဆိုင်အတွင်းသို့ ဝတ်စုံနက်များ ဝတ်ဆင်ထားသော သိုင်းသမားနှစ်ယောက် ဝင်ရောက်လာလေသည်။

တစ်ယောက်မှာ လုဖိန်နှင့် နောက်တစ်ယောက်မှာ နားရွက်တစ်ဘက်ပြတ် ကျော်ဟင်းတို့ပင် ဖြစ်ပေသည်။

သူတို့နှစ်ယောက်သည် တစ်ဆိုင်လုံးကို အကဲခတ်ကြည့်လိုက်ကြပြီး ထိခိုကို ရှာဖွေ[illegible]၏။

www.burmeseclassic.com



ထိချီကို မတွေ့သောအခါ မျက်မှောင်ကုပ်သွားကြလေသည်။

ထို့နောက်. . .

သူတို့နှစ်ယောက်သည် ငွေသိမ်းစားပွဲသို့ ဆက်လျှောက်သွားကြလေသည်။

ငွေသိမ်းစားပွဲသို့ ရောက်သော် ငွေသိမ်းစာရေးအား မေးလိုက်သည်။

"မိတ်ဆွေ. . . ဒီမှာ ဆရာလေးထိချီရှိလား"

ကျော်ဟင်းက ဦးဆောင်၍ မေးလိုက်ခြင်းဖြစ်လေသည်။

"ဘာကိစ္စများ ရှိလို့လဲ"

ငွေသိမ်းစာရေးက ပြန်မေးသည်။

စာရေးမှာ ထိချီအပေါ် သံသယဖြင့်ထားပုံရ၏။

ထိုသူနှစ်ယောက်ကိုလည်း သိကျွမ်းထားပုံရသည်။

"ဩော်. . . ကျုပ်တို့ သူနဲ့တွေ့ချင်လို့ပါ၊ အလုပ်ကိစ္စတစ်ခု တိုင်ပင်ချင်လို့ပါ"

ကျော်ဟင်းက ပြောသည်။

သူ၏လေသံမှာ အပျော့ဆွဲလေးဖြစ်နေ၏။

စာရေးက ဆိုင်ထဲဝေ့ကြည့်ကာ. . .

"စောစောကတော့ တွေ့မိတယ်၊ အခုမတွေ့တော့ဘူးဆိုတော့ အပြင်ထွက်သွားတယ်နဲ့တူတယ်"



ဟု တွေးတွေးဆဆဖြင့် ပြောလာသည်။

ကျော်ဟင်းက. . .

"ဒါဖြင့်လည်း ကျုပ်တို့ ပြန်လိုက်ပါဦးမယ်၊ နောက်မှပဲ တစ်ခေါက်လာခဲ့ပါဦးမယ်"

ဟု ပြောလာသည်။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် စာရေးအားနှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

မျက်နှာစိမ်းလူငယ်သည် ကျော်တင်းနှင့် ဆေးတံချွင်လုဖိန်တို့အား လှမ်းကြည့်လိုက်သည်။

ကျော်ဟင်းတို့နှစ်ယောက်ကမူ မျက်နှာစိမ်းလူငယ်ကို လုံးဝဂရုစိုက်ဟန်မရှိဘဲ အပြင်သို့ လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

♥ ♥ ♥

မျက်နှာစိမ်းလူငယ်သည် အရက်တစ်အိုးပေါက်စီတစ်ပွဲအတွက် ကျသင့်ငွေပေးချေလိုက်သည်။

ထို့နောက် ဆိုင်ထဲမှ ထွက်လာခဲ့၏။

ဆိုင်လုလင်က ပြေးလိုက်လာပြီး. . .

"အစ်ကိုကြီးကို တစ်ခုမေးပါရစေ"

မေတ္တာရပ်ခံပြောလာသဖြင့် မျက်နှာစိမ်းလူငယ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်အားကြည့်ကာ. . .

"ဘာများမေးချင်လို့လဲ"

ဟု ပြောလိုက်သည်။

ထိုအခါ ဆိုင်လုလင်က. . .

"အစ်ကိုကြီးက ဆရာလေးထိချိုကို သိသလား"

ဆိုင်းမဆင့်ဗုံမဆင့် မေးလိုက်သောကြောင့် မျက်နှာစိမ်းလူငယ် ကြောင်အမ်းအမ်းဖြစ်သွားသည်။

အတော်လေးကြာမှခေါင်းခါယမ်း၍. . .

"မသိပါဘူး"

ဟု ဖြေကြားလိုက်သည်။

မျက်နှာစိမ်းလူငယ်က. . .

"ကဲ. . . ကျုပ် သွားတော့မယ်"

ဟုဆိုကာ ထွက်သွားလေသည်။

ဆိုင်လုလင်ကား ဦးခေါင်းကုပ်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

♥ ♥ ♥



ပန်းပွင့်ဂေဟာ. . .။

လူငယ်သည် ပန်းပွင့်ဂေဟာသို့ ရောက်ရှိလာ၏။

ဂေဟာမှူးအစ်မကြီးယုက ဆီးကြို နှုတ်ဆက်လိုက်၏။

"မင်္ဂလာနံနက်ခင်းပါ ဆရာလေး"

"ဟုတ်ကဲ့"

လူငယ်သည် ပြောပြီးရပ်တန့်နေသဖြင့် အစ်မကြီးယုက လက်ဆွဲကာ. . .

"အထဲကြွပါ ဆရာလေး"

ဟု ဖိတ်ခေါ်လိုက်သည်။

လူငယ် ခေါင်းညိတ်လိုက်သည်။

ထို့နောက်. . .

အစ်မကြီးယုက ဦးဆောင်၍ အဆောင်အတွင်းသို့ ဖိတ်ခေါ်သွားရာ လူငယ်က နောက်မှလိုက်ပါလာလေသည်။

"ထိုင်ပါ ဆရာလေး"

ဧည့်ခန်းတွင် နေရာချပေးလိုက်စဉ်မှာပင် ခိုးခိုးခစ်ခစ်ရယ်သံများကို ကြားလိုက်ရလေသည်။

ထို့နောက် စုံတွဲအသီးသီးဆိုသလို ထွက်လာကြပြီးလျှင် နှုတ်ဆက် ကြာကာ ယောက်ျားအမျိုးသားများက အဆောင်တွင်းမှ ထွက်ခွာသွားကြလေသည်။

အမျိုးသမီးများမှာမူ အဆောင်၌ ကျန်ရစ်ခဲ့ကြသည်။

"ဧည့်သည်ဆရာလေးနဲ့ မိတ်ဆက်ပေးရမယ်၊ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



လာကြတော့"

အစ်မကြီးယုက မိန်းကလေးများအား လှမ်းခေါ်လိုက်လေသည်။

မိန်းကလေး အယောက်နှစ်ဆယ်ကျော်တို့သည် လူငယ်ထံ ဝိုင်းအုံ၍ ရောက်ရှိလာကြလေသည်။

လူငယ်သည် ရုပ်သွင်အမျိုးမျိုးရှိသော မိန်းကလေးအယောက်နှစ်ဆယ်ကျော်ကြားတွင် ရေနွေးကရားတစ်အိုးလို အဝိုင်းခံလိုက်ရသော်လည်း တုန်လှုပ်ချောက်ချားခြင်း အလျဉ်းမရှိပါချေ။ လူငယ်က အစ်မကြီးယုဘက်လှည့်၍. . .

"ဒါ အကုန်ပဲလား အစ်မကြီး"

မေးလိုက်ရာ အမျိုးသမီးကြီးက မိန်းကလေးများ၏ မျက်နှာကို တစ်ယောက်ချင်း လိုက်ကြည့်ပြီး. . .

"ဟော့. . . ထိန်လုလု ဘယ်ပျောက်နေသလဲ"

ဟု အော်မေးလိုက်လေသည်။

"ညီမလေး ထိန်လုလု နေမကောင်းလို့ အနားယူနေပါတယ်"

မိန်းကလေးတစ်ဦးက ပြောလိုက်သည်။

"မလိုချင်ဘူး သွားခေါ်"

အစ်မကြီးယုက ဒေါသသံဖြင့် ပြောလိုက်သည်။

လူငယ်က. . .

"နေပါစေခင်ဗျာ၊ မခေါ်ပါနဲ့၊ ကျွန်တော်ပဲ သူ့အဆောင်



ကို သွားလိုက်ပါ့မယ်၊ ကျွန်တော့်ကိုသာ သူ့အဆောင် ဘယ်မှာရှိတယ်ဆိုတာ ညွှန်ပြပေးပါ"

ပြောလိုက်သောစကားကြောင့် အစ်မကြီးယုနှင့် အကူမိန်းကလေး ယောက်နှစ်ဆယ်ကျော်တို့မှာ လူငယ်ကိုကြည့်ပြီး ပြုံးရယ်လိုက်ကြလေသည်။

အစ်မကြီးယု၏မျက်လုံး ပြူးသွားပြီး. . .

"ဆရာလေးက သူနဲ့ဆက်ဆံဖူးလို့လား"

ဟု မေးလိုက်သည်။

လူငယ် ခေါင်းခါယမ်းပြလိုက်သည်။ အစ်မကြီးယုက

"ဒါနဲ့များ မင်းကဘာကြောင့် သူ့အဆောင်ကို သွားချင်ရတာလဲ"

"သူ့နာမည်ကြားဖူးထားလို့ပါ"

လူငယ်က ပြုံး၍ပြောလိုက်မှ အစ်မကြီးယုမှာ နားလည်သွားလေသည်။

"ကဲဟော့. . . ဒီကဆရာလေးကို လိုက်ပို့ပေးလိုက်စမ်းပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

လူငယ်က ငွေတုံးတစ်တုံး ပေးလိုက်၏။

အစ်မကြီးယု၏မျက်နှာ လွန်စွာမျှပင် ပြုံးရွှင်သွားလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်က လှူငယ်အား လိုက်ပို့ပေးသည်။

ထိန်လှုလှု၏အဆောင်ဝ ရောက်သော်. . .

"ရောက်ပြီ၊ ဒီအခန်းပဲ၊ ကဲ ကျွန်မပြန်မယ်"

လိုက်ပို့သော မိန်းကလေးက နှုတ်ဆက်ကာ ပြန်သွားလေသည်။

လှူငယ်သည် အဆောင်တံခါးပိတ်ထားသော အဝတွင် ခဏရပ်နေပြီးနောက် တံခါးကို သုံးချက်ခေါက်လိုက်သည်။

"ခေါက်. . . ခေါက်. . . ခေါက်"

မေးသံတစ်ချက် အဆောင်တွင်းမှ ထွက်ပေါ်လာလေသည်။

"ဘယ်သူလဲ"

လှူငယ်က. . .

"ညီ့သည်တစ်ယောက်ပါ၊ ညီမနဲ့တွေ့ချင်လို့ပါ၊ တံခါးဖွင့်ပေးပါဦး"

ဟု ပြန်ပြောလိုက်၏။

အဆောင်တွင်းမှ ထိန်လှုလှု၏အသံ ထွက်ပေါ်လာသည်။

"ကျွန်မ နေမကောင်းလို့ အနားယူနေပါတယ်ရှင်၊ ရှင့်အတွက် အဆောင်တွေ အများကြီးရှိနေတယ် မဟုတ်လား"

"ခေါက်. . . ခေါက်"



လှူငယ်က တံခါးထပ်မံခေါက်ပြီး အသံမာမာဖြင့်ဆက်ပြောလိုက်သည်။

"ကျုပ်က ဂေဟာမှူးကို ငွေကုံးတစ်ကုံး ပေးခဲ့ပြီးပြီ၊ တံခါးမဖွင့်ပေးရင် ကျုပ်က တွန်းဝင်လာမှာနော်"

"အို. . . ရှင် ဘယ်လိုလူလဲ"

"ကျုပ် ဘယ်လိုလူလဲဆိုတာ သိချင်ရင် တံခါးဖွင့်ကြည့်ပေါ့၊ ခင်ဗျားတို့က ငွေတော့ အလကားယူချင်တယ်၊ ဆက်ဆံမှုက အချိုးမပြေဘူး"

လှူငယ်က သည်းမခံနိုင်စွာဖြင့် အော်ပြောလိုက်လေသည်။

"ကျွန်မ မကြာခင် ဒီအလုပ်ကို စွန့်လွှတ်တော့မှာ၊ ရှင် တခြားအဆောင်သွားရင်ကောင်းမယ်၊ ဒီမှာလာပြီး ရန်တွေ့မနေနဲ့၊ ကျွန်မ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး"

ထိန်လှုလှု၏ တုန့်ပြန်သံက မာဆန်နေပေသည်။

လှူငယ်သည် တံခါးကို ဆက်ခေါက်နေ၏။

ထိန်လှုလှု သည်းမခံနိုင်တော့ပါချေ။

တံခါးကိုဖွင့်၍ ရင်ဆိုင်လိုက်လေသည်။

"ဗွီး"

"ဖပ်"

တံခါးပွင့်သွားသည်နှင့် တပြိုင်နက် အလင်းတန်းတစ်ခုက လှူငယ်၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က လျှင်မြန်စွာဖြင့် ထိုအလင်းတန်းကို ဖမ်းဆုပ်ထားလိုက်၏။

ထိန်လုလုသည် လူငယ်၏လက်အတွင်း ကျရောက်သွားသည်။

လူငယ်က လေသံမာမာဖြင့်. . .

"မင်းက ငါ့ကိုဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ မတော်တဆ မင်းရဲ့ဓားက ကျုပ်ကိုထိုးမိသွားရင် ဘယ်လိုလုပ်မလဲ"

"သေလိုက်ပေါ့"

"မင်းက ရုပ်လှသလောက် အတော် ရက်စက်တဲ့စိတ်ရှိတာပဲ"

ထိန်လုလု လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"ရှင် ကျွန်မကို ဒီလိုမစွပ်စွဲနဲ့၊ ကျွန်မ ဘယ်သူ့အပေါ်မှ မကောင်းကြံတာ မရှိဘူး"

လူငယ် မဲ့လိုက်၏။

"ဒါဖြင့် ကျုပ်ကို ဘာလို့ တိုက်ခိုက်တာလဲ"

"ရှင်က လူစကား နားမလည်လို့"

"ဟား. . . ဟား. . . ဟား"

လူငယ် သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက်. . .

တံခါးကို ခြေဖြင့် လှမ်းပိတ်လိုက်သည်။

ထိန်လုလု ဒေါပွသွားသည်။



"တံခါးကို ဘာလို့ ပိတ်လိုက်တာလဲ"

လူငယ် အဖြေမပေးပါ။

မင်းတုပ်ကို ခြေဖြင့်မ,၍ နောက်ပြန်ပိတ်လိုက်လေသည်။

လူငယ်၏သိုင်းပညာအဆင့်ကို ဤမျှဆိုလျှင် သိလောက်ချေပြီ။

ထိန်လုလု အံကြိတ်လိုက်သည်။

"ရှင် ပြန်ထွက်သွားပါ"

"ပြန်မထွက်ချင်လို့ ဝင်လာတာကို ဘာကြောင့် နှင်နေရတာလဲဗျ"

လူငယ်က ဂျစ်ကန်ကန်ဖြင့် ပြန်ပြောလိုက်၏။

ထိန်လုလုသည် လူငယ်၏လက်တွင်းသို့ ကျရောက်နေသော သူမ၏လက်ကို ရုန်းထွက်လိုက်၏။

သို့ရာတွင်. . .

လက်က လွတ်မသွားပါချေ။

"လွှတ်. . . ကျွန်မလက်ကို လွှတ်"

လူငယ်က. . .

"မင်း ငါ့ကို ရန်မူဦးမှာလား"

ထိန်လုလု ခေါင်းယမ်းပြသည်။

လူငယ်က တစ်ချက်ပြုံးကာ ဖမ်းချုပ်ထားသောလက်ကို လွှတ်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိန်လုလုသည် လူငယ်ကို မျက်စောင်းတစ်ချက်ထိုး၍ ကြည့်လိုက်သည်။

လူငယ်က အရေးမစိုက်ပါ။

ပိုင်စိုးပိုင်နင်းပင် အခန်းတွင်းရှိ ထိုင်ခုံတစ်လုံးကို ဆွဲယူ၍ထိုင်လိုက်သည်။

ထိန်လုလုက လူငယ်ကို မကျေမနပ် စိုက်ကြည့်နေမိလေသည်။

လူငယ်မှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ပေါက်ရောက်နေသော်လည်း ထူလပျစ်ကြီးမဟုတ်ပေ။

အသက်ကို ခန့်မှန်းကြည့်လိုက်သောအခါ နှစ်ဆယ်ကျော် သုံးဆယ်အတွင်းဟု ခန့်မှန်းရ၏။

သိုင်းသမားတစ်ယောက်ဟု နားလည်မိသော်လည်း ဆိုးမိုက်ပုံမပေါ်ချေ။

သို့ရာတွင်. . .

မဟုတ်မခံစိတ်နှင့် ဂျစ်တစ်တစ် ဂျစ်ကန်ကန်ရှိပုံတော့ရသည်။

ဝတ်စုံစိမ်းကို ဝတ်ဆင်ထားသောကြောင့် သူ့အသားအရောင်နှင့်လိုက်ဖက်လေသည်။

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

ထိန်လုလုသည် ထိုလူငယ်အား တစ်ချက်မျှ စိတ်ဝင်စားစွာ စိုက်ကြည့်လိုက်ပြီး မေးလိုက်ခြင်းဖြစ်ပေသည်။



လူငယ်က. . .

"ကျုပ်နာမည် မားဟူပါ"

ဟု ဖြေကြားလိုက်သည်။

ထိန်လုလုက. . .

"ရှင်ပြန်နိုင်ပြီ"

လူငယ် မျက်မှောင်ကုပ်က. . .

"ဗျာ. . . ခင်ဗျားဟာ တစ်မျိုးပါလား"

"ရှင်ပြန်ရင် ကောင်းမယ်"

"ဘာဖြစ်လို့လဲ ဧည့်သည်နဲ့ ချိန်းထားလို့လား"

"ဟုတ်တယ်"

စိတ်မရှည်တော့သဖြင့် သူမက ခေါင်းညိတ်ကာပြောလိုက်လေသည်။

ထိုအခါ မားဟူဆိုသော လူငယ်က ထပ်ကွန့်၍မေးလိုက်ပြန်လေသည်။

"ဘယ်သူနဲ့ ချိန်းထားတာလဲ"

ထိန်လုလုက. . .

"ရှင်သိစရာ မလိုပါဘူး"

"ကျုပ်သိထားလို့ ပြောနေတာပေါ့"

မားဟူ ပြုံးနေသည်။

ထိန်လုလုက မကျေမနပ်ဖြင့် မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မားဟူက. . .

"ကျုပ်ကို သိပ်လည်းရန်မလိုပါနဲ့ဗျာ၊ ခင်ဗျားချိန်းထားတဲ့ လူက ထိချီမဟုတ်လား"

"ရှင်"

ထိန်လုလု ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

မားဟူက ထိုင်ရာမှထ၍ တံခါးဝသို့ လျှောက်သွားလေသည်။

ထိန်လုလု မနေနိုင်တော့ပါ။

"နေပါဦး"

ဟန့်တားရင်း ပြောလိုက်ကာ ရှေ့မှကာဆီးထားလိုက်လေသည်။

ထိချီဟူသောအမည်ကို မထင်မှတ်ဘဲ ကြားလိုက်ရသောကြောင့် သူမသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီးလျှင် စိတ်ဝင်တစားလည်း ရှိသွားသောကြောင့် ဖြစ်ပေတော့သည်။

♥ ♥ ♥



## ထွက်ပေါက်ရှာခြင်း

ထိန်လုလုသည် မားဟူရှေ့မှ ပိတ်ကာ တားဆီးထားလေသည်။

မားဟူက. . .

"ကျုပ် ပြန်တော့မယ်"

ဟု ပြောလာသည်။

ထိန်လုလုက. . .

"နေပါဦး၊ စောစောက ရှင်ပြောခဲ့တဲ့ စကားထဲမှာ ထိချီလို့ကြားလိုက်ပါတယ်၊ အစ်ကိုထိချီနဲ့ ရှင်ကသိလို့လား"

ဟု မေးလာသည်။

မားဟူက ထိန်လုလုကိုကြည့်ကာ. . .

"သိတော့ ဘာထူးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကန်ကန် မေးလိုက်သည်။

ထိန်လုလု သက်ပြင်းချကာ. . .

"ကျွန်မ သူနဲ့တွေ့ချင်လို့ပါ"

ဟု ပြောလာလေသည်။

မားဟူ မဲ့လိုက်၏။

"ခင်ဗျားပဲ သူနဲ့ချိန်းထားတယ် မဟုတ်လား"

ထိန်လုလု ခေါင်းခါယမ်းလိုက်သည်။

"မချိန်းပါဘူး၊ သူလာမယ်လို့ ရှင့်ကိုပြောခဲ့လို့လား၊ ရှင်နဲ့သူနဲ့က မိတ်ဆွေတွေလား"

"မေးခွန်းတွေ များလှချည်လား"

ထိန်လုလုက. . .

"ကျွန်မ သူနဲ့ အရမ်းတွေ့ချင်နေပါတယ်"

ဟု လေသံပျော့ဖြင့် ပြောလာသည်။

မားဟူ ခနဲ့တဲ့တဲ့ဖြင့် ပြောလိုက်၏။

"သိပါတယ်၊ ခင်ဗျားဟာ မျက်နှာသိပ်လိုက်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ စောစောကတော့ နေမကောင်းဘူးဆိုပဲ၊ အခုတော့ တခြားစီပါပဲလား"

သူကပြောပြီး တံခါးမင်းတုပ်ကို ဖြုတ်လိုက်သည်။

ထိန်လုလု မျက်နှာမသာမယာ ဖြစ်သွား၏။

"ကျွန်မကို မခနဲ့ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ သူ အခုဘယ်မှာလဲဟင်၊ ဒီကိုလာမှာ သေချာလား"



မားဟူ သူမအား စေ့စေ့ကြည့်ကာ. . .

"ကျုပ် တစ်ခုမေးပါရစေ"

ထိန်လုလုက. . .

"မေးပါရှင်"

"ခင်ဗျားနဲ့ ထိချီက ချစ်သူတွေလား"

ထိန်လုလု ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မနဲ့သူ ပတ်သက်မှုမရှိပါဘူး၊ ကျွန်မက သူ့ကို လေးစားနေတာ၊ နောက်ပြီး ကျွန်မဘဝအတွက် သူ့ဆီမှာ အကူအညီတောင်းချင်လို့ပါရှင်"

မားဟူက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား သူ့ဆီမှာ ဘယ်လိုအကူအညီမျိုး တောင်းချင်လို့လဲ"

ထိန်လုလု၏မျက်နှာ တည်ကြည်သွား၏။

"ကျွန်မရဲ့လျှို့ဝှက်ချက်ကို သူနဲ့တွေ့မှ ပြောလို့ဖြစ်မှာ"

"အခုပြောလို့ မဖြစ်ဘူးလား"

"မဖြစ်ဘူးရှင့်"

မားဟူ ရယ်မောလိုက်သည်။

ရယ်ရင်းမှ. . .

"ညီမ"

ဟု တိုးတိုးခေါ်လိုက်၏။

ရုတ်တရက် လေသံမှာ ပြောင်းလဲသွား၍ ထိန်လုလု

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသွားရလေသည်။

မားဟူကိုကြည့်ကာ. . .

"ရှင်. . . ရှင်"

မားဟူက. . .

"ဟုတ်ပါတယ် ညီမ၊ ကျုပ်က မားဟူမဟုတ်ပါဘူး၊ ထိချီပါ"

ဟု ပြောလိုက်သည်။

တဆက်တည်းပင်. . .

မျက်နှာဖုံးတု တစ်ခု လက်ထဲပါလာသည်။

ထိုအခါ. . .

ထိချီ၏မျက်နှာ ပေါ်လွင်လာလေတော့သည်။

ထိန်လုလုကား အဖြစ်အပျက်ကို မယုံကြည်နိုင်အောင် ဖြစ်နေမိလေတော့သည်။

♥ ♥ ♥



ထိန်လုလုသည် မည်သို့သော စကားမျိုးပြောရမည် မသိဘဲ အံ့ဩလျက်ရှိနေပေသည်။

ထိချီက. . .

"ကျုပ်က ရုပ်ဖျက်ပညာလည်း တတ်ကျွမ်းထားတယ် ဆိုတာ နားလည်စေချင်တယ်"

ဟု ပြောလာသည်။

ထိန်လုလု သက်ပြင်းချလိုက်သည်။

သူမက ထိချီအား ပြုံးပြလိုက်ပြီး. . .

"အစ်ကိုဟာ အင်မတန် အစွမ်းထက်တဲ့ လူတစ်ယောက်ဆိုတာ ကျွန်မ ယုံကြည်လိုက်ပါပြီ၊ အစစအရာရာလည်း စိတ်ချသွားရပါပြီ"

ထိချီက. . .

"ဒါနဲ့ နေပါဦး၊ ညီမက ကျုပ်နဲ့တွေ့ချင်တဲ့ကိစ္စက ဘာလဲ၊ နောက်ပြီး ကျုပ်ဆီမှာ အကူအညီတောင်းချင်တယ်ဆိုတဲ့ ကိစ္စကရော ဘာများလဲ၊ ကျုပ်ကို နားလည်အောင် ရှင်းပြပါဦး"

ထိန်လုလုသည် ထိချီ၏ အထက်ပါစကားကြောင့် လွန်စွာအားတက်သရော ဖြစ်သွားကာ ထိချီကိုလည်း အားကိုးလေးစားလာမိသည်။ သူမက. . .

"ကျွန်မ ဒီအလုပ်က ထွက်ချင်လို့ပါ"

"ဒါများ ဘယ်လောက်ခက်လို့လဲ ထွက်လိုက်ပေါ့၊ ဘာဖြစ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိန်လုလု ခေါင်းယမ်းလိုက်သည်။

"ဒီလို လွယ်လွယ်နဲ့ပြောလို့ မရဘူး အစ်ကို၊ ထွက်ချင်ရင် လျော်ကြေးပေးမှထွက်လို့ရမှာ၊ ဒီလိုမှမဟုတ်ရင် ကျွန်မကို သူတို့ ဒုက္ခရောက်အောင် လုပ်နိုင်တယ်"

ထိချို ခဏစဉ်းစားလိုက်ပြီးမှ. . .

"သူတို့ကို လျော်ကြေး ဘယ်လောက်တောင်ပေးရမှာလဲ၊ ပြောပါ၊ ကျွန်တော် တတ်နိုင်သလောက် ကူညီပေးပါ့မယ်"

ထိန်လုလုက. . .

"ငွေသား တစ်သောင်း"

ထိချို မျက်လုံးပြူးသွား၏။

"ဟာ. . . များလှချည်လား"

ထိန်လုလုက. . .

"ဒါက သူတို့ အကျုပ်ကိုင်ထားတာပါ၊ အမှန်က ငွေတုံးနှစ်ဆယ်ပေးရမယ့်ကိစ္စပါ"

ဟု ရင်ဖွင့်လာ၏။

ထိချို ပြုံးလိုက်သည်။

"ဒါဆို လွယ်ပါတယ်၊ ကျုပ်ကူညီနိုင်ပါတယ်"

ထိန်လုလု စိတ်မသက်သာစွာဖြင့်. . .

"ဒါပေမယ့် အခု ငွေတုံးနှစ်ဆယ်ပေးလို့ သူတို့ လက်ခံကြမှာ မဟုတ်ဘူး"

ဟု ပြောလာသည်။



ထိချို လက်ကာပြလိုက်သည်။

"အဲဒီအတွက် မပူပါနဲ့၊ ကျုပ် ဆောင်ရွက်ပေးနိုင်ပါတယ်"

ထိချို၏စကားကြောင့် ထိန်လုလုမှာ အားတက်သရော ရှိသွားသလို မျက်နှာမှာလည်း ကြည်လင်လန်းဆန်းသွားလေသည်။

ထိချိုက တည်ကြည်သော မျက်နှာထားဖြင့်. . .

"ဒီကိစ္စကို ဘယ်သူနဲ့တွေ့ဆုံပြီး ပြောရမှာလဲ၊ ဒီကိစ္စ ပြေလည်အောင် ဆောင်ရွက်ပြီးပြီလို့သာ မှတ်ထားပါ"

ထိန်လုလုက. . .

"အစ်မကြီးယုနဲ့ တွေ့ဆုံရမှာပါ၊ သူက အဓိကချုပ်ကိုင်ထားသူပါ၊ ဒါပေမယ့် ကျွန်မစိတ်ထင်တော့ ရမယ်မထင်ဘူး"

ထိန်လုလုက အားတစ်ဝက်လျော့ကျသွားသလို ပြောလိုက်လေသည်။

"စိတ်ဓာတ်ကျမနေပါနဲ့၊ လက်တွေ့ အဆုံးအဖြတ်ပေးပါလိမ့်မယ်"

ထိချိုက အားပေးစကား ပြောလိုက်သည်။

ထို့နောက်. . .

ထိချိုက ဆက်မေးသည်။

"ဒီကထွက်ပြီးရင် ညီမ ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိန်လုလုက. . .

"ကျွန်မ ရွာကိုပြန်မယ်၊ ဟိုမှာ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်မယ်။ ကျွန်မမှာ မိဘနှစ်ပါးနဲ့ မောင်လေးတစ်ယောက်ရှိတယ်၊ သူတို့နဲ့အတူ ပျော်ပျော်ပါးပါး လုပ်ကိုင်စားသောက်ချင်ပါတယ်၊ ကျွန်မမှာလည်း စုထားတဲ့ငွေအနည်းအကျဉ်းရှိပါတယ်"

ထိချိုက လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူး။ အဲဒီလောက်တော့ ကျွန်တော် ကူညီနိုင်ပါတယ်၊ ညီမက ကျုပ်ကို သတင်းပေးပြီး အကူအညီပေးခဲ့တဲ့အတွက် ကျုပ်ကလည်း တစ်လှည့်ပြန်ပြီးကူညီရတာပေါ့ဗျာ"

ပြောပြီး ထိချိုသည် ထိန်လုလုကို နှုတ်ဆက်ကာ အဆောင်မှ ထွက်လာခဲ့လေတော့သည်။

♥ ♥ ♥



## လွတ်လပ်ခွင့်

ပန်းပွင့်ဂေဟာမှူး အစ်မကြီးယု၏မျက်နှာ သုန်မှုန်နေပေသည်။

သူမအား လာရောက်ညှိနှိုင်းသော ထိချိုအား မကျေမနပ်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး. . .

"ဆရာလေးပြောတဲ့ လျှော်ကြေးကို ကျုပ်မလိုချင်ပါဘူး။ထိန်လုလုကိုလည်း ဒီကထွက်ခွင့်မပေးနိုင်သေးဘူး။ ထိန်လုလုဟာ ကျုပ်အတွက် ငွေအများဆုံး ရှာပေးတဲ့ မိန်းကလေးတစ်ယောက်ပဲ သူ့ကိုခွင့်ပြုလိုက်ရင် ကိုယ့်ထမင်းအိုး ကိုယ်ရိုက်ခွဲသလို ဖြစ်သွားမှာပေါ့"

ထိချို ခေါင်းညိတ်လိုက်သည်။

ထို့နောက်. . .

www.burmeseclassic.com

www.burmeseclassic.com



လေသံအေးအေးဖြင့် ပြန်မေးလိုက်သည်။

"ဒီလိုဆိုရင် အစ်မကြီးက သူ့ကို တစ်သက်လုံး ဒီအတိုင်းပဲ ထားတော့မှာလား၊ သူ့ကိုထွက်ခွာခွင့် မပေးတော့ဘူးလား"

အစ်မကြီးယုက. . .

"ဒီလိုလည်း မဟုတ်ပါဘူး၊ အခြေအနေကြည့်ပြီးတော့ သူ့လို မိန်းကလေးမျိုး တစ်ယောက်ရရင် သူ့ကိုထွက်ခွင့်ပြုမှာပါ၊အခုလောလောဆယ်တော့. ."

ထိချိုက လက်ကာပြလိုက်သဖြင့် အစ်မကြီးယု၏ စကားက ရပ်တန့်သွားသည်။

"ကျွန်တော် သူ့ကိုခေါ်သွားမယ်၊ ခင်ဗျား မနစ်နာအောင် ငွေတုံးနှစ်ဆယ်ပေးခဲ့မယ် ဒါပဲ"

ထိချိုက အပြတ်ပြောလိုက်သည်။

ထိုအခါ. . .

အစ်မကြီးယုက ဟက်ခနဲ ရယ်လိုက်ပြီး. . .

"မင်းခေါ်သွားလို့ ဘယ်ဖြစ်မလဲ"

သူမ၏လေသံ ပြောင်းလဲသွားသည်။

ထိချို၏မျက်နှာလည်း တင်းမာခက်ထန်သွားလေသည်။

"ဖြစ်အောင် ကျွန်တော်ခေါ်သွားမယ် တစ်ခုတော့ ရှိတယ်၊ ကျုပ်လုပ်ရပ်ကို အနှောင့်အယှက်ပေးမယ်ဆိုရင်တော့ ငွေတုံးနှစ်ဆယ်တော့ မရဘူး၊ ငွေတုံးတွေအစား သွေးထွက်သံ



ယိုမှုပဲ ရလိမ့်မယ်"

အစ်မကြီးယု ဒေါပွလာပြီး. . .

"မင်းက ကျုပ်ကို ခြိမ်းခြောက်နေတာလား"

ဟု အေးတိအေးစက် လေသံဖြင့် မေးလာသည်။

ထိချိုက. . .

"ကျုပ်က အမှန်အတိုင်း ပြောနေတာ၊ ခြိမ်းခြောက်တာ တစ်ခုမှ မပါဘူး"

အစ်မကြီးယု၏မျက်နှာ တည်သွားသည်။

ထိချိုအား စိုက်ကြည့်ကာ. . .

"ဒါဖြင့် စမ်းကြည့်လေ"

အစ်မကြီးယုက လက်ခုပ်တီးလိုက်၏။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

လက်ခုပ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် လူနှစ်ယောက် လျှင်မြန်စွာဖြင့် ဝင်ရောက်လာသည်။

အနက်ရောင်ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားကြသော သိုင်းသမားနှစ်ယောက်ပင် ဖြစ်သည်။

ခန္ဓာကိုယ်များမှာ ကျွဲပေါက်ကြီးများကဲ့သို့ လွန်စွာထွားကျိုင်းသန်မာလှပေသည်။

သူတို့၏လက်ထဲတွင်လည်း ကြောက်စရာကောင်းသော လက်နက်များ ကိုင်ဆောင်ထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမှာ မှိန်းလက်နက် ဖြစ်ပြီး နောက်တစ်ယောက်မှာမူ ရဲဒင်းလက်နက် ကိုင်ဆောင်ထားပေသည်။

ရဲဒင်းမှာ ခွေးသွားစိပ်ရဲဒင်းမျိုး ဖြစ်၍ ရဲဒင်းအသွား၏ ထိပ်၌ တစ်ထွာခန့်ရှည်သော စူးချွန်ကြီးတစ်ခု ပါရှိပေသည်။

ထိချီ ပခုံးတွန့်လိုက်သည်။

"အစ်မကြီးယုရဲ့လူတွေလား၊ ကျုပ်က ကြောက်တတ်တဲ့လူ မဟုတ်ဘူးနော်၊ ဒီပွဲမှာ ကျုပ်အနိုင်ရသွားရင်တော့ အစ်မကြီးယု ငွေတစ်တုံးမှ ရလိုက်မှာ မဟုတ်ဘူး၊ ပြဿနာ မပေါ်ဘဲ အေးအေးဆေးဆေးနဲ့ ပြီးပြတ်သွားမယ်ဆိုရင်တော့ ငွေတုံးနှစ်ဆယ်ကို ကျုပ် အခုချက်ချင်း ထုတ်ပေးလိုက်မှာ"

အစ်မကြီးယုက ဂရုမစိုက်ပါ။

သူမ၏လူနှစ်ယောက်ကို လက်ဝှေ့ယမ်းကာ အချက်ပြလိုက်လေသည်။

ရဲဒင်းကိုင်ထားသူ၏အမည်မှာ ကျင့်ဟုန် ဖြစ်သည်။

မှိန်းလက်နက်ကိုင်ဆောင်ထားသူကား ကျူးစိန်ဟု အမည်ရလေသည်။

အစ်မကြီးယုက အချက်ပြလိုက်သည်နှင့် ကျင့်ဟုန်နှင့် ကျူးစိန်တို့ နှစ်ယောက်သည် ထိချီအား ဝင်ရောက်တိုက်ခိုက်လိုက်လေ၏။

"ဝှီး"

"ဝှစ်"



လေတိုးသံများ ထွက်ပေါ်လာသည်။

ရန်သူ၏လက်နက်များက ထိချီ၏ကိုယ်ပေါ်သို့ ကျရောက်လာလေသည်။

သို့ရာတွင်. . .

သူတို့၏ တိုက်ခိုက်မှုများမှာ အရာမထင်ပါချေ။

ထိချီက ပေါ့ပါးစွာ ခုန်ရှောင်လိုက်၏။

တစ်ဆက်တည်းပင် ခြေလက်များ ဆန့်ထုတ်ကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

"ဝုန်း"

"ဝုန်း"

ကျူးစိန်နှင့် ကျင့်ဟုန်တို့ နောက်သို့ လေးငါးလှမ်းမျှ ဆုတ်သွားကြရ၏။

ထိချီသာ မညှာပါက သူတို့ အတွင်းဒဏ်ရာ ရရှိသွားကြမည်သာ ဖြစ်သည်။

နှစ်ယောက်သား အနည်းငယ် တွန့်သွားကြလေသည်။

ထိုအချိန်မှာပင် ထိချီသည် အစ်မကြီးယုထံ လွှားခနဲ ခုန်ဝင်သွား၏။

အနီးသို့ ရောက်လျှင် သွေးကြောတစ်နေရာအား ထိုးပိတ်လိုက်လေသည်။

"အင့်"

အစ်မကြီးယု မသဲမကွဲ ညည်းညူရင်း ကြမ်းပြင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလဲကျသွားသည်။

ထိချိုက ကျူးစိန်တို့အား ကြည့်ကာ. . .

"ခင်ဗျားတို့ မြင်တယ်နော်၊ တကယ်တမ်း ကျုပ်တိုက်ခိုက်ရင် ခင်ဗျားတို့ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်က ပြဿနာကြီးကြီးမားမား မဖြစ်ချင်ဘူး၊ ဒါကို နားလည်ပါ၊ ဒီလိုမှ မဟုတ်ရင်တော့ ပန်းပွင့်ဂေဟာတစ်ခုလုံး ပျက်စီးပြီသာမှတ်ပေတော့"

ထိချို၏ခြိမ်းခြောက်သော စကားကြောင့် နှစ်ဦးစလုံး ထိတ်လန့်သွားကြသည်။

ရှေ့မတိုးရဲဘဲ နေရာတွင်ပင် ရပ်တန့်သွားကြ၏။

ထိချို တကယ်သောင်းကျန်းလျှင် သူတို့လည်း မကာကွယ်နိုင်ကြောင်း နားလည်ထားပေသည်။

ကျူးစိန် လက်ကာပြကာ. . .

"ကောင်းပြီ၊ ကျုပ်တို့ဆက်ပြီး မတိုက်ခိုက်တော့ဘူး အစ်မကြီးယုကို သွေးကြောပြန်ဖွင့်ပေးလိုက်ပါ"

ဟု ပြောလာသည်။

ထိချို ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင် ဖြစ်တယ်၊ ထိန့်လုလုကိုတော့ မင်းတို့စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးလိုက်၊ ကျုပ်ပြောတာ သဘောပေါက်ရဲ့လား"

ကျင့်ဟုန်က ခေါင်းညိတ်ပြသည်။



ကျူးစိန်ကလည်း. . .

"ထိန်လုလုကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့ပြောပေးပါ့မယ်၊ အခုလောလောဆယ်တော့ အစ်မကြီးယုရဲ့ ပိတ်နေတဲ့သွေးကြောကို ပြန်ဖွင့်ပေးလိုက်ပါ မိတ်ဆွေ"

"ရပါတယ်၊ ဒီကိစ္စ လွယ်ပါတယ်",

ထိချိုသည် ပြောပြောဆိုဆိုပင် စားပွဲပေါ်မှ လက်သုတ်ပဝါကို လှမ်းယူ၍ လုံးထွေးလိုက်ပြီး အစ်မကြီးယု၏ ပိတ်နေသော သွေးကြောဆီသို့ လှမ်း၍ ပစ်ပေါက်လိုက်လေသည်။

"ဝိုး"

"ဖပ်"

အစ်မကြီးယုသည် ချက်ချင်းဆိုသလိုပင် ကြမ်းပေါ်လဲနေရာမှ ဝုန်းခနဲ ခုန်ထလာလေသည်။

သွေးကြောပြန်ပွင့်သွားခြင်းပင် ဖြစ်၏။

"ကဲ. . . ကျုပ်သွားမယ်၊ ဟောသည်မှာ ငွေတုံးနှစ်ဆယ်"

ထိချိုသည် ငွေတုံးနှစ်ဆယ်ကို စားပွဲပေါ်သို့ ချထားခဲ့ပြီး အဆောင်ထဲမှ ထွက်လာခဲ့လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အပြောင်းအလဲ

နှစ်ရက်ခန့် ကြာသောအခါ ထူးဆန်းသော သတင်းတစ်ခုကို ထိချိုကြားလိုက်ရသည်။

ယင်းသတင်းမှာ ပန်းပွင့်ဂေဟာမှူး အစ်မကြီးယု လုပ်ကြံခံရသည်ဟူသော သတင်းပင် ဖြစ်သည်။

ထိချိုသည် ချက်ချင်းပင် သွားရောက်စုံစမ်း၏။

ထိုအခါ. . .

ကျင့်ဟုန်အား အခန့်သင့်ပင် တွေ့ရပေသည်။

"အစ်မကြီးယုကို ဘယ်သူ လုပ်ကြံသွားတာလဲ"

ထိချိုက မေးလိုက်သည်။

ကျင့်ဟုန် သက်ပြင်းချကာ. . .

"အဲဒီကိစ္စ ကျုပ်အပူတပြင်း စုံစမ်းနေပါတယ်"



"ထိန်လုလုကော အလုပ်ထွက်သွားပြီလား"

"ဟုတ်ကဲ့ ထွက်သွားပါပြီ"

ထိချို စိတ်အေးသွားသည်။

ထိုစဉ်မှာပင်. . .

အဆောင်အပြင်ဘက်မှ ရုတ်ရုတ်သဲသဲ ဖြစ်သွားကာ လူတွေ ဟိုပြေးသည်ပြေး ဖြစ်နေကြသည်ကို ထိချို သတိထားလိုက်မိလေသည်။

"ဘာဖြစ်တာလဲဗျ"

ထိချိုက ကျင့်ဟုန်ကို မေးလိုက်သည်။

ကျင့်ဟုန် ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး၊ မြင်းလှည်းတစ်စီး ဝင်လာတာတော့ မြင်တယ်"

မြင်းလှည်းသည် ဂေဟာခန်းမဆောင်၏ ဆင်ဝင်အရောက်တွင် တုန့်ခနဲ ရပ်တန့်သွားလေသည်။

မြင်းလှည်း၌ လူမပါ,ပါချေ။

ထိချို မျက်မှောင်ကုပ်ကာ. . .

"လူလဲ မပါ,ပါလား"

ဟု ရေရွတ်လိုက်သည်။

ကျင့်ဟုန်လည်း နားမလည်နိုင်အောင် ဖြစ်နေသည်။

သူ၏စိတ်ထဲဝယ် တစ်ခုခု ထူးဆန်းနေသကဲ့သို့ ခံစားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အတော်ထူးဆန်းတယ်"

ကျင့်ဟုန်ကလည်း ဤသို့ဝင် ကောက်ချက်ချ၍ ပြောလိုက်သည်။

ထိချီက. . .

"ကျုပ်တို့ အောက်ဆင်းကြည့်ကြရအောင်"

ကျင့်ဟုန် သဘောတူလိုက်သည်။

ထိချီနှင့် ကျင့်ဟုန်တို့သည် အဆောင်ပေါ်မှ ဆင်းလာ၍ ဆင်ဝင်အောက်သို့ အရောက်တွင် လူများဝိုင်းအုံ၍ ရှိနေကြပေပြီ။

ထိချီနှင့် ကျင့်ဟုန်တို့သည် ဆင်ဝင်အောက်၌ ရပ်တန့်နေသော မြင်းလှည်းကို အတန်ကြာအောင် အကဲခတ်ကြည့်လိုက်ကြသည်။

ကျင့်ဟုန်က. . .

"ညီလေးထိ၊ ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ"

ဟူသော အဓိပ္ပါယ်ဖြင့် ထိချီကို ကြည့်လိုက်သည်။

ထိချီသည် ပရိသတ်ကြီးကို ဖယ်ခိုင်းလိုက်၏။

ထို့နောက်. . .

မြင်းလှည်းတံခါးကို ဆွဲဖွင့်လိုက်သည်။

"ဂျိ"

မြင်းလှည်းတံခါး ပွင့်သွားသည်နှင့် မြင်းလှည်းအတွင်း၌ ခေါင်းတလားတစ်ခုကို တွေ့လိုက်ရပေ၏။



"ဟာ. . . ဒီမှာ အခေါင်းတစ်ခုပါလား"

ထိချီ အော်ပြောလိုက်ပြီး မြင်းလှည်းအတွင်းမှ အခေါင်းကို ဆွဲမ၍ အပြင်သို့ထုတ်ကာ မြေပေါ်သို့ ချလိုက်သည်။

ပရိသတ်များသည် အထိတ်တလန့်ဖြင့် နောက်သို့ ရှဲထွက်သွားကြလေသည်။

ထိချီ ယူချလိုက်သော ခေါင်းတလားမှာ အနက်ရောင်ဖြစ်ပြီး အခေါင်း၏ထိပ်တည့်တည့်တွင် စာလုံးအဖြူနှင့် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့လိုက်ရပေ၏။

"နှုတ်ဖွာ၍ ကြုံ့စုဂိုဏ်းမှ ဆုံးမလိုက်သည်"

ဟု ဖြစ်ပေသည်။ ကျင့်ဟုန်က. . .

"ညီလေးထိ ဖွင့်ကြည့်ပါလား၊ ဒီအခေါင်းထဲမှာ ဘယ်သူ့အလောင်းများ ဖြစ်နေမလဲ မသိဘူး"

ဟု ပြောလာသည်။

ထိုအခါ. . .

ထိချီသည် အခေါင်းတလားကို ဆွဲဖွင့်လိုက်လေသည်။

"ဟင်"

"ဟာ"

"ဘယ်လို ဖြစ်တာလဲ"

အခေါင်းအတွင်းမှ အလောင်းတစ်လောင်းကို တွေ့လိုက်ရသောအခါ အားလုံးလိုလိုပင် အံ့ဩထိတ်လန့်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းမှာ ပန်းပွင့်ဂေဟာမှ ထိန်လုလု၏အလောင်း ဖြစ်နေသောကြောင့်ပင်။

"တောက်"

ထိချီသည် စိတ်ထိခိုက်သွားရသလို ဒေါသလည်း ထွက်သွား၍ တောက်တစ်ချက်ကို ပြင်းစွာ ခေါက်လိုက်မိလေသည်။

ကျင့်ဟုန်သည် အလွန်အမင်း ထိတ်လန့်နေ၏။

ထိချီအား ကြည့်ကာ. . .

"ညီလေးထိ၊ ဂေဟာက လူနှစ်ယောက်တော့ လုပ်ကြံခံလိုက်ရပြီ"

ထိချီက. . .

"အဲဒါ ဘာဖြစ်လို့လဲ"

ကျင့်ဟုန်က. . .

"ကျုပ်လဲ အန္တရာယ်မကောင်းသလို ခံစားရတယ်"

တုန်ယင်သော လေသံဖြင့် ပြောလာသည်။

ထိချီ မျက်မှောင်ကုပ်ကာ စဉ်းစားလိုက်သည်။

ထိုအခိုက်မှာပင်. . .

"အား"

ကျင့်ဟုန်သည် စူးရှစွာ အော်ဟစ်ရင်း လဲကျသွားလေသည်။

"ဟင်"

"ဟာ"



"အမယ်လေး"

ပရိသတ်များသည် ထိုအဖြစ်ကို မြင်လိုက်ကြသည့် အခိုက်၌ ထိတ်လန့်တကြားဖြင့် အော်ဟစ်ကာ ပြေးထွက်သွားကြလေသည်။

ဆင်ဝင်အောက်တွင် လူရှင်း၍ သွားတော့သည်။

ထိုစဉ်. . .

အရိပ်သဏ္ဌာန်တစ်ခုကို ရိပ်ခနဲ မြင်လိုက်သဖြင့် ထိချီသည် ထိုအရိပ်သဏ္ဌာန် နောက်သို့ ပြေးလိုက်သွားလေ၏။

"ရပ်စမ်း"

ထိချီက ဟန့်တားရင်း လွှားခနဲ ပိတ်ဆို့ဟန့်တားလိုက်လေသည်။

"ဝှီး"

"ဟိုင်း"

ထိချီသည် ရှေ့မှပိတ်ကာ ရပ်လိုက်စဉ်မှာပင် အရိပ်သဏ္ဌာန်ရှင်က ရုတ်တရက် တိုက်ခိုက်လာသည်။

အလင်းတန်းတစ်ခုသည် ထိချီ၏ကိုယ်ပေါ်သို့ အရှိန်ဖြင့် ကျရောက်လာသဖြင့် ဘေးသို့ ခုန်ရှောင်လိုက်ရသည်။

ရန်သူသည် မျက်နှာဖုံးစွပ်ထားသဖြင့် ဘယ်သူဘယ်ဝါ မှန်း မသိနိုင်ပေ။

"ဟေ့လူ၊ ခင်ဗျား ဘယ်သူလဲ"

ထိချီက အော်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ဖြေကြားခြင်း မပြုဘဲ ထွက်ပြေးရန် ပြင်နေသဖြင့် ထိချီက ပိတ်ဆို့တိုက်ခိုက်လိုက်၏။

"ထန်း"

"ချွမ်း"

ဓားချင်း ထိခတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မျက်နှာဖုံးစွပ်ထားသူမှာ နောက်သို့ လေးငါးလှမ်းမျှ ဆုတ်သွားရလေသည်။

"ဟေ့လူ ပြောနေတာ မကြားဘူးလား၊ မေးတာ မဖြေရင် ကျုပ်အဆိုးမဆိုနဲ့"

ထိချီက ဓားကို ဝှေ့ယမ်းကာ ခြိမ်းခြောက်လိုက်လေသည်။

သို့သော်. . .

ထိုလူမှာ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဘဲ ထိချီထံ လွှားခနဲ ခုန်ဝင်လာသည်။

ထိချီက ပြင်းထန်စွာပင် ပြန်လည်တိုက်ခိုက်လိုက်၏။

"ချွမ်း"

မျက်နှာဖုံးစွပ်၏လက်ထဲမှ ဓားလွတ်ကျသွားသည်။

သို့သော် သူက အလျှော့မပေးပါ။

လက်နက်ပုန်းများဖြင့် ပစ်လွှင့်တိုက်ခိုက်လိုက်ပြန်လေသည်။



"ဝှစ်. . . ဝှစ်"

"ထန်း"

အလင်းတန်းနှစ်ခု ပြေးဝင်လာသဖြင့် ထိချီက ဓားဖြင့် ခတ်ထုတ်ပစ်လိုက်သည်။

လက်နက်ပုန်းနှစ်ခုသည် ဓားဖြင့် ပြင်းထန်စွာ ထိခတ်ပြီး ဘေးသို့ လွင့်စဉ်သွားလေသည်။

ထိချီ ခုန်ဝင်လိုက်သည်။

ရန်သူသည် လက်နက်ပုန်းဖြင့် ထပ်မံပစ်ခတ်ရန် ပြင်သည်။

သို့သော်. . .

ထိချီက အခွင့်အရေးမပေးဘဲ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

"ဝှစ်"

"အင့်"

ထိချီ၏ဓားချက်က ထိုလူ၏ဝမ်းဗိုက်ကို ထိုးဖောက်သွားလေသည်။

မျက်နှာဖုံးစွပ်ထားသူ လဲကျသွား၏။

ထိချီသည် လဲကျသွားသော ထိုလူ၏လည်ပင်းကို ဓားဖြင့် ထောက်ထားလိုက်သဖြင့် ထိုလူမှာ ထပ်မံလှုပ်ရှားနိုင်ခြင်း မရှိတော့ပေ။

"ခင်ဗျား ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် ထိခိုက ထိုလူ၏မျက်နှာပေါ်မှ မျက်နှာဖုံးကို ဆွဲပစ်လိုက်သည်။

"ဟင်"

ရုတ်တရက်. . .

ထိခို အံ့ဩသွားလေသည်။

မျက်နှာဖုံးရှင်အား ကြည့်ကာ. . .

"ခင်. . . ခင်ဗျား. . . ကျူးစိန်"

ဟု ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်၏။

မျက်နှာဖုံးရှင်မှာ ကျူးစိန် ဖြစ်နေပေသည်။

ကျူးစိန်က. . .

"ဟုတ်. . . ဟုတ်ပါတယ် ညီလေးထိ၊ ကျုပ် ကျူးစိန်ပါ။ကျင့်ဟုန်ကို လုပ်ကြံတာ ကျုပ်ပါ၊ မမယုကို ရှင်းပစ်ခဲ့တာလဲ ကျုပ်ပါပဲ"

ကျူးစိန်က ရှင်းပြလာသည်။

ထိခိုက. . .

"ခင်ဗျားရဲ့မှိန်းလက်နက်ကြီး ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

ကျူးစိန်က. . .

"ဒီလက်နက်ကိုင်ငင် ကျုပ်မှန်းသိမှာစိုးလို့ မကိုင်တာပါ။ ကျုပ်. . . အား၊ ကျွတ်. . . ကျွတ်"

ကျူးစိန်ကစကားအဆုံး၌ စုတ်သပ်ညည်းညူလိုက်၏။



ထိခို၏ခေါ်ချက်က ကျူးစိန်၏ဝမ်းဗိုက်ကို ထုတ်ချင်းခတ် ထိုးဖောက်ခဲ့သဖြင့် သွေးထွက်လွန်ကာ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

ကျူးစိန် ကြာရှည်မခံနိုင်တော့မှန်း ထိခို ကောင်းစွာ ရိပ်မိလိုက်၏။

သို့ရာတွင်. . .

ကျူးစိန် မသေခင် သူ၏လုပ်ဆောင်ချက်နှင့် လျှို့ဝှက်ချက်ကို သိချင်သေးသဖြင့် ထိခိုက ဆက်၍ မေးလိုက်လေသည်။

"ခင်ဗျား ဘာဖြစ်လို့ အစ်မကြီးယုနဲ့ ကျင့်ဟုန်ကို လုပ်ကြံခဲ့တာလဲ"

ကျူးစိန်က ညည်းညူရင်းမှ. . .

"ငွေတုံးနှစ်ဆယ် လိုချင်လို့ အစ်မကြီးယုကို လုပ်ကြံလိုက်တာပါ၊ ကျင့်ဟုန်ကို ရှင်းပစ်ရတဲ့ ကိစ္စက ဝေစုခွဲမပေးချင်လို့ပါ"

ထိခို ဒေါပွသွားသည်။

"နေပါဦး၊ ထိန်လုလုကို သတ်တာကော ခင်ဗျားပဲလား"

"ဟုတ်. . . ဟုတ်ပါတယ်"

"သူ့မှာ ဘာအပြစ်ရှိလို့ ခင်ဗျား အခုလို လုပ်ရတာလဲ"

ကျူးစိန်သည် စုတ်သပ်ညည်းရင်း ဖြေကြားလိုက်၏။

"ထိန်လုလုကို ရှင်းပစ်ရင် ငွေတုံးခြောက်ဆယ် ရမှာမို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ငွေတုံးခြောက်ဆယ် ဟုတ်လား"

ထိချိုက တအံ့တဩ မေးလိုက်သည်။

ကျူးစိန်က. . .

"ဟုတ်ပါတယ်"

"အဲဒီ ငွေတုံးခြောက်ဆယ်က ဘယ်က ရတာလဲ၊ ဘယ်သူပေးတာလဲ"

"ဆရာရှမ်းထင်းလီ"

ထိချို သဘောပေါက်သွားသည်။

"ဩော်. . . နှုတ်ပိတ်ခဆိုပါတော့"

"ဟုတ်. . . ဟုတ်ပါတယ်၊ ထိန်လုလုက ဆရာရှမ်းထင်းလီဆီမှာ ရှိတဲ့ ကျောက်နီနဂါးရုပ်ကိစ္စကို ညီလေးကို ပြောပြခဲ့လို့. . . အ. . ."

ကျူးစိန်သည် ပြောရင်း တွန့်လိမ်ကွေးကောက်သွားသည်။

ထို့နောက်. . .

မျက်ဖြူလန်ကာ နှုတ်ပိတ်သွားလေသည်။

"ကျူးစိန်. . . ကျူးစိန်"

ထိချို ခေါ်သော်လည်း သူတုတ်တုတ်မျှပင် မလှုပ်တော့ပေ။ ကျူးစိန်ကား သေဆုံးသွားပြီ ဖြစ်လေတော့သည်။

♥ ♥ ♥



## လိုက်ရှာသူများ

အန္တရာယ်များ သူ့ထံ ဝိုင်းရံနေပြီဟု ထိချို ရိပ်မိလိုက်လေသည်။

ထိချိုသည် နေရာဒေသပြောင်းရွှေ့ရန် ချက်ချင်းစီစဉ်လိုက်လေသည်။

ထိုနေ့ သန်းခေါင်ယံမှာပင် တည်းခိုခန်းမှ လျှို့ဝှက်စွာ ထွက်ခဲ့လေသည်။

ထို့နောက်. . .

မြင်းဇောင်းမှ မြင်းကို ယူ၍ ခရီးဆက်ခဲ့သည်။

တောင်ဘက် စုနန်းမြို့သို့ ရောက်သော် မနက်အာရုဏ် တက်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်နှင့် တည်းခိုခန်းတစ်ခုသို့ ထိချီ ရောက်ရှိလာသည်။

၎င်းစားသောက်ဆိုင်နှင့် တည်းခိုခန်း၏အမည်မှာ 'ရွှေငါး' စားသောက်ဆိုင်ဟူ၍ ဖြစ်ပေသည်။

ဆိုင်တွင်း၌ လူလေးငါးယောက်ခန့် ရှိပေသည်။

ထိချီသည် ဆိုင်ရှင်နှင့် တွေ့ဆုံကာ. . .

"ကျုပ်အခန်းခအတွက် ဘယ်လောက်လဲ၊ စားစရိတ်အပါအဝင်ပေါ့"

ဆိုင်ရှင်က တွက်ချက်ပြီး. . .

"ငွေတုံးနှစ်ဆယ်ပါ"

ဟု ပြောလာ၏။

ထိချီက. . .

"ရော့ ငွေတုံးလေးဆယ်၊ ကျုပ်ကို မနှိုးနဲ့၊ ကျုပ်ခရီးပမ်းလာတယ်"

ဆိုင်ရှင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိချီက. . .

"ကျုပ် ဒီမနက်ကစပြီး နောက်တစ်နေ့အတွက် ပေးတာ"

ထိုအခါမှ ဆိုင်ရှင် သဘောပေါက်နားလည်သွား၏။

ထိချီအား လက်နှစ်ဖက်ဆုပ် ဦးညွှတ်ကာ. . .

"ဟုတ်ကဲ့၊ ဘယ်သူမှ မနှောင့်ယှက်စေရပါဘူး"



ပြောရင်း အခန်းအား လိုက်လံပို့ဆောင်ကာ သော့ပေးလိုက်သည်။

ထို့နောက် ထိချီအား မေးလိုက်သည်။

"ဆရာလေး ဘာခိုင်းဦးမလဲ"

"တစ်ခုတော့ လုပ်ပေးဗျာ"

"ဟုတ်ကဲ့ ပြောပါ"

"အရက်တစ်အိုးနဲ့ ပေါက်စီတစ်ပွဲတော့ လုပ်ပေးဗျာ၊ အိပ်ရာထမှာ ဗိုက်က ဆာချင်ဆာနေမှာ"

"ဟုတ်ကဲ့ ပို့ပေးလိုက်ပါ့မယ်"

"ဒါဖြင့် အားလုံးပြီးပြီ"

ဆိုင်ရှင် ထွက်သွား၏။

ထိချီသည် သော့ဖွင့်ပြီး အခန်းတွင်းသို့ ဝင်လိုက်လေသည်။

အခန်းမှာ သန့်ရှင်းသပ်ရပ်ပေသည်။

လူတစ်ယောက်အတွက် များစွာ လုံလောက်သော အခန်းတစ်ခန်း ဖြစ်သည်ဟု ထိချီ နားလည်လိုက်လေသည်။

အခန်းတွင်း၌ ခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ မှန်တင်ခုံလည်း ရှိသည်။

မျက်နှာသစ်ရန် ကြွေဇလုံလည်း ရှိသည်။

ပြတင်းပေါက်မှာ ပိတ်ထား၏။

ထိချီသည် ပြတင်းပေါက်နား လျှောက်သွားကာ တံခါး

www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်လိုက်သည်။

အေးမြသန့်ရှင်းသော လေများက အခန်းတွင်းသို့ ပြေးဝင်လာကြ၏။

ထိချီသည် ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်သော အခါ မြေနီလမ်းတစ်ခုကို တွေ့ရ၏။

လမ်း၏အဆုံး၌ စိမ်းမြသော တောအုပ်နှင့် ချောင်းတစ်ခုကို တွေ့ရ၏။

ရှုခင်းမှာ အလွန်သာယာပေသည်။

အလွန်နေပျော်သော အခန်းတစ်ခုဟု နားလည်လိုက်စဉ်မှာပင် အခန်းဆောင်အတွင်းသို့ လူတစ်ယောက် ဝင်လာသည်။

ထိုလူမှာ ဆိုင်ရှင် စေခိုင်းလိုက်သော ဆိုင်လုလင်တစ်ဦးပင် ဖြစ်လေသည်။

ထိချီက. . .

"ထားခဲ့ပါ"

ဟု ပြောလိုက်သည်။

ဆိုင်လုလင်သည် အရက်တစ်အိုးနှင့် ပေါက်စီတစ်ပွဲကို ထားခဲ့ပြီး အခန်းမှ ပြန်ထွက်သွားလေ၏။

ထိချီသည် ပြတင်းတံခါးကို ပြန်ပိတ်ကာ ခုတင်ပေါ်လှဲ၍ အိပ်ချလိုက်လေတော့သည်။

❖ ❖ ❖



# ရှာပုံတော်

ထိချီ အိပ်ပျော်သွားနေခိုက် ဖြစ်၏။

ထိုအချိန်မှာပင်. . .

ကျောက်စိမ်းစားသောက်ဆိုင်သို့ လူနှစ်ယောက် ရောက်ရှိလာ၏။

တစ်ယောက်မှာ အမျိုးသားတစ်ဦး ဖြစ်၍ နောက်တစ်ယောက်မှာ မိန်းလေးတစ်ဦးပင် ဖြစ်လေသည်။

အမျိုးသားမှာ ဝတ်စုံဖြူကို ဝတ်ဆင်ထားပြီး မိန်းကလေးမှာ ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပေသည်။

အမျိုးသားမှာ အသက်ငါးဆယ်ကျော်ခန့်ရှိပြီး မိန်းကလေးမှာ အသက်နှစ်ဆယ်ကျော်ခန့် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ငွေသိမ်းစားပွဲသို့ လျှောက်လာကြ၏။

အမျိုးသားကြီးက. . .

"ဒီမှာ မိတ်ဆွေလေး ကျုပ်တစ်ခု မေးချင်လို့ပါ"

"ဟုတ်ကဲ့ မေးပါ လူကြီးမင်း"

ငွေသိမ်းစာရေးလေးမှာ လွန်စွာ ရည်မွန်ပေသည်။

အမျိုးသားကြီးက. . .

"ဒီနေ့ မိတ်ဆွေလေးတို့ဆိုင်ကို လူတစ်ယောက် ရောက်မလာဘူးလား၊ လူငယ်တစ်ယောက်ပါ"

ငွေသိမ်းစာရေးသည် မထင်မှတ်သော ထိုလူကြီး၏ စကားကြောင့် မျက်နှာကွက်ခနဲ ပျက်သွား၏။

သို့ရာတွင်. . .

ငွေသိမ်းစာရေးသည် ချက်ချင်းပင် မျက်နှာကို ပြန်ပြင်လိုက်ပြီး. . .

"မရောက်လာပါဘူး ခင်ဗျာ"

ဟု ငြင်းဆိုလိုက်သည်။

အမျိုးသားကြီးက တစ်ချက်မျှ မသိမသာပြုံးကာ ခေါင်းညိတ်လိုက်သည်။

ပြီးမှ အမျိုးသားကြီးက. . .

"မိတ်ဆွေလေးက စိုးရိမ်လို့ ပြောလိုက်တာ မဟုတ်လား၊ မိတ်ဆွေလေး မျက်နှာပျက်သွားတာကို ကျုပ်သတိထားလိုက်မိပါတယ်"



ဝတ်စုံဖြူ ဝတ်ဆင်ထားသော အမျိုးသားကြီးသည် လေသံအေးအေးဖြင့်ပင် ပြော၍ ဆက်ပြုံးနေ၏။

မိန်းကလေးမှာ တစ်ဆိုင်လုံးကို အကဲခတ်ကြည့်နေဝေသည်။

သူတို့သည် အလွန်လျှို့ဝှက်သူများ ဖြစ်ကြောင်း မြင်ရုံဖြင့် ငွေသိမ်းစာရေး ထင်လိုက်သည်။

ငွေသိမ်းစာရေးမှာ အန္တရာယ် ဖြစ်မည်စိုး၍ ဖုံးကွယ်လိုက်ခြင်း ဖြစ်သည်။

ဝတ်စုံဖြူလူကြီးက. . .

"မိတ်ဆွေလေး စိုးရိမ်လို့ မဟုတ်လား၊ ကျုပ်တို့က သူ့မိတ်ဆွေပါ၊ သူ ဒီနေ့မှာ ရောက်မယ်လို့ သတင်းကြားလို့ အမီလိုက်လာခဲ့တာ"

ဟု ပြောလိုက်သည်။

မိန်းကလေးမှာ အလွန်လှပချောမောသူလေးတစ်ဦး ဖြစ်ပေသည်။

သူမသည် ငွေသိမ်းစာရေးကို ပြုံးပြလိုက်ပြီး. . .

"ကျွန်မတို့ တွေ့ချင်တဲ့ ညွှန့်သည်က ကျွန်မတို့ရဲ့ရန်သူ မဟုတ်ပါဘူးရှင်၊ မိတ်ဆွေပါ"

ငွေသိမ်းစာရေးက. . .

"ဟုတ်ကဲ့၊ ခင်ဗျားတို့ တွေ့ချင်တဲ့ ညွှန့်သည်နာမည်က ဘယ်သူများလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက. . .

"ဟုတ်ကဲ့ရှင်၊ ထိချိုလို့ ခေါ်ပါတယ်"

ဟု ဖြေကြားလိုက်သည်။

ထိုအခါ. . .

ငွေသိမ်းစာရေးက စာရင်းစာအုပ်ကို လှန်၍ ကြည့်ကာ ပြောလိုက်သည်။

"ဟောသည်မှာ ကြည့်ပါ ခင်ဗျာ၊ ဒီနေ့ ရောက်တဲ့ ဧည့်သည်တွေရဲ့ အမည်စာရင်း"

မိန်းကလေးက ယူကြည့်လိုက်သည်။

ဧည့်စာရင်းတွင် 'မားဟူ'ဆိုသော အမည်သစ်ကို ရက်စွဲသစ်နှင့် တွေ့လိုက်ရပေသည်။

ငွေသိမ်းစာရေးက. . .

"ဒီနေ့ ရောက်တဲ့ ဧည့်သည်သစ်က အစ်မလေး မြင်တဲ့အတိုင်းပဲ"

မိန်းကလေးက စိတ်ပျက်ဟန်ဖြင့် ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

ထို့နောက်. . .

ဝတ်စုံဖြူလူကြီးအား ကြည့်ကာ. . .

"ဧည့်သည်က မားဟူးတဲ့ဖေဖေ၊ ဒီနေ့ နေ့စွဲနဲ့ ရောက်လာတာ"

ဟု ပြောလိုက်သည်။



ဝတ်စုံဖြူလူကြီး တစ်ချက်တွေဝေသွားကာ. . .

"ဒါဖြင့် တို့ ဘယ်လိုလုပ်ကြမလဲ၊ ပြန်မလား"

မိန်းကလေးက. . .

"ကျွန်မစိတ်ထဲမှာ ထိချိုဟာ လမ်းခုလတ်မှာပဲ ရှိနေလိမ့်ဦးမယ်လို့ ထင်တယ်၊ ကျွန်မတို့ ဒီဆိုင်ကလေးမှာ တစ်ခုခု စားသောက်ပြီး ထိုင်စောင့်နေကြရင် မကောင်းဘူးလား"

မိန်းကလေးမှာ အလွန်ဇွဲကြီးသူတစ်ယောက် ဖြစ်ဟန်တူပေ၏။

ဝတ်စုံဖြူလူကြီးက. . .

"သူ ဒီက မလာဘဲ ခရီးဆက်သွားရင် ဘယ်နှယ့်လုပ်မလဲ၊ တို့က ဒီမှာ ထိုင်စောင့်နေရင် အချိန်တွေ အလဟဿကုန်နေပါဦးမယ် သမီးရယ်"

ဟု တွေးတွေးဆဆဖြင့် ပြောလာသည်။

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ သူ့ကို စောင့်ချင်သေးတယ်၊ သူ ဧကယ် လာမှာပါ"

ထို့ကြောင့်. . .

ဝတ်စုံဖြူလူကြီး ဘာမျှ မပြောတော့ပါ။

သက်ပြင်းတစ်ချက်ချကာ စားပွဲတစ်ခု၌ သွားရောက်ထိုင်ချလိုက်လေသည်။

မိန်းကလေးက [illegible]လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေ့တစ်ဝက်လောက်တော့ စောင့်ကြည့်ချင်တယ်၊ နေ့ဝက်ကုန်လို့ သူ ဒီကို ရောက်မလာခဲ့ရင် ကွန်မတ်ပြန်ကြတာပေါ့"

ကုလားထိုင်တစ်လုံးကို ဆွဲယူထိုင်လိုက်ပြီးနောက် သူမက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"သမီးသဘောပဲ"

ထိုစဉ်မှာပင်. . .

ဆိုင်တွင်းသို့ လူတစ်ယောက် အလောတကြီး ဝင်ရောက်လာလေသည်။

ထိုလူမှာ. . .

လူဝကြီးတစ်ယောက် ဖြစ်ပေသည်။

လူဝကြီး ဆိုင်အတွင်းသို့ ရောက်လာသောအခါ ငွေသိမ်းစာရေးက လှမ်းမေးလိုက်သည်။

"ဟော့. . . ပုချန်း၊ ဘာအကြောင်းထူးလဲ"

ပုချန်းဆိုသူက. . .

"ဒီနေ့ ရောက်တဲ့ ဧည့်သည်မျက်နှာစိမ်းကို တွေ့ချင်လို့တဲ့ ဆိုင်အပြင်မှာ လူနှစ်ယောက် စောင့်နေပါတယ်၊ အထဲဝင်ပါဆိုလဲ ပြောလို့ မရဘူး၊ အဲဒီ ဧည့်သည်ကိုသာ အပြင်ခေါ်ထုတ်ခဲ့ပါတဲ့"

ပုချန်း၏စကားကြောင့် ဝတ်စုံဖြူလူကြီးနှင့် မိန်းကလေးတို့ စိတ်ဝင်စား၍သွားကာ အခြေအနေကို အကဲခတ်ကြည့်လိုက်ကြသည်။



ငွေသိမ်းစာရေး မျက်မှောင်ကုပ်ကာ. . .

"ဘယ်သူတွေလဲ ပုချန်း"

ပုချန်း ခေါင်းယမ်းကာ. . .

"မသိဘူး၊ ကြည့်ရတာ သိုင်းသမားတွေနဲ့ တူကယ်" ဟု ပြောလာ၏။

ငွေသိမ်းစာရေးသည် အနည်းငယ် စိတ်ပျက်သွားဟန်ဖြင့် ညည်းညူလိုက်သည်။

"ဘာတွေ ဖြစ်နေကြလဲ မသိဘူး"

အဘိုးအို သားအဖ နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်နှာရိပ်မျက်နှာကဲဖြင့် အချက်ပြလိုက်ကြလေသည်။

ဤတွင်. . .

ရုတ်တရက်ဆိုသလို သမီးလုပ်သူသည် လွှားခနဲ ခုန်သွား၍ ဆိုင်အပြင်သို့ ပြေးထွက်သွားလေသည်။

မိန်းကလေး လှုပ်ရှားလိုက်ပြီးနောက် ချက်ချင်းဆိုသလိုပင် ဝတ်စုံဖြူလူကြီးလည်း လှုပ်ရှားလိုက်ကာ ဆိုင်အပြင်သို့ လွှားခနဲ ခုန်ထွက်သွားလေသည်။

လူဝကြီးပုချန်းသည် အထိတ်တလန့်ဖြင့် ဆိုင်ပေါက်ဝသို့ပင် လှဲချလိုက်လေသည်။

ပုချန်း ဝုန်းခနဲ ကြမ်းပြင်ပေါ်သို့ ကျသွားသည်နှင့် ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ စားသောက်နေကြသူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

"ဟာ. . . ဘယ်လို ဖြစ်ကြတာလဲ"

မိန်းကလေးတို့သားအဖသည် ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် လှုဝကြီးပုချွန်း၏ခေါင်းပေါ်မှ လွှားခနဲ ခုန်ပျံကျော်လွှားကာ ဆိုင်အပြင်သို့ ရောက်ရှိသွားကြလေတော့သည်။

♥ ♥ ♥



## အကြံတူရန်သူ

အရိပ်သဏ္ဍာန်နှစ်ခု မြေပေါ်သို့ကျရောက်လာသည်နှင့် အာမေဋိတ်သံများ ပေါ်ထွက်လာသည်။

"ဟင်"

"ဟာ"

ဆိုင်အပြင်၌ရှိနေကြသော သိုင်းသမားနှစ်ယောက်သည် ရုတ်တရက် ထိတ်လန့်သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်ကြလေသည်။

"လက်စသတ်တော့ ကြုံစုဂိုဏ်းက ကျော်ဟင်းနဲ့ ဆေးထံရှင်လုဖိန်တို့ ဖြစ်နေတာကိုး"

သိုင်းသမားနှစ်ယောက်ကား ကျော်ဟင်းနှင့် လုဖိန်တို့ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဟင်းသည် ရင်ထိတ်သွားပြီး ဓားကို ဖျတ်ခနဲ ဆွဲထုတ်လိုက်လေသည်။

"ဟား. . . ဟား. . . ဟား"

အဘိုးအို ရယ်မောလိုက်သည်။

ကျော်ဟင်း မဲ့ရွဲ့ကာဖြင့်. . .

"ခုံတုံဂိုဏ်းချုပ်ကြီးတို့ သားအဖက တယ်လည်း အနံ့ခံကောင်းလှချည်လား၊ ခင်ဗျားနဲ့ကျုပ်တို့ကတော့ အကြံတူရန်သူတွေပေါ့"

ဟု ပြောလာသည်။

အဘိုးအိုမှာ ခုံတုံဂိုဏ်းချုပ်လင်းလွေကျိုင်းဖြစ်ပြီး မိန်းကလေးမှာ လင်းလျှံပင်ဖြစ်သည်။

ခုံတုံဂိုဏ်းချုပ်လင်းလွေကျိုင်း အသာအယာပြုံးကာ. . .

"မင်းတို့ဂိုဏ်းချုပ် ရှမ်းထင်းလီလည်း မဆိုးပါဘူး၊ အခုလာတဲ့ကိစ္စက ထိချီနဲ့တွေ့ဖို့ပဲ မဟုတ်လား"

ဟု မေးလိုက်သည်။

ကျော်ဟင်းက. . .

"ဂိုဏ်းချုပ်ကြီးတို့လည်း သူနဲ့တွေ့ဖို့လာတာ မဟုတ်လား၊ ကျုပ်တို့ကို အစ်အောက်မေးနေစရာ မလိုပါဘူး"

လင်းလွေကျိုင်း မျက်မှောင်ကုပ်ကာ. . .

"ဟုတ်တယ်၊ ငါ့ညီပြောသလိုပဲ၊ ဒီနေရာကတော့ အကြံချင်းတူပြီပေါ့၊ ဒါပေမယ့် လာရင်းရည်ရွယ်ချက်ချင်းကတော့



တူချင်မှတူမှာပါလေ၊ မင်းတို့လာရင်းကိစ္စက ဘာလဲ၊ ထိချီကိုတွေ့ချင်တဲ့ကိစ္စကို ပြောပါလား"

ဟု မေးလိုက်သည်။

ကျော်ဟင်း ခေါင်းယမ်းလိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်မှာပြောပိုင်ခွင့်မရှိပါဘူး၊ ဂိုဏ်းချုပ်ကလည်း ဘာမှမညွှန်ကြားလိုက်ပါဘူး၊ ထိချီနဲ့တွေ့မှ ကျုပ်တို့ကိစ္စကပြီးမှာပါ၊ အစ်ကိုကြီးတို့ကိစ္စကရော ဘာများလဲ"

"မင်းတောင် မပြောတာ၊ ငါက အမိုက်ခံပြီး ပြောရမှာလား၊ ဒီမှာ ကျော်ဟင်း မင်းနဲ့ငါ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရင်ကောင်းမယ်"

လင်းလွေကျိုင်း၏အသံက အနည်းငယ် တင်းမာနေပေသည်။

ထိုအခါ. . .

ကျော်ဟင်းသည် အဖော်ပါလာသော ဆေးတံရှင်လုဖိန်အား တစ်ချက်ကြည့်ကာ မေးဆတ်ပြလိုက်၏။

သဘောမှာ "ဘယ်လိုလဲ၊ ပြောလိုက်ရမလား"ဟူသော အဓိပ္ပါယ်ပင်ဖြစ်သည်။

လုဖိန် ပခုံးတွန့်ပြကာ. . .

"ခင်ဗျား သဘောပဲ"

ဟု ပြောလိုက်၏။

ကျော်ဟင်းက ချောင်းတစ်ချက်ဟန့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးလင်း"

လင်းလွေကျိုင်းက. . .

"ပြောပါ ညီလေး၊ ငါတို့ အေးအေးဆေးဆေး ဆွေးနွေးလို့ရပါတယ်"

ကျော်ဟင်း ခေါင်းညိတ်ကာ. . .

"အခု ကျွန်တော်တို့လာရင်းကိစ္စကို မှန်မှန်ကန်ကန်ပြောလို့ရပါတယ်၊ ဒါပေမယ့် အခုဒီစားသောက်ဆိုင်ထဲမှာ ထိချိရှိသလား မသိသေးဘူး၊ သူရှိရင် သူ့ကိုပါခေါ်ပြီး ကျုပ်တို့ဆွေးနွေးကြရင် ပိုအဆင်ပြေမယ်"

လင်းလွေကျိုင်း မျက်မှောင်ကုပ်ကာ. . .

"ဒီဆိုင်မှာ ထိချိမရှိဘူး၊ သူရောက်မလာသေးဘူးနဲ့တူတယ်"

ဟု ပြောလာသည်။

ကျော်ဟင်း အထင်လွဲသွားသည်။

လင်းလွေကျိုင်းအား စိုက်ကြည့်ကာ. . .

"အစ်ကိုကြီးက ကျုပ်ကို ညာပြောနေတာလား၊ ထိချိဒီဆိုင်ကိုရောက်နေတယ်ဆိုတာ ကျုပ် သတင်း အတိအကျရထားတယ်"

လင်းလွေကျိုင်း ပြုံးလိုက်သည်။

"ကျုပ်လည်း ဒီလိုပဲ သတင်းရခဲ့တယ်၊ ဒါပေမယ့် စုံစမ်းကြည့်တော့ ထိချိ မရောက်သေးဘူး၊ မားဟွာဆိုတဲ့ မျက်နှာသစ်



လူစိမ်းတစ်ယောက်ပဲ ရောက်နေသေးတယ်လို့ စုံစမ်းမိတယ်"

ကျော်ဟင်း ခေါင်းယမ်းလိုက်သည်။

"မဟုတ်နိုင်ဘူး၊ သူ အခုထဲမှာ ရှိကိုရှိရမယ် သေချာတယ်"

သူက အခိုင်အမာ ပြောလာသည်။

လင်းလွေကျိုင်း သက်ပြင်းချလိုက်သည်။

"မင်းမယုံရင် စုံစမ်းကြည့်ပါ၊ ငါတို့ကတော့ စုံစမ်းပြီးပြီ"

ထိုစဉ် လူဝကြီးပုချန်း ရောက်လာသဖြင့် ကျော်ဟင်းက လှမ်းမေးလိုက်သည်။

"ဟေ့. . . . ကျုပ်မေးခိုင်းတာ ဘယ်လိုလဲ"

ပုချန်းက. . .

"ဆရာလေးမားဟွာ အိပ်နေပါတယ်၊ ခင်ဗျားပြောတဲ့ ထိချိကတော့ ဆိုင်မှာမရှိပါဘူး"

ပုချန်းပြောလိုက်မှ အခြေအနေ ပိုမိုရှုပ်ထွေးသွား၏။

"ဘယ်က မားဟွာလဲဗျ"

ကျော်ဟင်းက ဒေါသသံဖြင့် မေးလိုက်သည်။

ပုချန်း ပျာပျာသလဲဖြင့်. . .

"ဒီနေ့မှရောက်တဲ့ မျက်နှာစိမ်းဧည့်သည်ပါ"

ဟု ပြောလိုက်သည်။

ကျော်ဟင်း ခေါင်းယမ်းလိုက်သည်။

"ဟုတ်တယ်၊ သူပြောတာ အမှန်ပဲ၊ ကျုပ်လည်း စာရင်း

www.burmeseclassic.com

www.burmeseclassic.com



လွန်ကြည့်ခဲ့တယ်၊ ဒီနေ့ရောက်တဲ့စည့်သည်စာရင်းမှာ မားဟူကိုပဲ တွေ့ခဲ့တယ်"

ကျော်ဟင်း စိတ်ပျက်သွားသည်။

"ဒါဆို ကျုပ်တို့ ကြားခဲ့တဲ့သတင်းက အမှန်မဟုတ်ဘူးပေါ့"

လင်းလွှကျိုင်းက အစကောက်သလိုဖြင့် ပြောလိုက်လေသည်။

"ငါတို့လည်း ဒီအတိုင်းကြားခဲ့တာပဲ၊ တစ်ခုတော့ရှိတယ်၊ လမ်းခရီးမှာပဲ ရှိဦးမယ်ထင်တယ်၊ ဒါတွေ ထားလိုက်ဦး စောစောကပြောတဲ့အတိုင်း ငါတို့ဆွေးနွေးရအောင်"

ကျော်ဟင်းမှာ ထိုစကားကြောင့် တွေဝေငေးငိုင်သွားလေတော့သည်။

ပထမပိုင်းပြီး၏။

ဒု-ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၂၅၀
တန်ဖိုး ၁၀၀/–ကျပ်

**ထုတ်ဝေသူ**
ဒေါ်တင်တင်အေး (ရွက်စိမ်း စာပေ)
အမှတ် ၄၃ (A)၊ ၄ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



## ရှင်းတမ်း

လေဝှေ့ယမ်း တိုက်ခတ်လာသည်။

အေးမြသောလေအား ကျောင်ဟင်းမခံစားနိုင်ပါ။

ထိခိုက် ဤနေရာသို့ မရောက်လျှင် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

တိုက်တိုက်ဆိုင်ဆိုင် ခုံတုံဂိုဏ်းချုပ်နှင့်လည်း လာတွေ့နေ၏။

သူက တွေဝေစဉ်းစားနေစဉ်မှာပင် . . .

"ကျုပ် ပြန်လို့ရပြီလား"

ပုချန်း၏မေးမြန်းသံ ထွက်ပေါ်လာသည်။

ကျော်ဟင်း လက်ဝှေ့ယမ်းလိုက်၏။

"သွားတော့ဗျာ"

သူက အကြောင်းမထူးတော့သဖြင့် ပုချန်းအား ပြန်ခွင့်ပြုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုချန်းက ချက်ချင်းထွက်သွားသည်။

ပုချန်း ထွက်ခွာသွားသောအခါ ကျော်ဟင်းက လင်းလွေကျိုင်းအား ပြောလိုက်သည်။

"ကျုပ် အမှန်အတိုင်းပြောပါ့မယ်၊ တစ်ခုတော့ရှိတယ်"

လင်းလွေကျိုင်းက ဆတ်ခနဲကြည့်ကာ. . .

"ဘာများလဲ"

ကျော်ဟင်းက တည်ကြည်သောမျက်နှာထားဖြင့်. . .

"ကျုပ်ဘက်က ပြောပြီးရင် ခင်ဗျားဘက်ကလည်း လာရင်းကိစ္စကို အမှန်အတိုင်းပြောရမယ်"

လင်းလွေကျိုင်း ခေါင်းညိတ်လိုက်သည်။

"ဒါတော့စိတ်ချ၊ ငါလည်း အမှန်အတိုင်းပြောမှာဖြစ်တဲ့အတွက် မင်းဘက်ကလည်း မင်းတို့ဂိုဏ်းချုပ်စကားအတိုင်းဖြစ်ရမယ်"

"စိတ်ချ"

ကျော်ဟင်းက လာရင်းကိစ္စနှင့်ရည်ရွယ်ချက်ကို အမှန်အတိုင်းပြောလိုက်လေသည်။

"ထိချီဆီမှာရှိတဲ့ ကျောက်နီနဂါးရုပ်နဲ့ ပတ်သက်ပြီး သူနဲ့ဆွေးနွေးရအောင်လာခဲ့တာပါ၊ ကျုပ်တို့ဂိုဏ်းချုပ်ကြီးက သူ့ဆီမှာရှိတဲ့ ကျောက်နီနဂါးရုပ်ကို ကြိုက်ဈေးပေးပြီးရအောင် ဝယ်ခဲ့ပါတဲ့၊ ဒါကြောင့် ကျုပ်တို့ ထွက်လာခဲ့တာ"

လင်းလွေကျိုင်းက စကားအဆုံး၌ ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးလိုက်သည်။



"နေပါဦး၊ သူ့ကိုကြိုက်ဈေးပေးမယ်ဆိုတော့ သူ့ဆီမှာရှိတဲ့ကျောက်နီနဂါးရုပ်ကို မင်းတို့က ဘယ်အတိုင်းအတာအထိ သတ်မှတ်ထားသလဲ"

ရုတ်တရက် ကျော်ဟင်း အဖြေမပေးနိုင်ဘဲ ဖြစ်သွားလေသည်။

လင်းလွေကျိုင်းက ဆက်ပြောလိုက်သည်။

"ဥပမာကွာ သူက ကြိုက်ဈေးဆယ်သိန်းတောင်းရင် မင်းတို့ ဝယ်နိုင်မလား၊ ဒါမှမဟုတ် ဒီထက်ပိုပြီး ငွေသားသိန်းတစ်ရာဆိုရင်ကောကွာ"

ကျော်ဟင်း မျက်လုံးပြူးသွားသည်။

"ဒါတော့ မဖြစ်နိုင်တာဘဲ"

လင်းလွေကျိုင်းက. . .

"မင်းတို့က ကြိုက်ဈေးပေးမယ်ဆိုလို့ငါပြောတာပါ၊ လောကမှာ ဘယ်အရာမှ ပုံသေကားချပ်တွက်လို့မရဘူး၊ နေပါဦး မင်းတို့ဂိုဏ်းချုပ်က အဲဒီအရုပ်ကို ဘာလို့ ဒီလောက်လိုချင်နေရတာလဲ"

ကျော်ဟင်း မကျေမနပ်ဖြစ်သွားသည်။

"ဒါတွေ ဘာဖြစ်လို့ ကျုပ်ကိုမေးနေရတာလဲ၊ မဆိုင်တဲ့ကိစ္စတွေ မမေးပါနဲ့၊ မေးလည်း ကျုပ်က ဖြေမှာမဟုတ်ဘူး၊ ကဲ ကျုပ်ဘက်က ပြောပြီးပြီ၊ ခင်ဗျားဘက်ကကော"

www.burmeseclassic.com

www.burmeseclassic.com



လင်းလွှေကျိုင်း ပခုံးတွန့်ကာ. . .

"ငါ့ဘက်ကတော့ရှင်းတယ်၊ ထိချီကိုတွေ့ချင်တဲ့ကိစ္စက သူ့ကိုတောင်းပန်မလို့ ငါ့မှာပေးဆပ်စရာ အကြွေးတစ်ခုတင် ကျန်နေတယ်၊ အဲဒီအကြွေးက အသက်ကြွေးပဲ၊ ထိချီနဲ့တွေ့မှ ဒီကိစ္စပြီးပြတ်သွားမှာ၊ ဒါကြောင့် ငါတို့ သူ့ကိုလာတွေ့တာ ငါ့ သမီးကလည်း ဒီကိစ္စကို အဖြေရှင်းပါလို့ပြောထားလို့ ငါ ထိချီ ကိုလာတွေ့တာပဲ"

ကျော်ဟင်းက မသက်သာသလိုကြည့်ကာ. . .

"ကြွေးဆပ်စရာ အသက်ကြွေးဆိုတာက ဘာကိုဆိုလို တာလဲ"

ဟု မေးလာသည်။

လင်းလွှေကျိုင်းက. . .

"အပိုတွေ မမေးပါနဲ့၊ အဓိကလိုရင်းကို ငါပြောပြီးပြီပဲ"

"ဟား. . . ဟား. . . ဟား"

ကျော်ဟင်းသည် ကောက်ကာငင်ကာ ရယ်မောလိုက် လေသည်။

ရယ်မောရင်းမှ. . .

"ခင်ဗျား ကျုပ်ကို ဒီလိုလာလှိမ့်လို့ ဘယ်ရမလဲ၊ ကျောက်နီနဂါးရုပ်တစ်ခု အစ်ကိုကြီးဆီမှာ ရှိတယ်ဆိုတာလည်း ကျုပ်တို့ သိထားတယ်"

"မင်းပါးစပ် ပိတ်ထားစမ်း၊ သာမညအဆင့်လောက်နဲ့



ငါ့ကိုများ မထီမဲ့မြင်လုပ်ချင်တယ်"

လင်းလွှေကျိုင်းသည် ရုတ်တရက် ဒေါသထွက်သွား ကာတက်တစ်ချက်ခေါက်လိုက်ပြီး ဓားကိုဆွဲထုတ်လိုက်သည်။

ဓားကိုဆွဲထုတ်ပြီးချင်းဆိုသလိုပင် အလင်းတန်းတစ်ခု က ကျော်ဟင်းကိုယ်ပေါ်သို့ ကျရောက်လာလေသည်။

"ယား"

ကျော်ဟင်းသည် ဓားရိပ်ကျရောက်လာသည်နှင့် ဘေး သို့ခုန်ထွက်လိုက်သည်။

ဓားသွားလမ်းကြောင်းသည် တည့်တည်မတ်မတ် ကျ လာပြီးနောက် ကျော်ဟင်း ရှောင်တိမ်းသွားရာဘက်သို့ တဖန် လိုက်သွားပြန်သည်။

"ဟာ"

ကျော်ဟင်း ရင်ထိတ်သွားသည်။

လင်းလွှေကျိုင်း၏ ထူးဆန်းသောဓားသိုင်းကွက်ကို ကပျာကယာ ခုန်ရှောင်လိုက်ရလေသည်။

ထိုအချိန်မှာပင်. . .

လင်းလျှံက လုဖိန်အား ဖတင်တိုက်ခိုက်လိုက်ပြီဖြစ်လေ သည်။

သူ၏တိုက်ခိုက်မှုကြောင့် လုဖိန်မှာ ကပျာကယာပင် ပြန်လည်တိုက်ခိုက်လိုက်ရ၏။

သူတို့သည် သိုင်းကွက် ဆယ်ကွက်မျှ တိုက်ခိုက်လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီးဖြစ်သည်။

ဆေးတံရှင်လုဖိန်နှင့် လင်းလျှံ၏ဓားသိုင်းမှာ ပြင်းထန်နေသော်လည်း တကယ်တမ်း လက်ရည်ချင်းက တူနေပေသည်။

"ဗျိုး"

"ဝှစ်"

လင်းလျှံက လုဖိန်၏ဟာကွက်တစ်ကွက်ကို မြင်လိုက်သဖြင့် ထိုဟာကွက်ကို ဓားဖြင့်လှမ်းပက်လိုက်လေသည်။

သို့ရာတွင်. . .

ဆေးတံရှင်လုဖိန်သည် ပရိယာယ်ဖြင့် ဟာကွက်ကို တမင် ဆင်လိုက်ခြင်းပင် ဖြစ်လေသည်။

လင်းလျှံ ဝင်တိုက်လိုက်သည်နှင့် ဆေးတံကို လှမ်းပိတ်ကာလိုက်သည်။

လျှပ်စစ်သံလိုက်အားပါသော ဆေးဆုံအိုးတွင် လင်းလျှံဓားကကပ်ငြိသွားလေသည်။

"ဟင်"

လင်းလျှံ ထိတ်လန့်သွားခိုက် ဆေးတံရိုးဖြင့် ရိုက်ချလိုက်လေသည်။

"အမယ်လေး"

လင်းလျှံ အော်လိုက်မိသည်။

မရွေးမနှောင်းမှာပင်. . .

"ဝုန်း"



"အင့်"

လဲကျသွားသူမှာ လုဖိန်ဖြစ်နေ၏။

လင်းလွေကျိူင်းက လျှပ်တပြက် ဓားဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

သူ၏ဓားချက်သည် လုဖိန်၏သေကွင်းသေကွက်အား တိုက်ရိုက်ထိမှန်သွားပေသည်။

လုဖိန် ညည်းညူကာ မထနိုင်တော့ပေ။

တစ်ဘက်မှာလည်း ကျော်ဟင်းသည် ဒဏ်ရာပြင်းစွာ ရရှိထားပေသည်။

ကျော်ဟင်းသည် လုဖိန်အားပွေ့ချီကာ ဒယီးဒယိုင်ဖြင့် ထွက်ခွာသွားလေတော့သည်။

ဤသည်ကို လင်းလွေကျိူင်း မတားပါချေ။

သမီးဖြစ်သူအား ပခုံးပုတ်ကာ အသာငြိမ်နေလိုက်လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံခြင်း

ကြံ့စုဂိုဏ်းချုပ်ရှမ်းထင်းလီ ဒေါသခြောင်းခြောင်း ထွက်နေပေသည်။

ကျော်ဟင်းနှင့်လုဖိန်တို့ ပြန်လည်ရောက်ရှိလာသည်။

လင်းလွေကျိုင်းနှင့် ထိပ်တိုက်တွေ့ကြောင်းသိခဲ့ရလေသည်။

သူ၏စိတ်ထဲဝယ် လင်းလွေကျိုင်းသည် ကျောက်နီနဂါးရုပ်အား အပိုင်စီးရန် ကြံစည်နေသည်ဟု ထင်မှတ်မိလိုက်သည်။

သူက ကူသပေးသည့်ကြားမှပင် ကျော်ဟင်းနှင့်လုဖိန်မှာ လင်းလွေကျိုင်း၏ဓားချက်ဖြင့် သေဆုံးသွားရလေသည်။

"တောက်"

ရှမ်းထင်းလီသည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး တက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်မိသည်။



အလွန်အားကိုးရသော သူ၏တပည့်ကျော်ဟင်း သေဆုံးသွားသည့်အတွက် သူ၏လက်မောင်းတစ်ဘက် ပြုတ်သွားသကဲ့သို့ ဖြစ်နေ၏။

ထို့ကြောင့်. . .

ရှမ်းထင်းလီသည် ခုံတုံဂိုဏ်းချုပ်လင်းလွေကျိုင်းအား အခဲမကျေနိုင်အောင် ဖြစ်နေတော့သည်။

♥ ♥ ♥

စာကြည့်ခန်း. . .။

ရှမ်းထင်းလီ သေချာစွာ စဉ်းစားနေ၏။

ထို့နောက်. . .

ဆုံးဖြတ်ချက်ချကာ ကျောက်နီနဂါးရုပ်အား ထုတ်ယူလိုက်သည်။

စားပွဲပေါ် တင်ကာ သေသေချာချာ စိုက်ကြည့်နေမိလေသည်။

အတန်ကြာမှ လက်ခုပ်တီးလိုက်သည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

လက်ခုပ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင်. . .

"ဟူး"

www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံနှင့်အတူ ဝတ်စုံနက်တစ်ယောက် ရောက်ရှိလာလေသည်။

ရောက်ရောက်ချင်းပင် ရှမ်းထင်းလီအား ဦးညွှတ်လိုက်ပြီး. . .

"သခင်ကြီး အမိန့်ရှိပါ"

ဟု ရိုကျိုးစွာဖြင့် ပြောလာသည်။

ရှမ်းထင်းလီက. . .

"ရှောက်ဟိုး. . . မင်းကို ငါ တာဝန်တစ်ခုပေးချင်တယ်"

ဟု ပြောလာသည်။

ဝတ်စုံနက်(ဝါ) ရှောက်ဟိုးက အရှိအသေပေးကာ မေးလိုက်၏။

"သခင်ကြီးပြောပါ၊ ကျုပ် ဘာလုပ်ပေးရမလဲ"

ရှမ်းထင်းလီက. . .

"မင်းဟာ အခုအချိန်ကစပြီး ကျော်ဟင်းနေရာမှာ တာဝန်ဆက်ယူရမယ်၊ ငါ့မှာ လူတော်လူကောင်းတွေ မရှိတော့ဘူး၊ မင်းတစ်ယောက်ပဲ ကျန်တော့တယ်"

ဟု ပြောလိုက်သည်။

ရှောက်ဟိုးမှာ ထိုစကားကြားရသောအခါ ဘဝင်မြင့်သွားမိလေသည်။

စိတ်ထဲမှာလည်း ဖော်မပြနိုင်အောင် ဝမ်းသာသွားမိလေသည်။



နှစ်ပေါင်းများစွာ လိုချင်တောင့်တမိခဲ့သော နေရာတစ်ခုကို မမျှော်လင့်ဘဲ ရရှိလာသောအခါ ရှောက်ဟိုး ထခုန်မိမတတ် အကျေနပ်ကြီး ကျေနပ်သွားလေသည်။

"ဒီမှာ ရှောက်ဟိုး"

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"မင်းကို အခုပေးမယ့်တာဝန်က တခြားတော့မဟုတ်ဘူး၊ ဟောဒီကျောက်နီနဂါးရုပ်နဲ့ ပတ်သက်တဲ့ကိစ္စပဲ"

ကျောက်နီနဂါးရုပ်အား လက်ညှိုးထိုး၍ ဂိုဏ်းချုပ်ကြီးရှမ်းထင်းလီက ပြောလိုက်သည်။

ရှောက်ဟိုးက ကျောက်နီနဂါးရုပ်ကို တစ်ချက် ကြည့်လိုက်ပြီး. . .

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီးပေးတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်"

ရှမ်းထင်းလီက. . .

"ဟောဒီအရုပ်လိုမျိုး ထိချီဆီမှာ တစ်ခုရှိတယ်၊ ခုတုံဂိုဏ်းချုပ်လင်းလွှေကျိုင်းဆီမှာလည်း တစ်ခုရှိတယ်၊ ဒီအရုပ်သုံးခု ဆက်စပ်ရင် သိုင်းကျမ်းတစ်ဆူဖြစ်လာမယ်၊ ဒါကြောင့် သူတို့ဆီမှာရှိတဲ့ အရုပ်တွေကို ငါလိုချင်တယ်၊ ဘယ်လိုနည်းနဲ့ပဲ ရရ ရတာပဲလိုချင်တယ်၊ ငါပေးချင်တဲ့တာဝန်က ဒါပါပဲ"

ရှောက်ဟိုးသည် ရှမ်းထင်းလီအား အရှိအသေပေးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ဂိုဏ်းချုပ်ကြီး ကျွန်တော် မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ယူပေးပါ့မယ်"

အားမာန်တက်ကြွစွာဖြင့် ရှောက်ဟိုးက ပြောလိုက်လေသည်။

ထိုအခါ. . .

ရှမ်းထင်းလီသည် အလွန်ကျေနပ်ဝမ်းသာသွားကာ ဆုလာဘ်အဖြစ် ရှောက်ဟိုးအား ငွေတုံးဆယ်တုံး ဆုချလိုက်လေတော့သည်။

♥ ♥ ♥

ခုံတုံဂိုဏ်းချုပ်လင်းလွေကျိုင်းသည် ကျောက်နီနဂါးရုပ်ကိုလက်၌ တဆဆကိုင်ကြည့်ရင်း တစ်စုံတစ်ခုကို တွေးနေပေသည်။

အချိန်မှာ အုန်းမောင်း ဆယ့်တစ်ချက်တီးချိန် ဖြစ်လေသည်။

ညသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

ထိုစဉ်. . .

အရိပ်သဏ္ဍာန်တစ်ခုသည် ခြံစည်းရိုးကို ခုန်ကျော်ဝင်ရောက်လာလေသည်။

ထိုလူကား ရှောက်ဟိုးပင် ဖြစ်သည်။



လသည် ကောင်းကင်၌ ပျောက်ကွယ်နေသဖြင့် အမှောင်သည် ခြောက်ခြားဖွယ်ကောင်းနေ၏။

ဝတ်စုံနက်ဝတ်ဆင်ထားသော ရှောက်ဟိုးမှာ အမှောင်ထုထဲ၌ ပျောက်ကွယ်နေသကဲ့သို့ ရှိနေပေသည်။

ခြံစည်းရိုးအတွင်းသို့ ရောက်သွားသည်နှင့် ရှောက်ဟိုးသည် ကြောင်တစ်ကောင်လို နံရံသို့ ပြေးကပ်လိုက်သည်။

ထိုမှ တောက်တဲ့တစ်ကောင်လို နံရံကို တွယ်တက်လာပြီး ဝရန်တာမှတစ်ဆင့် အခေါင်တွင်းသို့ လျှင်မြန်စွာ ဝင်ရောက်လာသည်။

ပန်းဆွဲမီးလုံးအောက်မှ အရိပ်သဏ္ဍာန်တစ်ခု ထိုးကျလာသည်ကို ရိပ်ခနဲ မြင်တွေ့လိုက်ရသောကြောင့် လင်းလွေကျိုင်းက. . .

"ဘယ်သူလဲ"

ဟု လှမ်းမေးလိုက်သည်။

ရှောက်ဟိုး ရင်ထိတ်သွား၏။

ချက်ချင်းပင် လက်နက်ပုန်းတစ်ခုဖြင့် ပစ်ခတ်လိုက်လေသည်။

"ဝှစ်"

"ထန်း"

ရှောက်ဟိုး လှမ်းပစ်လိုက်သော လက်နက်ပုန်းမှာ အဆိပ်အပ်တစ်ချောင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းလွှေကျိုင်းက ကျောက်နီနဂါးရုပ်ဖြင့် ကာကွယ်ပေးလိုက်သည်။

အဆိပ်အပ်သည် ကျောက်နီနဂါးရုပ်ကို ထိမိပြီး ဘေးသို့ လွင့်စဉ်သွား၏။

"ဟော့. . . မေးနေတာ မကြားဘူးလား"

လင်းလွှေကျိုင်းက ဆက်မေးလိုက်သည်။

ရှောက်ဟိုးက ထပ်မံ၍ လှုပ်ရှားပြန်သည်။

"ဝှစ်. . . ဝှစ်"

အဆိပ်အပ်နှစ်ချောင်းဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်သော်လည်း လင်းလွှေကျိုင်းကို မထိဘဲ လေထဲဝဲပျံ့သွားလေသည်။

လင်းလွှေကျိုင်းသည် အဆိပ်အပ်များလာရာ လမ်းကြောင်းအတိုင်း လွှားခနဲ ခုန်ဝင်ကာ ဓားဖြင့် ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

"ဟိုင်း"

"အား"

ကျယ်လောင်စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာလေသည်။

လင်းလွှေကျိုင်း၏ လျင်မြန်သော ဓားချက်အောက်ဝယ်ရှောက်ဟိုးတစ်ယောက် အသက်ပျောက်သွားလေတော့သည်။

♥ ♥ ♥



## ငြိုးသူ့ရန်ဘက်

နောက်ဆုံး လက်သပ်မွေးပြီး လွှတ်လိုက်သော ရှောက်ဟိုး သေပြီဟု သတင်းကြားလိုက်သောအခါ ရှမ်းထင်းလီတစ်ယောက် ဒေါသခြောင်းခြောင်း ထွက်သွားမိသည်။

ဆုံးဖြတ်ချက်တစ်ခုကိုလည်း နိုင်မာစွာ ချလိုက်မိလေသည်။

ယင်းဆုံးဖြတ်ချက်မှာ ခုံတုံဂိုဏ်းချုပ်လင်းလွှေကျိုင်းအား မိမိကိုယ်တိုင် သွားရောက်ချေမှုန်းမည်ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်သည်။

ရှမ်းထင်းလီသည် ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်ထားလိုက်လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ထိချီ စိတ်ထဲမှာ အလိုလို သိနေသကဲ့သို့ ခံစားလိုက်ရလေသည်။

အရိပ်သဏ္ဌာန်တစ်ခုသည် မိမိနောက်မှ လိုက်နေမှန်း ထိချီ သိသည်။

တောစပ်တစ်ခုသို့ အဝင်၌ ထိုအရိပ်သဏ္ဌာန်သည် ဘွားခနဲ ထိချီ၏ရှေ့သို့ ရောက်လာကာ လမ်းပိတ်ထားလိုက်လေသည်။

လမ်းပိတ်လာသူကား အင်မတန် ဇွဲကြီးလှသော လင်းလျှံပင် ဖြစ်ပေသည်။

"ငါ့ကို အနှောင့်အယှက် မပေးပါနဲ့ လင်းလျှံ၊ မင်း ငါ့နောက်က နောက်ယောင်ခံပြီး လိုက်နေမှန်းလဲ ငါသိထားတယ်၊ ဘာကြောင့် တကောက်ကောက်လိုက်နေရတာလဲ၊ သုံးနှစ်ပြည့်မှ မင်းနဲ့ငါ စာရင်းရှင်းမယ်လို့ ပြောခဲ့ပြီးပြီ မဟုတ်လား"

ထိချီက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်လေသည်။

လင်းလျှံ ခေါင်းခါယမ်းကာ. . .

"အစ်ကိုထိချီကို ကျွန်မလာဖိတ်ခေါ်တာပါ။ ဖေဖေက အစ်ကိုထိချီနဲ့ ဆွေးနွေးချင်လို့တဲ့ ကျွန်မနဲ့လိုက်ခဲ့ပါ"

ထိချီ ငြင်းဆန်လိုက်သည်။

"ငါ မလိုက်နိုင်ဘူး၊ ဘာမှ ဆွေးနွေးစရာအကြောင်းလဲ မရှိဘူး"



လင်းလျှံ မျက်ရည်ဝဲလာသည်။

"ကျွန်မ တောင်းပန်ပါတယ်ရှင်"

ထိချီ မဲ့ပြုံးပြုံးကာ. . .

"မလိုပါဘူး၊ ငါ့မှာ ရှိတဲ့ ကျောက်နီနဂါးရုပ်နဲ့ ပတ်သက်ပြီး မင်းအဖေ ဆွေးနွေးချင်တယ်ဆိုတာ ငါသိတယ်၊ စိတ်မကောင်းပါဘူး၊ ငါ့ရှေ့က ဖယ်ပေးလိုက်ပါ"

"ချွမ်း"

ရုတ်တရက်ဆိုသလိုပင် လင်းလျှံက ဓားကို ဆွဲထုတ်လိုက်ပြီး. . .

"ကျွန်မ ရှင့်ကို သုံးနှစ် မစောင့်နိုင်တော့ဘူး၊ အခုပဲ ကျွန်မ ရှင့်ကို စိန်ခေါ်လိုက်ပြီ"

ထိချီသည် သူမကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီး ဟက်ခနဲ ရယ်မောလိုက်လေသည်။

"ဒီလောက်အဆင့်နဲ့ မင်း ငါ့ကို မယှဉ်နိုင်သေးပါဘူး၊ နောက်သုံးနှစ်ကြာမှပဲ ငါတို့ ထိပ်တိုက်တွေ့ကြတာပေါ့"

ထိချီသည် ပြောပြောဆိုဆိုပင် လွှားခနဲ ခုန်လွှား၍ ကိုယ်ဖော့ပညာဖြင့် တောထဲပြေးဝင် ပျောက်ကွယ်သွားတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



လင်းလျှံ ဂိုဏ်းတည်ရာဌာနသို့ ပြန်ရောက်လာသော အခါ တစ်ခြံလုံး စုရုံးစုရုံး ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ရုတ်တရက်ဆိုသလို စိုးထိတ်သွားမိလေသည်။

"ဟင် . . . ဘာဖြစ်တာပါလိမ့်"

လင်းလျှံကို ဂိုဏ်းသားများက မြင်လိုက်သောအခါ ဘေးသို့ ရှဲသွားကြ၏။

ဂိုဏ်းသားတစ်ယောက်က . . .

"သခင်မလေး ဂိုဏ်းချုပ်ကြီး ဆုံးသွားပြီ"

ဝမ်းနည်းသံဖြင့် ပြောလာသည်။

"ရှင်"

မမျှော်လင့်သော စကားကြောင့် လင်းလျှံ ထိတ်လန့်အံ့ဩသွားမိသည်။

"ဘာ . . . ဘာဖြစ်လို့လဲဟင်"

တုန်လှုပ်ချောက်ချားစွာဖြင့် မေးလိုက်သည်။

ဂိုဏ်းသားက . . .

"အသတ်ခံရလို့"

"ဟင်"

လင်းလျှံ တုန်လှုပ်သွားသည်။

ချက်ချင်းပင် လူအုပ်ကို ဖယ်ရှား၍ ကြည့်လိုက်၏။

ထိုအခါ . . .

လင်းလွှေကျိုင်းတစ်ယောက် စန့်စန့်ကြီး လဲကျနေ



သည်ကို တွေ့လိုက်ရသည်။

လင်းလွှေကျိုင်းမှာ ရင်ဘတ်၌ လက်ဝါးချောင်းရာထင်လျက် သွေးအန်သေဆုံးနေသည်ကို တွေ့လိုက်ရသည်။

"ဒါ . . . ဒါ ဘယ်သူ့လက်ချက်လဲ"

လင်းလွှေကျိုင်းအား ပွေ့ထူထားရင်းမှ လင်းလျှံက မေးလိုက်သည်။

"သေချာတော့ မမြင်လိုက်ဘူး၊ အဲဒီ လူသတ်သမားဟာ သာမန်လူတစ်ယောက်တော့ ဟုတ်ပုံမပေါ်ဘူး၊ အတော်အဆင့်မြင့်တဲ့ သိုင်းပညာရှင်ပဲ ဖြစ်မယ်လို့ ထင်တယ်"

ဂိုဏ်းသားတစ်ယောက်က ပြောလိုက်သည်။

လင်းလျှံ၏အတွေးထဲ ထိချီ ဝင်ရောက်လာသည်။

တရားခံအဖြစ်နိုင်ဆုံးမှာ ထိချီပင် ဖြစ်၏။

"သူပဲ ဖြစ်ရမယ်"

လင်းလျှံသည် ဖခင်၏အလောင်းကို မြေ၌အသာချလိုက်ပြီး ထရပ်လိုက်သည်။

ထို့နောက် . . .

ခြံအပြင်သို့ ပြေးထွက်သွားရာ ဂိုဏ်းသားများက ဝိုင်းဆွဲထားလိုက်ရသည်။

"အစ်မလေး မသွားပါနဲ့"

"ညီမလေး စိတ်ကိုထိန်းပါ"

"လင်းလျှံ သတိထားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားများ၏ သတိပေးသံများက နားစည်ကို အဆက်မပြတ် ရိုက်ခတ်ကာ ကြားနေရ၏။

လင်းလျှံ၏မျက်ဝန်းထဲ မျက်ရည်များ ပြည့်လျှံ၍ နေပေသည်။

"ကျွန်မအဖေကို သတ်တာ ထိချီပဲဆိုတာ ကျွန်မသိတယ်၊ သူ့ကို ပြန်ပြီး လက်တုန့်ပြန်ရမှ ကျေနပ်မယ်"

လင်းလျှံသည် ဖခင်အလောင်းကို ဖက်၍ ဟစ်အော်ကြိမ်းဝါးလိုက်စဉ်မှာပင် လေပြင်းတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

မရှေးမနှောင်းမှာပင်. . .

"ဝုန်း"

မြေပေါ်သို့ အရာဝတ္ထုတစ်ခု ပြုတ်ကျလာသည်။

အားလုံး အထိတ်တလန့် ဖြစ်သွားကြသည်။

ဘေးသို့လည်း ရှဲသွားကြသည်။

မြေပေါ်သို့ ကျလာသော အရာဝတ္ထုမှာ လူသေအလောင်းတစ်ခုပင် ဖြစ်ပေသည်။

ထိုအလောင်းအား တွေ့မြင်လိုက်ရသောအခါ အားလုံး တုန်လှုပ်ချောက်ချားသွားကြ၏။

"ဟင်"

"ဟာ"

"ဒါ. . . ဒါ ကြံ့စုဂိုဏ်းချုပ် ရှမ်းထင်းလီပဲ"



"ဘယ်လို ဖြစ်ရတာတုန်း"

အားလုံးလိုလိုပင် တုန်လှုပ်မှုဖြင့် အံ့ဩမှင်တက်သွားမိကြသည်။

ရုတ်တရက်. . .

ဂိုဏ်းသားတစ်ယောက်က တစ်စုံတစ်ရာကို သတိပြုမိသွားကာ. . .

"ဟင်. . . ရှမ်းထင်းလီရဲ့ ရင်ဘတ်မှာလဲ ငါတို့ဂိုဏ်းချုပ်လို လက်ဝါးရာကြီး ထင်လို့ပါလား"

ဟု အော်ပြောလာသည်။

ထိုအခါ. . .

အားလုံး သတိထားမိသွားကြသည်။

မှန်ပေသည်။

ကြံ့စုဂိုဏ်းချုပ် ရှမ်းထင်းလီ၏ရင်ဘတ်၌လည်း လက်ဝါးရာကြီးတစ်ခုထင်ကာ သွေးအန်သေဆုံးခဲ့ကြောင်း သိသာထင်ရှား၍ နေလေသည်။

"ဟင်. . . ဟိုမှာ. . . ဟိုမှာ"

ထိုစဉ်မှာပင်. . .

ဂိုဏ်းသားတစ်ယောက်က လှမ်းအော်သတိပေး၍ လက်ညှိုးထိုးပြလိုက်သောကြောင့် အားလုံးလှမ်းကြည့်လိုက်ကြသည်။

လူရိပ်တစ်ခု လေ၏ဟျင်မြန်ခြင်းမျိုးဖြင့် ပြေးထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့မြင်လိုက်ကြရလေသည်။

"ဟင်"

လင်းလျှံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

"ဘယ်သူလဲ သခင်မလေး"

ဂိုဏ်းသားတစ်ယောက်က အထိတ်တလန့်ဖြင့် မေးလာသည်။

လင်းလျှံ အံတစ်ချက်ကြိတ်ကာ. . .

"ကျွန်မစိတ်ထင် ထိချီပဲဖြစ်မယ်ထင်တယ်၊ အစိမ်းရောင်အလင်းတန်း တွေ့လိုက်ရတယ်၊ ထိချီဟာ အစိမ်းရောင်ဝတ်စုံကို အမြဲဝတ်ဆင်ထားတဲ့ လူတစ်ယောက်ပဲ၊ တောက် တွေ့ကြသေးတာပေါ့"

လင်းလျှံ၏ဒေါသမှာ အမြင့်ဆုံးသို့ ရောက်ရှိသွားခဲ့ပြီဖြစ်လေတော့သည်။

♥ ♥ ♥



## ပဟေဠိဆန်ဆန်

ခုံတုံဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးလင်းလွေ့ကျိုင်း လုပ်ကြံခံရပြီးနောက်တွင် ဂိုဏ်းအတွက် ဦးစီးဦးဆောင်ပြု၍ ခေါင်းဆောင်မည့်သူ မရှိသဖြင့် ဂိုဏ်းသားများက လင်းလျှံအား ဂိုဏ်းချုပ်အဖြစ် ဝိုင်းဝန်းတင်မြှောက်ကြလေသည်။

လင်းလျှံမှ ဂိုဏ်းချုပ်ရာထူးအား ချက်ချင်း လက်မခံသေးပါချေ။

ခုံတုံဂိုဏ်းတွင် အသက်အကြီးဆုံး ဖြစ်ပြီး သိုင်းပညာအဆင့်မြင့်မားလှသော ဖိန်းယီအား ယာယီဂိုဏ်းချုပ်အဖြစ် တင်မြှောက်ထားရန် လင်းလျှံကပင် ဆန္ဒပြုလေသည်။

"ကျွန်မမှာ အင်မတန် အရေးကြီးတဲ့ တာဝန်ကြီးတစ်ရပ် ရှိနေပါတယ်၊ အဲဒီ တာဝန်က ထိချီဆိုတဲ့လူကို လက်စားချေ

www.burmeseclassic.com

www.burmeseclassic.com



ဖို့ကိစ္စပါပဲ၊ သူနဲ့ ကျွန်မဟာ သုံးနှစ်ပြည့်တဲ့နေ့မှာ ထင်းစန်းတောင်မှာ တွေ့ဆုံပြီး ယှဉ်ပြိုင်ဖို့ ချိန်းထားကြပါတယ်၊ အဲဒီတော့ ကျွန်မဟာ သူ့ကို ယှဉ်နိုင်ဖို့အတွက် သိုင်းပညာဆက်ပြီး သင်ယူလေ့လာရဦးမှာ ဖြစ်ပါတယ်"

"ဒါကြောင့် အခုလောလောဆယ် ဦးလေးဖိန်းယီက ဂိုဏ်းကို ကိုယ်စားပြုပြီး ယာယီထိန်းသိမ်းပေးပါလို့ ကျွန်မဆန္ဒပြုပါတယ်၊ ဂိုဏ်းသားအားလုံးကလဲ သဘောတူ လက်ခံကြမယ်လို့လဲ ထင်ပါတယ်"

အထက်ပါအတိုင်း လင်းလျှံမှ ဆန္ဒပြု ပြောဆိုလိုက်သောအခါ ဂိုဏ်းသားအားလုံးသည် အလွန်အားရကျေနပ်လျက် လက်ခံလိုက်ကြသည်။

ယာယီဂိုဏ်းချုပ်တာဝန် ထမ်းဆောင်ရမည့် ဖိန်းယီကလည်း သူ၏သဘောထားနှင့် ခံယူချက်ကို အောက်ပါအတိုင်း ဆက်လက်တင်ပြလိုက်လေသည်။

"ကျုပ်ဟာ ကွယ်လွန်သွားပြီ ဖြစ်တဲ့ ဂိုဏ်းချုပ်ကြီးကို အင်မတန်မှ လေးစားကြည်ညိုတဲ့အကြောင်း ရှင်းပြစရာ မလိုတော့ဘူး ထင်တယ်၊ အားလုံးလဲ သိပြီးသား ဖြစ်မယ်လို့ ထင်ပါတယ်၊ အခုလောလောဆယ် ဂိုဏ်းချုပ်ကြီးရဲ့သမီး လင်းလျှံကလဲ သူ့မှာ အရေးကြီးတဲ့ တာဝန်တစ်ရပ်ရှိတယ် ပြောပြီး အကူအညီတောင်းတဲ့အတွက် ယာယီဂိုဏ်းချုပ်အဖြစ် ဆက်ခံမှာ ဖြစ်ပါတယ်. . .



လင်းလျှံ ဆောင်ရွက်ရမယ့် တာဝန်တွေ ပြီးဆုံးသွားရင်တော့ ကျုပ်ဟာ လင်းလျှံကိုပဲ ပြန်လည်လွှဲပြောင်းပေးမှာ ဖြစ်ပါတယ်၊ ကျုပ်အနေနဲ့ နောက်ဆုံး ပြောချင်တာကတော့ ကျုပ်ဟာကွယ်လွန်သူ ဂိုဏ်းချုပ်ကြီးအပေါ် သစ္စာရှိခဲ့သလို နောက်ဆက်ခံမယ့် သူ့သမီး လင်းလျှံအပေါ်မှာလဲ အမြဲတမ်း သစ္စာရှိနေပါ့မယ်လို့ ကတိပေးရင်း ဒီနေရာကနေပြီး အားလုံးသိအောင် ရိုးသားစွာ တင်ပြရခြင်း ဖြစ်ပါတယ်"

ခံတုံဂိုဏ်းမှ ယာယီဂိုဏ်းချုပ် ဖိန်းယီ၏စကားအဆုံး၌ လက်ခုပ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ဖြောင်း. . . ဖြောင်း"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ထိုအခါ. . .

လင်းလျှံမှာလည်း လွန်စွာ ကျေနပ်ဝမ်းမြောက်သွားမိလေသည်။

ဂိုဏ်းကိစ္စများ ဆောင်ရွက်ပြီးစီးသွားသောအခါ လင်းလျှံက နောက်တစ်ရက်တွင် သိုင်းပညာသင်ကြားရန် ခရီးစထွက်မည်ဟု ပြောသဖြင့် ဂိုဏ်းသားများက သဘောတူ လက်ခံသွားကြလေသည်။

နောက်တစ်နေ့ အာရုဏ်တက်၌ ခရီးထွက်ရန်အတွက် လင်းလျှံ ဆောင်ရွက်နေစဉ်မှာပင် ခံတုံဂိုဏ်းသို့ လူငယ်တစ်ယောက် ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်းလူငယ်မှာ ဝတ်စုံစိမ်းကို ဝတ်ဆင်ထားပေသည်။

ထိုလူငယ်ကား. . .

ထိချိုပင် ဖြစ်သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

ခုံတုံဂိုဏ်းမှ တာဝန်ရှိ ဂိုဏ်းသားတစ်ယောက်က ထိချိုကို မေးလိုက်သည်။

ထိချိုက. . .

"လင်းလျှံနဲ့ တွေ့ချင်လို့ပါ"

ဟု ပြောလိုက်၏။

ဂိုဏ်းသားက ညွှန်ရိပ်သာ အဆောင်သို့ ခေါ်ဆောင်သွားပြီး. . .

"ခဏလေး စောင့်ပါ"

ပြောကာ ထွက်ခွာသွား၏။

မကြာပါချေ။

လင်းလျှံအား ခေါ်ဆောင်ကာ ပြန်လည်ရောက်ရှိလာလေသည်။

ထိချိုက ထိုင်ရာမှထပြီး လင်းလျှံအား အရိုအသေပေးလိုက်သည်။

လင်းလျှံသည် ထိချိုကို ဒေါသဖြင့် မကျေမနပ် ကြည့်နေ၏။

"ဘာကိစ္စလဲ"



ထိချိုက. . .

"ကျုပ် သတင်းကြားလို့ လာခဲ့တာ"

"ဘာသတင်းလဲ"

လင်းလျှံ၏လေသံက မာကျောပြတ်သွားလှ၏။

ထိချိုသည် မျက်မှောင်ကြုတ်၍ သူမကို နားမလည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

ပြီးမှ ခပ်ယဲ့ယဲ့ပြုံးကာ. . .

"ဂိုဏ်းချုပ်လင်းလွှကျိုင်း လုပ်ကြံခံရတယ် သတင်းကြားလို့ပါ"

လင်းလျှံက. . .

"ဒါပဲလား၊ ကြံ့စုဂိုဏ်းချုပ် ရှမ်းထင်းလီ လုပ်ကြံခံရတာရော ရှင်သိပြီးပြီလား"

ထိချို ခေါင်းယမ်းလိုက်သည်။

"သူ့ကို ကျုပ်စိတ်မဝင်စားပါဘူး၊ ကျုပ်စိတ်ဝင်စားတာက လင်းလွှကျိုင်းပဲ၊ သူ မရှိတော့လဲ မင်းရှိနေသေးတာပဲ၊ ငါစိုးရိမ်တာက မင်းလုပ်ကြံခံရမှာကိုပဲ၊ မင်းကို တစ်စုံတစ်ယောက်က လုပ်ကြံသတ်ဖြတ်လိုက်ရင် ငါ့အဖေရဲ့ သွေးကြွေးဆပ်ပွဲမှာ တာဝန်မဲ့ရာ ကျသွားမှာစိုးလို့ မင်းကို လာသတိပေးတာ၊ မင်းကို သူများ လုပ်ကြံသွားမှာ ငါ မလိုလားဘူး"

လင်းလျှံက ဒေါသမျက်လုံးဖြင့် စိုက်ကြည့်နေ၏။

ထိချိုက ဆက်ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သုံးနှစ်ပြည့်တဲ့နေ့မှာ မင်းကို ငါကိုယ်တိုင် စာရင်းရှင်းမယ်"

ထိချို၏စကားအဆုံး၌ လင်းလျှံက သဘောကျစွာ ရယ်မောလိုက်သည်။

ရယ်မောရင်းမှ သူမက ပြောလိုက်သည်။

"ရှင်ဟာ အတော်အောက်တန်းကျပြီး ယုတ်မာတဲ့ လူတစ်ယောက်ပဲ၊ ရှင်ဟာ ကျွန်မအဖေနဲ့ ကြုံစုဂိုဏ်းချုပ်ကို လုပ်ကြံပြီး ကျောက်နီနဂါးရုပ်ကို ယူသွားတာ မဟုတ်လား"

ထိုစကားကြောင့် ထိချို ကြောင်အမ်းအမ်း ဖြစ်သွားမိလေသည်။

လင်းလျှံအား ကြည့်ကာ. . .

"မင်း ဘာတွေ ပြောနေတာလဲ"

လင်းလျှံ တစ်ချက်မဲ့ကာ. . .

"အခုမှ လာပြီး ဟန်မဆောင်နဲ့၊ အဲဒီ အရုပ်တွေနဲ့ ရှင့်အသက်ကို ကျွန်မရအောင် ပြန်ယူမယ်ဆိုတာ မှတ်ထားပါ"

ထိချို တွေဝေသွားသည်။

အတော်လေးကြာမှ သက်ပြင်းချကာ. . .

"ထားပါတော့၊ အခု သုံးနှစ်အတွင်းမှာပဲ မင်းကိုယ်မင်း ဂရုစိုက်ပါ"

ထိချိုသည် ပြောပြီးသည်နှင့် ချက်ချင်းပင် လှည့်ထွက်သွားလေသည်။



ထိုစဉ်. . .

"ဟော့ကောင် ရပ်လိုက်စမ်း"

မိုးခြိမ်းသံကဲ့သို့ ဟန့်တားသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ထိုအသံရှင်မှာ ယာယီဂိုဏ်းချုပ်အဖြစ် တာဝန်ယူထားသော ဖိန်းယီပင် ဖြစ်လေသည်။

ထိချို၏ခြေအစုံ တုန့်ခနဲ ရပ်သွားပြီး နောက်သို့ ဖျတ်ခနဲ ကြည့်လိုက်သည်။

ထိုစဉ်မှာပင်. . .

ဖိန်းယီက ဓားဆွဲထုတ်လာ၏။

ဖိန်းယီ၏ဟန်မူရာကို ကြည့်ပြီး ထိချို ခေါင်းခါယမ်းလိုက်သည်။

ထိုစဉ် လင်းလျှံက. . .

"ဦးလေးဖိန်းယီ ဓားကို ပြန်သိမ်းလိုက်ပါ၊ ဒီလူကို လွှတ်ပေးလိုက်ပါ၊ နောက်သုံးနှစ်ကြာရင် ကျွန်မ သူ့ကိုသတ်မှာ၊ သူဟာ ကျွန်မအဖေကို သတ်ဖြတ်တဲ့ လူယုတ်မာတစ်ယောက်ပဲ၊ သူ့ကို ဘာမှမလုပ်ပါနဲ့"

ထိချိုက တည်ကြည်သော မျက်နှာထားဖြင့်. . .

"မင်းအဖေနဲ့ ကြုံစုဂိုဏ်းချုပ်ကို သတ်ဖြတ်တာ ငါမဟုတ်ဘူး၊ တစ်စုံတစ်ယောက်က လုပ်ကြံပြီး ကျောက်နီနဂါးရုပ်တွေ ယူသွားတာပဲ၊ ဒီကိစ္စ ကြားလူတစ်ယောက် ရှိနေပြီ၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



ရအောင် စုံစမ်းမယ်၊ မင်းလဲ သတိထားနေပါ၊ သုံးနှစ်ပြည့်တဲ့အခါ ထင်းစန်းတောင်မှာ တွေ့ဆုံကြတာပေါ့"

ထိချီသည် ထိုမျှသာ ပြောပြီး ရိပ်ခနဲ ကိုယ်ဖော့ပညာဖြင့် ခြံစည်းရိုးကို ခုန်ကျော်ကာ ပြေးထွက်သွား၏။

ထိုအခါ. . .

လင်းလျှံတစ်ယောက် ဇဝေဇဝါဖြင့် ကျန်ရစ်ခဲ့ရလေတော့သည်။

♥ ♥ ♥



## တွေ့ဆုံပွဲ

တစ်နှစ်. . .။

နှစ်နှစ်. . .။

သုံးနှစ်. . .။

ရာသီအလီလီပြောင်းရင်း သုံးနှစ်ဟူသော အချိန် ကုန်ဆုံးသွားခဲ့သည်။

ထိုသုံးနှစ်အတွင်း အရာရာပြောင်းလဲခဲ့ပေသည်။

ထိချီတစ်ယောက် သိုင်းလောကမှ ပျောက်ချင်းမလှပျောက်သွားခဲ့သည်။

ကြံ့စုဂိုဏ်း ပြိုကွဲသွားသလို လင်းလျှံ မရှိသည့် ခုံတုံဂိုဏ်းမှာလည်း ဖျက်ဆီးခံခဲ့ရသည်။

လင်းလျှံသည် သုံးနှစ်အတွင်း တောင်ပင်လယ်သို့ရောက်ရှိကာ လူထူးဆန်းတစ်ဦးထံမှ ပညာမွေ ရရှိခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ပြည့်၍ ပညာစုံသောအခါ ထိချီနှင့် တွေ့ဆုံရန် ပြည်မသို့ ပြန်လာခဲ့သည်။

ထိုသုံးနှစ် အတောအတွင်း လွန်စွာလျှို့ဝှက်သော သိုင်းအဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ခဲ့၏။

အဖွဲ့အမည်မှာ 'ဝိညာဉ်ရိပ်' ဖြစ်သည်။

ဦးဆောင်သူအား မည်သူမျှ မသိရှိချေ။

ဝိညာဉ်ရိပ်သည် သုံးနှစ် အတောအတွင်း သိုင်းလောကၥ် ဩဇာအာဏာ ရှိသော ဂိုဏ်းတစ်ခု ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။

သိုင်းလောက ဂယက်ရိုက်အောင်လည်း ဝိညာဉ်ရိပ် ဂိုဏ်းက ကြဲဆောင်လာခဲ့၏။

သိုင်းလောကသည် သုံးနှစ်အတောအတွင်း များစွာ ပြောင်းလဲသွားခဲ့ရပေတော့သည်။

♥ ♥ ♥



ထင်းစန်းတောင်. . .

ထင်းစန်းတောင်သို့ လူတစ်ယောက် တစ်ရွေ့ရွေ့ လှမ်းတက်လာ၏။

ထိုလူသည် မြက်ခမောက်တစ်လုံး ခပ်ငိုက်ငိုက် ဆောင်းထားပေသည်။

မီးခိုးရောင်ဝတ်စုံကိုလည်း ဝတ်ဆင်ထား၏။

ခမောက်ဆောင်းထားသူ တောင်ပေါ်သို့ ရောက်လာလျှင် ချောမောလှပသော မိန်းကလေးတစ်ယောက်က အသင့်စောင့်နေသည်ကို တွေ့လိုက်ရ၏။

မိန်းကလေးကား လင်းလျှံပင် ဖြစ်သည်။

လင်းလျှံက ခမောက်ဆောင်းထားသူအား ကြည့်ကာ

"ထိချီ၊ ရှင်ရောက်လာပြီကိုး"

ခမောက်ဆောင်းထားသူမှာ ထိချီပင် ဖြစ်၏။

"ရှင်က သိုင်းလောကမှာ ပျောက်ချက်သားကောင်းနေတယ်လို့ သတင်းရတယ်"

ထိချီ သက်ပြင်းချကာ. . .

"ကိစ္စတစ်ခု လျှို့ဝှက်စုံစမ်းနေတာ အခုတော့ အဖြေပေါ်လာပါပြီ"

"ဘာကိစ္စလဲ"

ထိချီက ကျောက်တုံးတစ်တုံးပေါ် ထိုင်ချလိုက်ပြီး. . .

"အရင်ဆုံး ကျောက်နီနဂါးရုပ် ရာဇဝင်နဲ့ ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်နွှယ်နေတဲ့ ငါတို့အကြောင်း ပြောပြမယ်၊ ဒါဆိုရင် အဖြေ ရှင်းရှင်းလင်းလင်း မင်းသိလာလိမ့်မယ်၊ ဒီကိစ္စ ဖြေရှင်းပြီးမှ မင်းနဲ့ ငါနဲ့ ကိစ္စ ဆက်ရှင်းကြတာပေါ့"

"ကျွန်မသဘောတူတယ်"

ထိုအခါ ထိချိုက ကျောက်နီနဂါးရုပ်နှင့် ပတ်သက်၍ ဆက်နွှယ်လာရသော ပြဿနာများအား ရှင်းပြလာလေတော့သည်။

♥ ♥ ♥



## အရှုပ်အထွေး

ဆောင်းရာသီဝင်စ အချိန်ဖြစ်၍ တစ်လောကလုံး အအေးဓာတ်လွှမ်းနေလေသည်။

နှင်းငွေ့များကို ဖြတ်ကျော်ကာ တိုက်ခတ်လာသော လေသည် အေးမြလတ်ဆတ်နေလေသည်။

အရပ်လေးမျက်နှာတွင် တောင်တန်းများ ရှိနေသော်လည်း နှင်းငွေ့များကြောင့် မမြင်ရပါ။

တောင်တန်းတစ်ခု၏ အခြေအတွင် နှင်းပန်းမြို့ကလေး ရှိသည်။

ထိုမြို့ကလေးသည် သေးငယ်သော်လည်း စည်ကားသော မြို့ကလေး ဖြစ်သည်။

တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်သော လမ်းမကြီးတွင် ရှိခြင်းကြောင့် အချက်အချာကျသော မြို့ကလေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့တွင် လမ်းဆုံတစ်နေရာ၌ စားသောက်ဆိုင်တစ်ဆိုင်ရှိသည်။

ဆိုင်ရှင်သည် ဆိုင်အလုပ်သမားများနှင့်အတူ စားသောက်မှုအတွက် ပြင်ဆင်နေလေသည်။

ဆိုင်ရှင်အမည်မှာ ထင်းစိန် ဖြစ်သည်။

ထိုဆိုင်တွင် အဘိုးအိုတစ်ယောက် ထိုင်နေ၏။

ဆိုင်ရှင်သည် အဘိုးအိုကို တစ်ချက်ကြည့်ပြီး. . .

"ဝူးချီ သူ့ကို အရက်တစ်အိုး ချပေးလိုက်"

ထင်းစိန် မကျေမနပ်ပြောကာ အတွင်းခန်းထဲသို့ ဝင်သွားလေသည်။

ဝူးချီ အရက်တစ်အိုးကို ယူလာကာ အဘိုးအို ရှေ့တွင် ချပေးလိုက်ပြီး. . .

"ဘဘ"

"ဟေ"

"ဦးလေးထင်းစိန်ကို စိတ်မဆိုးပါနဲ့နော်"

အဘိုးအို ပြုံးပြီး. . .

"မင်းက လိမ္မာလိုက်တာကွယ်၊ သူက ငွေရှိတဲ့လူမှ လူထင်တာကွ"

"ဘဘ သည်လို မပြောပါနဲ့၊ တော်ကြာ. . ."

အဘိုးအိုက ကြားဖြတ်ပြောလိုက်၏။

"ဘာလဲ၊ မင်း သူ့ကို ကြောက်လို့လား"



"ကြောက်တယ် ဘဘ၊ သူကျွေးမွေးလာလို့ ကျွန်တော် အသက်ရှင်တာ မဟုတ်လား၊ ဒါကြောင့် ကြောက်လဲကြောက်တယ်၊ ချစ်လဲချစ်တယ်"

ဝူးချီ၏စကားကြောင့် အဘိုးအို သောက်မည့် အရက်ခွက်ကို ပြန်ချပြီး တွေးမိလေသည်။

ထင်းစိန်သည် သူနှင့် ညီအစ်ကိုတော်ပြီး ဇနီးသည်ကွယ်လွန်ပြီး စားသောက်ဆိုင်ဖွင့်ကာ နေထိုင်သူ ဖြစ်သည်။

တစ်နေ့ ဆိုင်ဘေးတွင် ကလေးငိုသံ ကြားသောကြောင့် တွေ့ရှိပြီး ဆိုင်အလုပ်သမား ဇနီးတစ်ယောက်ထံ အပ်နှံကာ အစစအရာရာ တာဝန်ယူစောင့်ရှောက်ခဲ့သည်။

ထိုကလေးမှာ ဝူးချီ ဖြစ်သည်။

အဘိုးအိုသည် ဝူးချီကို ကြည့်ကာ ဆို့နင့်ကြေကွဲလာလေသည်။

"ဘဘ ဘဲဥယူဦးမလား"

"ယူမယ်"

ဝူးချီ ယူလာပေးလိုက်သည်။

ထိုစဉ်. . .

မြင်းစီးသမားခြောက်ယောက် ဆိုင်ထဲ ရောက်ရှိလာကြလေသည်။

ထိုမြင်းစီးသမားများသည် ပုဏ်ကျားအာမခံဌာနမှ လူများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင် ရှမုသည် အသက်လေးဆယ်ကျော် ရှိပြီး စိတ်သဘောထားကောင်းသူ ဖြစ်ပေသည်။

ထို့ကြောင့် . . .

ဌက်ကျားအာမခံဌာနတွင် ပစ္စည်းအပ်နှံသူ များပြားလေသည်။

ဤသို့ဖြင့် ငှက်ကျားအာမခံဌာနသည် အဖိုးတန်သော ပစ္စည်းများကို အစဉ်မပြတ် တာဝန်ယူပို့ဆောင်ပေးရလေသည်။

အာမခံဌာနပိုင်ရှင်သည် တန်ဖိုးကြီးမားသော ပစ္စည်းများကို ရှမုကိုသာ ဦးဆောင်စေသည်။

ရှမုသည် သစ္စာရှိသည်။

ရိုးသား၍ ရဲရင့်သည်။

ယခု . . .

သူတို့ ချယ်ရီဦးစားသောက်ဆိုင်သို့ ရောက်ရှိလာကြသည်။

ဆိုင်ရှင်ထင်းစိန် ပျာပျာသလဲ ကြိုဆိုနေရာချပေးလိုက်သည်။

ရှမုအား ဦးညွှတ်ကာ. . .

"ဆရာရှမု သည်ဘက်မရောက်တာ ကြာပြီနော်"

ရှမုက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး. . .

"ဟုတ်တယ်၊ တခြားမြို့တွေ သွားနေရလို့ မရောက်တာ"



"ကျုပ် ဆရာတို့အတွက် အသင့်ပြင်ထားပါတယ်၊ စိတ်ကြိုက်စားကြပါ"

ထင်းစိန် စားသောက်ဖွယ်ရာများကို ပြင်ရင်း ပြောကြားလိုက်သည်။

ရှမု ပြုံးရင်း တစ်ဆိုင်လုံး အကဲခတ်ကြည့်လိုက်သည်။

"ဆရာစိတ်ချပါ၊ သည်နေ့ ကျုပ်ဆိုင်ကို အပြင်လူ အဝင်မခံပါဘူး"

ရှမု ကျေနပ်စွာ ပြုံးလိုက်သည်။

သို့သော် . . .

သူ့အပြုံး ရပ်တန့်သွားလေသည်။

ဆိုင်ထောင့်တွင် ထိုင်နေသော အဘိုးအိုကို တွေ့ရသောကြောင့်ပင်။

"သူက ဘယ်သူလဲ"

"သူက [illegible] ဆရာ သူ့ကို ဂရုမစိုက်[illegible]"

ထိုအခါ. . .

ရှမုက အဘိုးအိုအား တစ်ချက်ကြည့်ပြီး. . .

"ဦးချီရော"

"ရှိတယ်ဆရာ၊ အထဲမှာ ဆိတ်သားချက်နေပါတယ်"

ရှမုက သဘောကျသလို ပြုံးပြီး မီးဖိုဆောင်ဘက် လှမ်းအော်လိုက်သည်။

"ဦးချီ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"မကျက်သေးဘူးလား"

"ကျက်တော့မယ် ဦးလေး"

မကြာပါချေ။

ဝူးချီ ပန်းကန်တစ်ခုကိုကိုင်ကာ ထွက်လာပြီး ရှမုရှေ့တွင် ချလိုက်သည်။

ရှမုက အိတ်ထဲမှ အထုပ်တစ်ထုပ် နှိုက်ယူကာ ဝူးချီအား လှမ်းပေးလိုက်သည်။

"ရော့. . . မင်းအတွက်"

"ဘာတွေလဲဗျ"

"အဝတ်အစားတွေလေ"

"ဟာ ဝမ်းသာလိုက်တာ ဦးလေးရာ၊ နှစ်ကူးရင် အသစ်ဝတ်ရပြီ"

ဝူးချီ ဝမ်းသာသွားသည်။

ထို့နောက်. . .

ရှမုက အိတ်ထဲမှ ဘူးကလေးတစ်ဘူး ထုတ်ကာ ဝူးချီအား ပေးလိုက်သည်။

"ဟောဒါက ငါ့အမြတ်တနိုးပေးတဲ့ လက်ဆောင်"

"ဒါ ဘာလဲဟင်"

"ငါ့ကို မြို့စားကြီးက သူ့ရဲ့ကောင်းအဖြစ်ပေးတဲ့ တံဆိပ်ပါ၊ မင်းလဲ သည်လိုရအောင် ကြိုးစားရမယ် ကြားလား"



ပြောရင်း ရွှေရောင်ဝင်းနေသော လင်းယုန်တံဆိပ်လေးကို ဝူးချီ၏ရင်ဘတ်တွင် ထိုးပေးလိုက်လေသည်။

ရှမုတို့ အာမခံအဖွဲ့သားများ အစားအသောက်များ စားသောက်ကြစဉ် ဝူးချီက အနားမှ လိုအပ်သည်ကို ဆောင်ရွက်ပေး၏။

ထို့နောက်. . .

အရက်သမားအဘိုးအိုထံ သွား၍ အသားကင်များ ချပေးလိုက်သည်။

အဘိုးအိုက ဝူးချီအား ပြုံးပြလိုက်သည်။

ရှမုတို့ အာမခံအဖွဲ့မှာ မူးနေကြပြီ ဖြစ်၏။

ထိုစဉ်. . .

အနက်ရောင်ဝတ်ဆင်ထားသူ ဆယ်ယောက် ဆိုင်ထဲ ဝင်ရောက်လာလေသည်။

ထိုလူများသည် လူဆိုးဓားပြများ ဖြစ်နိုင်ကြောင်း ရှမု ရိပ်မိလိုက်သည်။

အနက်ရောင်ဝတ်များကလည်း ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ဝူးချီ ကြောက်လန့်စွာ ထွက်ပြေးပြီး အဝေးမှ ပုန်းကြည့်နေလေသည်။

ဆိုင်ထဲတွင် ပြင်းထန်စွာ တိုက်ပွဲ ဖြစ်ပွားနေသော်လည်း အဘိုးအို ထိုင်လျက်ပင် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းစိန်နှင့် အလုပ်သမားများလည်း မီးဖိုထဲမှ ပုန်းကာ ကြည့်နေလေသည်။

ရှမုတို့အဖွဲ့ လွတ်လပ်စွာ စားသောက်ထားသောကြောင့် အထိနာလေသည်။

မကြာပါချေ။

ရှမု ကျဆုံးလေသည်။

ဓားပြများသည် ရှမု၏ရင်ဘတ်ကြားမှ ရတနာသေတ္တာလေးကိုယူကာ ဆိုင်ထဲမှ ထွက်သွားကြလေသည်။

သို့သော်. . .

တစ်ယောက်က. . .

"ဆိုင်ထဲက လူတွေကို ရှင်းပစ်လိုက်ဦးကွ"

ဟု ပြောလိုက်သည်။

ထိုအခါ အဖော်များ ချက်ပြုတ်ခန်းထဲဝင်ကာ အလုပ်သမားနှင့် ဆိုင်ရှင်ကို တိုက်ခိုက်ကြလေသည်။

"ဟော့. . . ဟိုမှာ ကလေးတစ်ယောက်. . .

ပြောရင်း ဝူးချီကို ဖမ်းကာ. . .

"ဟေ့ကောင်. . . ဆိုင်ထဲမှာ ဘယ်သူတွေ ရှိနေသေးလဲ"

"မရှိတော့ဘူး"

ဝူးချီ ကြောက်လန့်တကြား ဖြေလိုက်သည်။

ဓားပြခေါင်းဆောင် ဆိုင်ထဲ ကြည့်လိုက်ရာ တစ်နေရာ



တွင် အဘိုးအိုတစ်ဦးကို တွေ့သွား၏။

ဓားပြခေါင်းဆောင်က အဘိုးအို အနီး လျှောက်သွားပြီး

"အဘိုးကြီး"

ခက်ထန်မာကျောသော အသံဖြင့် ခေါ်လိုက်သည်။

အဘိုးအို မော့ကြည့်လိုက်သည်။

"ခင်ဗျား အသက်မှ ရှိသေးရဲ့လား"

"ရှိသားပဲ"

အဘိုးအို၏လေသံက အေးစက်နေလေသည်။

ဓားပြခေါင်းဆောင် မျက်လုံးပြူးသွားလေသည်။

"ခင်ဗျား ဆိုင်ထဲမှာ ဖြစ်နေတာ မတွေ့ဘူးလား"

"တွေ့သားပဲ"

"ခင်ဗျား ဘယ်သူလဲ"

အဘိုးအိုက. . .

"ဘာလုပ်မလို့လဲ"

ဟု ပြန်မေးလိုက်သည်။

ထိုအခါ. . .

ဓားပြခေါင်းဆောင် ဒေါသထွက်သွားပြီး. . .

"အချိန် မရှိဘူး၊ သည်ကလေးနဲ့ အဘိုးကြီးကိုပါ ရှင်းပစ်လိုက်၊ ဆိုင်ကိုလဲ မီးရှို့လိုက်ဟေ့"

ဟု အော်ဟစ်အမိန့်ပေးလိုက်သည်။

လူဆိုးတစ်ယောက်က ဝူးချီအား သတ်ရန် ဓားမြှောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ထိုစဉ်...

"ခွိမ်း"

အသံနှင့်အတူ ဝူးချီအား ခုတ်ရန် ရွယ်ထားသောဓား လွင့်စဉ်သွားလေသည်။

အဘိုးအိုက ဝင်ရောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထို့နောက်...

ဝူးချီအား လက်ကို ဆွဲကာ အဝေးသို့ တွန်းပို့လိုက်လေသည်။

ဓားပြခေါင်းဆောင် ပြုံးပြီး...

"ခင်ဗျား မဆိုးဘူး"

"မင်းတို့ လိုချင်တာရပြီပဲ၊ ဘာကြောင့် လူတွေကို ရန်ရှာရတာလဲ၊ အပြစ်မရှိတဲ့ ကလေးတွေကိုလဲ ဒုက္ခပေးချင်တယ်"

အဘိုးအိုက ဓားပြခေါင်းဆောင်ကို ကြည့်ကာ ပြောလိုက်သည်။

"ဝုန်း"

အဘိုးအိုအား ဓားပြခေါင်းဆောင် တိုက်ခိုက်လိုက်၏။

သို့သော်...

ဓားပြခေါင်းဆောင် လဲကျသွားလေသည်။

အဘိုးအိုက ဝူးချီအား ကြည့်ပြီး...

"ဝူးချီ ကျောက်ဖြူတောင်ခြေကို ရောက်အောင်ပြေး"



ဟု လေသံဖြင့် ပြောလိုက်သည်။

ဆိုင်ကို မီးစတင်ရှို့နေကြသည်။

အဘိုးအို တိုက်ခိုက်ရင်း ဓားပြခေါင်းဆောင်ဆီမှ ယွန်းသေတ္တာလေးကိုယူပြီး မီးတောက်ကြားမှ ထွက်လိုက်လေတော့သည်။

♥ ♥ ♥

သိုင်းလောကတစ်ခုလုံး လှုပ်ရှားနေကြသည်။

တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ခိုက်ရင်း သူတို့လိုချင်သော ပစ္စည်းအား ရှာဖွေနေကြလေသည်။

ထိုပစ္စည်းမှာ သိုင်းပဒေသာတစ်ခုပင် ဖြစ်သည်။

ထိုကျမ်းသည် ထက်မြက်သော သိုင်းကွက်များ ဖော်ပြထားသော ဆင့်ပွားသိုင်းကျမ်း စာအုပ်တစ်အုပ် ဖြစ်သည်။

ထိုပစ္စည်းသည် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က ကျော်ကြားခဲ့သောကျမ်း ဖြစ်သည်။

မြို့စားကြီးသည် သေဆုံးသွားသောအခါ ထိုကျမ်းအား သားဖြစ်သူကို ပေးထားလေသည်။

မြို့စားသားမှာလည်း ဆင့်ပွားသိုင်းကျမ်းနှင့်အတူ ပျောက်ဆုံးနေလေသည်။

ထိုအကြောင်းကြောင့် သိုင်းလောကတွင် လှုပ်ရှားတိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်နေကြလေသည်။

အသက်သုံးဆယ် အရွယ်ရှိ လူရွယ်တစ်ယောက် အဖြူရောင်ဝတ်စုံကို ဝတ်ကာ ဓားတစ်လက်ကို ခါးတွင်ချိတ်ဆွဲပြီး စားသောက်ဆိုင်ထဲ ဝင်လာလေသည်။

စားသောက်ဆိုင် စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်၏။

သူ့ဘေး စားပွဲတစ်လုံးတွင် လူသုံးယောက် ထိုင်နေလေသည်။

အဖြူရောင်ဝတ်စုံနှင့်လူအမည်မှာ ရှဟိုး ဖြစ်ပေသည်။

ထိုလူသုံးယောက်၏စကားကို သူ အသာနားထောင်နေလေသည်။

ထိုစဉ်. . .

ထိုသုံးယောက်ထဲမှ နှစ်ယောက်ထွက်သွားပြီး တစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။

ဝတ်စုံဖြူနှင့်လူ ထိုင်ရာမှထပြီး တစ်ယောက်ထဲ ကျန်ခဲ့သောလူအနားသို့ လျှောက်သွားလေသည်။

"ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ ခင်ဗျာ"

"ထိုင်ပါ"

ထိုလူက စိတ်မပါဟန်ဖြင့် ပြောလိုက်သည်။

ဝတ်စုံဖြူ ထိုင်ပြီး. . .

"ကျွန်တော့်နာမည် ရှဟိုးပါ"

"မင်း[illegible]ာတဲ့လူနဲ့ တူတယ်"



"ဟုတ်ပါတယ်"

"ဘယ်သွားမှာလဲ"

"ကျွန်တော့်မှာ ရည်ရွယ်ချက် မရှိပါဘူး"

ထိုလူက ရှဟိုးအား ကြည့်ပြီး. . .

"မင်းက သိုင်းသမားနဲ့တူတယ်"

ရှဟိုးက ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ အစ်ကိုကြီးနဲ့ စောစောက စကားပြောတဲ့လူနှစ်ယောက်က. . ."

"သူတို့က လုကောက်ကျိရဲ့တပည့်တွေပါ၊ ဘာလဲ မင်းနဲ့ ရန်စ ရှိလို့လား"

ထိုအခါ. . .

ရှဟိုး မျက်နှာနီရဲသွားပြီး. . .

"သူတို့မှန်းသိရင် စောစောကတည်းက သတ်တယ်"

ရှဟိုး စကားကြောင့် ထိုလူ မျက်လုံးပြူးသွားပြီး. . .

"ဘာဖြစ်လို့လဲ"

"သူတို့က ကျွန်တော့်အစ်ကိုကို သတ်သွားတယ်"

"မင်း အစ်ကိုက ဘယ်သူလဲ"

"ရှမု၊ သူက ငှက်ကျားအာမခံဌာနက ဦးစီးမှူး"

ထိုစကားကြောင့် ထိုင်နေသောလူ မျက်နှာပျက်သွားလေသည်။

ရှမုသည် ချယ်ရီဦးစားသောက်ဆိုင်တွင် သေ[illegible]သွားရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်။

ရှမုအား သတ်ဖြတ်သူများသည် လုကောက်ကျီ၏ တပည့်များ ဖြစ်ကြောင်း သိရ၍ ညီဖြစ်သူ ရှဟိုး လိုက်လာခြင်း ဖြစ်သည်။

"မင်း ပြန်တာကောင်းမယ် ညီလေး၊ ငါ မင်းကို ခင်လို့ ပြောတာ"

"ဘာဖြစ်လို့လဲ"

"လုကောက်ကျီအကြောင်း မင်းသိပါတယ်"

ရှဟိုး မဲ့ပြုံးပြုံးလိုက်သည်။

"သူ ဘယ်လိုလူစားလဲ ကျွန်တော်သိတယ်၊ တပည့်တွေ အများကြီး ရှိတယ်၊ သိုင်းပညာလဲ တတ်ကျွမ်းထားတယ်"

"ဟုတ်တယ်"

"ပြီးတော့ ကန္တာရသခင်နဲ့ ဆက်သွယ်ပြီး ခိုင်းသမျှ လုပ်နေတဲ့သူ"

"ဒါကြောင့် မင်းသွားရင် သေမှာပေါ့"

"သေတော့မှသေသေ၊ သူ့ကို မဆုံးမရရင် မကျေနပ်ဘူး"

"စောစောက လူတွေက မင်းအစ်ကိုကို သတ်တဲ့လူ မဟုတ်ဘူး၊ သိုင်းကျမ်းရှာနေတာ"

"ဘာဖြစ်ဖြစ် တစ်ဖွဲ့တည်းလေ"

"မင်း သည်လောက် ဒေါသမကြီးနဲ့၊ သူတို့မှာ ခေါင်း



ဆောင်ပါလာတယ်"

"ဘယ်သူလဲ"

"ငါပဲ"

ရှဟိုး မျက်လုံးပြူးသွားလေသည်။

မကြာပါချေ။

ဆိုင်ထဲသို့ လူနှစ်ယောက် ပြန်ဝင်လာလေသည်။

ရှဟိုး ဓားထုတ်ရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုလူက. . .

"မင်းကို ပြောစရာရှိတယ်"

ဟု ပြော၏။

ရှဟိုးက. . .

"ဘာပြောမှာလဲ"

ဟု ဒေါသတကြီး မေးလိုက်သည်။

"ငါ့အကြောင်းမဲ့ လူ မသတ်ချင်ဘူး"

ရှဟိုးက. . .

"အပိုတွေ ပြောမနေနဲ့၊ ကျုပ်အစ်ကိုကို သတ်ပြီး ပစ္စည်းတွေ ယူသွားတာ မေ့လိုက်ရမှာလား၊ သည်အမှုအတွက် အပြစ်ရအောင် ကျုပ်လုပ်မှာပဲ"

"ရှဟိုး"

"ပြောပါ"

"ငါ့နာမည်က စင်းအင်း"

www.burmeseclassic.com

www.burmeseclassic.com



ရှဟိုး ခေါင်းညိတ်လိုက်သည်။

"ကျုပ်မှတ်ထားမယ်"

စင်းအင်းက အေးစက်စွာဖြင့်. . .

"မင်းသေရမှာ မသေခင် သိအောင်ပြောပြထားတာ"

ဟု ပြောလိုက်သည်။

ရှဟိုးက. . .

"နောက် ဘာပြောစရာ ရှိသေးလဲ"

"တို့အဖွဲ့ ဘယ်လောက်ကြီးတယ်ဆိုတာ မင်း မသိသေးဘူး၊ တို့အဖွဲ့က သိုင်းကျမ်းရှာရတာ၊ ဓားပြတိုက်တာက တို့အဖွဲ့ မဟုတ်ဘူး"

"ဘာထူးလို့လဲ၊ ကျုပ်အစ်ကိုကို ဘယ်သူသတ်တယ်ဆိုတာ သိလား"

"မင်းသိလို့ ဘာထူးမှာလဲ၊ ကဲ. . . ကြာတယ်ကွ"

စင်းအင်းသည် ပြောပြောဆိုဆို တိုက်ခိုက်လိုက်သည်။

ငယ်သားနှစ်ယောက်ပါ ဝင်ရောက်တိုက်ခိုက်လာကြသည်။

မကြာပါချေ။

ငယ်သားတစ်ယောက် လဲကျသွားလေသည်။

စင်းအင်း အံ့ဩသွားလေသည်။

သို့သော်. . .

သူ့အဖွဲ့သားများ ထပ်မံရောက်လာကြသည်။



ရှဟိုးအား ထွက်ပေါက်မရှိအောင် ပိတ်ထားလိုသည်။

ရှဟိုး အံကြိတ်ကာ ဓားကို တင်းတင်းကိုင်ပြီး တိုက်ခိုက်လိုက်သည်။

ထိုစဉ်. . .

"ခွမ်း"

အသံတစ်ချက် ထွက်လာပြီး စင်းအင်း လက်ထဲမှ ဓား လွတ်ကျသွားလေသည်။

အဘိုးအိုတစ်ယောက် အရက်အိုးနှင့် ပစ်ပေါက်လိုက်ခြင်း ဖြစ်သည်။

အဘိုးအို တိုက်ပွဲအတွင်း ခုန်ဝင်လာလေသည်။

ရှဟိုးနှင့် ကျောချင်းကပ်ပြီး. . .

"ငါလမ်းဖွင့်ပေးမယ်၊ ထိုးဖောက်ရအောင်"

လေသံဖြင့် ပြောလိုက်သည်။

ရှဟိုးက အဘိုးအို အကူအညီကြောင့် အားတက်သွားလေသည်။

အဘိုးအို လက်နက်ကိုင်ဆောင်ခြင်း မရှိပါချေ။

ရန်သူများ အခြေအနေပျက်အောင် တိုက်ခိုက်နိုင်လေသည်။

ရှဟိုး လက်ကိုဆွဲကာ ဆိုင်ပြင် ခုန်ထွက်လိုက်သည်။

ဆိုင်ပြင်ရှိ မြင်းပေါ်သို့ ရှဟိုး ခုန်တက်ပြီး. . .

"အဘတက်လေ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို မြင်းပေါ် ခုန်တက်လိုက်သည်။
ထိုစဉ် . . .
"အင့်"
"အဘ"
"မြင်းကို အမြန်မောင်း"
အဘိုးအို ကျောပြင်ကို ရန်သူ ဓားတစ်လက် စိုက်ဝင်သွားလေသည်။
ရှဟိုး မြင်းကို အပြင်းမောင်းထွက်လာလေသည်။

♥ ♥ ♥



## အဆိပ်မယ်

စားသောက်ဆိုင်မှ သွေးပျက်စရာကောင်းသော အဖြစ်အပျက်များကြားမှ ဝူးချီ ပြေးထွက်လာလေသည်။
သူ့တွင် မိဘ မရှိသလို ညီအစ်ကို မောင်နှမ မရှိချေ။ တစ်ကောင်ကြွက် ဖြစ်သည်။
ဆိုင်ရှင်ထင်းစိန် ကျွေးမွေးထားသောကြောင့် အသက်ရှင်လာခြင်း ဖြစ်သည်။
ထင်းစိန်သည် သူ့အား ချစ်ခင်သည်။
ဝူးချီကလည်း ချစ်သည်။
ထို့ကြောင့် . . .
ဆိုင်အလုပ်များကို ညည်းမညူ လုပ်ပေးသည်။
ယခု ထင်းစိန် သေပြီဖြစ်သည်။
သူ့အား ချစ်ခင်သော ရှုမှတ်စွဲလူစုလည်း ကျဆုံးသွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ အားကိုးရာမဲ့ဘဝ ရောက်သွားလေသည်။

အရက်သမားဘဘက အရက်ကိုသာ အမြဲသောက်နေသူ ဖြစ်သည်။

သူ့အသက်ကို ကယ်တင်သည်။

အဘိုးအို ပြေးနိုင်သော နေရာသို့ ပြေးလာခဲ့သည်။

သူရေဆာသောကြောင့် စမ်းချောင်းတွင် ရေဆင်းသောက်လိုက်သည်။

"အား"

ဝူးချီ တစ်ချက်အော်၍ လဲကျသွားလေသည်။

အချိန်မည်မျှ ကြာသွားသည် မသိချေ။

သူသတိရလာသောအခါ သူ့အား တစ်စုံတစ်ယောက် ပွေ့ထားသည်ကို တွေ့ရသည်။

"ကျွန်တော်. . ."

"လူလေး၊ မင်း မြွေကိုက်ခံထားရတယ်"

"ဒါဆို သေမှာလားဟင်"

"မင်း မသေအောင် ဦးလေး ကြိုးစားပါ့မယ်ကွာ"

"ဦးလေးက ဘယ်သူလဲဟင်"

"ဒါတွေ မသိချင်နဲ့၊ မင်းကို မင်းဘဘ ခေါ်ခိုင်းလိုက်တာ"

"ဘဘ ဟုတ်လား"

"ဟုတ်တယ်လေ၊ အရက်သမားဘဘလေ"



"အခု ဘယ်မှာလဲ"

"ရှိတယ်၊ ဦးလေးနဲ့လိုက်ခဲ့"

ပြောရင်း ဝူးချီအား မြင်းပေါ်တင်ကာ ထိုနေရာမှ ထွက်လာခဲ့လေသည်။

ဝူးချီအား ခေါ်ဆောင်လာသူမှာ ရှဟိုး ဖြစ်သည်။

ရှဟိုးအား ကူညီတိုက်ခိုက်ရင်း အရက်သမားအဘိုးအို ကျောတွင် ရန်သူ၏ဓား စိုက်ဝင်ပါလာသည်။

ထို့ကြောင့်. . .

ရှဟိုး လမ်းတွင် စုံစမ်းပြီး သမားတော်ဆီသို့ ပို့ဆောင်ပေးသည်။

သမားတော်ကြီးသည် အရက်သမားအဘိုးအိုကို လက်ခံကုပေးသည်။

သမားတော်သည် မြေးအဘိုးနှစ်ယောက်တည်း ရှိသည်။

ထိုအခါ. . .

အဘိုးအိုက ကျောက်မြို့တောင်သို့ ဝူးချီအား ရှာဖွေခိုင်းလိုက်ခြင်း ဖြစ်သည်။

ရှဟိုးက ဝူးချီအား တွေ့သောအခါ မြွေကိုက်ခံထားရသောကြောင့် သတိလစ်နေလေသည်။

သူ မြင်းပေါ်တင်ကာ ခေါ်လာခြင်း ဖြစ်သည်။

သူတို့ ခရေကျေးရွာသို့ ပြန်ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးသည် ဝူးချီအား စမ်းသပ်ပြီး. . .

"ကျုပ် မသေအောင်တော့ ဆေးကျွေးထားပေးမယ်၊ ဒါပေမယ့် ရက်ကြာကြာခံမှာတော့ မဟုတ်ဘူး"

"ဒါဆို ဘယ်သူက ကုပေးနိုင်မလဲ"

အဘိုးအို စိုးရိမ်တကြီး မေးလိုက်သည်။

"အဆိပ်မယ်"

"သူ တကယ် ကုနိုင်သလား"

"ဟုတ်တယ်၊ ဒါပေမယ့် ငွေသိပ်မက်တယ်"

"ဒါက ရပါတယ်၊ ကလေး အသက်က အရေးကြီးတာပဲ၊ ကျုပ်ငွေရအောင် ရှာပါ့မယ်"

ထိုစဉ် ဝူးချီက မျက်နှာငယ်လေးဖြင့်. . .

"ဘဘ"

"ဘာလဲ ကလေး"

"ကျွန်တော် သေမှာလားဟင်"

"မင်း မသေရပါဘူး၊ ဘဘကြိုးစားပြီးတော့ ကုပေးမယ်"

သမားတော်ကြီးသည် ဝူးချီအား ကြင်နာစွာ ကြည့်ကာ ဆေးတစ်ခွက်ယူပြီး. . .

"ကလေး ဘာမှ မဖြစ်ပါဘူးကွယ်၊ သည်ဆေးသောက်လိုက်နော်"

"သည်ဆေးကလဲ ငါးရက်လောက်ပဲ ခံမှာ မဟုတ်လား ခင်ဗျာ"



"လေး၊ ငါးရက်အတွင်း ဘဘ သမားတော်တစ်ယောက်ဆီ ခေါ်သွားပေးပါ့မယ်ကွာ"

"ဘဘမှာ ဒဏ်ရာနဲ့ မဟုတ်လား"

"နည်းနည်းပါကွာ"

ရှဟိုးမှာ စိတ်မကောင်းစရာ အဖြစ်ကို တွေ့ကာ သက်ပြင်းချလိုက်သည်။

အဘိုးအိုကို လေးစားသော အကြည့်ဖြင့် ကြည့်ကာ

"ဘဘနာမည် မသိရဘူးလား ခင်ဗျာ"

ရှဟိုး မဝံ့မရဲ မေးလိုက်သည်။

အဘိုးအိုက ရှဟိုးအား တစ်ချက်ကြည့်ပြီး. . .

"ငါ့ကို လူတိုင်း အရက်သမားလို့ ခေါ်ကြတာပဲ၊ မင်းလဲ သည်လိုပဲ မှတ်ထားပါကွာ"

ရှဟိုး အံ့ဩသွားလေသည်။

အရက်သမားအဘိုးအို အသံအေးစက်နေလေ၏။

မျက်နှာမှာ အစဉ်အမြဲ ညှိုးနွမ်းနေလေသည်။

"ရှဟိုး"

အဘိုးအိုက ခေါ်လိုက်သည်။

"ပြောပါ ဘဘ"

အဘိုးအိုက ရှဟိုးကို သေချာကြည့်ပြီး. . .

"မင်းက သေသွားတဲ့ ငှက်ကျားရှမုရဲ့ညီ မဟုတ်လား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တခြားမောင်နှစ်မတွေ ရှိလား"

"မရှိပါဘူး"

"ရှမ့ သေသွားတော့ အာမခံဌာနကို ဘယ်သူဦးဆောင်လဲ"

ရှဟိုး၏မျက်နှာ ဝမ်းနည်းကြေကွဲရိပ်များ ပေါ်လာလေတော့သည်။

♥ ♥ ♥

"ဘယ်သူမှ မလုပ်တော့ဘူး၊ ကျန်တဲ့ပစ္စည်းနဲ့ အဆောက်အအုံကိုရောင်းပြီး အလျော်ပေးရတယ်လေ"

အရက်သမားအဘိုးအို ရှဟိုးကို ကြည့်ကာ မသိမသာ သက်ပြင်းချလိုက်သည်။

"တကယ်တော့ ငါပေါ့ဆလို့ ဖြစ်ရတာပဲ"

နောင်တရသော လေသံဖြင့် ပြောလိုက်သည်။

"ဗျာ"

ရှဟိုး အံ့ဩသွားလေသည်။

"မင်းအစ်ကို အသတ်ခံရတုန်းက ငါအနားမှာ ရှိတယ်"

"ဒါဆို ဘဘအကုန်မြင်မှာပေါ့"

"ငါမြင်တယ် ရှမ့ သည်လောက် ညံ့မယ်လို့ မထင်ဘူး"

အရက်သမားအဘိုးအို အဖြစ်အပျက်ကို ပြောပြလေ



သည်။ ရှဟိုး မျက်ရည်များ ကျလာပြီး အံ့ကြိတ်ကာ. . .

"လုကောက်ကျိတို့အဖွဲ့ကို ကျွန်တော်လက်စားချေမယ် ဘဘ"

"မင်း သူတို့နဲ့ ယှဉ်ပြိုင်လို့ မရဘူး"

"ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ ဘဘ"

"အချိန်စောင့်ရမယ်၊ သည်ကောင်တွေကို ငါလဲ မကျေနပ်ပါဘူး"

"ဘဘ အကြံပေးပါ"

အရက်သမားအဘိုးအို ရင်ဘတ်ကြားမှ သေတ္တာငယ်လေးကို ထုတ်ပေးလိုက်သည်။

"ဒါက ဘာလဲ ဘဘ"

"ဒါ မင်းအစ်ကိုဆီက ခါးပြတွေ လုတဲ့ ရတနာသေတ္တာပဲ"

ရှဟိုး အဘိုးအိုကို ငေးကြည့်ပြီး. . .

"ဘဘ သည်ပစ္စည်းကို သူတို့ ရှာနိုင်တယ်"

"ဟုတ်တယ်၊ ဒါကြောင့် မင်းလုပ်ရမှာက သည်ပစ္စည်းပိုင်ရှင်လက်ထဲ ပြန်အပ်ပါ၊ ဒါဆို သူတို့ကျေနပ်သွားမယ်၊ ၄က်ကျားအာမခံဌာနကို မင်းပြန်လည်ထူထောင်ပါ"

ရှဟိုး ဝမ်းသာအားရ အဘိုးအိုကို ငေးကြည့်နေလေသည်။

သူ့ အဘိုးအိုအား လေးစားသွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားသား ထိကျားဝူ အသက် ဘယ်လောက် ရှိပြီထင်လဲ"

ရှပ်ဟိုးက အဘိုးအို စကားကြောင့် စဉ်းစားလိုက်ပြီး. . .

"ကျွန်တော်စုံစမ်းရသလောက်တော့ သူက အသက်လေးဆယ်ကျော်ပဲ"

"သူ့ကို ရှာလို့ လွယ်မလား"

ရှပ်ဟိုး သက်ပြင်းတစ်ချက်ချလိုက်သည်။

"မလွယ်ဘူး ဘဘ၊ သူ့နောက်ကို ရန်သူတွေ အရမ်းလိုက်နေတော့ သူရှောင်တိမ်းနေရတယ်"

"မင်း သူ့ကိုရှာသင့်တယ်၊ ဒါမှ မင်းရည်ရွယ်ချက်အောင်မြင်မှာလေ"

မကြာပါချေ။

အားလုံး တိတ်ဆိတ်သွားလေသည်။

ညအမှောင် ကြီးစိုးလာလေသည်။

နောက်တစ်နေ့နံနက် ရောက်သောအခါ ရှပ်ဟိုးက အဘိုးအိုအား ဂါရဝပြု နှုတ်ဆက်ပြီး. . .

"ကျွန်တော် သည်ပစ္စည်းတွေ ပြန်ပေးပြီး ဘဘဆီ လာပါရစေ"

အဘိုးအို မျက်မှောင်ကြုတ်ပြီး. . .

"မင်း ငါ့ဆီ ပြန်လာမယ် ဟုတ်လား"

"ဟုတ်ကဲ့"



"ဘာကြောင့်လဲ"

"ဘဘ အကြံယူပါရစေ"

"လုကောက်ကျိတို့ကို ဘိုက်ခိုက်ဖို့လား"

"သူတို့ကို ထိုက်သင့်တဲ့ အပြစ်ဒဏ်ရအောင် ကျွန်တော်ကြိုးစားမယ် ဘဘ"

"မင်းစိတ်ထား ချီးကျူးပါတယ်၊ ငါကူညီနိုင်မှာ မဟုတ်ဘူး"

"ဘဘကိုလဲ သူတို့က ကျေနပ်မှာ မဟုတ်ဘူး"

"ဒါတော့ ဟုတ်တယ်"

"ဒါကြောင့် ဘဘနားမှာ ကျွန်တော်နေပါရစေ"

ထိုစဉ် ဝူးချီ ရောက်လာပြီး. . .

"ဦးလေးရှပ်ဟိုး ဘယ်တော့ ပြန်လာမှာလဲ"

ရှပ်ဟိုးက. . .

"ဦးလေး မကြာခင် ပြန်လာမယ်၊ ဒါနဲ့ ဘဘ သူ့ကိုဆေးကုရမယ် မဟုတ်လား"

"ဟုတ်တယ်၊ သည်နေ့သွားကြမယ်"

"နေရာသိလား"

"သိတယ်၊ မိုလန်း လိုက်ပို့မယ်"

"ကျွန်တော့်ကို ခွင့်ပြုပါ"

ပြောရင်း ယွတ်လာခဲ့လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



မိုလန်းသည် အသက်နှစ်ဆယ်ကျော် အရွယ် ရှိပြီး ချော မောလှပသူ ဖြစ်သည်။

လိမ္မာယဉ်ကျေးသည်။

သမားတော်ကြီး၏ မြေးမလေး ဖြစ်သည်။

မိုလန်းနှင့် ရှုဟိုးတို့ လမ်းမတွင် တွေ့ဆုံကြလေသည်။

"မိုလန်း၊ ဟိုကလေးကို အဆိပ်မယ်ဆီ လိုက်ပို့ရမယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ကလေးက သနားဖို့ ကောင်းပါ တယ်"

ရှုဟိုး အိတ်ထဲမှ ငွေထည့်ထားသော အိတ်တစ်အိတ်ကို ထုတ်ယူကာ. . .

"သည်ကလေးကို ဆေးကုဖို့ သည်ငွေကို ယူသွားပေးပါ ဗျာ"

မိုလန်း မျက်စောင်းထိုးပြီး. . .

"ကျွန်မက ဘာလုပ်ရမှာလဲ"

"မင်းတို့ပြောတော့ အဆိပ်မယ်က ငွေမက်တယ်ဆို"

"ဟုတ်တယ်"

"ဒါကြောင့် ပေးတာပါ၊ ငွေနည်းရင် မကုပေးမှာ စိုးလို့ ပါ"

"ရှင် ဘာကို ဘာကြောင့် မပေးလဲ"

"ကျုပ်ပေးရင် ယူမယ် မထင်ဘူး၊ ဒါကြောင့် ခင်ဗျားက



သည်ငွေနဲ့ ကုသပေးပါလို့ ပြောတာပါ"

"ရှင်ပြောစရာ ကုန်ပြီလား"

"အခုတော့ ပြောစရာ ဒါပဲရှိတယ်၊ ကျန်တဲ့စကားတို နောက်မှပြောမယ်၊ အဆိပ်မယ်က ဘယ်မှာနေလဲ"

ဟု မေးလိုက်သည်။

မိုလန်းက. . .

"ကျောက်ဖြူတောင်"

ဟု ရှုဟိုးအား ကြည့်ကာ တစ်လုံးချင်း ပြောလိုက်လေ တော့သည်။

♥ ♥ ♥

ကျောက်ဖြူတောင်. . .။

ကျောက်ဖြူတောင်သည် ကြီးမားသော တောင်ကြီး ဖြစ် ပြီး ချုံနွယ်နှင့် သစ်ပင်ဝါးပင်များ မရှိပါ။

ထိုတောင်ပေါ်တွင် လူနေအိမ်များ ရှိလေသည်။

တောင်ပေါ်တွင် မြို့တစ်မြို့နီးပါး ရှိလေသည်။

ကြီးမားသော အဆောက်အအုံကြီးများ ရှိသည်။

ထိုအဆောက်အအုံရှေ့တွင် လူသုံးယောက် ရပ်နေ လိုက်သည်။ အဆောက်အအုံအတွင်းမှ အစောင့်တစ်ယောက်ထ လှမ်းပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ"
ထိုအခါ မိုလန်း ရှေ့တက်လာပြီး. . .
"ကျွန်မမိုလန်းပါ သခင်မနဲ့ တွေ့ချင်လို့"
"ကိစ္စက"
"သည်ကလေးကို ဆေးကုချင်လို့ပါ၊ ဘဘက ကလေးရဲ့ အဘိုးပါ"
အစောင့်က အရက်သမားအဘိုးအိုကို တစ်ချက်ကြည့်ပြီး နှာခေါင်းရှုံ့ကာ. . .
"ခင်ဗျားတို့ ပြန်ကြပါ၊ သခင်မက ကုပေးမှာ မဟုတ်ဘူး"
မိုလန်းက. . .
"သည်လို မပြောပါနဲ့ရှင်၊ သခင်မနဲ့ တွေ့ခွင့်ပေးပါ"
ဟု တောင်းပန်ပြောဆိုလိုက်သည်။
အစောင့်က မိုလန်းအား မျက်မှောင်ကြုတ်ပြီး. . .
"ငါ စကားနှစ်ခွန်း မပြောဘူး"
"ကျုပ်မြေးလေး မြွေကိုက်ခံရလို့ပါ"
"ခုရက်မှာ သခင်မက ဘယ်သူလာလာ တွေ့မှာ မဟုတ်ဘူး"
"ဘာကြောင့်လဲ"
"အရေးကြီးတဲ့ ကိစ္စတစ်ခု စုံစမ်းနေလို့ပါ"
"ကျွန်မအဘိုးက သခင်မနဲ့ တွေ့ပြီးမှ ပြန်လာလို့ မှာလိုက်လို့ပါ"



"မင်းအဘိုးက ဘယ်သူလဲ"
"ဆေးဆရာမိုပါ"
အစောင့်သည် ထိုအမည်ကြားရသောအခါ သခင်မ ဖြစ်သူကို သွားရောက်အကြောင်းကြားလေသည်။
အဆိပ်မယ်သည် ဆေးဆရာမိုအား ရိုသေသူ ဖြစ်ပေသည်။ မကြာပါချေ။
အစောင့် ပြန်ရောက်လာပြီး. . .
"မင်းတစ်ယောက်တည်း ဝင်ခဲ့ပါ၊ ဟိုမြေးအဘိုး နေခဲ့"
မိုလန်း အဘိုးအိုအား ကြည့်လိုက်သည်။
အဘိုးအို ခေါင်းညိတ်ပြလိုက်သည်။
အဘိုးအိုကို ပြုံးပြပြီး မိုလန်း ဝင်သွားလေသည်။
"ဘဘ"
"ဘာလဲ လူလေး"
"အဆိပ်မယ်က မာနကြီးလိုက်တာ"
"သူ့မှာ အရေးကြီးတဲ့ကိစ္စ ရှိလို့ပါကွယ်"
"သူ မကုပေးရင် ကျွန်တော် သေမှာလား ဘဘ"
အဘိုးအိုက ဝူချီအား ကြင်နာစွာ ကြည့်လိုက်သည်။
"မင်း မသေရပါဘူးကွယ်"
"သူ မကုပေးရင် ဘယ်လိုလုပ်မလဲ"
"ကုပေးမှာပါကွာ"
ပြောရင်း သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။

မိုလန်း ပြန်ထွက်လာလေသည်။

သူမ မျက်နှာမကောင်းပါ။

"ဘာပြောလဲ သမီး"

အရက်သမားအဘိုးအိုက စိတ်စောစွာ မေးလိုက်လေသည်။

မိုလန်း ခေါင်းခါယမ်းပြီး. . .

"မျှော်လင့်ချက် မရှိဘူး ဘဘ"

"ဘာကြောင့်လဲ"

"ငွေအများကြီးရမယ့် အလုပ်တစ်ခု လက်ခံထားလို့ ဆေးမကုဘူးတဲ့"

"တောက်"

အဘိုးအို ကျယ်လောင်စွာ တောက်တစ်ချက်ခေါက်လိုက်သည်။

"ဘဘ သူနဲ့တွေ့ပါရစေ"

ထိုစဉ်. . .

တံခါးတစ်ချပ် ပွင့်သွားပြီး အထဲမှ မိန်းကလေးတစ်ယောက် ထွက်လာလေသည်။

ထိုမိန်းကလေးမှာ အဆိပ်မယ် ဖြစ်သည်။

"ရှင့်မြေးလား ကျွန်မဆီမှာ ဆေးကုမှာ"

အဘိုးအိုကို တစ်ချက်ကြည့်ပြီး မေးလိုက်သည်။



အဘိုးအိုက. . .

"ဟုတ်ပါယ်၊ သည်ကလေးပါပဲ၊ မြွေကိုက်ထားလို့ပါ၊ သည်ကလေး အသက်ကို ကယ်ဆယ်ပေးပါဗျာ"

"သမားတော်ကြီးကို အားနာလို့ လာတွေ့တာပါ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မဆေးမကုတော့ပါဘူး"

"ကျုပ် သခင်မလေး တောင်းသလောက် ပေးပါမယ်"

"ကျွန်မ အလုပ်တစ်ခု လက်ခံထားလို့ ဆေးမဖော်အားဘူး"

"သခင်မ ငွေဘယ်လောက်လိုလဲဆိုတာ ပြောပါ"

"ရှင် ဘယ်လောက်ပေးနိုင်လို့လဲ"

ထိုအခါ. . .

မိုလန်းက ရှပိုးပေးသော ငွေကို ထုတ်ကာ. . .

"သည်ထဲမှာ ငွေသုံးထောင် ရှိပါတယ် သခင်မ"

"မင်းရဲ့ငွေ သည်လောက်ကို ငါ ဘာလုပ်ရမှာလဲ"

အရက်သမားအဘိုးအို အိတ်ထဲမှ ငွေငါးထောင်ကိုပါ ချပေးလိုက်သည်။

"အားလုံး ရှစ်ထောင်ပါ"

"ဒါပေမယ့် ကျွန်မမှာ ဆေးဖော်ဖို့အချိန် မရှိဘူး"

ထိုစဉ်. . .

အရက်သမားအဘိုးအို ရင်ဘတ်ကြားသို့ လက်သွင်းလိုက်ပြီး ဘူးကလေးတစ်ဘူးကို ထုတ်ယူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘူးကို မြင်သောအခါ အဆိပ်မယ် မျက်လုံးပြူးသွားလေသည်။ အရက်သမားအဘိုးအို မျက်နှာညှိုးနွမ်းသွား၏။

ကျောက်စိမ်းလည်ဆွဲကလေး ဖြစ်သည်။

"သည်ပစ္စည်းဟာ ကျုပ်အသက်မက တန်ဖိုးထားမြတ်နိုးတဲ့ ပစ္စည်းပါ၊ သည်ကလေး အသက်ရှင်မယ်ဆို ကျေနပ်ပါတယ်၊ ရော့"

ထိုအခါ. . .

အဆိပ်မယ် အတန်ကြာအောင် ငေးမောနေပြီးမှ. . .

"သည်ပစ္စည်း ဘယ်လောက်နဲ့ ရောင်းမလဲ"

"ဘယ်လောက်ပေးပေး မရောင်းဘူး၊ ဒါပေမယ့်"

"ပြောပါ"

"သည်ကလေး အသက်ကယ်မယ်ဆိုရင် ပေးပါမယ်"

"ဖြေဆေးက အသင့်မရှိဘူး၊ လေးငါးရက်ကြာအောင် ဖော်စပ်မှ ရတာ၊ ကျွန်မ အချိန်မပေးနိုင်ဘူး၊ ဒါကြောင့် ရောင်းပါ"

"ဝမ်းနည်းပါတယ် မရောင်းနိုင်ဘူး"

အဆိပ်မယ်က. . .

"ဒါဆိုလဲ ပြန်ပါတော့"

ဟု ပြောရင်း လှည့်ထွက်သွားလေသည်။

"နေပါဦး"

"ဘာလဲ"



"သခင်မလေးကိစ္စ ဘယ်လောက် အရေးကြီးသလဲ ပြောပါ"

"ရှင့်ပြောလို့ ဘာတတ်နိုင်မှာလဲ"

"မဟုတ်သေးဘူး၊ ဘယ်လောက်ရမယ့် အလုပ်မို့လဲ"

"ငါးသောင်း"

"ဘာအလုပ်လဲ"

"ပစ္စည်းတစ်ခု ရှာရမှာပဲ"

"ဘာပစ္စည်းလဲ"

"ဆင့်ပွားသိုင်းကျမ်း"

"ဟင်"

အဘိုးအို အံ့ဩသွားလေသည်။ အတန်ကြာမှ. . .

"သူက ဘယ်လောက်တန်ဖိုးကြီးလို့လဲ"

"ဒါကြောင့် ရှင် မသိဘူးလို့ ပြောတာပေါ့"

"သခင်မကို ဘယ်သူက ငွေပေးရှာခိုင်းတာလဲ"

"ကန္တာရသခင်"

"သည်ဆင့်ပွားသိုင်းကျမ်း သူ့ဆီရောက်သွားရင် ကျားအတောင်တပ်သလို ဖြစ်မှာပေါ့"

"ကဲ. . . အပိုတွေ ပြောမနေနဲ့ သွားတော့"

"နေပါဦး၊ အဲသည်ပစ္စည်း ဘယ်မှာရှိလဲ သိပြီလား"

အဆိပ်မယ် ခေါင်းညိတ်လိုက်သည်။

"သိပြီ၊ ကျွန်မလူတွေ ရှာနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူတို့ကို စောင့်ရင်း ဆေးကုသပေးပါလား"

"မဖြစ်ဘူး၊ ကျွန်မခရီးထွက်မလို့"

"ဒါဆို သည်လိုလုပ်၊ သခင်မလေး သူ့ကို ဆေးကုပေး။ သခင်မလေးတာဝန် ကျုပ်ယူပါ့မယ်"

"ရှင်ရယ်စရာ ပြောနေတာလား"

"မဟုတ်ဘူး၊ သူ့ကို ဆေးကုပေး၊ သခင်မလိုချင်တဲ့ ပစ္စည်း ရှာပေးမယ်"

"ကောင်းပြီလေ၊ ကျွန်မ သည်ကလေးကို ဆေးကုထားပေးမယ်၊ ရှင်တစ်ပတ်အတွင်းရအောင် ယူလာနော်"

"ကောင်းပြီ"

အဆိပ်မယ်က. . .

"ကျွန်မ ရှင်မလာရင် ကလေးကို သတ်ပစ်မယ်၊ ငွေတွေရော လည်ဆွဲပါ ပြန်မပေးဘူး"

အဘိုးအိုက မိုလန်းဘက်လှည့်ကာ. . .

"သမီး"

"ရှင်"

"သည်ကလေးကို စောင့်ရှောက်ပါလို့ မှာခဲ့ပါတယ်၊ ဘဘပြန်လာမယ်"

"ဟုတ်ကဲ့ ဘဘ"

မိုလန်း ခေါင်းညိတ်ပြလိုက်လေသည်။

♥ ♥ ♥



တရုတ်ပြည် မြောက်ပိုင်းတွင် တည်ရှိသည့် ငန်းနက်မြို့ကြီးသည် ကြီးကျယ်စည်ကားသော မြို့တစ်မြို့ ဖြစ်သည်။

ထိုမြို့၏တောင်ဘက်ခြမ်းတွင် ကျောက်ဖြူတောင် ရှိသည်။

မြို့အရှေ့ဘက်တွင် စီယန်စန်းတောင်တန်းကြီး ရှိနေသည်။

ထိုတောင်တန်း၏တစ်ဖက်တွင် နယ်စပ်မြို့ကလေးများ ရှိသည်။

ထိုဒေသတွင် ကန္တာရသိုင်းသမားများ ကြီးစိုးနေထိုင်ကြသည်။

ကန္တာရသိုင်းသမားများသည် ထိုဒေသမှနေ၍ သိုင်းလောက သစ္စာဖောက်များ၏ အကူအညီဖြင့် ပြည်မသို့ အနှောင့်အယှက်ပေးနေလေသည်။

ငန်းနက်မြို့သည် ကန္တာရသိုင်းသမားများ ကျက်စားနေသောမြို့ ဖြစ်သည်။

ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ လောင်းကစားဒိုင်များဖြင့် စုံလင်နေလေသည်။

စိတ်ကြိုက်စားသောက်ဆိုင်သည် ငန်းနက်မြို့တွင် နာမည်အကြီးဆုံး စားသောက်ဆိုင် ဖြစ်သည်။

ကြီးမျိုးသော အဆောင်၊ သပ်ရပ်သော အခန်းများ ဖွဲ့လုပ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ခန်းများ၊ လောင်းကစားခန်းများ ရှိပေ၏။

ထိုစိတ်ကြိုက်စားသောက်ဆိုင်သို့ အရက်သမားအဘိုးအို ရောက်လာလေသည်။

အရက်သောက်ရင်း လောင်းကစားဝိုင်းမှ အသံကို နားစွင့်နေလေသည်။

အဘိုးအို စိတ်ကြိုက်စားသောက်ဆိုင်သို့ ရောက်နေသည်မှာ သုံးရက်ရှိပြီ ဖြစ်သည်။

သူ့တွင် ငွေကြေး သိပ်မရှိတော့ပါ။

ရှိသမျှ အဆိပ်မယ်အား ပေးခဲ့ပြီဖြစ်သည်။

သူ အဆိပ်မယ်အား သိုင်းကျမ်းယူပေးမည်ပြောပြီး ခုချိန်ထိ မရှာသေးပါ။

သူ့တွင် နောက်ထပ်သုံးရက်စာပင် ငွေရှိတော့သည်။

သူ လောင်းကစားဝိုင်းသွားရန် စဉ်းစားနေလေသည်။

သူနောက်ဆုံး ထလိုက်ပြီး လောင်းကစားဝိုင်းသို့ ဝင်လာခဲ့လေသည်။ သူ ကံကောင်းသည်။

သူဝင်ပြီး မကြာပါ နိုင်လာသည်။

နောက်ဆုံး လောဘတက်ပြီး ရှိသမျှ လောင်းလိုက်ရာ ရှုံးသွားလေသည်။

အဘိုးအို အခန်းခပင် ပေးစရာမရှိတော့ပါ။

သူ စိတ်ပျက်စွာဖြင့် အောက်ပြန်ဆင်းလာပြီး အရက်သောက်နေလေသည်။



ထိုစဉ် ဆိုင်ဝန်ထမ်းတစ်ယောက် ရောက်လာပြီး. . .

"ဆရာကြီး"

ဟု ခေါ်လိုက်သည်။

အဘိုးအို ခေါင်းမော့ကြည့်ပြီး. . .

"ဘာလဲ"

"စားသောက်ခ ရှင်းရအောင်"

ထိုအခါ. . .

အရက်သမား အဘိုးအို မျက်လုံးပြူးသွားလေသည်။

"ဖြည်းဖြည်းပေါ့"

"ကျွန်တော့်မှာ လုပ်စရာတွေရှိသေးတယ်ဗျ၊ မြန်မြန်ရှင်းပါ"

"မင်းလုပ်စရာရှိတာ လုပ်ပါ"

"ကဲ. . . လုပ်ဗျာ အချိန်မရှိဘူး"

"ငါ့မှာပေးစရာငွေ မရှိဘူးကွ"

"ဘာပြောတယ်၊ ပေးစရာမရှိဘူး ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်တော်တို့ အလှူမလုပ်ဘူးဗျ"

"မင်းတို့ ငါ့ကိုလှူလိုက်ပါကွာ၊ ငါ့မှာ ငွေမရှိတော့လို့ပါ"

ဆိုင်ဝန်ထမ်းသည် မျက်မှောင်ကြုတ်ပြီး. . .

"တတိယအထပ် အခန်းနံပါတ်ငါးက ခင်ဗျားအခန်းလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အရင်က ခင်ဗျား မှန်မှန်ပေးပါတယ်၊ အခုဘယ်လိုဖြစ်တာလဲ"

"သည်နေ့ ငါကစားလိုက်လို့ ကုန်သွားတာပါ"

"ဒါဆိုလည်း ခင်ဗျား အပြင်ထွက်တော့"

"သည်တစ်ည နေပါရစေကွာ"

အရက်သမားအဘိုးအို တောင်းပန်လိုက်သည်။

"မရဘူး"

ဆိုင်ဝန်ထမ်းကပြောရင်း လက်ခုပ်နှစ်ချက်တီးလိုက်၏။

ထိုအခါ သန်မာထွားကျိုင်းသော လူနှစ်ယောက်ရောက်လာ၏။

"သူ့ကို အပြင်ဆွဲထုတ်စမ်းကွာ"

သန်မာသူနှစ်ယောက် အဘိုးအိုအား ဆွဲထုတ်နေသည်။

အဘိုးအို တောင်းပန်နေသည်။

မရပါချေ။

ထိုလူများက ကြမ်းတမ်းစွာ ဆွဲထုတ်နေလေသည်။

ထိုစဉ်...

"လွှတ်လိုက်စမ်း"

အသံနှင့်အတူ လူတစ်ယောက် ရောက်လာသည်။

အဘိုးအို မော့ကြည့်သောအခါ ရှုဟိုးကိုတွေ့ရလေ၏။

ရှုဟိုး အခန်းဝတွင် ရပ်နေလေသည်။



ရှုဟိုး ကျောက်ဖြူတောင်သို့ ပြန်လာခြင်းဖြစ်သည်။

ငန်းနက်မြို့တွင် ဝင်ရောက်နားရန် စိတ်ကြိုက်စားသောက်ဆိုင်သို့ ဝင်လာခြင်းဖြစ်သည်။

ဆိုင်ဝန်ထမ်းက ရှုဟိုးအားကြည့်ကာ...

"သည်အဘိုးကြီးက ခင်ဗျားမိတ်ဆွေလား"

"ဟုတ်တယ်"

"သူ တည်းခိုခန်းခ မပေးလို့"

သူ၏စကား မဆုံးပါချေ။

ရှုဟိုးက လက်ကာပြပြီး...

"သူ သည်မှာတည်းတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်မှာလဲ"

"တတိယ..."

"ပထမအခန်းမှာ တည်းခိုခန်းနှစ်ခန်း ပြင်ပေးပါ၊ ကျသင့်ငွေကို ကျုပ်ရှင်းမယ်"

ရှုဟိုးက လေသံမာမာဖြင့် ပြောလိုက်သည်။

ဆိုင်ဝန်ထမ်းက အရိုအသေပေးပြီး ထွက်ခွာသွားလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



အရက်သမားအဘိုးအို ပထမတန်းစားအခန်းတွင် အရက်သောက်ရင်း အဆိပ်မယ်နှင့်တွေ့ကြုံရသည်ကို ပြောပြလိုက်သည်။

ရှဟိုးမှာ ထိုစကားများကြားပြီး စိတ်မကောင်းဖြစ်သွားလေသည်။

"ဆရာကြီး. . . အဆိပ်မယ်ကို ဘာလို့ အကုန်ပေးခဲ့တာလဲ"

အရက်သမားအဘိုးအို ပြုံးလိုက်သည်။

"ဝူးချီ အသက် ကယ်ဖို့လေကွာ"

"ဒါပေမယ့် သူက သည်လောက်နဲ့ကျေနပ်မှာ မဟုတ်ဘူး။ နောက် ဆရာကြီး သိုင်းကျမ်းရှာလို့ လွယ်ပါ့မလား"

"ငါ တကယ်ရှာလို့ရရင် မင်းဘယ်လိုလုပ်မလဲ"

"ကျွန်တော် မမျှော်လင့်ပါဘူး"

"ဘာကြောင့်လဲ"

"ဒါရဖို့ မလွယ်ဘူး။ ထိကျားဝူဆိုတဲ့လူက ဘယ်ရောက်နေမှန်းမသိဘူး။ အကယ်၍ ကျွန်တော်ရှာတွေ့ရင်လည်း ဘာဘ လက်ထဲအပ်မှာပါ"

"ဘာကြောင့်လဲ"

အရက်သမားအဘိုးအို အံ့ဩသလို မေးလိုက်၏။

"ဘာဘနဲ့ဝူးချီတို့ ဒုက္ခကို မကြည့်ရက်လို့ပါ"

ရှဟိုး တည်ကြည်စွာ ပြောလိုက်သည်။



"မင်း သည်သိုင်းကျမ်းထဲက ပညာရအောင်ယူမယ်ဆို"

"အရင်ကတော့ သည်အတိုင်း ဆုံးဖြတ်ထားတယ်၊ အခုတော့ စိတ်ပြောင်းလိုက်ပြီ"

"ငါ့အတွက် မပူပါနဲ့၊ မင်းအတွက် ကြိုးစားရှာဖွေပါ"

"ကျွန်တော်ရှာမယ်၊ ရရင် ကျွန်တော့်အတွက် မဟုတ်ဘူး"

အရက်သမားအဘိုးအို ပြုံးလိုက်သည်။

"ဘာဘ. . . သည်ငွေတွေယူထားပြီး သုံးပါ"

"နေဦး၊ မင်းဘယ်သွားမှာလဲ"

"ကျွန်တော် ရှာဖွေပြီး ကျောက်ဖြူတောင်ကိုလာခဲ့မယ်"

အဘိုးအိုက ရှဟိုး၏လက်ကို ဖမ်းဆွဲထားလိုက်သည်။

"မင်း သွားစရာမလိုဘူး"

ရှဟိုး မျက်မှောင်ကြုတ်ပြီး. . .

"ဘာဖြစ်လို့လဲ ဘာဘ"

"မင်း ထိကျားဝူကို ရှာတွေ့မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

အရက်သမားအဘိုးအိုက တည်ကြည်သောမျက်နှာထားဖြင့်. . .

"ထိကျားဝူဆိုတာ ငါပဲ"

"ဗျာ"

ရှဟိုး အံ့အားသင့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သူရယ်မောလိုက်လေသည်။

"မင်း ဘာရယ်တာလဲ"

"ဘဘ နောက်တာ သဘောကျလို့"

အဘိုးအို ထိုင်ရာမှထကာ သီးသန့်တံခါးကိုသွားပိတ်ပြီး ရှဟိုးရှေ့ရပ်ကာ. . .

"မင်းကိုငါ ပြစရာရှိတယ်"

ပြောရင်း အတွင်းခန်းသို့ ဝင်သွားလေသည်။

ရှဟိုးသည် အဘိုးအို ထူးဆန်းသည်ဟုထင်သော်လည်း ထိကျားဂူဖြစ်မည် မထင်ပါ။

မကြာပါချေ။

အခန်းတံခါးပွင့်လာပြီး သန့်ပြန့်သော အဝတ်အစားများ ဝတ်ဆင်ထားသူ တစ်ယောက်ထွက်လာကာ ရှဟိုးအား ပြုံးကြည့်နေလေသည်။

ရှဟိုး ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ အရိုအသေပေးပြီး. . .

"ဘယ်သူနဲ့ တွေ့ချင်လို့လဲခင်ဗျာ"

ထိုဧည့်သည်က အခန်းတစ်ခုလုံး အကဲခတ်ကြည့်ပြီး

"သည်အခန်းက အရက်သမားအဘိုးအို တည်းတဲ့ အခန်းလား"

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ"

ဧည့်သည်က သူ့အား မျက်မှောင်ကြုတ်ကြည့်ကာ. . .



"မင်းကသူနဲ့ ဘာတော်လဲ"

"ကျွန်တော့်ဆရာပါ"

ဧည့်သည်က ရင်ဘတ်ကြားမှ စာရွက်တစ်ရွက်ထုတ်ပြလိုက်သည်။

ရှဟိုး လှမ်းယူပြီး ဖတ်ကြည့်လိုက်သည်။

ဆိုင်အမည်နှင့် ဝယ်ယူထားသောပစ္စည်းစာရင်းများဖြစ်သည်။ ရှဟိုး ဧည့်သည်အား မော့ကြည့်ပြီး. . .

"ထိုင်ပါဦး ခင်ဗျာ"

"အရက်သမားအဘိုးအို ယူထားတဲ့စာရင်း လာရှင်းတာပါ"

ရှဟိုး အိတ်ထဲမှ ငွေယူရှင်းလိုက်သည်။

သို့သော် ထိုလူ လက်မခံပါချေ။

"ကျုပ် ငွေလိုချင်တာမဟုတ်ဘူး၊ သူ့ဆီက ပစ္စည်းတစ်ခုလိုချင်လို့"

ဧည့်သည်က တည်ကြည်လေးနက်စွာ ပြောဆိုသောအခါ ရှဟိုး ရင်ထိတ်သွားလေသည်။

"ဘာပစ္စည်းလဲ"

"ဆင့်ပွားသိုင်းကျမ်း"

ရှဟိုး မျက်လုံးပြူးသွားပြီး အရက်သမားအဘိုးအို ဝင်သွားသောအခန်းသို့ လှမ်းကြည့်သည်။

ရှဟိုး ဧည့်သည်အားကြည့်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"အရက်သမားအဘိုးအိုဆီမှာ သည်ကျမ်းရှိတယ်လို့ ဘယ်သူပြောလဲ"

"ကျုပ်သိတယ်၊ သူက ထိကျားဝူလေ"

ညှို့သည် ရယ်မောပြောဆိုလေသည်။

ရှဟိုး ထိတ်လန့်သွားလေသည်။

"ခင်ဗျား လျှောက်မပြောနဲ့၊ ထွက်သွား"

"ဘာလဲ မင်းမယုံလို့လား"

"ဟုတ်တယ်"

"မင်း ထိကျားဝူကို မြင်ဖူးလား"

"မြန်မြန် ထွက်သွားစမ်းပါဗျာ"

ရှဟိုး ဒေါသတကြီး အော်ဟစ်နေ၏။

ထိုအခါ ညှို့သည်က ရယ်မောပြီး. . .

"မမြင်ဖူးရင်ကြည့်ထား၊ ထိကျားဝူဆိုတာ ငါပဲ"

"ဗျာ"

ရှဟိုး ညှို့သည်ကိုကြည့်ပြီး အံ့သြသွားပြန်သည်။

သူ အရက်သမားအဘိုးအို၏ အခန်းထဲဝင်ကြည့်သော အခါ အဘိုးအို မရှိပါ။

ညှို့သည် ရယ်မောနေလေသည်။

ခုတင်ပေါ်တွင် အဘိုးအို၏ အဝတ်အစားများကို တွေ့ ရလေသည်။

♥ ♥ ♥



ရှဟိုးသည် အဘိုးအို၏အခန်းထဲမှထွက်လာပြီး ရယ် မောနေသော ညှို့သည်ကိုကြည့်ကာ. . .

"ဘာ. . . ကျွန်တော် ရှုံးတော့မယ်"

ညှို့သည်မှာ တဟားဟား ရယ်မောနေလေသည်။

ထိကျားဝူသည် တစ်ချိန်က ကျော်ကြားသော မြို့စားကြီး ၏သားဖြစ်သည်။

ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသလို ရုပ်ချောသူလည်းဖြစ် သည်။

အသက် လေးဆယ်ကျော်သည့်တိုင် သန်မာခန့်ညား တုန်းပင်ဖြစ်သည်။

အရက်သမားအဘိုးအို ဟန်ဆောင်ထားသောအသွင် နှင့် တခြားစီဖြစ်နေလေသည်။

ထို့ကြောင့်. . .

မြို့စားသား ထိကျားဝူအား ရှာဖွေသူများ လုံးဝမတွေ့ ခြင်း ဖြစ်သည်။

"ဆရာ"

ရှဟိုး လေးစားစွာ ခေါ်လိုက်သည်။

"ပြော ရှဟိုး၊ ဒါပေမယ့် ကျုပ်ကို ဆရာမခေါ်ပါနဲ့"

ထိကျားဝူက တည်ကြည်သော မျက်နှာထားဖြင့်ပြော လိုက်လေသည်။

"မဟုတ်တာ ဆရာရယ်၊ ဆရာဟာ သာမန်လူတွေနဲ့မှ

www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းမတူတာ"

"မလုပ်နဲ့ ရှဟိုး၊ အားလုံးက လူတွေပဲ၊ ယုတ်မာတဲ့လူနဲ့ ရိုးသားတဲ့လူ ဒါပဲကွာတယ်"

"ဆရာ အခုလို ရုပ်ဖျက်ထားတော့ ဆရာ့ကို လူတွေ အထင်သေးကြတယ်"

ထိကျားဝူ အရက်တစ်ခွက်သောက်ပြီး ပြုံးလိုက်လေသည်။

"အထင်သေးကြတာ မဆန်းပါဘူးကွာ၊ ငါက သူတို့ အထင်သေးအောင် သရုပ်ဆောင်ထားတာကိုး၊ အရက်သမားလိုပဲ ဆက်ဆံကြမှာပေါ့ကွာ"

ရှဟိုးက ထိကျားဝူကို စိတ်မကောင်းစွာကြည့်နေ၏။

"လူ့သဘာဝက ဆန်းကြယ်တယ်ကွ၊ တစ်ချိန်က ငါ့ကို မော့မကြည့်ရဲတဲ့သူ မင်းအစ်ကိုနဲ့အတူ သေဆုံးသွားတဲ့ ငါ့ညီဝမ်းကွဲက စားသောက်ဆိုင်ပိုင်ရှင်ဖြစ်တော့ ငါ့ကိုအရေးမလုပ်တော့ဘူးကွ၊ ငါ့အဖေဆုံးတော့ ငါ့ဘဝ ဇာတ်မြှုပ်ပြီး အရက်သမားဘဝ ခံယူခဲ့တယ်၊ သူက ငါ့ကို အရက်သမားလိုပဲ ဆက်ဆံတယ်လေ"

"ဆရာ့ကို မသိလို့လား"

"သိပါတယ်ကွာ"

ထိကျားဝူ၏စကားကို ရှဟိုးနားထောင်ရင်း ဗဟုသုတရသည်။



ထိကျားဝူသည် တစ်ချိန်က ပြိုင်ဘက်ကင်း ထင်ရှားခဲ့သည်။

လူအများ ကြည်ညိုလေးစား ချစ်ခင်မှုရသည်။

"ဆရာ"

"ပြော"

"ကျွန်တော် သိချင်တာ မေးပါရစေ"

"ဘာလဲ"

"ဆရာ ထိကျားဝူဆိုတဲ့ နာမည်ဖျောက်ပြီး နေမှာလား"

"ငါ ထိကျားဝူဆိုတာ မင်းတစ်ယောက်တည်းသိတယ်၊ ငါမပြောပါရစေနဲ့၊ မင်းဟာ သစ္စာရှိတဲ့ လူတစ်ယောက်ဖြစ်မယ်လို့ ယုံလို့ ငါပြောတာပါကွ"

ထိကျားဝူ ထိုသို့ပြောရင်း ရှဟိုးကို ကြည့်လိုက်သည်။

"စိတ်ချပါဆရာ၊ ဆရာ့ကို ကျွန်တော် လေးစားချစ်ခင်တာ အရက်သမားအဘိုးအိုဘဝ ကတည်းကပါ"

ထိကျားဝူ ခေါင်းတစ်ချက်ညိတ်ပြီး. . .

"ငါယုံတယ်၊ ဒါကြောင့် ဖွင့်ပြောတာပါ၊ နောက်တစ်ခုလဲ ရှိသေးတယ်၊ မင်း ဆင့်ပွားသိုင်းကျွမ်း လိုချင်တယ် မဟုတ်လား"

"အမှန်ပြောရရင် ကျွန်တော် အရင်က လိုချင်ပါတယ် ဆရာ"

"အခုရော"

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ဆရာ့ မိဘ ဘိုးဘွား လက်ထက်က ပစ္စည်းမို့ ဆရာမပေးရင် မယူပါဘူးခင်ဗျာ"

ထိကျားဝူ ရှဟိုး အပြောကို သဘောကျသွား၏။

ထို့နောက်. . .

အိတ်ထဲ လက်နှိုက်ကာ ပစ္စည်းတစ်ခု ထုတ်ယူလိုက်လေသည်။

သေးငယ်သော စာအုပ်လေးတစ်ခု ဖြစ်သည်။

"ရော့. . . မင်းဖတ်ကြည့်ဦး၊ နားလည်လားလို့"

ရှဟိုးက ထိကျားဝူအား မော့ကြည့်ရင်း မရဲတရဲ ကြည့်လိုက်သည်။

သို့သော်. . .

သူနားမလည်ပါချေ။

တိဗက်ဘာသာစကားဖြင့် ရေးထားခြင်း ဖြစ်သည်။

"ကျွန်တော်နားမလည်ဘူး ဆရာ"

"ဒါဆို ဘာကြောင့် သိုင်းကျမ်းနောက် လိုက်ကြတာလဲ"

"ကျွန်တော်တို့ နားလည်နိုင်မယ့် ဘာသာနဲ့ ရေးထားမယ်ထင်တာ"

ထိကျားဝူ ပြုံးလိုက်သည်။

"သည်လောက်လွယ်ရင် သည်ကျမ်းဟာ အလကားဖြစ်သွားမှာပေါ့၊ သည်ကျမ်းကို ရှောင်လင်ဘုန်းတော်ကြီးတစ်ချို့ပဲ သိကြတယ်"



"ဒါဆို သည်သိုင်းကျမ်းရရင် ဆရာသင်ပေးရင်ပေး မပေးရင် ဘုန်းတော်ကြီးတစ်ပါးဆီ သွားသင်ရမှာပေါ့"

"ဟုတ်တယ်"

ထိကျားဝူ ခေါင်းညိတ်ရင်း ပြောလိုက်သည်။

ရှဟိုး သိုင်းကျမ်းကိုတစ်လှည့် ထိကျားဝူကိုတစ်လှည့် ငေးမောနေလေသည်။

♥ ♥ ♥

အတန်ကြာမှ ရှဟိုးက ထိကျားဝူအား ကြည့်ပြီး. . .

"ဆရာ"

"ဟေ"

"ဆရာ သည်သိုင်းကျမ်းကို အဆိပ်မယ်ကို ပေးရမှာပေါ့နော်"

ထိကျားဝူ ညှိုးနွမ်းသော မျက်နှာဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ဒါကြောင့် ငါစဉ်းစားနေတာ"

"ဘာကြောင့်လဲ ဆရာ"

"ကန္တာရသခင်ဆီ ရောက်သွားမှာ ငါ မလိုလားဘူး"

ထိကျားဝူ အံကြိတ်ပြီး ပြောလိုက်ရာ ရှဟိုး အနည်းငယ် စဉ်းစားပြီးမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သည်လိုလုပ်ပါလား ဆရာ"

ထိကျားဝူ ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"ဘယ်လိုလဲ"

"သည်သိုင်းကျမ်းကို အဆိပ်မယ်ကို မပေးဘဲ သူ့လက်ထဲက ဝူးချီကို ပြန်ခိုးတာပေါ့"

ရှဟိုး စကားကို ထိကျားဝူ ခေါင်းယမ်းလိုက်၏။

"မဖြစ်ဘူး၊ သူက သိပ်ကောက်ကျစ်တဲ့ မိန်းမ၊ သူ့မှာ ကန္တာရသိုင်းသမားတွေ ရှိတယ်၊ ဝူးချီအတွက် ရင်လေးစရာကောင်းတယ်"

ထိကျားဝူ စိတ်မသက်သာစွာ ပြောလိုက်သည်။

ထို့နောက် . . .

အရက်ခွက်ကို မော့သောက်လိုက်ပြီး မည်သည့်စကားမျှ မပြောတော့ပါ။

သီးသန့်ခန်းလေး တိတ်ဆိတ်သွားလေသည်။

ရှဟိုး အရက်ခွက်ကို ထည့်ပေးလိုက်သည်။

ထိကျားဝူက အရက်ခွက်ကို လှမ်းယူပြီး . . .

"ငါအကြံတစ်ခု ရတယ်ကွ"

"ပြောပါဦး ဆရာ"

"ငါတို့ပစ္စည်းလဲပြန်ရ၊ ဝူးချီလဲ ပြန်ရအောင်လေ၊ မတော်တဆ လွဲသွားရင်တော့ မတတ်နိုင်ဘူး"

"ဆရာ ဘယ်လို စိတ်ကူးထားလဲ"



"မနေ့က သတင်းတစ်ခု ကြားတယ်၊ အဲသည် သတင်းပေါ် အခြေခံရမှာပဲ၊ တို့နှစ်ယောက် ပိပိရိရိ လှုပ်ရှားရမယ်"

"လုပ်ပါ ဆရာ၊ စွန့်စားရတာ ကျွန်တော်ဝါသနာပါတယ်"

ထိကျားဝူ ပြုံးလိုက်သည်။

"ကောင်းပြီ၊ တို့လုပ်ငန်းအတွက် တိုင်ပင်ကြရအောင်"

ထို့နောက် . . .

သူတို့နှစ်ယောက် အခန်းလေးထဲတွင် ရှေ့ဆက်လုပ်ရမည့် အလုပ်ကို အစီအစဉ်ဆွဲကာ တိုးတိုးတိတ်တိတ် တိုင်ပင်ကြလေသည်။

ထိုအချိန်တွင် မိုလန်းသည် ဝူးချီ ရောဂါပျောက်ကင်းသောကြောင့် ဝမ်းသာနေလေသည်။

သို့သော် . . .

သူမတို့ လွတ်မြောက်ရေးကို တွေးကာ ရင်လေးသွားလေသည်။

အရက်သမားအဘိုးအိုက အဆိပ်မယ် လိုချင်သောပစ္စည်း တစ်ပတ်အတွင်း မရရှိလျှင် မည်သို့ ပြုမည် မသိသေးပါ။

ယနေ့ အရက်သမားအဘိုးအို ချိန်းဆိုထားသောနေ့ဖြစ်သည်။

အချိန်မီ ရောက်မလာလျှင် ပစ္စည်းမရလျှင် သူတို့၏ ကံကြမ္မာကို တွေးမရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းပျော်ရွှင်နေသော ဝူးချီ သူမ အနားသို့ ပြေးလာပြီး . . .

"ခေါ်လေး"

"ဘာလဲ ဝူးချီ"

"သည်နေ့ ဘဘကြီး ကျွန်တော်တို့ကို လာခေါ်မယ့်နေ့နော်"

"ဟုတ်တယ် ကလေး"

"သခင်မကြီးက ဘဘကို ဘာပစ္စည်း ရှာခိုင်းတာလဲဟင်"

ဝူးချီက အသက်ငယ်သော်လည်း လိမ္မာသော ကလေးဖြစ်၏။

မိုလန်းက . . .

"ဝူးချီ၊ မင်းနဲ့ အရက်သမားအဘိုးအိုဟာ ဘာတော်လဲ"

ဟု စကားလမ်းကြောင်း ပြောင်းလိုက်၏။

မိုလန်း၏စကားကြောင့် ဝူးချီ မျက်နှာညှိုးသွားလေသည်။

"ဘာမှ မတော်ပါဘူး ခေါ်လေး။ ကျွန်တော် အလုပ်လုပ်တဲ့ ခေါက်ဆွဲဆိုင်မှာလာပြီး အရက်သောက်တဲ့လူပါ"

"ခေါက်ဆွဲဆိုင်က မင်းနဲ့ ဘာတော်လဲ"

ထိုအခါ ဝူးချီက ခေါက်ဆွဲဆိုင်မှ အဖြစ်အပျက်များကို ပြောပြလေသည်။



"ဆိုင်ရှင်ထင်းစိန်က ကျွန်တော့်ကို ဆိုင်ဘေးကကောက်ရလို့ မွေးစားထားတာပါ"

"အို"

မိုလန်း ဝမ်းနည်းကြေကွဲသွားလေသည်။

ထိုစဉ် အခန်းတံခါး ပွင့်သွားလေသည်။

♥ ♥ ♥

အဆိပ်မယ်က ဝူးချီတို့ အခန်းဝတွင် ခက်ထန်သော မျက်နှာဖြင့် ရပ်ပြီး . . .

"မင်းတို့ အရက်သမားအဘိုးအို သည်နေ့ လာမှာလား"

မာကျောအေးစက်သော လေသံဖြင့် မေးလိုက်၏။

မိုလန်း ခေါင်းငုံ့ကာ လေသံပျော့လေးဖြင့် . . .

"အဘ ကတိတည်ပါတယ်၊ လာပါလိမ့်မယ် သခင်မလေး"

"မင်းက သူ့အကြောင်း ဘယ်လောက် သိလို့လဲ"

ထိုစဉ် . . .

အဆောက်အအုံရှေ့မှ ဆူညံသော အသံများကို ကြားရပြီး အစောင့်တစ်ယောက် ပြေးဝင်လာကာ အဆိပ်မယ်အား တစ်စုံတစ်ရာ ပြောလိုက်လေသည်။

အဆိပ်မယ် အပြင်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးမကြီးရှေ့တွင် မမျှော်လင့်သော အဖြစ်ကြောင့် အဆိပ်မယ် မျက်လုံးပြူးသွားလေသည်။

တံခါးဝတွင် လူသေထည့်သော ခေါင်းတစ်လုံး၊ အသက် ငါးဆယ်ကျော် မိန်းမတစ်ယောက်၊ အသက်သုံးဆယ်ကျော် မိန်းမပျိုလေးတစ်ယောက် ငိုနေကြသည်။

အဆိပ်မယ် ခေါင်းထဲ လှမ်းကြည့်လိုက်ရာ ရင်ထိတ်သွား၏။

အရက်သမားအဘိုးအို အလောင်း ရုပ်ပျက်နေလေသည်။

အဘွားအိုက. . .

"မင်းက အဆိပ်မယ်လား"

"ဟုတ်ပါတယ်"

"ဟိုကောင်လေး ကောင်းသွားပြီလား"

"ကောင်းသွားပါပြီ"

"သည်ကလေးကို ဘာကြောင့် ဆေးကုပေးရတာလဲ၊ သူ့ကြောင့် ငါ့ယောကျ်ား သေရပြီ"

"သူ ဘာကြောင့် သေရတာလဲ"

"သေမှာပေါ့၊ မရနိုင်တဲ့ပစ္စည်း သွားလုတာကိုး"

"ဒါဆို သူ ထိကျားဝူနဲ့ တွေ့ခဲ့မှာပေါ့"

"ဟုတ်မယ်၊ အမေမေးတော့ သိုင်းကျမ်းသွားခိုးတာလို့ ပြောတယ်၊ သမီးကို သူ့အလောင်းပြပြီး တောင်းပန်ခိုင်းတယ်၊



ဝူးချီကိုလည်း မွေးစားချင် မွေးစားပါတဲ့၊ သူက ဂြိုဟ်ကောင်လေး"

ထိုအခါ အဆိပ်မယ်က အနီးရှိ အစောင့်အား. . .

"မိုလန်းနဲ့ ဟိုကောင်လေးကို သွားခေါ်စမ်း"

အစောင့် အရှိအသေပေးပြီး ထွက်သွားသည်။

အဆိပ်မယ်က ဝူးချီတို့ ရောက်လာလျှင်. . .

"သည်မှာ မင်းဘဘ သေပြီ၊ မင်လဲ သည်က အမြန်သွားတော့"

ဝူးချီနှင့် မိုလန်း အလောင်းကို ပြေးကြည့်လိုက်၏။

ဝူးချီ ဝမ်းနည်းပြီး ငိုကြွေးလိုက်၏။

"ဟေ့ကောင်လေး၊ နင့်ကို ငါ မကြည့်ချင်ဘူး၊ နင့်ကြောင့် ငါ့ယောကျ်ား သေရတာ"

ထိုအခါ အဆိပ်မယ်က. . .

"သည်ကလေးကိုတော့ ခေါ်သွားပါ မထားခဲ့နဲ့"

ဟု ပြောရင်း အထဲဝင်ကာ တံခါးပိတ်လိုက်လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုတို့သည် အရက်သမားအဘိုးအို၏ အလောင်းကို မြုပ်နှံလိုက်သည်။

မိုလန်းနှင့် ဝူးချီတို့ ဝမ်းနည်းစွာ မြေဖို့လိုက်ကြလေသည်။

မိုလန်းက အရက်သမားအဘိုးအို၏ သမီးဖြစ်သူထံ သွားကာ. . .

"မမ"

"ဘာလဲ"

"သည်ကလေးကို မမတို့ ခေါ်မသွားတော့ဘူးလားဟင်"

ထိုစကား ကြားရသောအခါ မိန်းကလေးက အဘွားအိုကို လှမ်းကြည့်လိုက်သည်။

အဘွားအိုက ဝူးချီနှင့် မိုလန်းတို့အား ကြည့်ကာ လေသံမာမာဖြင့်. . .

"နင်တို့ ငါ့နောက် လိုက်ခဲ့"

ပြောရင်း ရှေ့ကထွက်သွားရာ သူတို့နောက်မှ လိုက်သွားရလေသည်။

စိတ်ကြိုက်စားသောက်ဆိုင်သည် လူအများဖြင့် စည်ကားနေလေသည်။

သီးသန့်ခန်းထဲသို့ သူတို့ဝင်ရောက်သွားသည်။

အဆိပ်မယ်ကလည်း ဝူးချီ ဒုက္ခပေးသည်ဆိုသောကြောင့် ခေါ်မထားတော့ချေ။

မိုလန်းက အဘွားအို၏သမီး အနားသို့ ကပ်ပြီး. . .



"မမနာမည် ဘယ်လိုခေါ်သလဲဟင်"

အဘွားအို၏သမီးက. . .

"မမနာမည် ယဉ်ယဉ်ပါ"

"ဒါနဲ့ မမ ဝူးချီကို ခေါ်မသွားတော့ဘူးလား"

ယဉ်ယဉ် ခေါင်းညိတ်လိုက်သည်။

"မေမေ့ကိုမေးမှ သိမယ်"

မိုလန်း သက်ပြင်းချလိုက်လေသည်။

♥ ♥ ♥

အဘွားအို အခန်းထဲမှ ထွက်လာပြီး ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်သည်။

အခန်းထဲရှိ လူအများ တိတ်ဆိတ်နေကြသည်။

အဘွားအိုက ဝူးချီအား စိုက်ကြည့်ပြီး. . .

"မင်းကို အဆိပ်မယ်က ဆေးကုပေးလား"

ဝူးချီ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့၊ ကုပေးပါတယ် ဘွားဘွား"

အဘွားအို ပြုံးလိုက်၏။

"မင်း ငါ့ကို ကျေးဇူးမတင်ဘူးလား"

"တင်ပါတယ် ဘွားဘွား"

ဝူးချီက ပြောရင်း ရင်ဘတ်ကြားမှ ပစ္စည်းတစ်ခုထုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အဘွားအို လက်ထဲထည့်လိုက်သည်။

ထိုပစ္စည်းကို တွေ့သောအခါ အဘွားအို မျက်လုံးပြူး ကျယ်သွားလေသည်။

အဘွားအိုသာမက ယဉ်ယဉ်၊ မိုလန်းတို့ပါ အံ့သြသွားလေသည်။

"မင်း ဒါကို ဘယ်လိုပြန်ယူလာလဲ"

အဘွားအို၏အမေးစကားကြောင့် ဝူးချီ မျက်နှာငယ်လေးဖြင့် ရှင်းပြလိုက်သည်။

"ဘွားဘွားတို့ လာတုန်း အဆိပ်မယ် ထွက်သွားတော့ ဒေါ်ဒေါ့်ကို ခွင့်တောင်းပြီး အပြင်ထွက်လာတယ်၊ သူ မသိအောင် သူ့အခန်းထဲဝင်ပြီး ယူလာတာ"

"ဝူးချီရယ် ဒေါ်ဒေါ်တောင် မသိရပါလား"

"ကဲ. . . မင်းတို့နှစ်ယောက် ငါ့ကို ကြည့်စမ်း၊ သိလား"

အဘွားအို အသံထွက်လာသည်။

"မသိပါဘူး"

ထို့နောက်. . .

အဘွားအိုနှင့် ယဉ်ယဉ်တို့ အခန်းတစ်ခုထဲ ဝင်သွားကြလေသည်။

မကြာပါချေ။

ထွက်လာသောအခါ အဘွားအိုနှင့် ယဉ်ယဉ် မဟုတ်ပါ။

ရှဟိုးနှင့် အရက်သမားအဘိုးအိုတို့ ဖြစ်လေသည်။



ဝူးချီနှင့် မိုလန်းတို့ အံ့သြသွားလေသည်။

ဝူးချီ ဝမ်းသာအားရဖြင့်. . .

"ဘာဘာ"

ဟု ခေါ်ရင်း ပြေးဖက်လိုက်သည်။

ရှဟိုး မိုလန်းအား ကြည့်နေလေသည်။

"ဘာဘာ မသေဘူးနော်"

အရက်သမားအဘိုးအို ခေါင်းခါယမ်းပြရင်း. . .

"သေတာက တခြားတစ်ယောက်ပါ"

ဟု ပြောကာ ရှင်းပြလိုက်လေသည်။

ရှဟိုးနှင့် အဘိုးအိုတို့ လမ်းခြေတိတ်ချိန် ညဘက်၌ မြို့ပြင်သို့ ထွက်လာခဲ့သည်။

မြို့ပြင်တွင် ဓားပြလက်ချက်ဖြင့် သေဆုံးသော လူတစ်ဦး၏အသုဘကို တွေ့ရလေသည်။

သူတို့နှစ်ဦး ထိုအလောင်းကို တိတ်တဆိတ်ယူကာ ရှပ်ဖျက်ထားကြသည်။

ထို့နောက်. . .

အရက်သမားအဘိုးအိုက အဘွားကြီးအသွင်၊ ရှဟိုးက သမီးအသွင်ပြောင်းကာ အဆိပ်မယ်အား လှည့်စားခြင်း ဖြစ်သည်။

❤ ❤ ❤

www.burmeseclassic.com

www.burmeseclassic.com



မိုလန်းသည် အရက်သမားအဘိုးအို၏ ရုပ်ပြောင်းရုပ်လွှဲပညာကို ဖုံးပြနေလေသည်။

"သည်ပစ္စည်း ယူလာတာကို မိုလန်းနဲ့ ဦးချိုကို အဆိပ်မယ်က ကျေနပ်မယ် မထင်ဘူး"

"ဟုတ်တယ် ဘဘ၊ ဒါပေမယ့် ဘယ်လိုလုပ်မလဲ"

မိုလန်း စိတ်ပျက်စွာ ပြောလိုက်သည်။

သူတို့လေးဦး စားသောက်ပြီး မိုလန်း ပြန်ရန် နှုတ်ဆက်လိုက်သည်။

"ဘဘတို့ ကျွန်မကို ခွင့်ပြုပါ၊ ဘိုးဘိုးမျှော်နေတော့မယ်"

ရှဟိုးက ထိုင်ရာမှ ထပြီး . . .

"ကျုပ် လမ်းတစ်ဝက်အထိ လိုက်ပို့မယ်"

"ဟုတ်တယ် ဘဘ၊ ကျွန်တော်လဲ လိုက်သွားမယ်နော်"

"အေး"

မိုလန်းက အရက်သမားအဘိုးအိုကို နှုတ်ဆက်ဂါရဝပြုလိုက်သည်။

စားသောက်ခန်းထဲတွင် အဘိုးအိုတစ်ဦးတည်း ကျန်ရစ်ခဲ့လေသည်။

ထို့သော် . . .

အရက်တစ်ခွက်ပင် မသောက်ရသေးပါချေ။

တည်းခိုခန်း အပြင်ဘက်မှ ဆူညံသော အသံများကို ကြားရလေသည်။



အဘိုးအို ပြတင်းအပြင်သို့ လှမ်းကြည့်လိုက်သည်။

ရှဟိုးနှင့် မိုလန်းအား အညိုရောင်ဝတ်လူငယ်တစ်စု တိုက်ခိုက်နေကြသည်ကို တွေ့ရလေသည်။

မိုလန်း၊ ရှဟိုးနှင့် ဦးချိုတို့ အပြင်ရောက်သောအခါ အမျိုးသမီးသုံးယောက်နှင့် ရင်ဆိုင်ရလေသည်။

ထိုအမျိုးသမီးများအနက် အစိမ်းရောင်ဝတ်အမျိုးသမီးမှာ အဆိပ်မယ် ဖြစ်သည်။

အဆိပ်မယ်က ရှဟိုးအား အကဲခတ်သလို ကြည့်ပြီး . . .

"ရှင်က သူနဲ့ ဘာတော်လဲ"

"မိတ်ဆွေပါ"

"ငါ့ပစ္စည်း ဘယ်မှာလဲ မိုလန်း၊ မင်းအဘိုးနောက် လိုက်ချင်လို့လား"

ထိုစကားကြားရသောအခါ မိုလန်း ထိတ်လန့်တကြား ဖြစ်သွားလေသည်။

"ရှင်တို့ အဘိုးကို သတ်ခဲ့ပြီပေါ့ ဟုတ်လား"

အဆိပ်မယ် ကောက်ကျစ်စွာ ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ငါ့ကို အာခံတဲ့လူ အရှင်မထားဘူး"

သူမတို့ကိစ္စနှင့် မဆိုင်သော အဘိုးကို သတ်သောကြောင့် အဆိပ်မယ်အား ပြန်ကြည့်လိုက်သည်။

"ကျွန်မအဘိုးမှာ ဘာအပြစ် ရှိလို့လဲ၊ ရှင်တို့တွေ ယုတ်

www.burmeseclassic.com

www.burmeseclassic.com



မချကြပါလား"

ဟု ပြောကာ အဆိပ်မယ်နှင့် သူ့လူများအား တိုက်ခိုက်လိုက်၏။

ရှဟိုးသည် မိုလန်း၏သွက်လက်သော တိုက်ကွက်များကြောင့် အံ့သြနေလေသည်။

မိုလန်းက အညိုရောင်ဝတ်တစ်ယောက်ကို တိုက်ခိုက်ပြီး ဓားလုယူလိုက်သည်။

သူမ၏သိုင်းကွက်မှာ လျှင်မြန်သွက်လက်၍ ကြောက်စရာကောင်းလောက်အောင် ထက်မြက်သွက်လက်နေ၏။

"ရွှမ်း"

ဟူသော အသံနှင့်အတူ ကြောက်စရာကောင်းသော ကျားပွတ်ရိုက်ချက်မှာ မိုလန်း ကိုယ်ထံ ကျရောက်လာ၏။

မိုလန်း လက်မောင်းမှ သွေးများ ဖြာကျလာသည်။

အခြေအနေ မကောင်း၏။

အညိုရောင်ဝတ်များ များပြားလှသောကြောင့် ရှဟိုး အာလစ်မပေးရဲအောင် ဖြစ်နေလေသည်။

အဆိပ်မယ်သည် မိုလန်းအား သူ့အနားရောက်အောင် ကျားပွတ်ဖြင့် ရိုက်ယူကာ လက်ဝါးဖြင့် တစ်ချက် ရိုက်ထုတ်လိုက်သည်။

"ဝုန်း"

"အား"



မိုလန်း အဝေးသို့ လွင့်စဉ်သွားလေသည်။

ထိုစဉ် . . .

တိဗက်ကြီးတစ်ယောက်က ခုန်ဝင်လာပြီး အဆိပ်မယ်အား ဖမ်းချုပ်လိုက်လေသည်။

အဆိပ်မယ် ရုန်းသော်လည်း မရပါချေ။

"မင်းတပည့်တွေကို ထွက်သွားခိုင်း"

တိဗက်ကြီး အမိန့်ပေးလိုက်သည်။

အဆိပ်မယ်က ချက်ချင်းပင် . . .

"အားလုံးရပ်လိုက်"

အဆိပ်မယ်၏အညိုရောင်ဝတ်သားများ တိုက်ခိုက်မှုကို ရပ်လိုက်သည်။

ရှဟိုးက လဲကျနေသော မိုလန်းထံ ပြေးကာ ပွေ့ထူလိုက်လေသည်။

တိဗက်ကြီးက အဆိပ်မယ်အား ကြည့်ကာ . . .

"မင်းလူတွေ ခေါ်ပြီး ထွက်သွား မဟုတ်ရင် ငါအကုန် သတ်ပစ်မယ်"

အဆိပ်မယ်က သူ့လူများကို ခေါ်ကာ မြင်းပေါ်တက်၍ မောင်းနှင်ကာ ပျောက်ကွယ်သွားလေသည်။

ရှဟိုးက သတိလစ်နေသော မိုလန်းအား ပွေ့ကာ တည်းခိုခန်းသို့ ခေါ်လာသည်။

တိဗက်ကြီးက ရှဟိုးကို ကြည့်ကာ . . .

www.burmeseclassic.com



"သူ့ကို သည်အတိုင်းထားလို့ မဖြစ်ဘူး"

ရှဟိုး တိဗက်ကြီးအား ဦးညွှတ်လိုက်၏။

"သူ့ကို ဘယ်လိုကုရမလဲဆိုတာ ကျွန်တော့်ဆရာ ပြောမှာပါ"

တိဗက်ကြီး မျက်မှောင်ကြုတ်ပြီး . . .

"ဘာ ဆရာ ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းဆရာက ဘယ်သူလဲ"

"ဟို အရက်သမားအဘိုးအိုပါ"

ထိုအခါ တိဗက်ကြီး ခေါင်းခါယမ်းပြီး . . .

"ရှဟိုး၊ မင်း ငါ့တပည့်လုပ်ဖို့ မကောင်းဘူး"

"ဗျာ"

"ငါရုပ်ဖျက်ထားတာ မင်း မသိဘူးလား"

ထိုအခါမှ ရှဟိုး၏မျက်လုံးအစုံ ပြူးကျယ်သွားလေ၏။

♥ ♥ ♥



ရှဟိုးမှာ ထိုသို့ အသွင်ပြောင်းမည်ကို သိသော်လည်း တိဗက်ကြီးတစ်ဦးပမာ ရုပ်ပြောင်းမည် မထင်ပါ။

အရက်သမားအဘိုးအို၏ပညာမှာ အံ့ဩစရာကောင်းအောင် ထူးချွန်သည်။

"ဝူးချီနောက် ငါလိုက်သွားမယ်၊ မင်း မိုလန်းကို ပြုစုထားပါ"

တိဗက်ကြီး ပြောရင်း အပြင်ထွက်သွား၏။

ထိုအချိန်တွင် ဝူးချီသည် အဆိပ်မယ်နှင့် ရှဟိုးတို့ တိုက်ခိုက်ကြသောအခါ သူ့အား ဖမ်းဆီးရန် ပြေးထွက်လာသော အညိုရောင်ဝတ်များကို တွေ့ရသည်။

ထို့ကြောင့် စားသောက်ဆိုင်နောက်ရှိ မြင်းဇောင်းထဲသို့ ပြေးသွားလိုက်၏။

သူ မြင်းဇောင်းထဲ ရောက်သောအခါ အညိုရောင်ဝတ် လေးယောက် ထိုနေရာသို့ လျှောက်လာနေကြသည်။

ဝူးချီ ရုတ်တရက် အကြံတစ်ခု ရလိုက်သည်။

သူ မြင်းတစ်ကောင်ပေါ် ခုန်တက်ကာ မြင်းကို မောင်းထွက်လိုက်သည်။

ဝူးချီ အဝေးသို့ ရောက်သွားမှ အစောင့် အော်သံကို ကြားလိုက်ရသည်။

ထိုစဉ် ဝူးချီ လမ်းချိုးကလေးတစ်ခုကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

"သည်လူတွေ ကလေးနောက်ကို လိုက်တာ ဖြစ်မယ်"

မြင်းသုံးကောင်သည် လမ်းဆုံရောက်သောအခါ ရပ်သွားလေသည်။

"ဘယ်လမ်းက သွားလဲ မသိဘူး"

တစ်ယောက်က ရေရွတ်လိုက်၏။

ထိုအခါ တစ်ယောက်က. . .

"သည်မှာ မြင်းခွာရာ တွေ့တယ်ဟေ့၊ သည်လမ်းထဲ ဝင်သွားတာ ဖြစ်မယ်"

ဟု ပြော၏။

ထို့နောက် သူတို့သုံးယောက် မြင်းပေါ် တက်သော်လည်း တက်ခွင့်မရလိုက်ပါချေ။

♥ ♥ ♥

အမျိုးသမီးကြီးသည် မြင်းပေါ် တက်ဟန် ဖြင်သော အညိုရောင်ဝတ်သုံးယောက်ကို တားဆီးလိုက်သည်။

"နင်တို့ တစ်ယောက်မှ မြင်းပေါ် မတက်ရဘူး"

"ဘာကြောင့်လဲ၊ မင်း ငါတို့ ဘယ်သူဆိုတာ သိလား"

ဗလကောင်းသူက ပြော၏။



အမျိုးသမီးက တစ်ချက်ရယ်မောပြီး. . .

"နင်တို့ ဘယ်သူဆိုတာ ငါအရေးမလုပ်ဘူး"

"ဘာ"

ထိုလူက အော်ငေါက်ရင်း ဓားဆွဲထုတ်လိုက်သည်။

အမျိုးသမီး ကြောက်ရွံ့ဟန် မပြပါ။

ထိုလူက. . .

"မင်းနာမည် ဘယ်သူလဲ"

"ပန်းဝါ"

ထို့နောက် သူတို့သုံးယောက်က ပန်းဝါအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

မကြာပါချေ။

ဓားရောင်တစ်ချက် လက်သွားပြီး ထိုလူသုံးယောက် လဲကျသွားလေသည်။

ထိုအဖြစ်ကို ကြည့်ကာ ပန်းဝါ ရယ်မောလိုက်၏။

ထို့နောက် ထိုနေရာမှ ထွက်လာခဲ့၏။

အလောင်းသုံးလောင်း မြင်မကောင်းစွာ ရှိနေသည်။

ကြာမီ ထိုနေရာသို့ တိ[illegible] [illegible]၏။

တိဗက်ကြီးမှာ ထက်ကျားဝ ဖြစ်သည်။

အလောင်းသုံးလောင်းကို တွေ့သောအခါ အံ့ဩသွားပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ထိုစဉ်. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က နေရာတကာ လျှောက်သွားနေတာပဲ၊ အမြဲတမ်းတော့ ငန်းနက်မြို့မှာ အနေများတယ်"

ပြောရင်း ထွက်လာခဲ့လေသည်။

♥ ♥ ♥

မိုလန်းသည် အဆိပ်မယ် တိုက်ခိုက်သော ဒဏ်ကြောင့် သတိလစ်နေရာ ရှဟိုးက မနားမနေ ပြုစုခဲ့၏။

လေးရက်မြောက်သောနေ့တွင် မိုလန်း သတိရလာ၏။

သူမ ဒဏ်ရာများ သက်သာလာသောကြောင့် ရှဟိုးအား ကျေးဇူးတင်နေလေသည်။

သူမ၏အားကိုးရသော အဘိုးဖြစ်သူမှာ အဆိပ်မယ် လက်ချက်ဖြင့် သေဆုံးသွားပြီ ဖြစ်သည်။

သူမ အခန်းထဲတွင် တစ်ယောက်တည်း တွေးရင်း မျက်ရည်များ ကျလာလေသည်။

ထိုစဉ် ရှဟိုး စားသောက်စရာနှင့် ဆေးဝါးများ ကိုင်ကာ အခန်းထဲ ဝင်လာသည်။

မိုလန်း ငိုနေသည်ကို တွေ့ရသောအခါ စိတ်မကောင်းဖြစ်သွားလေသည်။

"ဘာဖြစ်လို့ ငိုနေတာလဲ ညီမ"

"ကျွန်မ ဝမ်းနည်းလို့ပါ"



"ဖြစ်ပြီးမှတော့ မတတ်နိုင်ဘူးလေ၊ ငိုနေတော့ ညီမ ကျန်းမာရေး ထိခိုက်မှာပေါ့"

ရှဟိုး နှစ်သိမ့်လိုက်၏။

"ကျွန်မအဘိုးအတွက် ကလဲ့စားချေရမယ်"

ရှဟိုးသည် မိုလန်းက အဆိပ်မယ်အား မကျေနပ်သည်ကို သိထားသည်။

"ရန်ကိုရန်ချင်း မတုံ့ပြန်တာ ကောင်းပါတယ် ညီမရယ်"

ရှဟိုး ပြောသော စကားကြောင့် မိုလန်း ဒေါသထွက်သွားလေသည်။

"ရှင် မပြောနဲ့"

ဟု အော်လိုက်၏။

"ကောင်းပြီ၊ ကျုပ် မပြောတော့ဘူး။ ကဲ. . . အစားတော့ စားပါ"

ရှဟိုးက ပြောလိုက်ပြီး အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်၏။

ပြီးမှ. . .

"ညီမ၊ မင်းကိုကျုပ် မေတ္တာရှိတယ်"

ဟု ပြော၏။

မိုလန်းမှာ ရှဟိုးအား ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။

သူမက ရှဟိုးအား မငြင်းချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမအဘိုးအတွက် ကလဲ့စားချေရဦးမည် ဖြစ်သည်။

ထိုစဉ် သူမတို့ အနားသို့ လူတစ်ယောက် ရောက်လာ၏။

ရှဟိုး ခေါင်းငုံ့ထားသောကြောင့် ခြေထောက်အစုံကို တွေ့သောအခါ မော့ကြည့်လိုက်၏။

တိဗက်ကြီးကို မြင်သောအခါ အံ့ဩသွားသည်။

ထို့နောက် မတ်တတ်ရပ်ပြီး. . .

"ဆရာပြန်လာပြီလား"

ထိုအသံကြောင့် မိုလန်း မော့ကြည့်လိုက်သောအခါ တိဗက်ကြီးကို တွေ့ရသဖြင့် သူမ မျက်လုံးပြူးကျယ်သွားလေသည်။

♥ ♥ ♥

ရှဟိုးက. . .

"ဆရာ ဝူးချီကို မတွေ့ခဲ့ဘူးလား"

ဟု မေးလိုက်သည်။

ထိုအခါ တိဗက်ကြီး မျက်နှာညှိုးသွား၏။

မျက်လုံးများ ရီဝေစွာဖြင့်. . .

"မတွေ့ဘူး၊ ငါလဲ ရှာတာပဲ၊ ဘယ်ရောက်သွားလဲ မသိဘူး"



ဟု ပြော၏။

မိုလန်း ရှဟိုးအား ကြည့်လိုက်သည်။

ရှဟိုး တိဗက်ကြီးနားကပ်ပြီး. . .

"ဆရာ အဆိပ်မယ်ရဲ့ လူတွေများ ဖမ်းသွားလား မသိဘူး"

ဟု ပြောလိုက်၏။

သူ၏စကားကြောင့် တိဗက်ကြီးက ခေါင်းခါယမ်းပြလေသည်။

"မဟုတ်ဘူး၊ ငါနဲ့ အဆိပ်မယ် တွေ့ခဲ့သေးတယ်၊ ဝူးချီနောက် လိုက်သွားတဲ့ လူသုံးယောက် အသတ်ခံရတယ်"

သူမြင်တွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ရှဟိုး အံ့ဩသွားသည်။

တိဗက်ကြီးအား ကြည့်ကာ. . .

"သူတို့ကို ဘယ်သူသတ်သွားလဲ မသိဘူးလား ဆရာကြီး"

ဟု မေးလိုက်၏။

"မသိဘူး၊ ဝူးချီလဲ ပျောက်နေတယ်လေ"

တိဗက်ကြီးမှာ ပြောရင်း မျက်နှာညှိုးငယ်သွားလေသည်။

ထို့နောက် တစ်ခန်းလုံး တိတ်ဆိတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို ဝူးချီအပေါ် သံယောဇဉ်ကြီးသည်ကို သူသိထားသည်။

ထို့ကြောင့်. . .

"ဆရာကြီး သိပ်စိတ်မပူပါနဲ့၊ ကျွန်တော်တို့ ကြိုးစားရှာပါ့မယ်"

အားပေးစကား ပြောလိုက်သည်။

တိဗက်ကြီး အရက်ခွက်ကို သောက်လိုက်၏။

"အေး. . . ငါလဲ ရှာမယ်၊ နောက် မင်းတို့ကို ငါတိုင်ပင်စရာ ရှိတယ်"

လေသံအေးအေးလေးဖြင့် ပြောကြားလိုက်လေသည်။

"ပြောပါ ဆရာ"

ထို့နောက် တိတ်ဆိတ်စွာ တိုင်ပင်ကြလေသည်။

အပြင်ဘက်တွင် လမင်းကြီး ထိန်ထိန်သာနေလေသည်။

ညသည် ကြည်နူးစရာကောင်းသောည ဖြစ်၏။

ပန်းဥယျာဉ်လေးမှာ လှချင်တိုင်း လှနေလေသည်။

ရှဟိုး တည်းခိုခန်း ဥယျာဉ်ထဲတွင် အရက်တစ်အိုးဖြင့် ရှိနေလေသည်။

တစ်လောကလုံးတွင် ညီအစ်ကိုနှစ်ယောက်သာ ရှိသည်။ ရှမုက သူ့အား ခွဲသွားပြီ ဖြစ်သည်။

သူက လုကောက်ကျီ ဦးဆောင်သော အဖွဲ့အား တိုက်ခိုက်အနိုင်ယူရ[illegible]ါးနောက် လိုက်ခဲ့သည်။



သို့သော် မလွယ်ပါချေ။

သိုင်းကျမ်းပိုင်ရှင်မှာ သူ့ကျေးဇူးရှင် ဖြစ်နေသည်။

သူ မည်သို့ ပြုရမှန်း မသိပါ။

ထိုစဉ် မိုလန်းအား တွေ့သောအခါ သူ့နှလုံးသားပြဿနာ ပါဝင်လာ၏။

တစ်သက်လုံး မိန်းကလေးများကို စိတ်မဝင်စားသော ရှဟိုး မိုလန်းအား တွေ့ရသောအခါ စိတ်လှုပ်ရှားခဲ့သည်။

မိုလန်းက သူ့မေတ္တာကို လက်မခံပါ။

ရှဟိုး စိတ်မကောင်း ဖြစ်ကာ အရက်ကိုသာ ဖိသောက်နေ၏။

မိုလန်း အနားသို့ လျှောက်လာကာ ရှဟိုး လက်ထဲမှ အရက်အိုးကို ယူ၍ လွှင့်ပစ်လိုက်သည်။

"မင်း ဘာလို့ လွှင့်ပစ်လိုက်ရတာလဲ မိုလန်း"

"ရှင် သည်လောက် သောက်နေရင် သေမှာပေါ့"

ရှဟိုး ရယ်မောလိုက်၏။

မိုလန်း ဒေါပွသွား၏။

"ကျွန်မ စေတနာနဲ့ ပြောပါ"

"ကျေးဇူးတင်ပါတယ်"

ထိုအခါ. . .

"မင်းတို့နှစ်ယောက်လာဦး"

ခုံတန်းတစ်ခုပေါ်မှ တိဗက်ကြီးက လှမ်းခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှဟိုးနှင့် မိုလန်းတို့ တစ်ယောက်တစ်ဖက်စီ ဝင်ထိုင်လိုက်၏။ တိဗက်ကြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"မင်းတို့ ငါ့အကြောင်း ဘာသိလဲ"

"ဘာမှ မသိပါဘူး ဆရာကြီး၊ ဒါပေမယ့် . . ."

ရှဟိုး ဖြေလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လဲ ဆက်ပြောလေကွာ"

"ဆရာကြီးဟာ ထိပ်သီးသိုင်းသမားဆိုတာ သိပါတယ်၊ ဆရာကြီးဟာ ရန်သူတွေကို မတိုက်ခိုက်ဘဲ ဂါတ်မြှုပ်နေတာကိုတော့ ကျွန်တော်စဉ်းစားလို့ မရပါဘူး"

"အေး . . . သည်အကြောင်း ငါပြောပြမယ်"

ရှဟိုးနှင့် မိုလန်းတို့ စိတ်ဝင်တစား အနားကပ်သွားကြလေသည်။

♥ ♥ ♥

တိဗက်ကြီး မျက်နှာညှိုးငယ်သွားလေသည်။

ထို့နောက် ဝမ်းနည်းကြေကွဲစွာဖြင့် . . .

"ငါ့အဖြစ်က ဆိုးတယ်ကွာ၊ ငါ့ဇနီးက ကိုယ်ဝန်အရင့်အမာနဲ့ ပျောက်နေတယ်၊ ငါရှာဖွေရင်း လူတွေ သတ်မိတယ်၊ ဒါကြောင့် ငါနောင်တရပြီး ဓားမသုံးတော့ဘူး၊ မတိုက်ခိုက်တော့ဘူး"



"ငါ့ဆီမှာ ငါ့အဖေဆီက သိုင်းကျမ်း ရှိတယ်ဆိုတာ သတင်း ဘယ်လိုပေါက်ကြားလဲ မသိဘူး၊ ရန်သူတွေ လိုက်နေကြတယ်"

ထိုအခါမှ ရှဟိုးက. . .

"ကျွန်တော် လွယ်လွယ်ရမယ် ထင်လို့ စုံစမ်းမိတာကို ခွင့်လွှတ်ပါ"

ထိကျားဝူက. . .

"ခွင့်လွှတ်ပါတယ်ကွာ၊ ဘယ်သူဖြစ်ဖြစ် လိုချင်မှာပဲ၊ ဒီပညာ ငါးကွက်လောက်တတ်ရင်တောင် ဘယ်သူ့ကိုမှ ကြောက်စရာ မလိုဘူးကွ"

"ဟုတ်တယ် ဆရာကြီး၊ ဆရာကြီး တိုက်ကွက်တွေ အလွန် ထက်မြက်ထူးဆန်းတယ်"

"ဟုတ်တယ်၊ ဒါကြောင့် ဒီက ဆင့်ပွားသိုင်းကျမ်းကို လုချင်ကြတာပေါ့၊ ငါ ဒီကျမ်းကို အသက်နဲ့လဲပြီး စောင့်ရှောက်ရမယ်၊ ဖေဖေမှာသွားတဲ့ စကားလဲ ရှိသေးတယ်လေ"

ထိကျားဝူက ဝမ်းနည်းစွာ ပြောလေသည်။

ရှဟိုးနှင့် မိုလန်း စိတ်ဝင်တစား နားထောင်နေသည်။

"ဒီပညာကို သားသမီးကိုသာ ပေးရတယ်၊ ဖေဖေက ငါ့ကို သင်ပေးရင်း သေဆုံးခဲ့ရတယ်၊ ဒါကြောင့် ပညာဆက်သင်ဖို့ ဘယ်သူ့ကိုမှ အကြောင်း မကြားရဲဘူး"

ထို့နောက် သက်ပြင်းချကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါမှာလဲ သားသမီးကို ပညာသင်ပေးချင်ပေမယ့် ရှာမတွေ့ဘူး"

"ဪ. . . ဆရာကြီးရယ်"

ရှဟိုးက စိတ်မကောင်းစွာ ပြောလေသည်။

"ငါလိုက်ရှာနေတာပဲ၊ တကယ်လို့ ကလေးရှိရင် အခုလောက်ဆို ကလေး အသက်ဆယ်နှစ်ကျော်ပြီလေ"

ထိုစကားကြောင့် ရှဟိုးနှင့် မိုလန်းတို့ ဝူးချီကို မျက်စိထဲမြင်သွားလေသည်။

"ဒါဆို ဝူးချီလောက် ရှိမှာပေါ့"

"အင်. . . ဟုတ်တယ်၊ ဒါပေမယ့် မိန်းကလေးလား၊ ယောကျ်ားလေးလား မသိဘူး"

"ဆရာကြီး ဝူးချီရဲ့ မိဘတွေက ဘယ်သူတွေလဲဆိုတာ စုံစမ်းပြီးပြီလား"

"ဝူးချီဟာ မိဘမဲ့တစ်ဦးပါ၊ ဒီကလေးကို မွေးစားတဲ့ ငါ ညီတောင် မသိဘူး"

"ဝူးချီဟာ သနားစရာကောင်းတဲ့အပြင် လိမ္မာတယ် ဆရာကြီး"

"ဝူးချီကို မင်းတို့ရအောင် ရှာပေးပါ"

"ကျွန်မတို့က ကတိပေးပါတယ်"

"အခုလို ကြားရတာ ငါဝမ်းသာတယ်၊ ငါ မင်းတို့ကို ဆင့်ပွားသိုင်းတချမ်း အမွေပေးမယ်"



ထိကျားဝူ စကားကြားရသောအခါ သူတို့နှစ်ယောက် ဝမ်းသာသွားကြလေသည်။

ရှဟိုးက ဝမ်းသာစွာဖြင့်. . .

"ကျွန်တော်တို့ကို သင်ပေးမယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် မင်းတို့ ငါ့ကို ကတိတစ်ခုပေးရမယ်"

"ဘာကတိလဲ ပြောပါ ခင်ဗျာ"

"ဒီသိုင်းကွက်ကို ဘယ်သူ့ဆီမှ မပြန့်ပွားစေရဘူး"

"စိတ်ချပါ ဆရာကြီး"

နှစ်ယောက်စလုံး ကတိပေးလိုက်လေ၏။

ဝူးထိကျား ခေါင်းခါယမ်းလိုက်သည်။

"လွယ်လွယ် မပြောနဲ့၊ မင်းတို့နှစ်ယောက် လက်ထပ်မှ ပေးနိုင်မှာ"

ထိုစကားကြောင့် မိုလန်း မျက်နှာနီရဲသွားလေသည်။

"တူမကြီး မရှက်ပါနဲ့၊ မင်းတစ်ယောက်တည်း နေလို့ မသင့်တော်ဘူး၊ နောက်ပြီး ရှဟိုးဟာ လူကောင်းတစ်ယောက်ပါ"

မိုလန်းသည် ခေါင်းကို ငုံ့ထားလေသည်။

"မင်းတို့ ငါ့စကား နားထောင်မယ်ဆိုရင် လက်ထပ်ပါ၊ ဇနီးမောင်နှံဖြစ်မှ ငါသိုင်းပညာသင်ကြားပေးမယ်၊ ဒီတစ်လအတွင်း ဝူးချီကိုလဲ လိုက်ရှာကြ၊ တစ်လပြည့်လို့မှ မတွေ့ရင် မင်းတို့ကိုပဲ သင်ကြားပေးမယ်၊ နောင်တစ်ချိန် ဝူးချီကို တွေ့ရင်

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့တစ်ဆင့် ပြန်သင်ပေး"

"စိတ်ချပါ ဆရာကြီး"

"ပြီးတော့ ငါ့ဇနီးကိုလဲ ရှာပေး၊ ရန်သူကိုလဲ ဖော်ထုတ်ပေးပါ"

"ကျွန်တော်တို့ ကြိုးစားပါ့မယ်"

"ငါဝမ်းသာတယ်ကွာ"

ပြောရင်း ထွက်သွားလေသည်။

မိုလန်းသည် ခေါင်းကို ငုံ့ထားလေသည်။

"မိုလန်း"

"မရှက်ပါနဲ့ ဆရာကြီး စကားနားထောင်မယ်လို့ ကတိပေးထားတယ်နော်၊ ကိုယ်တို့လက်ထပ်မယ်နော်"

မိုလန်းသည် ခေါင်းကိုသာ ငုံ့ထားလေသည်။

♥ ♥ ♥

ယုံထင်းသည် အသက်လေးဆယ်ကျော် မုဆိုးကြီး ဖြစ်သည်။

ယခင်က သိုင်းသမားတစ်ယောက် ဖြစ်သော်လည်း ယခု မုဆိုးကြီးတစ်ဦး ဖြစ်သည်။

တစ်နေ့ သားကောင်လိုက်ရင်း တောထဲတွင် လဲကျနေသော မိန်းကလေးကို တွေ့ရလေသည်။



မိန်းကလေးသည် သတိရလာသောအခါ သူမကိုယ်သူမ မည်သူမှန်း မသိတော့ချေ။

ယုံထင်းသည် အချိန်ကြာလာသောအခါ ထိုမိန်းကလေးကို သနားပြီး လက်ထပ်ခွင့်တောင်းကာ လက်ထပ်လိုက်သည်။

သူသည် မိန်းကလေး၏နာမည်အား ပန်းဝါဟု ခေါ်လေသည်။

ပန်းဝါသည် ယခင်က နူးညံ့သော်လည်း နောက်ပိုင်းတွင် ကြမ်းတမ်းလာလေသည်။

ယခုလည်း ကလေးတစ်ယောက်ကို အခန်းထဲ ခေါ်ထည့်ထားလေသည်။

"ပန်းဝါ"

"ဘာလဲ"

"ဒါ ဘယ်သူ့ကလေးလဲ၊ ဘာကြောင့် အခန်းထဲမှာ ထားရတာလဲ"

"ယုံထင်း မေးတာ အများကြီးပဲ၊ ဘယ်သူ့ကလေးလဲ မသိဘူး။ ဒီခန်းထဲမှာ ထားခဲ့တာက ချစ်လို့ပါ"

"ဟင်"

ယုံထင်း အံ့ဩသွားလေသည်။

"ချစ်လို့ ဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်က ခေါ်လာတာလဲ"

ပန်းဝါ အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

သူ့စကားဆုံးသောအခါ ယုံထင်း မျက်နှာပျက်သွားလေသည်။

"မင်း လူသတ်လိုက်တယ်ပေါ့"

"ဟုတ်တယ်"

"မင်းနဲ့တော့ ခက်တာပဲ၊ သူတို့ ဘယ်သူတွေလဲ သိလား"

"သိတယ် အဆိပ်မယ်အဖွဲ့က"

"ဘာ"

ယုံထင်း အံ့ဩသွားကာ. . .

"မင်းကြောင့် ခက်တယ် ပန်းဝါရယ်"

သူသည် ပြောရင်း ကလေး အခန်းထဲ ဝင်လာလေသည်။

"ကလေး မင်းနာမည် ဘယ်သူလဲ"

"ဝူးချီ"

"မင်းမိဘတွေက ဘယ်သူတွေလဲ"

ဝူးချီက မျက်နှာငယ်လေးဖြင့်. . .

"မသိဘူး"

"မသိဘူး ဟုတ်လား၊ ဒါနဲ့ မင်း ဘယ်က လာတာလဲ"

"ရန်သူတွေ လိုက်လို့ ပြေးလာတာ"

"ဘယ်က ရန်သူတွေလဲ"



"အဆိပ်မယ်ရဲ့လူတွေ"

"မင်း သူတို့ဆီက ထွက်ပြေးလာတာလား"

ထိုအခါ ပန်းဝါက. . .

"ယုံထင်း တော်တော့၊ ငါကလေး မောတယ်"

ယုံထင်း စိတ်ပျက်စွာဖြင့် အခန်းထဲမှ ထွက်လာခဲ့လေသည်။

♥ ♥ ♥

ပန်းဝါသည် ဝူးချီအား အစားအသောက်ကောင်းများ ကျွေးမွေးသည်။

ဝူးချီသည် ဆာသောကြောင့် စားနေရသော်လည်း ပန်းဝါကို ကြောက်နေရသည်။

"လူလေး"

"ဗျာ"

"ဒေါ်ဒေါ်နဲ့အတူ နေနော်"

ပန်းဝါ နူးညံ့သောအသံဖြင့် မေးလိုက်သည်။

ဝူးချီ ဘာမျှမပြောဘဲ စဉ်းစားနေသည်။

"ဘာတွေ စဉ်းစားနေတာလဲ မေမေနဲ့အတူ နေရမယ်နော်"

"ဒေါ်ဒေါ်က အမေလား"

www.burmeseclassic.com

www.burmeseclassic.com



"လူလေးမှာ အမေမှ မရှိတာ၊ ဒေါ်ဒေါ်က အမေပေါ့"
ဝူးချို တွေးနေသည်။
"လူလေးကို မွေးစားတဲ့ လူရော"
"သေသွားပြီ"
"ဟင်"
"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တစ်ယောက်တည်း လျှောက်သွားနေတာ"
ပန်းဝါက သနားစွာ ကြည့်ကာ. . .
"ဒါဆို မေမေနဲ့နေနော်"
ဝူးချိုသည် ဘာမှ မပြောဘဲ ထမင်းကိုသာ ငုံ့စားနေလေသည်။
"မေမေ မေးတာ ပြောပါဦး"
ဝူးချိုသည် ခေါင်းညိတ်လိုက်ရသည်။
"နေပါမယ်"
ပန်းဝါက ဝမ်းသာသွားလေသည်။
"ဟင် တကယ်နော်၊ မေမေ သားကို သိုင်းပညာ ထူးချွန်အောင် သင်ပေးမယ်"
"တကယ် သင်ပေးမှာလား"
"တကယ် ပြောတာ၊ သားက ဘယ်လိုပညာတတ်ချင်လဲ"
"အဆိပ်မယ်ကို နိုင်တဲ့ပညာ"



"သူက ဘယ်လောက်တော်လို့လဲ သားရဲ့"
"သူ့ကို နိုင်မယ့်ပညာက ဆင့်ပွားသိုင်းကျမ်း ရမှ ဖြစ်မှာပျ"
"ဆင့်ပွားသိုင်းကျမ်း"
ပန်းဝါ ထိုအမည်ကို ရွတ်ရင်း စဉ်းစားနေလေသည်။
"အဲဒါ ဘယ်လိုပညာလဲ သား"
"ကျွန်တော် မသိဘူး၊ လူတွေ လိုက်ရှာနေကြတယ်"
ထိုအခါ ပန်းဝါ အသံကျယ်ကျယ်ဖြင့် လှမ်းခေါ်လိုက်လေ၏။
"ယုံထင်း. . . ယုံထင်း"
ယုံထင်း ပြေးဝင်လာလေသည်။
"ဘာဖြစ်လဲ ပန်းဝါ"
ပန်းဝါ ပြုံးလိုက်သည်။
"ကျွန်မ ရှင့်ကို ပြောစရာ ရှိလို့"
"ဘာဒုက္ခပေးမလဲ"
ထိုအခါ ယုံထင်းအား ပန်းဝါ မျက်စောင်းထိုးလေသည်။
"ရှင် ကျွန်မကို ဒီလို ပြောရလား"
ယုံထင်းက ပန်းဝါအား ကြည့်ကာ. . .
"ပန်းဝါပြော ငါစတာပါကွာနော်"
"ရှင့်ကို မေးစရာရှိလို့"
"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါက မျက်မှောင်ကုတ်ကာ ဝူးချီအား မေးငေါ့ပြလိုက်၏။

"ကျွန်မ သားလေးကို သိုင်းပညာသင်ပေးမလို့"

ယုံထင်းက. . .

"ဘယ်မှာလဲ နင့်သား"

"ဟိုမှာလေ ကျွန်မ သူ့ကို မွေးစားထားတာ"

ယုံထင်းက မျက်နှာမဲ့ကာ. .

"မင်းတတ်တဲ့ ပညာသင်ပေးပါလား"

"သင်ပေးမယ်၊ ဒါပေမယ့် သားတတ်ချင်တာက ထူးခြားတဲ့ ပညာလေ"

ယုံထင်းက. . .

"သူက ဘယ်ပညာမျိုးတတ်ချင်တာလဲ"

"ဆင့်ပွားသိုင်းကျမ်း"

"ဘာ"

ယုံထင်း အလန့်တကြား အော်ကာ ပန်းဝါနှင့် ဝူးချီအား ကြည့်လိုက်လေသည်။

♥ ♥ ♥



ယုံထင်း အမူအရာ ပြောင်းနေလေသည်။

ပန်းဝါက အံ့ဩစွာဖြင့်. . .

"ရှင် ဘာဖြစ်တာလဲ"

ယုံထင်းက စကား မပြောနိုင်ပါချေ။

အတန်ကြာမှ ဝူးချီအား. . .

"သား မင်းသင်ချင်တဲ့ပညာအကြောင်း ဘယ်က ကြားလာတာလဲ"

"အဆိပ်မယ်ကလဲ လိုချင်တယ်၊ အခြားသိုင်းသမားတွေ တလဲ လိုချင်ကြတယ်"

ယုံထင်းက ခေါင်းခါယမ်းနေလေသည်။

"ပန်းဝါ၊ နင် ဘာမှမသိဘူးနော်"

"မသိလို့ မေးတာလေ၊ ဘာလဲ ရှင် မကူညီချင်ဘူးလား"

"ငါ မကူညီနိုင်ဘူး"

ယုံထင်း မြတ်သားစွာ ပြောလိုက်၏။

ပန်းဝါ အံ့ဩသွားသည်။

"ရှင် ဘယ်လို ပြောလိုက်တာလဲဟင်"

"မင်းကို အလိုလိုက်ပေမယ့် ဒီကိစ္စတော့. . ."

ပြောရင်း ရပ်ထားလေသည်။

"ဆက်ပြောလေ ယုံထင်း"

"ဆင့်ပွားသိုင်းကျမ်းဆိုတာ ငါ မကြားဖူးဘူး"

"ရှင်ရှာမပေးချင်လို့ မဟုတ်လား။ ရတယ်၊ ကျွန်မ ဘာ

www.burmeseclassic.com

www.burmeseclassic.com



သာသွားရှာမယ်"

"မင်းကြောင့်တော့ ခက်ပါတယ်ကွာ"

"ဘယ်မှာ ရှိတယ်ဆိုတာပြော၊ ကျွန်မသွားရှာမယ်"

"ပန်းဝါ မဟုတ်တာ မလုပ်နဲ့၊ မင်းထက်တော်တဲ့လူ တောင် ယူလို့ မရဘူး"

"ဒါဆိုရင် ရှာပေး"

"ရှာမပေးနိုင်ဘူး၊ ငါပြောပြမယ်၊ ပန်းဝါ သေချာနား ထောင်နော်"

ယုံထင်း မျက်လုံးထဲတွင် လွန်ခဲ့သော ကာလက အတိတ် ဖြစ်ရပ်များ ပြန်မြင်လာလေသည်။

♥ ♥ ♥

ယုံထင်းသည် သူငယ်ချင်းဖြစ်သူအား တွေ့ရသောအခါ အံ့သြသွားလေသည်။

"မင်း ငါ့ဆီကို လာလည်တာလား"

ယုံထင်း နှုတ်ဆက်သော်လည်း ထိကျားဝူ မျက်နှာညှိုး နွမ်းနေလေသည်။

"ယုံထင်း၊ ငါ့မှာ နေစရာ မရှိလို့ မင်းဆီလာတာကွ"

"ဘာ မင်းမှာ နေစရာမရှိဘူး ဟုတ်လား"

"ဟုတ်တယ်"



"မင်း နောက်နေတာလား ထိကျားဝူ"

ထိကျားဝူသည် ထင်ရှားသော မြို့စားကြီး၏သား ဖြစ် သည်။

"ယုံထင်း"

ထိုအခါမှ ထိကျားဝူ အံကြိတ်ထားသည်ကို တွေ့ရ၏။

"ငါတို့ဂေဟာတစ်ခုလုံး အသတ်ခံရတယ်၊ ငါပဲ ကျန် တယ် ယုံထင်း"

ထိုစကားကြားရသောအခါ ယုံထင်း လန့်သွားလေ သည်။ သူသည် မယုံကြည်နိုင်စွာဖြင့် ထိကျားဝူအား ကြည့် လိုက်လေသည်။

မြို့စားကြီးအား မြို့နယ်တစ်ခုလုံးက လေးစားကြည်ညို ကြလေသည်။

ချစ်ခင်လေးစားကြ၍ ကြောက်ရွံ့ကြသည်။

အထူးသဖြင့် အနက်ရောင်သိုင်းသမားများ မြို့စားကြီး နယ်တွင် မလှုပ်ရှားရဲကြပါချေ။

ယခု မြို့စားဂေဟာတစ်ခုလုံး အသတ်ခံရသည့် သတင်း ကြားသောအခါ စိတ်ချောက်ချားသွားလေသည်။

"ငါယုံတောင် မယုံဘူး သူငယ်ချင်း"

"ငါပြောတာတော့ မင်းယုံတယ် မဟုတ်လား"

ယုံထင်းသည် သူငယ်ချင်းဖြစ်သူအား သူ့အခန်းသို့ ခေါ်ကာ အားပေးစကားပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိကျားဝူ၊ မင်း ဘာလုပ်မလဲ"

"ငါ ဘာလုပ်ရမလဲ"

"မင်းမိဘတွေကို သတ်တဲ့လူကို သိလား"

ထိုအခါ ထိကျားဝူ အိတ်ထဲမှ အမှတ်အသားတစ်ခုကို ထုတ်ပြလိုက်လေသည်။

လုံးနှစ်ချောင်းယှက်နေသည့် အနီရောင်အလံ လေးတစ်ခု ဖြစ်ပေသည်။

ထိုအလံကို တွေ့သောအခါ ယုံထင်း မျက်နှာပျက်သွားလေသည်။

"ဒါဟာ အခုတစ်လော နာမည်ကြီးနေတဲ့ မဟာကိုဏ်းချုပ်လုကောက်ကျီရဲ့ အမှတ်အသားပဲ"

"လုကောက်ကျီ ဟုတ်လား"

"ဟုတ်တယ် လုကောက်ကျီပဲ၊ ကန္တာရသခင် မြှောက်စားထားတဲ့ လူမိုက်ကြီးတစ်ယောက်ပဲ"

ယုံထင်း သိသမျှ ရှင်းပြလေသည်။

"ငါ့အဖေနဲ့ ဘယ်လို ရန်ငြိုးရှိလို့လဲ မသိဘူး"

"ဘာရန်ငြိုးမှ မရှိလဲ၊ ဒီလူက သိုင်းရူးနေတာကွ"

ယုံထင်းက. . .

"လုကျောက်ကျီ မသင်ဘူးတဲ့ သိုင်းပညာဆိုတာ မရှိဘူး၊ ထူးဆန်းတဲ့သိုင်း ပေါ်လာရင် တပည့်ခံတယ်၊ သိုင်းကျမ်းရှာတယ်"



ယုံထင်း သိသမျှ ပြောကြားလေသည်။

"ဒါဆို ငါ့အဖေကို ဘာကြောင့် သတ်ရတာလဲ"

"ငါထင်တယ်၊ မင်းအဖေဆီက ဆင့်ပွားသိုင်းကျမ်းရချင်လို့ တပည့်ခံလိမ့်မယ်၊ မရတော့လို့ လုပ်တာ ဖြစ်မယ်၊ မင်းအဖေဆီမှာ သိုင်းကျမ်းများ ရှိလား"

ယုံထင်း တွေးဆချက်များကို ပြောလိုက်လေသည်။

ထိကျားဝူ ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တယ် သူငယ်ချင်း၊ ဖေဖေပြောသွားတာလဲ ပါတယ်"

ထိကျားဝူ ခေါင်းညိတ်ရင်း ပြောလိုက်ရာ ယုံထင်း မျက်မှောင်ကြုတ်သွားပြီး. . .

"မင်းအဖေ ဘယ်မှာလဲ"

"ဖေဖေ ဇော်ရာအပြင်းအထန်နဲ့ ငါနဲ့အတူ ထွက်ပြေးတာ"

"မင်းကို ဘာမှာသွားလဲ"

"သိုင်းကျမ်းနဲ့အတူ ပျောက်သွားပြီလို့ သတင်းလွှင့်ခိုင်းတယ်"

ထိကျားဝူက ဖခင်မှာကြားသော စကားအား ယုံထင်းအား ပြောပြလိုက်သည်။

သို့သော် ယုံထင်း နားမလည်ပါ။

"သူသေသွားမှတော့ သိုင်းကျမ်းက ရှိသေးလို့လားကွ"

www.burmeseclassic.com

www.burmeseclassic.com



ထိကျားဝူက ခေါင်းညိတ်လိုက်သည်။

"ရှိတယ်"

"ဆင့်ပွားသိုင်းကျမ်းလား"

ထိကျားဝူ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ထို့နောက် အိတ်ထဲမှ သွေးဝယ်သော စာအုပ်ကလေးကို ထုတ်ပြလိုက်သည်။

"အဲဒါ ဆင့်ပွားသိုင်းကျမ်းရဲ့ မူရင်းလေကွာ၊ အဓိကအချက်တွေ ရေးထားတာ"

ယုံထင်း သေချာစွာ ယူကြည့်လိုက်လေသည်။

သို့သော် သူသေချာစွာ နားမလည်ပါချေ။

♥ ♥ ♥

ယုံထင်း စာအုပ်ကလေးအား ထိကျားဝူ လက်ထဲ ပြန်ပေးလိုက်သည်။

"မင်း ဒီပညာ မရလိုက်ဘူးလား"

"ဖေဖေသင်ပေးတုန်းက နည်းနည်းပဲ ရတယ်"

"သင်ရတာ ခက်သလား"

ယုံထင်း စိတ်ဝင်တစား မေးလိုက်သည်။

ထိကျားဝူက ယုံထင်းအား အကဲခတ်ပြီး. . .

"အမှန်ပြောရရင် တတ်ထားချင်တယ် သူငယ်ချင်း၊ ဒါ



ပေမယ့် မလွယ်ဘူး"

"ဟုတ်တယ် လွယ်တော့ မလွယ်ဘူး၊ မသင်ခင် အတွင်းအားကျင့်ရတယ်၊ အတွင်းအားပြည့်မှ သင်လို့ရတာလေ"

ထိကျားဝူ စာအုပ်ကလေးကို သူ့ရင်ဘတ်ကြားထဲ ထည့်လိုက်လေသည်။ ယုံထင်း ရယ်မောကာ. . .

"ငါ့ကိုတောင် မယုံဘူးလားကွ"

"မဟုတ်ပါဘူး၊ မင်းကို ငါယုံပါတယ်၊ ဒါကြောင့် ပြောတာပေါ့"

"ငါ့ကို ယုံပါ သူငယ်ချင်း၊ ဒီနားမှာ ဘယ်သူမှ မရှိပါဘူး"

ယုံထင်း ပြောကြားလိုက်လေသည်။

သို့သော် မြို့စားသား ထိကျားဝူထံတွင် သိုင်းကျမ်းရှိသည့်အကြောင်း သတင်းထွက်လာလေသည်။

သူတို့ သူငယ်ချင်းနှစ်ယောက် ပြောဆိုနေစဉ် တစ်စုံတစ်ယောက်က ချောင်းမြောင်းကြည့်နေသည်ကို ယုံထင်းနှင့် ထိကျားဝူတို့ မသိလိုက်ချေ။

သူတို့နှစ်ဦး ချစ်ခင်သော သူငယ်ချင်းများ ဖြစ်ကြပေသည်။

တစ်ဦးနှင့်တစ်ဦး အနွံ့တာခံကာ တစ်ဦး၏အခက်အခဲကို တစ်ဦး ကူညီဖြေရှင်းပေးတတ်ကြသည်။

သူတို့နှစ်ဦး တစ်နယ်စီ ဖြစ်၍ မကြာခဏ တစ်လှည့် လာလည်ကြသည်။

www.burmeseclassic.com



ထိကျားဝူသည် ဒေါသကြီးကာ အလိုမကျလျှင် ဖော်ဟစ်ကြိမ်းမောင်းတတ်သူ ဖြစ်သည်။

သို့သော် စိတ်သဘောက ဖြူစင်သူ ဖြစ်သည်။

ထို့ကြောင့် ယုံထင်း မည်သည့်အခါမျှ စိတ်မဆိုးပါ။

ထိကျားဝူအပေါ် သနားချစ်ခင်ကြင်နာသည်။

ယခု သူ့အခန်းတွင် အိပ်ပျော်နေသော ထိကျားဝူအား ငေးကြည့်နေလေသည်။

ထိကျားဝူ ရန်သူများအလယ်တွင် နေရမည့် အဖြစ်ကို တွေးကာ စိတ်မကောင်း ဖြစ်သွားလေသည်။

ဖခင်ဖြစ်သူ၏ပစ္စည်း သားထံ ရှိသည်ကို ရန်သူများ သိရှိမည် ဖြစ်ပေသည်။

သူ့အား လိုက်လံစုံစမ်းမည် ဖြစ်ပေသည်။

ယုံထင်း နှစ်ခြိုက်စွာ အိပ်ပျော်နေသော ထိကျားဝူကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

ထို့နောက် အခန်းထဲမှ ထွက်လာခဲ့လေသည်။

သူသည် အတန်ကြာအောင် အိပ်ပျော်နေလေသည်။

ထိုစဉ် ရုတ်တရက် အသံတစ်သံကို ကြားလိုက်ရလေတော့သည်။

ထိုအသံမှာ ထိကျားဝူ အခန်းမှ ထွက်လာသော အသံဖြစ်ပေသည်။

သူသည် ဓားဆွဲကာ ထိကျားဝူ အခန်းသို့ ထွက်လာခဲ့



လေ၏။ သူ အခန်းတံခါးဝ ရောက်သောအခါ အရိပ်တစ်ရိပ် ပြတင်းပေါက်မှ ခုန်ဆင်းသွားကို တွေ့ရလေသည်။

အထဲသို့ ကြည့်သောအခါ ထိကျားဝူမှာ အိပ်ပျော်နေတုန်း ဖြစ်လေသည်။

ယုံထင်း ခုန်ထွက်သွားသော အရိပ်နောက်သို့ ပြေးလိုက်လာခဲ့သည်။

သို့သော် ရန်သူသည် မြင်းဖြင့် ပြေးသွားလေသည်။

သူသည် မြင်းတစ်စီးအား ယူကာ ထိုမြင်းနောက်သို့ လိုက်သွားလေသည်။

မကြာမီ မိုးလင်းတော့မည် ဖြစ်သည်။

သူသည် ကြိုးစားလိုက်ရာ ရန်သူ့မြင်းအား မီလာလေသည်။

မြင်းနှစ်စီး ယှဉ်မိသည်နှင့် ရန်သူ့မြင်းပေါ် ခုန်အုပ်လိုက်လေသည်။

မြင်းပေါ်မှ နှစ်ယောက်စလုံး လိမ့်ကျသွားလေသည်။

"ဝုန်း"

ယုံထင်း၏လက်သီးချက် ပြင်းထန်လှသည်။

တစ်ဖက်ရန်သူ၏ ရင်ဝသို့ ဓားဖြင့် ထောက်ထားနိုင်လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ယုံထင်း ရန်သူ့မျက်နှာကို သေချာကြည့်သောအခါ အံ့ဩထိတ်လန့်သွားသည်။

"ဟင်. . . ဘဘ"

ရန်သူမှာ သူ၏ဘဘ အရင်းပင် ဖြစ်လေသည်။

ယုံထင်းက မိဘဆုံးပါးချိန်မှစ၍ ထိုဘဘ လက်ထဲတွင် ကြီးလာသူ ဖြစ်သည်။ ယုံထင်းက ထိုဘဘကို မိဘရင်းသဖွယ် လေးစားချစ်ခင်သည်။

ယခု ထိကျားဝူ အခန်းထဲမှ ထွက်လာသော ရန်သူမှာ ဘဘ ဖြစ်နေ၍ သူမှ စဉ်းစားတတ်အောင် ဖြစ်သွားလေသည်။

ယုံထင်းက. . .

"ဘဘ ဘယ်လိုဖြစ်တာလဲ"

ဟု အံ့ဩစွာ မေးလိုက်လေ၏။

"မင်းမြင်တာပဲ"

ယုံထင်းသည် ထိကျားဝူ အခန်းထဲမှ ထွက်လာသည်ကို မြင်တွေ့ထားသောကြောင့် မယုံကြည်စွာဖြင့်. . .

"ဘဘ ဘာကြောင့် ထိကျားဝူ အခန်းထဲ ဝင်တာလဲ"

"မင်း ဘယ်လိုထင်လဲ"

ယုံထင်း ဒေါသထွက်လာသည်။

"ဘဘ အမှန်ပြောပါ"

ထိုအခါ ဘဘ(ဝါ)ထင်းဖုက. . .

"မင်းက ငါ့ကို ပြန်အော်နေတာလား"



"ဘဘကို ကျွန်တော်လေးစားပါတယ်၊ ဒါပေမယ့် သူငယ်ချင်းအပေါ်မှာတော့ သစ္စာရှိရမယ်လေ"

ယုံထင်းက ရှင်းပြလိုက်သော်လည်း ထင်းဖုက ရယ်မောကာ. . .

"မင်းက လူမိုက်ပဲ"

"ဘာကြောင့်လဲ"

"မင်းလက်မရွှေ့[illegible]ဘူး၊ ပညာက လောကကြီးမှာ ရှားတယ်ကွ"

"ဟင်. . . ဒီအကြောင်း ဘဘ ဘယ်လိုလုပ်သိတာလဲ"

"အေး. . . သိတယ်၊ မနေ့က မင်းတို့ ပြောနေတာ ငါ အကုန်ကြားတယ်"

ယုံထင်းသည် ထင်းဖုအား ကြည့်ကာ အံ့ဩနေသည်။

"ဒါဆို ဘဘ သူ့ဆီက စာအုပ်ယူခဲ့တယ်ပေါ့"

ထင်းဖုက. . .

"မင်း သူ့အတွက် စိတ်မပူနဲ့၊ မင်းနဲ့ ငါက ဆွေမျိုးအရင်းတွေပါ"

"တော်တော့ ဘဘ၊ ဘယ်မှာလဲ သိုင်းကျမ်း"

ယုံထင်း တောင်းခံလိုက်သည်။

"ငါပြန်မပေးဘူး၊ မင်း မမိုက်ချင်စမ်းပါနဲ့၊ တစ်နေ့ကျရင် ဒီသိုင်းကျမ်းကြောင့် ငါတို့ သိုင်းလောကခေါင်းဆောင်တွေ ဖြစ်မှာကွ"

www.burmeseclassic.com

www.burmeseclassic.com



ယုံထင်းသည် ထင်းဖုအား ရင်ဝကို ဓားဖြင့် ပို၍ ဖိထား လိုက်လေသည်။

"ကျွန်တော့်ကို သိုင်းကျမ်းထုတ်ပေးပါ ဘဘ"

ဟု ပြောလိုက်ရာ ထင်းဖု မတတ်သာတော့ဘဲ သိုင်း ကျမ်းထုတ်ပေးလိုက်ရသည်။

ယုံထင်းက သိုင်းကျမ်းရသောအခါ သူ့ဓားကို ဖယ်ရှား လိုက်လေသည်။ သူသည် ထင်းဖုအား စိုက်ကြည့်ကာ. . .

"ကျွန်တော် အမှားမလုပ်မိခင် ထွက်သွားပေးပါ"

ထင်းဖုသည် ယုံထင်းအား ဒေါသတကြီး ကြည့်လိုက် လေသည်။

"မင်းက ငါကျွေးမွေးပြုစုထားတဲ့ ကျေးဇူးကို မထောက် ဘူး၊ မင်း တစ်နေ့ ငါ့အကြောင်းသိရမယ်"

ထင်းဖု ပြောပြီး မြင်းပေါ်တက်ကာ ထွက်သွားလေ သည်။

ယုံထင်း ဒေါသတကြီး ထွက်သွားသော ဘကြီးဖြစ်သူ အား ကြည့်ကာ သက်ပြင်းချလိုက်သည်။

သူ ဘကြီးဖြစ်သူအား ထိုသို့ ပြောရသောကြောင့် စိတ် မကောင်း ဖြစ်နေလေသည်။

ထိုစဉ် မြင်းညိုကြီးစီးကာ ထိကျားဝူ ရောက်လာလေ တော့သည်။

သူ၏မျက်နှာမှာ တင်းမာခက်ထန်နေလေသည်။



ယုံထင်းက ထိကျားဝူ အမူအရာကို တွေ့ရသောအခါ ရင်ထိတ်သွားလေသည်။

မိမိအား အထင်လွဲမည်ကို စိုးရိမ်သွားလေသည်။

"မင်း ဘာလို့ လိုက်လာတာလဲ၊ ငါလာမှာပေါ့"

သို့သော် ထိကျားဝူက. . .

"ယုံထင်း၊ မင်းအပိုတွေ ပြောမနေနဲ့၊ မင်းကို တွေ့ချင် လို့ လာတာ မဟုတ်ဘူး၊ ငါ့ပစ္စည်းကြောင့် လိုက်လာတာ"

ယုံထင်းမှာ ထိကျားဝူက မိမိအား အထင်လွဲနေပြီ ဖြစ် ကြောင်း သိရလေသည်။

သို့သော် ယုံထင်းက ကြိုးစား၍ ပြုံးကာ. . .

"မင်းအထင်မလွဲပါနဲ့၊ မင်းပစ္စည်း ငါ့ဆီမှာ ရှိပါတယ်၊ ငါ့စကားဆုံးအောင် နားထောင်ပါဦး"

ယုံထင်းက ပြောသော်လည်း ထိကျားဝူက နားမ ထောင်ပါ။

ဒေါသတကြီး ဖြစ်နေလေသည်။

"မင်းပါးစပ်ပိတ်ထား၊ ငါ အိပ်ရာကနိုးတာ မြန်လို့၊ မဟုတ်ရင် မမီတော့ဘူး"

ယုံထင်း ခေါင်းခါယမ်းလိုက်သည်။

"မင်းပြောတာ မဟုတ်သေးပါဘူး၊ ငါပြောတာ နား ထောင်ပါဦး"

ဟု ပြောကာ ရင်ဘတ်ကြားမှ သိုင်းကျမ်းကို လှမ်းပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ ထိကျားဝူသည် သိုင်းကျမ်းကို ဆတ်ခနဲ လှမ်းယူပြီး သူ၏လက်တစ်ဖက် လှုပ်ရှားလိုက်လေသည်။

"ခွပ်"

"ဝုန်း"

အသံနှင့်အတူ ယုံထင်း နောက်လန်ကျသွားလေသည်။

ထိကျားဝူက ယုံထင်းအား ကြည့်ကာ. . .

"မင်းလို သစ္စာမရှိတဲ့လူကို မမြင်ချင်ဘူး၊ မြင်ရင် ငါ့အဆိုးမဆိုနဲ့"

ထိုသို့ပြောကာ မြင်းပေါ်တက်ကာ ထွက်သွားလေသည်။

♥ ♥ ♥



ယုံထင်းက သက်ပြင်းချကာ. . .

"အဲဒါ ငါ့အဖြစ်အပျက်တွေပဲ"

ဝူးချီက ယုံထင်း ပြောသော စကားများကို သေချာနားထောင်နေလေသည်။

ပန်းဝါက ယုံထင်း စကားဆုံးသောအခါ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အဲဒီအချိန်ကစပြီး ထိကျားဝူနဲ့ ရှင် တစ်ခါမှ မတွေ့ဘူးလား"

ယုံထင်းက ခေါင်းခါယမ်းကာ. . .

"မတွေ့ဘူး။ သူ့သတင်းတွေတော့ နည်းနည်းကြားပါတယ်"

ယုံထင်းက ပြောသောအခါ ပန်းဝါက. . .

"ဘာကြားတာလဲ"

"သူ့ကို ရန်သူတွေ လိုက်ရှာနေတယ်ဆိုတဲ့ သတင်းရယ်၊ သူ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်တယ်ဆိုတဲ့ သတင်း ကြားရပါတယ်"

"ပြီးတော့ကော. . ."

"ပြီးတော့ ဘာသတင်းမှ မကြားရတာ ခုချိန်ထိပဲ၊ သေတယ် ရှင်တယ် မသိဘူး။ ဘယ်ရောက်နေတယ်ဆိုတာလဲ မကြားရဘူး။ အတော်ကြာနေပြီ"

ယုံထင်းက ထိုသို့ပြောရင်း သက်ပြင်းချကာ အဝေးသို့

www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေလေသည်။

ပန်းဝါက စဉ်းစားရင်း. . .

"ရှင် ဘဘနဲ့ရော တွေ့သေးလား"

ထိုစကားကြောင့် ယုံထင်း မျက်နှာညှိုးသွားလေသည်။

"တွေ့တယ်၊ ငါ့လက်နဲ့ ဘဘသေသွားရတယ်"

"ရှင်သတ်လိုက်တာပေါ့ ဟုတ်လား"

ယုံထင်း ခေါင်းညိတ်လိုက်သည်။

သူသည် လေးပင်သော အသံဖြင့်. . .

"သူက ကျုပ်ကို လာသတ်လို့ ကျုပ်က ခုခံရင်း လက်လွန်သွားတာ၊ အဲဒီအချိန်ထဲက ဓားမကိုင်ဘဲ သိုင်းလောကက စွန့်ခွာလာတာ အခုထိပဲ"

ယုံထင်း ကြေကွဲစွာ ပြောလေသည်။

ပန်းဝါက. . .

"ဒါဆို ရှင် ဒီကျမ်းမယူတော့ဘူးပေါ့"

"ဟုတ်တယ်"

ယုံထင်းက. . .

"မင်းစဉ်းစားပါဦး၊ သူက ငါ့ကို သစ္စာမရှိတဲ့လူလို့ ထင်ထားတာ၊ သူ့သိုင်းကျမ်း သွားလုရင် ပိုမုန်းသွားမှာပေါ့ ပန်းဝါရယ်"

သေချာစွာ ရှင်းပြသော်လည်း ပန်းဝါက ခေါင်းခါယမ်းကာ. . .



"ကျွန်မတစ်တော့ ရအောင် ရှာမယ်"

ထိုစကားကြောင့် ယုံထင်း မျက်လုံးပြူးသွားလေသည်။

"ဘာပြောတယ် ပန်းဝါ၊ မင်းရအောင် ရှာပြီး သိုင်းကျွမ်းသူမယ် ဟုတ်လား"

"ဟုတ်တယ်"

ပန်းဝါက ခေါင်းညိတ်ကာ ပြတ်သားစွာ ပြောလိုက်သည်။

"ကျွန်မသားအတွက် ရအောင် လုပ်ရမှာပဲ"

"မင်းစဉ်းစားပါဦးကွာ"

ယုံထင်း သက်ပြင်းချကာ ပြောလိုက်သောကြောင့် ဝူးချီ စိတ်မကောင်း ဖြစ်သွားလေသည်။

"ကျွန်တော် ဒီပညာ မသင်ချင်တော့ဘူး၊ လိုက်မရှာပါနဲ့တော့"

ယုံထင်းက ဝူးချီအား ငေးမောကြည့်နေလေသည်။

အသက်ငယ်သော်လည်း နားလည်သိတတ်သူလေး ဖြစ်လေသည်။

"မဖြစ်ဘူး သား၊ သားတတ်ချင်တာကို မေမေရအောင် ယူပြီး သင်ပေးမယ်"

ဟု ပြောလိုက်ရာ ယုံထင်း သူတို့အနားမှ ထသွားလေတော့သည်။

ဝူးချီက ယုံထင်း၏အဖြစ်အပျက်များကို ကြားသိပြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်း ဖြစ်သွားလေသည်။

ယုံထင်းကိုလည်း သနားသွားလေသည်။

သို့သော် မန်းဝါက တစ်ယူသန်စိတ်ဖြင့် ငူးချိုကို အားပေးနေလေသည်။

"သားလေး စိတ်မညစ်နဲ့နော်၊ မေမေရအောင် ယူပြီး သင်ပေးမယ်နော်"

ငူးချို ဘာမှ မပြောတော့ပါချေ။

♥ ♥ ♥

ငူချင်း အသက်နှစ်ဆယ်ကျော်ရှိသော ကလေးတစ်ယောက် ဖြစ်သည်။

မိဘများ ငွေကြေးချမ်းသာသောကြောင့် အလိုလိုက်ထားလေသည်။

ထို့ကြောင့် ငူချင်း ပျက်စီးနေလေသည်။

အချိန်ကြာသော် မိဘများသည် သူ၏ဒဏ်ကို မခံနိုင်တော့ပါချေ။

ထို့ကြောင့်ပင် သူသည် ပျက်စီးဆိုးသွမ်းကာ ရမ်းကားသော ကလေးတစ်ဦး ဖြစ်သည်။

ထိုအခါ မိခင်ဖြစ်သူက မွေးစားမိသည်ကို နောင်တရသွားလေသည်။



"ကျွန်မတို့ မှားတာပါရှင်၊ အစကတည်းက မမွေးစားရင် ကောင်းသား"

"ဟုတ်တယ်၊ သနားလို့ မွေးမိတာ မှားပါတယ်ကွယ်"

တစ်ယောက်တစ်ခွန်း ပြောဆိုနေသည်ကို ငူချင်း ကြားသွားလေသည်။

ထိုအခါ ဖခင်က. . .

"မင်းထွက်သွားတော့"

ဟု ပြောသောကြောင့် ငူချင်း ထိုနေရာမှ ထွက်လာခဲ့ရလေသည်။ ငူချင်းသည် မိဘများ၏အိမ်မှ ခြေဦးတည့်ရာ ထွက်လာလေသည်။

သူသည် မြင်းလှည်းတစ်စီးအား တွေ့သောအခါ ထိုမြင်းလှည်းပေါ် တက်လာခဲ့သည်။

မြို့ကလေးတစ်မြို့ ရောက်သောအခါ မြင်းလှည်းမှာ ခရီးဆုံး၍ ရပ်သွားလေသည်။

ငူချင်းက မြင်းလှည်းသမားအား. . .

"ဦးလေး ရှေ့ဆက်မသွားတော့ဘူးလား"

ထိုအခါ မြင်းလှည်းသမားက. . .

"ဟုတ်တယ် ကလေး၊ ဦးလေးတို့ ခရီးဆုံးပြီ၊ မင်း ဘယ်သွားမလို့လဲ"

ငူချင်း ကြောင်သွားလေသည်။

အတန်ကြာမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"မသွားတော့ပါဘူး"

ဟု ပြောကာ ထွက်လာလေသည်။

မြင်းလှည်းသမားက ငေးကျန်ရစ်ခဲ့သည်။

ဝူချင်း မြေးထွက်လာသော်လည်း ဘယ်သွားရမှန်း မသိပါချေ။

စားသောက်ဆိုင်ကြီးများကို တွေ့သောအခါ သူဆာလာသည်။

သို့သော် သူ့ထံ၌ ငွေမရှိပါချေ။

မိဘများ လိုလေသေးမရှိ ထားသောကြောင့် ဝူချင်း တောင်းစားရန် စိတ်မကူးပါချေ။

ထို့ကြောင့် သူသည် စိတ်ညစ်စွာဖြင့် အရိပ်ကောင်းသော သစ်ပင်အောက်သို့ ဝင်နားနေလေသည်။

ထိုစဉ် ရုတ်တရက် သူနားနေသော သစ်ပင်ကြီးနားသို့ မြင်းနှစ်စီး ပြေးဝင်လာလေသည်။

မြင်းနှစ်ကောင် ရပ်သည်နှင့် မြင်းပေါ်မှ လူနှစ်ယောက် လျင်မြန်စွာ ဆင်းလာပြီး. . .

"ဝူးချီရယ် ဒေါ်လေးတို့ဖြင့် ရှာလိုက်ရတာ၊ တွေ့တော့လဲ ဒီမြို့မှာမှ လာတွေ့ရတယ်"

အမျိုးသမီးက ပြောလိုက်သည်။

ဝူချင်း ကြောင်တောင်တောင် ဖြစ်သွားလေသည်။

မွေးစားမိဘများ လိုက်ဖမ်းသည်ဟု ထင်သွား၏။



ကြင်နာစွာ ပွေ့ဖက်လိုက်သော အမျိုးသမီးကြောင့် အသာငြိမ်နေလိုက်သည်။

အမျိုးသမီးက အနားတွင် ရပ်နေသောလူအား ကြည့်ကာ မေးလိုက်သည်။

"ရှင် ဘာငေးနေတာလဲ ရှုဟိုး၊ ဝူးချီကို တွေ့တာ ဝမ်းမသာဘူးလား"

ဝူချင်းသည် ထိုအမျိုးသမီးများ လူမှားနေသည်ကို သိရှိလိုက်လေသည်။

ရှုဟိုးက. . .

"ဝူးချီက တို့ကို ကြည့်နေတာ မသိတဲ့အတိုင်းပဲ၊ ဘာလဲမင်း စိတ်ကောက်နေတာလား"

ဟု မေးလိုက်သည်။

မိုလန်းက ဝူးချီ အဝတ်အစားများကို ကြည့်ကာ ရှုဟိုးအား ပြုံးပြလိုက်သည်။

"ရှုဟိုးရေ ဝူးချီက သူတောင်းစားဖြစ်ပြီနဲ့တူတယ်"

"ဟုတ်တယ်"

"ကဲ. . . တို့စားသောက်ဆိုင်သွားရအောင်"

မိုလန်းက ဝူးချီအား မြင်းပေါ် ပွေ့တင်လိုက်၏။

ဝူချင်းမှာ ဗိုက်ဆာနေပြီ ဖြစ်၍ အသာငြိမ်လျက် လိုက်ပါသွားသည်။

ရှုဟိုးတို့ အားရဝမ်းသာ ခေါ်ဆောင်သွားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဝူချင်းမှာ စဉ်းစားရခက်နေလေသည်။

သူ့တွင် နေစရာလည်းမရှိ အားကိုးစရာလည်းမရှိပါချေ။

ဤကဲ့သို့ အခြေအနေတွင် မိမိအား လူမှားခေါ်ဆောင်လာသည့်အခါ ဝူချင်း တွေဝေသွားသည်။

မိမိဘဝအမှန်အား ဖွင့်ပြောပါက လက်ခံလျှင် တော်သေး၏။

လက်မခံပါက မိမိအတွက် ဒုက္ခ ဖြစ်ပေမည်။

ရှဟိုးတို့ စားသောက်ဆိုင်သို့ ရောက်လာလေသည်။

ဝူချင်းသည် ဗိုက်ဆာနေသောကြောင့် အားရပါးရ စားသောက်နေလေသည်။

ရှဟိုးနှင့် မိုလန်းက ဝူချင်း စားသောက်နေသည်ကို ကြည့်ကာ. . .

"ဝူးချီ"

ဝူချင်းက မိမိမှာ ဝူးချီ မဟုတ်ကြောင်း ပြောမည် ပြင်လိုက်သည်။ သို့သော် မပြောဖြစ်ပါချေ။

ထိုစဉ် ရှဟိုးက ဝူးချီ အခြေအနေကို သဘောမကျဟန်ဖြင့်. . .

"မိုလန်း၊ ဝူးချီကို ကြည့်ရတာ အရင်နဲ့ မတူဘူး၊ ပြောင်းလဲနေတယ်နော်"

ထိုစကားကြောင့် မိုလန်းက စားသောက်နေသော ဝူးချီ



အား ကြည့်ကာ. . .

"ရှင့်ထင်တာ ဖြစ်ပါလိမ့်မယ်"

ရှဟိုး ခေါင်းညိတ်လိုက်သည်။

"မသိပါဘူးကွာ၊ ဒါနဲ့ ဝူးချီ၊ မင်း ဘယ်လိုလုပ် သူတို့လက်က လွတ်လာတာလဲ"

ရှဟိုး မေးသောကြောင့် ဝူချင်းက. . .

"ကျွန်တော်ထွက်ပြေးလာတာပါ ခင်ဗျာ"

"နောက်တော့ ဘာဖြစ်သေးလဲ"

မိုလန်းမှာ မိန်းကလေးပီပီ စေ့စေ့စပ်စပ် မေးလိုက်သည်။

"ကျွန်တော် လူဆိုးတွေ လက်က ပြေးလာတာပါ"

ဝူချင်း ပါးစပ်မှ ထွက်ရာ လျှောက်ပြောလေသည်။

ရှဟိုးက စိတ်ဝင်တစား နားထောင်နေလေသည်။

"ကျွန်တော်လဲကျသွားပြီး သတိလစ်သွားတယ်၊ နောက်တော့ အိမ်ကြီးတစ်အိမ် ရောက်သွားတယ်၊ ကျွန်တော် အဲဒီအိမ်ကို မီးရှို့ပြီး ထွက်ပြေးလာတာလေ"

ဝူချင်း စကားအဆုံးသတ်လိုက်သည်။

မိုလန်း ရင်ဘတ်ဖိထားလေသည်။

သူမ ဝူးချီအား သနားကြင်နာစွာ ကြည့်ကာ. . .

"ရှဟိုး ကလေးကို ကြည့်ပါဦး၊ ဒဏ်ရာတွေများ ရလားလို့"

www.burmeseclassic.com

www.burmeseclassic.com



ရှဟိုး စမ်းသပ်စစ်ဆေးလိုက်သည်။

ထိုအခါ ဒဏ်ရာများကို တွေ့ရလေသည်။

"မိုလန်းရေ မင်းပြောတာ မှန်တယ်၊ ဒီမှာ ကြည့်စမ်း၊ ဒဏ်ရာတွေ ခေါင်းမှာလဲ ဖုနေတယ်"

မိုလန်း မျက်လုံးပြူးသွားသည်။

"ကျွန်မထင်တယ်၊ ဒါကြောင့် ဝူးချီ ငိုင်နေတာ၊ ဝူးချီ၊ မင်း ဒေါ်လေးတို့ကို သိလားဟင်"

ဝူချင်းက. . .

"သိသလိုပဲ ဒေါ်လေး"

မိုလန်းသည် အံ့သြစွာဖြင့်. . .

"ဒါဆို ဘဘကြီးကိုရော သိလား"

"ဘဘကြီး ဟုတ်လား"

"ဟုတ်တယ်လေ"

မိုလန်းက ခေါင်းခါယမ်းကာ. . .

"မဖြစ်ဘူး၊ ဆရာကြီးဆီ ခေါ်သွားမှဖြစ်မယ် ထင်တယ်"

"ဟုတ်တယ်"

သူတို့ စားသောက်ဆိုင်မှ ပြန်ရန် စီစဥ်လိုက်သည်။

ဝူချင်းသည် မထူးတော့သည့်အတူတူ. . .

"ဘဘကြီး ဘယ်မှာလဲဟင်"

မိုလန်းတို့က သူ့အား အကဲခတ်ကြည့်ကာ. . .



"ဘဘကြီး ရှိတယ်၊ မင်းမှတ်မိပြီလား"

"စဥ်းစားလို့တော့ ရလာပြီ"

"သူ့ကို ဆေးဆရာနဲ့ ကုရင်ရမယ် ထင်တယ်"

ထိုစကားကို သူတို့ စားပွဲဘေးမှ ထိုင်နေသော အဆိပ်မယ် ကြားသွားလေသည်။

အဆိပ် ရှိသည်ကို မိုလန်းနှင့် ရှဟိုးတို့ မသိပါချေ။

ရှဟိုးက. . .

"မင်းကို ဆရာကြီးက ဆင့်ပွားသိုင်းကျမ်း သင်ပေးမယ်လို့ ပြောတယ်"

ဝူချင်းက. . .

"ဆင့်ပွားသိုင်းကျမ်း ဟုတ်လား"

"ဟုတ်တယ်"

သူတို့သည် ပြောပြီး ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်သည်။

အဆိပ်မယ် ပြုံးနေသည်ကို မတွေ့လိုက်ချေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်မယ်၏ ဂေဟာအတွင်းရှိ သီးသန့်အခန်းငယ်တွင် သူမ၏လက်ရုံးသဖွယ် အားကိုးရသော ရှောက်ထင်းနှင့် သူမ ဆွေးနွေးနေလေသည်။

အဆိပ်မယ်သည် သူမကြားသိခဲ့သည်များကို ပြောပြနေလေသည်။

"ကန္တာရသခင်က သခင်မကို ဘာပြောလဲ"

"ဒီကျမ်းရရင် ငွေအမြောက်အမြားပေးမယ်၊ လိုအပ်တဲ့ အကူအညီပေးမယ် ပြောတယ်"

"သူပြောတဲ့ ငွေကြေးက များသားပဲ"

"အခုလောလောဆယ် သိုင်းသမားတွေလဲ ပို့ထားသေးတယ်၊ ရှင်တွေ့တယ် မဟုတ်လား"

"တွေ့ပါတယ် သခင်မ၊ ကျုပ်အထင်ပြောရရင်"

ရှောက်ထင်းသည် စကားကို တစ်ဝက်တစ်ပြက်နှင့် ရပ်လိုက်သည်။ ပြီးမှဆက်၍. . .

"သူ့သိုင်းသမားတွေက သခင်မကို အကူအညီပေးဖို့ထက် စောင့်ကြည့်ဖို့လို့ ထင်တယ်"

ရှောက်ထင်း၏စကား မှန်ပေသည်။

အဆိပ်မယ်က ခေါင်းညိတ်လိုက်သည်။

"ရှင်ပြောတာ ဖြစ်နိုင်တယ်"

ရှောက်ထင်းက. . .

"ဒါနဲ့ စောစောက သခင်မပြောတာ ဟိုကလေးကို တွေ့



တယ်ဆိုတာ အမှန်လား"

"ဟုတ်တယ်၊ ကျွန်မကိုယ်တိုင် တွေ့ခဲ့တာ"

ရှောက်ထင်း မျက်မှောင်ကြုတ်လိုက်သည်။

"သူ့ကို သိုင်းပညာသင်ကြားပေးမယ်ဆိုတာ ဟုတ်လား"

အဆိပ်မယ်က ပြုံးကာ. . .

"ဟုတ်ပါတယ်"

"ရှဟိုးနဲ့ မိုလန်းတို့ ပြောဘာလား"

"ဟုတ်တယ်၊ မိုလန်းက သူ့အဘိုးဆုံးတော့ ရှဟိုးကို လက်ထပ်လိုက်တယ်"

ရှောက်ထင်းက. . .

"ရှဟိုးက ဘယ်သူလဲ"

"ကျွန်မ မသိဘူး"

"ကဲထားပါတော့၊ မိုလန်း ဂီ[illegible] ဟိုကလေး ဆေးကုဖို့ မဟုတ်လား"

"ဟုတ်ပါတယ်"

"အရက်သမားအဘိုးအို သေတော့ မိုလန်းနဲ့ ဟိုကလေးပဲ ကျန်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်"

ရှောက်ထင်း ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူက. . .

www.burmeseclassic.com

www.burmeseclassic.com



"သခင်မရဲ့ အဖိုးတန်ကျောက်လည်ဆွဲ ပျောက်သွားတယ်၊ ဝူးချီနဲ့ မိုလန်းကို သံသယ ဖြစ်တယ်၊ သူတို့ကို လိုက်ဖမ်းတော့ မိုလန်းက ရှဟိုးနဲ့အတူရှိတယ် မဟုတ်လား"

ရှောက်ထင်း အဖြစ်အပျက်များကို ပြောပြလိုက်သည်။

အဆိပ်မယ်က. . .

"အဲဒီနေ့က စားသောက်ဆိုင်မှာ တွေ့တော့ မိုလန်း၊ ရှဟိုးနဲ့ ဝူးချီတို့ကို တိုက်ခိုက်တယ်၊ ကျွန်မတို့ တိုက်ခိုက်နေတုန်း ဝူးချီနောက်လိုက်တဲ့ ကျွန်မအဖွဲ့သားသုံးယောက် အသတ်ခံရတယ်"

ရှောက်ထင်းက. . .

"ရှဟိုးနဲ့ တိုက်ခိုက်တုန်း တိဗက်ကြီး ရောက်လာပြီး ကူညီတယ်၊ သူ့ကို သခင်မ မယုံနိုင်ဘူး မဟုတ်လား"

"ဟုတ်ပါတယ်"

"နောက်တစ်ခါ ဝူးချီ နောက်ကို လိုက်တော့ အလောင်းနားမှာ တိဗက်ကြီးကို တွေ့ရတယ် မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် သူ့လက်ချက် မဖြစ်နိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် သူနဲ့ မိုလန်း ပတ်သက်မှု ရှိမယ်"

သို့သော် အဆိပ်မယ်က လက်မခံပါချေ။

"မဖြစ်နိုင်ပါဘူး၊ တိဗက်ကြီးက လမ်းကြုံလို့ ဝင်ကူညီတာ ထင်တယ်"

"ဒါဆို သခင်မကို မေးမယ်၊ မိုလန်းတို့ပြောတာ သိုင်းပညာ ဘယ်သူသင်ပေးမယ်လို့ ပြောလဲ"



အဆိပ်မယ်က. . .

"ဘဘကြီးလို့ ပြောတယ်"

"ဟုတ်ပြီ၊ ဘဘကြီးဆိုတဲ့လူက တိဗက်ကြီး ဖြစ်ရမယ်"

အဆိပ်မယ် အံ့သြသွားသည်ကို ကြည့်ကာ. . .

"သခင်မ ကျုပ်ပြောတာ မဟုတ်ဘူးလား၊ တိဗက်ကြီးပညာကို သခင်မ မယုံနိုင်ဘူးလေ"

"ဟုတ်ပါတယ်"

ရှောက်ထင်းက ပြုံးကာ. . .

"ဒါဆို တိဗက်ကြီးက ထက်မြက်တဲ့ သိုင်းသမားတစ်ယောက် ဖြစ်ရမယ်"

အဆိပ်မယ်က. . .

"ဒါတော့ မှန်တယ်"

ရှောက်ထင်းက. . .

"ဒါကြောင့် သူတို့ပြောတဲ့ ဘဘကြီးဆိုတာ တိဗက်ကြီး ဖြစ်ရမယ်၊ တိဗက်ကြီးဆိုတာ ထိကျားဝှ ဖြစ်ရမယ်၊ ဒါကြောင့် မိုလန်းနဲ့ ရှဟိုးက ဆင့်ပွားသိုင်းကျမ်း သင်ပေးမယ်လို့ ဝူးချီကို ပြောနိုင်တာပေါ့"

ဟု ပြောလိုက်သည်။

အဆိပ်မယ်က ပြုံးလိုက်သည်။

သူမသည် နားလည်စွာဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာ အများကြီး ဖြစ်နိုင်တယ်ရှင့်"

ရှောက်ထင်းက ပြုံးကာ. . .

"သခင်မလေး ဘာဆက်လုပ်မှာလဲ"

အဆိပ်မယ်က. . .

"ကျွန်မတို့နှစ်ယောက် ပူးပေါင်းကြံစည်ရင် အကောင်းဆုံး အကြံဉာဏ် ထွက်လာလိမ့်မယ်"

ဟု ပြောလိုက်၏။

ရှောက်ထင်းက ကျေနပ်စွာ ပြုံးလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် အစီအစဉ်များကို ဆက်လက်တိုင်ပင်ကြသည်။

"သခင်မကို ကျုပ်သတိပေးစရာရှိတယ်"

"ပြောပါ"

"ကျုပ်စိတ်ထင် ကန္တာရသခင်က သခင်မကို သံသယဖြစ်လို့ စောင့်ကြည့်ခိုင်းထားတာ ထင်တယ်"

"ဘာကြောင့် ကျွန်မကို စောင့်ကြည့်တာလဲ"

"သိုင်းကျမ်းရရင် သခင်မက သူတို့လက်ထဲ မအပ်မှာစိုးလို့"

အဆိပ်မယ်က. . .

"ကျွန်မ သူတို့ကို မကြောက်ဘူး"

ဟု ပြတ်သားစွာ ပြောလေသည်။

♥ ♥ ♥



## အမှာစကား

မဟာဂိုဏ်းချုပ်လုကောက်ကျီ၏ အသက်ငါးဆယ်မွေးနေ့ ဖြစ်သည်။

တောင်ပိုင်းစုလုံးနယ်တွင် သူ့အား မသိသူ မရှိပါ။

အားလုံး ရိုသေကြသည်။ ကြောက်ရွံ့ကြသည်။

မကြည်ညို မလေးစား၍လည်း မဖြစ်ချေ။

သူ့ကို အလွန်ကြောက်ရွံ့ရသည်။

သူ့အား ဆန့်ကျင်သူ အသက်မရှင်ပါ။

အရှိန်အဝါကြီးမားသော လုကောက်ကျီ၏မွေးနေ့ပွဲမှာ ကြက်ပျံမကျ စည်ကားလှပေသည်။

မွေးနေ့ပွဲကို သူ၏ဂေဟာကြီးထဲတွင်ပင် ကျင်းပလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေသခံ အသီးသီးမှ လူကြီးလူကောင်းများ၊ အနက်ရောင်၊ အဖြူရောင်သိုင်းသမားများ၊ အဖွဲ့အစည်းအသီးသီး၊ ဂိုဏ်းအသီးသီးမှ သိုင်းသမားများဖြင့် အထူးပင် စည်ကားနေလေသည်။

ဂါရဝပြုမှု ခံယူပြီး လက်ဆောင်ပစ္စည်းများမှာလည်း တစ်ခန်းလုံး ပြည့်နေလေသည်။

လူအများ ရှင်းသွားသောအခါ သီးသန့်ဖိတ်ကြားထားသော လူတစ်စု ရောက်ရှိလာသည်။

ထိုလူစုမှာ လုကောက်ကျီ၏ လက်ရွေးစင် တပည့်များပင် ဖြစ်ကြသည်။

သူတို့ ဆရာ မွေးနေ့ ဖြစ်သောကြောင့် အဖိုးတန်လက်ဆောင်ပစ္စည်းများဖြင့် လာရောက်ကန်တော့ကြလေသည်။

လုကောက်ကျီ ဧည့်ဝတ်ကျေပွန်သည်။

တပည့်များ ပျော်ပါးနိုင်ရန် အကောင်းဆုံးအရက်၊ စားသောက်ဖွယ်ရာများနှင့် စီစဉ်ထားသည်။

ထို့ကြောင့်. . .

တပည့်များက ဆရာ့အား လေးစားကြည်ညိုကြသည်။

တဖြည်းဖြည်း ညဥ့်နက်လာသည်။

ထိုအချိန်တွင် လုကောက်ကျီ၏ သီးသန့်စားပွဲတွင် လူဆယ်ယောက် နေရာယူထားသည်။

သူတို့ ဆရာပြောမည့် စကားကို နားစွင့်နေကြသည်။



"မင်းတို့ လုပ်ဆောင်ချက်တွေမှာ အခက်အခဲ ရှိလားပြောကြပါ"

လုကောက်ကျီက စတင်မေးလာသည်။

သို့သော်. . .

အားလုံးထံမှ မည်သည့်စကားသံမျှ ထွက်မလာပါချေ။

လုကောက်ကျီက အားလုံးကို ဝေ့ကြည့်လိုက်ပြီး. . .

"အခက်အခဲ မရှိကြဘူးပေါ့"

"ဟုတ်ပါတယ်"

အားလုံး သံပြိုင်ထွက်လာသည်။

လုကောက်ကျီက. . .

"မင်းတို့မှာ ပြောစရာမရှိရင် ငါ့မှာပြောစကားရှိတယ်"

လူအားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

လုကောက်ကျီသည် ကျော်ကြားသော သိုင်းသမားကြီးတစ်ဦး ဖြစ်သည်။

သူ မလေ့လာဖူးသော သိုင်းပညာ မရှိသလောက်ရှားသည်။

ထို့ကြောင့်. . .

သိုင်းသမားများက သူ့အား မယှဥ်ရဲပါ။

သူ မတတ်ကျွမ်း မလေ့လာဖူးသော သိုင်းပညာမှာ 'ဆင့်ဘုံးသိုင်းကျမ်း'ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသိုင်းကျမ်းကို သူလိုက်လံစုံစမ်းနေသည်မှာ နှစ်နှစ်ဆယ်ကျော်ပြီ ဖြစ်သည်။

မြို့စားကြီးထံ နည်းမျိုးစုံဖြင့် ချဉ်းကပ်ကာ တောင်းခံခဲ့သည်။

သို့သော်. . .

မြို့စားကြီးက ခါးခါးသီးသီးပင် ငြင်းဆန်ခဲ့သည်။

ထိုအခါ လုကောက်ကျီ ရန်ငြိုးထားခဲ့၏။

သူ မသင်ရသောပညာ လောကတွင် ရှိခွင့်မပေးပါ။

ထို့ကြောင့်. . .

မြို့စားဂေဟာကို ဖျက်ဆီးကာ မီးလောင်တိုက်သွင်းခဲ့လေသည်။

အားလုံး ကိစ္စပြတ်ပြီဟု ထင်ခဲ့သည်။ သို့သော် မပြီးဆုံးခဲ့ပါချေ။

မြို့စားကြီး၏သားဖြစ်သူ ထိကျားဝူသည် သိုင်းကျမ်းနှင့်အတူ လွတ်မြောက်သွားသည့်သတင်း ထွက်လာသည်။

လုကောက်ကျီ ဒေါသထွက်သွားလေသည်။

ထိုအခါ. . .

လူအင်အား အမြောက်အများဖြင့် ထိကျားဝူနောက်ခြေရာခံလိုက်စေသည်။

နောက်ဆုံး ထိကျားဝူ သေဆုံးသွားပြီဟူသော မရေရာသည့်သတင်းကို ကြားလိုက်ရသည်။



လုကောက်ကျီ မကျေနပ်ပါ။

ထို့ကြောင့် ဆက်လက် စုံစမ်းဖော်ထုတ်ခိုင်းထားသည်။

သူ့ရှေ့တွင် ထိုင်နေသူများမှာ ထိုသတင်းအတွက် တာဝန်ပေးထားသူများ ဖြစ်ပေသည်။

သူတို့ မည်သည့်သတင်းမျှ မရကြသေးချေ။

ယခု. . .

လုကောက်ကျီ ပြောစရာ ရှိသည်ဆိုသောအခါမှ အားလုံးငြိမ်သက်သွားလေသည်။

ဆရာဖြစ်သူ ပြောမည့်စကားကို နားစွင့်နေကြ၏။

ထိုစဉ် လုကောက်ကျီက သူ၏တစ်ဘက်ရှိ လူသုံးဦးဘက် လှည့်လိုက်သည်။

"မင်းတို့ တိုက်ခိုက်ရေးအဖွဲ့ အဆင်ပြေလား"

လုကောက်ကျီက တိုက်ခိုက်ရေးအဖွဲ့ကို မေးမြန်းလိုက်သည်။

တိုက်ခိုက်ရေးအဖွဲ့သည် ခိုးဆိုးလုယက်သော ဓားပြအဖွဲ့ ဖြစ်သည်။

"လူဆယ်ယောက် ကျဆုံးပါတယ်၊ ငွေအဆုံးအရှုံး မရှိပါဘူး"

ထိုသုံးဦးထဲမှ တစ်ဦးက ထပြောလိုက်သည်။

လုကောက်ကျီ ကျေနပ်သွားသည်။

"လူအင်အား ထပ်ဖြည့်ထား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

လုကောက်ကျိုက တစ်ဖက်ရှိ လူများထံ လှည့်ကြည့်လိုက်သောအခါ တစ်ယောက်က ထရပ်ပြီး. . .

"ဆရာကြီး ကျွန်တော်တို့ နည်းနည်းကျဆင်းသွားတယ် အရင်ကလောက် အဆင်မပြေတော့ဘူး"

လုကောက်ကျို မျက်မှောင်ကုပ်ကာ. . .

"ဘာကြောင့်လဲ"

ဟု မေးလိုက်သည်။

ထိုလူက. . .

"ဘုရင့်တပ်သားတွေ တစ်ထက်တစ်စ များလာတယ် တချို့သိုင်းသမားတွေ မြို့နယ်တွေကို စောင့်ရှောက်ထားကြပါတယ်"

"တောက်"

လုကောက်ကျို တက်တစ်ချက်ပြင်းစွာ ခေါက်လိုက်သည်။

"အနှောင့်အယှက်ပေးတဲ့လူ မှန်သမျှ သုတ်သင်ပါ အခြေအနေမကောင်းရင် ငါ့ဆီ အကြောင်းပြန်ပါ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ဒါဖြင့် မင်းတို့ ခြောက်ဦး ပြန်ကြတော့"

♥ ♥ ♥



လုကောက်ကျို ရှေ့တွင် လူသုံးဦးသာ ကျန်တော့သည်။

သူတို့သည် ဆင့်ပွားသိုင်းကျမ်းနောက် လိုက်သောအဖွဲ့ဖြစ်သည်။

"မင်းတို့ အခုထိ ဘာမှ မထူးခြားသေးဘူးလား"

"သတင်းကတော့ အမျိုးမျိုးကြားရပါ ဆရာကြီး၊ ဒါပေမယ့် မသေချာပါဘူး၊ အဆိပ်မယ်လဲ သိုင်းကျမ်းနောက် လိုက်နေတယ်"

လုကောက်ကျို စဉ်းစားလေသည်။

"သူ့ကို ကန္တရသခင်က မြှောက်စားထားတာ၊ သူက သစ္စာရှိမယ့်ပုံ မပေါ်ဘူး၊ သည်ကျမ်းရရင် ကန္တာရသခင်ကို ပေးမယ် မထင်ဘူး၊ သူသင်ကြားပြီး သိုင်းလောကကို တစ်ဦးတည်း လွှမ်းမိုးမယ့်လူကွ"

"ဆရာကြီးရရင်ရော သူ့ကို ပေးမှာလား"

လုကောက်ကျို ပြုံးလိုက်သည်။

"မင်းကလဲ အ,လိုက်တာ၊ ငါက သည်ပညာသင်ချင်လို့ လိုက်ရှာနေတာကွ"

"ဒါဆို ဆရာကြီးကို ကန္တာရသခင် ရန်ငြိုးထားလိမ့်မယ်"

လုကောက်ကျို ရယ်မောလိုက်သည်။

"မင်းမပူပါနဲ့ကွာ၊ သည်ကျမ်း ငါ့လက်ထဲရောက်ရင် မင်းတို့အဖြေသိမှာပါ၊ ငါ သည်လောက် ငွေကုန်ခံနေတာ သိုင်းကျမ်းလိုချင်လို့ကွ"

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး ပါးစပ်ပိတ်ထားလေသည်။

လုကောက်ကျီ ထိုင်ရာမှထပြီး လမ်းလျှောက်နေ၏။

သူ တစ်စုံတစ်ရာ လေးနက်စွာ စဉ်းစားနေလေသည်။

"မင်းတို့ အဆိပ်မယ်ကို ကြည့်ထား၊ သူလက်ဦးသွားမှာ ငါ မလိုချင်ဘူး"

"သည်အတွက် ဆရာကြီး စိတ်ချပါ၊ ကျွန်တော် သူ့ကို စောင့်ကြည့်နေတာ ကြာပါပြီ"

တစ်ယောက်က ဖြေလိုက်သည်။

လုကောက်ကျီ နောက်တစ်ယောက်ကို လှမ်းကြည့်လိုက်လေသည်။

ထိုလူသည် အရုပ်ဆိုးအကျည်းတန်သူ ဖြစ်သည်။

စကားနည်း၍ အလုပ်လုပ်ရာတွင် စေ့စပ်သေချာသည်။

"ဝူကျင်း"

"အမိန့်ရှိပါ ဆရာကြီး"

"ရှမ့် ရတနာသေတ္တာကို ခုထိ စုံစမ်းလို့ မရသေးဘူးလား"

"ဟုတ်ကဲ့၊ ကျွန်တော်စုံစမ်းနေပါတယ် ဆရာကြီး၊ ဒါပေမယ့် သဲလွန်စရထားတဲ့ လူတစ်ယောက် ပျောက်နေလို့ပါ"

လုကောက်ကျီ မျက်မှောင်ကြုတ်လိုက်သည်။

"ဘယ်သူလဲ"

"ကျွန်တော်တို့အဖွဲ့သားတွေကို ရုတ်တရက် ဝင်တိုက်ခိုက်တဲ့ အရက်သမားကြီး အခုပျောက်နေတယ်"



"သူက အရက်သောက်ယောင်ဆောင်ထားတာလား"

"ဖြစ်နိုင်တယ် ဆရာကြီး"

"မင်း စဉ်းစားမိလား"

"ဘာကိုလဲ ဆရာကြီး"

"တို့ ထိပ်သီးသိုင်းသမား ဆယ်ယောက်ကို နိုင်တဲ့ အရက်သမားအဘိုးအိုဟာ တော်ရုံမဟုတ်ဘူး၊ အဲဒါ မင်းစဉ်းစားမိရဲ့လား"

ထိုအခါ ဝူကျင်း အတန်ကြာအောင် စဉ်းစားနေသည်။

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်စဉ်းစားမိပါတယ်၊ သူက ထိကျားဝူများ ဖြစ်နေမလား"

"ဟုတ်ပါ့မလား၊ ထိကျားဝူဟာ အသက်လေးဆယ်ကျော်လောက်ပဲ ရှိသေးတယ်ကွ၊ ဖြစ်နိုင်ပါ့မလား"

"ကျွန်တော်ကြိုးစားစုံစမ်းပါ့မယ် ဆရာကြီး"

"အေး. . . ငါပြောမယ်၊ သည်ကျမ်း သူများလက်ထဲ ရောက်သွားရင် ငါတို့အဖွဲ့ အလကား ဖြစ်သွားမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

လုကောက်ကျီ၏အသက်ခြောက်ဆယ်ပြည့် မွေးနေ့အား ထိုစကားဖြင့် အဆုံးသတ်လိုက်သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ဝူးချိသည် ဆယ့်ငါးရက်ကြာသောအခါ နဂိုစိတ်များ ဖြစ်လာသည်ဟု သမားတော်ကြီး ပြော၏။

ဝူးချိ အတိတ်ကို သတိရပြီ သိရသောကြောင့် ရှဟိုးတို့ သုံးယောက် ဝမ်းသာသွားကြသည်။

ဝူးချိမှာ ဝူချင်း ဖြစ်နေသည်ကို သူတို့ မသိပါ။

ဝူချင်းသည် သမားတော်တိုက်ကျွေးသော ဆေးများ သောက်ပြီး ကုသမှုခံယူကာ ဝူးချိအကြောင်းများ သိလာရပြီး ဆက်လက်ဟန်ဆောင်နေလိုက်သည်။

"သူ့ကို ဘာမှ မမေးကြနဲ့ဦး၊ စိတ်အနားပေးရမယ်၊ သူ ကောင်းကောင်းကျန်းမာမှ သိချင်တာမေးပါ"

သမားတော်ကြီးက လူနာရောဂါ အရှင်းပျောက်ရန် ပြောကြားလိုက်သည်။

သမားတော်ကြီး စကားကြောင့် သူ့အား မည်သူမျှ မေးမြန်းခြင်း မပြုကြတော့ပါ။

ထိကျားဝူ အပါအဝင် ရှဟိုးနှင့် မိုလန်းတို့ မြို့နှင့် မနီးမဝေးရှိ ခြံတစ်ခြံကို ဝယ်ယူကာ ထိုနေရာတွင် နေထိုင်ရန် ဆုံးဖြတ်ပြီး လူအသွားအလာမရှိသော နေရာတွင် ဝယ်ယူနေလိုက်ကြသည်။

ခြံတွင်းရှိ အိမ်ကို ပြုပြင်ပြီး ရှေ့ရေးအတွက် တိုင်ပင်ကြသည်။

ထိုစဉ်. . .



"ဆရာကြီး"

"ဟေ"

မိုလန်းက ခေါ်လိုက်၏။

"မင်းတို့ ဘာပြောစရာရှိလဲ ပြောလေ မိုလန်း"

"ကျွန်မမေးစရာ ရှိလို့ပါ"

"မေးပါ၊ မင်းတို့ကို ငါ့ညီအစ်ကို မောင်နှမ အရင်းတွေလို သဘောထားပါတယ်၊ ဒါကြောင့် တို့တွေက မိသားစုပဲ မေးစရာရှိတာ မေးပါ"

မိုလန်းက ထိကျားဝူကို လေးစားစွာ ကြည့်လိုက်သည်။

"ကဲ. . . ညီမလေးမိုလန်း၊ မင်းတို့ ဘာသိချင်တာလဲ"

ထိကျားဝူ ပြုံးပြီး မေးလိုက်သည်။

"ဆရာကြီးကို ကျွန်မတို့ အစ်ကိုအရင်းလို ခင်ပါတယ် ဆရာကြီး၊ ကျွန်မသိချင်တာက ဆရာကြီးကိစ္စပါ"

"ဟား. . . ဟား. . . ဟား"

ထိကျားဝူ ရယ်မောလိုက်သည်။

"မင်းတို့သိချင်တာ ငါ့ဘဝအကြောင်း ဟုတ်သလား"

မိုလန်းနှင့် ရှဟိုး တစ်ယောက်ကိုတစ်ယောက် ကြည့်မိသည်။

"ဟုတ်ပါတယ် ဆရာကြီး"

"မင်းတို့ ငါ့ကို အံ့သြနေမှာပဲနော်၊ ရန်သူကို မတိုက်ခိုက်ဘဲ ရှောင်တိမ်းနေတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သက်ပြင်းချလိုက်သည်။

ထို့နောက် ရီဝေသော မျက်လုံးဖြင့် အဝေးသို့ ငေးကာ

"မင်းတို့သိချင်တာ ငါပြောပြမယ် နားထောင်"

ထိကျားဝူ အတိုချုံးကာ ပြောပြလိုက်သည်။

ထိကျားဝူ၏မိဘများ ဆုံးသောအခါ အားကိုးရာမဲ့ ဖြစ်သွားလေသည်။

ရန်သူများ အလွတ်မပေးသောကြောင့် မည်သည့်နေရာသို့ သွားရမှန်းမသိ ဖြစ်နေသည်။

ထိုအခါ သူငယ်ချင်းဖြစ်သူ ယုံထင်းကို သတိရလိုက်သည်။

သူ ယုံထင်းထံ သွားရောက်ခဲ့သည်။

ထိုသို့ နေထိုင်ရင်း သိုင်းကျမ်း ပျောက်ဆုံးသွားသည်။

ထိုသိုင်းကျမ်းကို ယုံထင်းထံမှ ပြန်ရခဲ့သည်။

ထိုအခါ ယုံထင်း ခိုးသည်ထင်ကာ သူငယ်ချင်းအား တိုက်ခိုက်ကာ နာကျင်အောင် ပြောခဲ့သည်။

ထိကျားဝူမှာ အဖြစ်မှန် မသိသေးပါ။

ယုံထင်းခိုးသည် ထင်နေဆဲ ဖြစ်သည်။

အမှန်တစ်ကယ်မှာ ယုံထင်း၏ဦးလေးဖြစ်သူ ခိုး၍ ယုံထင်း တိုက်ခိုက်ယူလာခြင်း ဖြစ်သည်။

♥ ♥ ♥



ထိကျားဝူသည် ယုံထင်းထံမှထွက်ကာ မြို့ရွာတစ်ခုတွင် ရှောင်တိမ်းနေလေသည်။

ဖခင်ဖြစ်သူ၏မိတ်ဆွေတစ်ဦးထံ သွားရောက်ခဲ့လေသည်။

ထိုဆရာကြီးသည် ကွီဆေးဆိုသူ ဖြစ်သည်။

ထိကျားဝူ၏မိဘများ အဖြစ်ကို ကြားရသောအခါ စိတ်မကောင်း ဖြစ်သွားလေသည်။

ထို့ကြောင့်. . .

ထိကျားဝူအား အမျိုးမျိုးအားပေးကာ အိမ်တွင်းဝှက်ထားပေးသည်။

ထိုဆရာကြီးသည် ရုပ်ပြောင်းရုပ်လွှဲပညာ သူမတူအောင် ကျော်ကြားသူ ဖြစ်သောကြောင့် ထိကျားဝူအား ရုပ်ဖျက်ပေးလေသည်။

ရုပ်ပြောင်းရုပ်လွှဲပညာလည်း သင်ကြားပေးသည်။

တစ်ဦးတည်းသော သမီးလေးဝါးမေနှင့် လက်ဆက်ပေးခဲ့သည်။

ဝါးမေသည် ရိုးသားပြီး ချစ်စရာကောင်းသူလေး ဖြစ်သည်။ ထိကျားဝူသည် ထိုသို့ ဇနီး ရရှိသဖြင့် ကံကောင်းသည်ဟု ထင်ထားလေသည်။

ထို့ကြောင့် ထိကျားဝူက ဖခင်ဖြစ်သူထံမှ ရရှိသော သိုင်းကျမ်းမှ သိုင်းကွက်များကို သင်ကြားပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပညာသင်ကြားပေးသည်ကို ကွိဆေးမှတပါး မည်သူမျှ မသိပါ။

သူတို့ဇနီးမောင်နှံ ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်လာရာ နှစ်နှစ်အတွင်းသို့ ဝင်ရောက်လာသည်။

ဝါးမေတွင် ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေလေသည်။

ထိကျားဝူသည် ပျော်ရွှင်စွာဖြင့် ဇနီးသည်အား အရိပ်တကြည့်ကြည့် ဖြစ်နေလေသည်။

♥ ♥ ♥

တစ်နေ့ ထိကျားဝူ ရွာတစ်ရွာသို့ ကိစ္စတစ်ခုအတွက် ခရီးထွက်ရလေသည်။

ခရီးထွက်ရာမှ အပြန်တွင် ကြေကွဲစရာအဖြစ်နှင့် ကြုံခဲ့ရလေသည်။

မိမိနေထိုင်ရာ အိမ်ကလေး မီးလောင်နေသည်ကို အဝေးမှ မြင်ရလေသည်။

ထိကျားဝူ မြင်းကို အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာခဲ့လေသည်။

သို့သော်. . .

ရွာထိပ်တွင် အဘိုးအိုတစ်ယောက်နှင့် ရင်ဆိုင်မိသောကြောင့် ရွာထဲ မဝင်ရပါချေ။



"လူလေးထိကျားဝူ"

"ဘဘ ဘာဖြစ်တာလဲ"

"မင်း ရွာထဲ မဝင်နဲ့တော့"

အိမ်နီးချင်း ဖြစ်သော အဘိုးအိုက ထိကျားဝူအား စောင့်ကြိုရင်း ပြောလိုက်သည်။

"ဘဘ မီးလောင်တာ ကျွန်တော်တို့ အိမ်လား"

ထိကျားဝူက သေချာစေရန် မေးလိုက်၏။

အဘိုးအိုက. . .

"ဟုတ်တယ် လူလေး၊ မင်းယောက္ခမလဲ အသတ်ခံရပြီး မီးထဲပါသွားတယ်"

ကြားရသော စကားကြောင့် ထိကျားဝူမှာ တုန်လှုပ်သွားမိလေသည်။

"ဝါး. . . ဝါးမေရော ဘဘ"

အဘိုးအိုက အထုပ်ကလေးတစ်ထုပ် လှမ်းပေးသည်။

"အေး. . . ဝါးမေ၊ ငါ့အိမ်ဘက် ထွက်ပြေးလာရင်း ဒီအထုပ်လေး ပေးသွားတယ်"

ထိကျားဝူက ဝါးမေပေးခဲ့သော အထုပ်လေးကို လှမ်းယူကာ ကမန်းကတန်း ဖြေကြည့်လိုက်၏။

အထုပ်အတွင်းမှ သိုင်းကျမ်းနှင့် စာတစ်စောင်ကို တွေ့ရသည်။

သိုင်းကျမ်းကို ရင်ဘတ်ကားထဲထည့်ပြီး စာကို ဖတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"အစ်ကိုထိကျားဝူ

လုကောက်ကျိတို့အဖွဲ့ အစ်ကို့ကို ခြေရာခံမိသွားကြပြီ၊ ကျွန်မပေးတဲ့ ပစ္စည်းတွေကို အရင်းအနှီးလုပ်ပြီး လွတ်အောင် ရှောင်နေပါ၊ တစ်နေ့ ကျောက်ဖြူတောင်မှာ ပြန်ဆုံမယ်

ဝါးမေ"

ထိကျားဝူ စာဖတ်ပြီး ငိုင်သွားသည်။

ထိကျားဝူ မည်သို့မျှ မတတ်နိုင်ပါ။

သူ့ရုပ်သွင်အား လုကောက်ကျိတို့ သိသွားလေပြီ။

ထိုအခါ. . .

အရက်သမားတစ်ယောက်အသွင် ဖန်တီးကာ ပေပေ တေတေ နေထိုင်ခဲ့လေသည်။

ထိုစကားများ ကြားရသောအခါ မိုလန်း မျက်ရည်များ ကျလာမိသည်။

ထိကျားဝူ ပင့်သက်ရှိုက်ကာ. . .

"မိုလန်း၊ မင်း ဝမ်းနည်းသွားလား"

မိုလန်း မျက်ရည်များ သုတ်လိုက်ပြီး. . .

"မမဝါးမေအတွက် စိတ်မကောင်း ဖြစ်သွားတာပါ၊ သူ့ ကိုယ်ဝန်အရင့်အမာနဲ့ ဘာဖြစ်သွားလဲ မသိဘူးနော်"

ထိကျားဝူမှာလည်း ထိုအဖြစ်ကို စဉ်းစားရင်းမှ မျက်နှာ ညှိုးသွားလေသည်။



"ဆရာကြီး မမ ဘယ်ရောက်သွားတယ် ထင်လဲဟင်"

ရှဟိုးက လှမ်းမေးလိုက်သည်။

ထိကျားဝူ သက်ပြင်းတစ်ချက်ချလိုက်သည်။

"လုကောက်ကျိရဲ့လူတွေက သစ္စာရှိတာ မဟုတ်ဘူး၊ ဖမ်းမိလို့ သတ်များပစ်လိုက်ပြီလား မသိဘူး၊ ဒါမှမဟုတ် လု ကောက်ကျိဆီ ခေါ်သွားမလား မသိပါဘူးကွာ"

ရှဟိုး ထိုစကားကြားရသောအခါ စဉ်းစားလိုက်၏။

"တခြားထင်စရာ မရှိဘူးလား ဆရာကြီး"

ထိကျားဝူက ရှဟိုးနှင့် မိုလန်းတို့ကို ကြည့်လိုက်ပြီး. . .

"သူအသက်ရှင်နေသေးရင် ငါပုန်းမယ့် နေရာကို သူသိ တယ်၊ တစ်နေ့မဟုတ်တစ်နေ့ ရောက်လာမှာပဲ"

"ဆရာကြီးရှိမယ့် နေရာကိုသိတယ် ဟုတ်လား"

"ဟုတ်တယ်၊ ငါ့ညီဝမ်းကွဲရှိတဲ့ နှင်းပန်းမြို့လေးကို သူ သိတယ်၊ ငါလဲ အဲဒီကိုသွားပြီး အရက်သမားအဖြစ် ဇာတ်မြှုပ် နေထိုင်ခဲ့တာပဲ"

ထိကျားဝူ အသံ ဆွေးမြေ့ကြေကွဲနေလေသည်။

"လုကောက်ကျိတို့ လက်ထဲ ရောက်သွားဖို့ များတယ်၊ ငါလဲ တွေးတတ်တော့ပါဘူးကွာ၊ နောက်တော့ ငါ့ညီနဲ့မင်း အစ်ကိုရှမုတို့ အဲဒီဆိုင်မှာ သေဆုံးခဲ့တယ်၊ ငါပြောပြခဲ့တယ် မဟုတ်လား"

"ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



မိုလန်းက ခေါ်လိုက်သည်။

ထိကျားဝူ မေးဆက်ကာ. . .

"ပြောလေ"

"ဆရာကြီးနဲ့ မမဝါးမေ ကွဲသွားတာ ဘယ်လောက်ကြာပြီလဲ"

ထိကျားဝူ မျက်လုံးမှိတ်ကာ စဉ်းစားလိုက်သည်။

"အတိအကျဆို ဆယ့်သုံးနှစ်လောက် ရှိပြီ"

"မမဝါးမေ ကလေးမွေးလို့ အသက်ရှင်ရင် ဝူးချီလောက်ရှိပြီပေါ့"

မိုလန်း စကားကြောင့် ထိကျားဝူက ဝူးချီကို သေချာစွာကြည့်လိုက်သည်။

ဝူးချီ အခေါ်ခံထားရသော ဝူချင်းက ငေးကြောင်ကာနားထောင်နေလေသည်။

ထိကျားဝူသည် ဝူးချီအား ကြည့်ပြီး အမျိုးအမည်မသိဝေဒနာတစ်ရပ် ရင်ထဲခံစားလိုက်ရသည်။

"ဒီကလေးက ဘယ်သူ့ကလေးလဲ၊ ဘာကြောင့် စားသောက်ဆိုင်မှာ လာပစ်သွားတာလဲ"

ထိကျားဝူ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာလေသည်။

ဝါးမေ မလာနိုင်လို့ လာထားတာ ဖြစ်နိုင်သည်ကိုလည်းတွေးမိလေသည်။



"သူ မလာနိုင်လို့ ငါ့ရှိမယ်ထင်ပြီး လာပို့ထားခိုင်းတာလား မသိဘူး"

"မဖြစ်နိုင်ပါဘူး၊ သူပို့ခိုင်းတာဆိုရင် စာလေးတော့ ပါလာမှာပါ"

သူတွေးတောနေလေသည်။

"ဆရာကြီး"

သူ့အတွေးကို ရှုဟိုးက ဖြတ်တောက်လိုက်သည်။

"ဘာလဲ ရှုဟိုး"

"ဆရာကြီးက လူကောက်ကျီကို မေ့ထားလိုက်ပြီလား"

ထိကျားဝူ ပြုံးလိုက်သည်။

"ဘာကြောင့် မေ့ထားရမှာလဲကွ၊ ငါ့မိသားစုဘဝပျက်အောင် လုပ်ထားတာ၊ ငါ ဒီကောင်တွေကို မှတ်လောက်အောင်ဆုံးမရမယ်ကွ"

ထိကျားဝူ အံကြိတ်ပြောလာသည်။

"ဒါကြောင့် မင်းတို့ကို ပညာသင်ကြားပေးမယ် ပြောတာပေါ့၊ မင်းတို့တတ်မြောက်ရင် ဒုစရိုက်သမားတွေကို ဖြိုဖျက်မယ်လို့ ကတိပေးစမ်း"

ရှုဟိုးက မိုလန်းအား လှမ်းကြည့်လိုက်သည်။

"ဆရာကြီး စိတ်ချပါ၊ ကျွန်တော်တို့ ဆရာကြီးနဲ့အတူလက်တွဲတိုက်ခိုက်ပါမယ်လို့ ကတိပေးပါတယ်"

"ဒီစကားကြားရတာ ငါဝမ်းသာတယ်၊ ဝူးချီကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာထူးချွန်အောင် သင်ပေးရမယ်"

မြွေရင်း ရင်ဘတ်ကြားမှ သိုင်းကျမ်းစာအုပ်လေးအား ရှမိုး လက်ထဲထည့်လိုက်သည်။

"ဒီပစ္စည်းကို မင်းလက်ထဲထည့်လိုက်ပြီ၊ ငါတတ်သလောက်လဲ မင်းကို သင်ကြားပေးမယ်"

"ဟုတ်ကဲ့"

"မင်းယုံကြည်စိတ်ချရတဲ့ တိဗက်ဘာသာ နားလည်တဲ့ ဆရာကောင်းတစ်ယောက် ရှာပါ၊ ဒါမှ မင်းတို့ ပညာအကုန်တတ်မယ်"

"ဟုတ်ကဲ့"

"အထူးသဖြင့် ဒီသိုင်းကျမ်းကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ"

"စိတ်ချပါ၊ ဆရာကြီး ဖြစ်စေချင်တဲ့အတိုင်း ကျွန်တော် ဆောင်ရွက်သွားမှာပါ"

ထိကျားဝူ စိတ်အေးသွားလေတော့သည်။

♥ ♥ ♥



## တကောက်ကောက်

နောက်တစ်နေ့မှစပြီး ထိကျားဝူသည် သူတို့သုံးယောက်ကို နေ့စဉ် အတွင်းအားများ လေ့ကျင့်စေသည်။

စိတ်ကို တည်ငြိမ်သမျှ တည်ငြိမ်အောင် ထားခိုင်းပြီး အသက်မှန်မှန် ရှူစေသည်။

ခြေလက်များ သန်မာစေရန် ရေထဲတွင် တစ်နေကုန် ဒူးခပ်စေသည်။

ညမိုးချုပ်မှ စားသောက်အနားယူရလေသည်။

အနားယူပြီး ထိကျားဝူ နှုတ်မှ သင်ကြားပေးသော သဘောတရားများကို မှတ်သားကြရပြန်သည်။

"မင်းတို့အဆင့်မြင့် [illegible] ကိုယ်ခန္ဓာကြံ့ခိုင် သန်မာရမယ် သိလား"

ဝူးချီ အပါအဝင် [illegible] နားထောင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရုတ်တရက် တိတ်တဆိတ် လှုပ်ရှားနေသော ခြေသံများ ကြားရသဖြင့် ထိကျားဝူ စကားဖြတ်ပြီး နားထောင်လိုက်လေသည်။

ရှဟိုးနှင့် မိုလန်းတို့လည်း သတိပြုမိလေသည်။

သူတို့အားလုံး အသံလာရာသို့ နားစွင့်လိုက်ကြသည်။

ရှဟိုး အပြင်သို့ လှမ်းကြည့်လိုက်သည်။

"ဟင်"

အံ့ဩထိတ်လန့်သွားလေသည်။

လရောင်ဖြင့် သူတို့ ခြံတစ်ခုလုံးအား လူပေါင်းသုံးဆယ်ကျော် ဝိုင်းရံထားသည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်လေသည်။

အမျိုးသမီးတစ်ဦး သူတို့ထံ လျှောက်လာပြီး ထိကျားဝူရှေ့တွင် ရပ်တန့်လိုက်လေသည်။

ထိကျားဝူ ကြည့်လိုက်ရာ အဆိပ်မယ် ဖြစ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရလေသည်။

"ဩော်... မင်းကိုး၊ ဘာလဲ အလုပ်ရှိလို့ ငါ့ကို လာခေါ်တာလား"

ထိုစကားကြောင့် အဆိပ်မယ် ရယ်မောလိုက်သည်။

"ရှင့်ကို ကျွန်မက တကယ့် တိဗက်ကြီးထင်လို့ ဆရာတင်မယ် ပြောခဲ့တာ၊ ကျွန်မ တကယ့်ကို အံ့ပါတယ်ရှင်"

ထိကျားဝူ ရင်ထဲ စိုးရိမ်သွားမိသည်။



သူ့ဘဝမှန်ကို အဆိပ်မယ် သိသွားပြီ ဖြစ်သည်။

သူ့အဖို့ မလွယ်ပါချေ။

ရှဟိုးနှင့် မိုလန်းအတွက် မစိုးရိမ်သော်လည်း ဝူးချီအတွက် စိုးရိမ်သွားသည်။

ထို့ကြောင့်...

ဝူးချီအား ရှောင်ထွက်သွားရန် မျက်ရိပ်ပြလိုက်သည်။

သို့သော် ဝူးချီကား မပါးနပ်ပါချေ။

ထိကျားဝူ အချက်ပြသည်ကို မသိဘဲ ထိုင်နေလေသည်။

ယခင်က ဝူးချီမှာ အဆိပ်မယ်ကို ကြောက်သူ ဖြစ်သည်။

မြင်သည်နှင့် ပြေးသည်။

ယခု ဝူးချီကား ကြောင်၍ကြည့်နေသည်။

အဆိပ်မယ်က ဝူးချီကိုကြည့်ပြီး...

"ဒီကလေးကို ဖမ်းထားကြဟေ့"

အမိန့်ပေးလိုက်ရာ ငယ်သားနှစ်ယောက်က ဖမ်းသွားလေသည်။

ရှဟိုးနှင့် မိုလန်းတို့မှာ ထိကျားဝူထံမှ အချက်ပြမှု မတွေ့သောကြောင့် အသာငြိမ်နေလိုက်ကြသည်။

ထိကျားဝူက အေးစက်သောလေသံဖြင့်...

"မင်းတို့ ကလေးကို ဘာလုပ်မလို့လဲ"

အဆိပ်မယ် မဲ့ပြုံး ပြုံးလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရှင်တို့ တစ်ခါပဲ လိမ်လို့ရမယ်၊ ရှင်က ရှပ်ဖျက်ထားတဲ့ ထိကျားဝူဆိုတာ ကျွန်မသိပြီ၊ ဒီတော့ အေးအေးဆေးဆေး သိုင်းကျမ်းထုတ်ပေးပါ"

လေသံမာမာဖြင့် ပြောလိုက်ရာ ထိကျားဝူ မလွှယ်မှန်း သိလိုက်လေသည်။

"ဘာသိုင်းကျမ်းလဲ၊ မင်း ငါ့ကို ဘယ်သူထင်လို့ လာတောင်းနေတာလဲ"

ထိကျားဝူ ဟောက်လိုက်သည်။

"ဟော့. . . သူ့ကိုယ်ပေါ်မှာ ရှာကြည့်စမ်း"

အဆိပ်မယ်က သူ့လူများကို အမိန့်ပေးလိုက်တော့သည်။

♥ ♥ ♥



အဖွဲ့သားများသည် ချဉ်းကပ်လာသည်။

ထိကျားဝူက အဆိပ်မယ်အား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

"ဟင်"

အဆိပ်မယ် မျက်လုံးပြူးသွားကာ နောက်ဆုတ်သွားလေသည်။ ရှဟိုးနှင့် မိုလန်းတို့လည်း ဓားဆွဲထုတ်ကာ ရန်သူများကို ရင်ဆိုင်တိုက်ခိုက်လိုက်ကြ၏။

အဆိပ်မယ်သည် သိုင်းပညာထက်မြက်သော်လည်း ထိကျားဝူအား ရင်မဆိုင်နိုင်ပါချေ။

ပထမတစ်ကြိမ်လည်း ရှုံးနိမ့်ပြီး ဖြစ်သည်။

ထို့ကြောင့်. . .

သူတို့က လူအင်အားသုံးကာ တိုက်ခိုက်လာတော့၏။

အချိန်ကြာလျှင် မလွယ်ဟု သဘောပေါက်ထားသော ထိကျားဝူက တိုက်ခိုက်ရင်း ရှဟိုး အနားကပ်ကာ. . .

"ရှဟိုး၊ မင်းက မိုလန်းကို ခေါ်ပြီး ဖောက်ထွက်သွား"

ရှဟိုး ခေါင်းညိတ်လိုက်သည်။

သို့သော်. . .

ထိုးဖောက်ရန် မလွယ်ဘဲ အခက်တွေ့နေပေသည်။

ထိကျားဝူ၏သိုင်းပညာမှာ ထက်မြက်လှသော်လည်း လူအင်အားများသောကြောင့် အသည်းအသန်ခုခံပေးနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်မယ်နှင့်အတူ ကန္တာရသိုင်းသမားများလည်း ပါလာသည်။

သူတို့သည် ရက်စက်ကြမ်းကြုတ်ကြသူများ ဖြစ်၏။

ထိကျားဝူ စိုးရိမ်စိတ်ဝင်လာသည်။

အချိန်ကြာသောအခါ မောပန်းလာသည်။

သူတို့မှာ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝင်ရောက်တိုက်ခိုက်နေသောကြောင့် ခြေကုန်လက်ပန်းကျနေလေသည်။

"ရွှမ်း. . . ရွှမ်း"

ကျာပွတ်သံနှစ်ချက် ထွက်ပေါ်လာလေသည်။

ကျာပွတ်မှာ ထိကျားဝူ ကိုယ်ကို ရစ်ပတ်သွားမိ၏။

မမျှော်လင့်သော အဖြစ်ကြောင့် မိုလန်းတို့ ထိတ်လန့်သွားကြလေသည်။

ထိကျားဝူ ကျောပြင်မှ အဝတ်အစားများ စုတ်ပြတ်ကာ သွေးများထွက်လာလေသည်။

သို့သော်. . .

ထိကျားဝူက ဒဏ်ရာကို ဂရုမစိုက်ပါ။

ဒရုကြမ်း တိုက်ခိုက်ရာ ရန်သူလေးယောက် ကျဆုံးသွား၏။

ရှဟိုးနှင့် မိုလန်းတို့ ထွက်ပေါက်ရှာသော်လည်း မတွေ့ပါချေ။

"အား"



ရှဟိုး ရင်ဘတ်၌ ဒဏ်ရာတစ်ချက်ရသွား၏။

ထိကျားဝူတို့ အခြေအနေကား ဆိုးရွားလာချေပြီ။

ထိကျားဝူ၏ဒူးနှစ်ဖက် ထပ်မံဒဏ်ရာ ရရှိသွားပြန်၏။

ထိုစဉ်. . .

မုတ်ဆိတ်ဖြူအဘိုးအိုတစ်ယောက် ရုတ်ခြည်းရောက်ရှိလာပြီး ရန်သူများကို တောင်ဝှေးဖြင့် တိုက်ခိုက်လာ၏။

အဘိုးအို၏သိုင်းပညာမှာ လွန်စွာထက်မြက်လှသောကြောင့် အဆိပ်မယ် ထိတ်လန့်သွားသည်။

အဘိုးအို ဝင်လာသည့် ခဏမှာပင် သူမ၏လူ အတော်များများ ဒဏ်ရာရသွားစေခဲ့ပေသည်။

အဆိပ်မယ်က ထိကျားဝူအား စိုက်ကြည့်ကာ. . .

"ဒီကလေး မသေစေချင်ရင် သိုင်းကျမ်းနဲ့ လာလဲပါ"

ပြောရင်း သူ့လူများကိုခေါ်ကာ ထွက်သွား၏။

ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ခြည်းပင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## ဘဝစာမျက်နှာ

လသာနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေလေသည်။

မုတ်ဆိတ်ဖြူအဘိုးအိုသည် သမားတော်တစ်ဦးထက် ကျွမ်းကျင်စွာဖြင့် ဒဏ်ရာရရှိသူများအား ဆေးကုပေးလိုက်သည်။

အဘိုးအို အမည်ကား စုချန်း ဖြစ်ပေသည်။

သိုင်းလောက၌ 'သာမညသမားတော်'ဟု ကျော်ကြားနေသူ ဖြစ်ပေသည်။

သာမညသမားတော် တိမ်မြုပ်ပျောက်ကွယ်သွားသည်မှာ နှစ်ပေါင်းနှစ်ဆယ်နီးပါး ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ယခု အဘယ်ကြောင့် ပေါ်လာရပါသနည်း။

အဘိုးအိုစုချန်းက ထိကျားဝူအား ကြည့်ကာ. . .

"ထိကျားဝူ၊ မင်း ငါ့ကို မမှတ်မိဘူးလား"



ဟု မေးလိုက်သည်။

ထိကျားဝူ ဇဝေဇဝါ ဖြစ်ကာ ခေါင်းခါယမ်းလိုက်၏။

"ဟုတ်ကဲ့၊ ကျုပ် ဇဝေဇဝါ ဖြစ်နေပါတယ်"

စုချန်း အသာအယာပြုံးကာ. . .

"ထိကျားဝူ၊ မင်းစိတ်တွေ လှုပ်ရှားနေတယ်၊ မင်းအဖေရဲ့ အရင်းအနှီးဆုံးက ဘယ်သူလဲ၊ မင်းကို ပြောခဲ့ဖူးမယ်ဆိုရင် ငဲသိလာမှာပါ"

ထိုစကားကြားသောအခါ ထိကျားဝူ ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ဦးလေးစုချန်း"

ဟု ခေါ်လိုက်သည်။ စုချန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ တိဗက်ဒေသက ဆင့်ပွားသိုင်းကျမ်းကို ငါရခဲ့တယ်၊ မင်းဖခင်လိုချင်လို့ ငါပေးခဲ့တယ်၊ ဒါပေမယ့် သိုင်းကျမ်းကြောင့် မင်းတို့မိသားစု ဘဝကံဆိုးခဲ့ရတာ ငါ ဖြေမဆည်နိုင်ခဲ့ဘူး၊ ကန္တာရသခင်နဲ့ ငါနဲ့က ပြိုင်ဘက်တွေပဲ၊ ငါ့ကို မနိုင်ဘူး၊ ဒါကြောင့် ငါ့ရဲ့ဆင့်ပွားသိုင်းကျမ်းကို လိုချင်နေတယ်၊ လူအင်အား ငွေအားသုံးပြီး ရှာဖွေခဲ့တယ်"

ထိကျားဝူ ဒေါ်ပွသွားသည်။

"ဒါဖြင့် ခင်ဗျားကြောင့် ကျုပ်မိသားစု ဘဝပြိုပျက်ခဲ့ရတာပေါ့ ဟုတ်လား"

စုချန်း သက်ပြင်းလေးပင်စွာ ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ နဂိုက သိုင်းသမားတစ်ယောက်ပါ၊ နောက်ပိုင်း ဆေးပညာဝါသနာပါပြီး ဆေးဖော်စပ်တဲ့အလုပ် လုပ်ခဲ့တယ်၊ သိုင်းလောကနဲ့ ကင်းကွာချိန်မှာ မင်းအဖေရဲ့ အဖြစ်ဆိုးကို သိခဲ့ရတာပဲ၊ အခု ကန္တာရသခင်ကို ရှင်းလင်းသုတ်သင်ခဲ့ပြီးပြီ၊ မပူပါနဲ့ ကန္တာရသိုင်းသမားတွေ နောက်ဆို မရှိတော့ပါဘူး"

ထိကျွားဝူ ရှုန်းထလာရာဝယ် စုချန်းက လက်ပုတ်လိုက်၏။

"ငါ တကယ်ပြောတာ၊ မင်း မသိသေးတာ ငါပြောရဦးမယ်၊ မင်းမိန်းမဝါးမေ ငါနဲ့ တွေ့ခဲ့တယ်၊ ငါကိုယ်တိုင် ကယ်တင်ခဲ့တယ်၊ ကလေးအမြွှာပူးမွေးတာကိုကော မင်းသိလား"

ထိကျွားဝူ တုန်လှုပ်ချောက်ချားသွား၏။

"ဒါ. . . ဒါ တကယ်လား၊ ကျုပ်. . . ကျုပ်ရဲ့ကလေးတွေရော၊ ဝါးမေ. . . ကျုပ်မိန်းမ. . . ဝါးမေရော"

စုချန်း ခေါင်းယမ်းလိုက်၏။

"ဝါးမေ မွေးဖွားပြီးချင်း စိတ်ဖောက်ပြန်ပြီး ထွက်ပြေးသွားတယ်"

"ဒါဖြင့် ကျုပ်ကလေးနှစ်ယောက်ကော"

စုချန်း ကြေကွဲဟန်ဖြင့်. . .

"ဒါ ငါ့အပြစ်တွေပါ၊ အဲဒီအချိန် လုကောက်ကျိတို့လူစုလာတိုက်တယ်၊ သူနဲ့ အဆိပ်မယ်တို့အဖွဲ့ ပေါင်းခဲ့လို့ ငါ ကလေးတွေ ခေါ်ထ[illegible]ား ဖြစ်ခဲ့တယ်၊ ကလေးတွေ



ငိုနေလို့ နို့မဟုတ် သင်းတို့ကို ငါရှင်းပစ်နိုင်ပါတယ်၊ ကလေးတစ်ယောက်ကို ကုန်သည်သူဌေးဆီ မွေးစားဖို့ ပေးခဲ့တယ်၊ နောက်တစ်ယောက်ကိုတော့ ကျောက်ဖြူတောင် နှင်းပန်းမြို့က အရက်ဆိုင်လေးဆီမှာ ထားပစ်ခဲ့တယ်"

ထိကျွားဝူ ဒေါသထွက်သွား၏။

"ဘာကြောင့် ဒီလိုလုပ်ခဲ့ရတာလဲ၊ အခု ကျုပ်သားကျုပ်ဖနီး ဘယ်မှာလဲ"

စုချန်း ခေါင်းတစ်ချက်ဆိုးကာ. . .

"အဲဒီအချိန် အဆိပ်မယ်ရဲ့ လက်နက်ပုန်းကြောင့် ငါ အဆိပ်မိနေခဲ့တာလေ၊ အားလုံးသေသွားမှာပေါ့၊ ကလေးတွေကို ငိုခဲ့လို့ အခု ငါ့အခြေအနေလဲ မကောင်းနိုင်တော့ဘူး၊ သိုင်းကျမ်းတို့ ကျောက်နီနဂါးရုပ်မိသားစုသုံးခုမှာ ငါရေးမှတ်ထားခဲ့တယ်၊ ဒါကို ငါ့အပြစ်တွေအတွက် မင်းကို ပေးဆပ်ပါရစေ"

ပြောကာ ကျောက်နီနဂါး အဖို၊ အမ၊ သား၊ စသည့် အရုပ်သုံးရုပ်ပေးလာ၏။ စုချန်းက ဆက်ပြောသည်။

"တစ်မျိုးစီမှာ သိုင်းပညာတစ်ခုစီ ပါဝင်ပေမယ့် စုပေါင်းမှဆင့်ပွားသိုင်းပညာ ဖြစ်လာမှာပါ၊ မင်းထိန်းသိမ်းစောင့်ရှောက်ပါ"

ပြောပြီး နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



စုချန်းသည် ကြာမြင့်စွာ ခံစားရသည့် ဝေဒနာအား ကိုယ်တိုင်ဖော်စပ် ကုသခဲ့သော်လည်း အသက်အရွယ်အရသော ကြောင့်လည်းကောင်း ပေတေခဲ့သည့်ဒဏ်ကြောင့်လည်း ကောင်း၊ မိမိကိုယ် ပေါ့ဆကာ မကုသခဲ့သည်က တစ်ကြောင်းမို့ ရောဂါစွဲကပ် လာခဲ့ရပေသည်။

သူသည် မသေဆုံးမီ ထိကျားဝူနှင့် တွေ့ဆုံကာ ဖြစ်ပျက်သမျှ ရှင်းလင်းသွားချင်သည်။

ထို့ကြောင့် လိုက်ရှာရင်း ကျန်းမာရေးချို့ယွင်းခဲ့၏။

သို့သော် သူက မမှုဘဲ အဆိပ်မယ်နှင့် တွေ့ဆုံကာ ဝူချင်းအား ကယ်တင်ခဲ့သည်။ စုချန်း ကျဆုံးကာ ဝူချင်း ထွက်ပြေးခဲ့သည်။ ထိုအချိန် ပန်းဝါသည် ယုံထင်း၊ ဝူးချီနှင့်အတူ သိုင်းကျမ်းယူရန် ထိကျားဝူထံ ထွက်လာခဲ့ရာ အဆိပ်မယ်၊ လုကောက်ကျိတို့နှင့်တွေ့ဆုံကာ တိုက်ပွဲဖြစ်ခဲ့သည်။

တိုက်ပွဲတွင် ယုံထင်းနှင့် ဝူချင်း သေဆုံးခဲ့၏။

ပန်းဝါသည် အတိတ်မေ့နေသော ဝါးမေ ဖြစ်ကာ ဒဏ်ရာပြင်းစွာဖြင့် ဝူးချီအား ခေါ်ဆောင်ကာ ထွက်ပြေးလာခဲ့၏။

လမ်းတွင် လိုက်လာသော ထိကျားဝူတို့နှင့် တွေ့ဆုံကာ မိသားစု ဆုံဆည်းခဲ့ရသည်။ သို့သော် ကြာရှည်မခံပါ။

အဆိပ်မယ်တို့အဖွဲ့ လိုက်လံတိုက်ခိုက်လာရာ ဝါးမေ၊ ရှပိုးနှင့် မိုလန်းတို့ ထိကျားဝူနှင့် ဝူးချီအား အသက်ပေးရင်း သေဆုံးခဲ့ကြလေသည်။



နောက်ပိုင်း ဆယ်နှစ်မျှ ကြာမြင့်သွားသောအခါတွင်တော့ အဆိပ်မယ်သည် ကြံ့စုဂိုဏ်းချုပ် ရှမ်းထင်းလီနှင့် အိမ်ထောင်ပြုခဲ့၏။

လုကောက်ကျိကား စုချန်း လက်ချက်ဖြင့် ဒဏ်ရာရခဲ့သည်ကတစ်ကြောင်း ဘုရင့်တပ်ဖွဲ့က ဖြိုခွဲလာသည်ကတစ်ကြောင်းမို့ သတင်းစုန်းစုန်းမြုပ် ပျောက်ကွယ်သွားခဲ့လေသည်။

ဝူးချီသည် ဖခင်ဖြစ်သူ ထိကျားဝူအား ပြုစုရင်း ဆင့်ပွားသိုင်းကျမ်းအား လေ့ကျင့်ခဲ့သည်။

ထိုစဉ် အတောအတွင်း အဆိပ်မယ်နှင့် ရှမ်းထင်းလီသာရောက်တိုက်ခိုက်ရာ ထိကျားဝူ ဒဏ်ရာပြင်းစွာ ရရှိပြီး ကျောက်နီနဂါးအဖိုရုပ်အား လုယူသွားခဲ့လေသည်။

အဆိပ်မယ်လည်း ကျဆုံးခဲ့သည်။

ဒဏ်ရာပြင်းစွာ ရနေခဲ့သော ထိကျားဝူအား မိတ်ဆွေဖြစ်သူ ခုံတုံဂိုဏ်းချုပ်က ဆေးကုသပေးမည်ဟု ခေါ်ဆောင်ကာ သုပ်ကြံရင်း ကျောက်နီနဂါးအမရုပ်အား လုယက်ခဲ့၏။

ထိကျားဝူသည် ဝှက်ထားသော ကျောက်နီနဂါးသားအရုပ်အား ယူဆောင်ကာ အိမ်သို့ ပြန်ပြီး ဝူးချီလက်သို့ အပ်ကာ သေဆုံးသွားခဲ့သည်။ ထိုအချိန်မှစ၍ ကျောက်နီနဂါးသားအရုပ်ရရှိသော ဝူးချီမှာ ရန်ငြိုးထားကာ ဖော်ထုတ်သုတ်သင်ရန် သိုင်းလောကသို့ ခြေချခဲ့လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

လေပွေယမ်းတိုက်ခတ်လာသည်။

ထင်းစန်းတောင်ကား တိတ်ဆိတ် ခြောက်သွေ့သ ယောင်ထင်ရပေသည်။

လူနှစ်ယောက်သည် သက်မဲ့များပမာ ငြိမ်သက်နေကြ သည်။

ထိုလူနှစ်ယောက်ကား အခြားသူများ မဟုတ်ပါ။

သူသေကိုယ်သေ ယှဉ်ပြိုင်ရန် ချိန်းဆိုထားကြသော လင်းလျှံနှင့် ထိခ်ျတို့ပင် ဖြစ်သည်။

ထိချီသည် မလှုပ်မယှက် ကျောက်ရုပ်ပမာ ရှိနေပေ သည်။

လင်းလျှံသည် မျက်ဝန်းထဲ၌ မျက်ရည်များ လျှံကျလာ သည်ကို လက်ခုံဖြင့်သုတ်ကာ. . .



"ဒါ. . . ဒါဖြင့် ရှင်ပြောတဲ့အထဲက ဝူးချီဆိုတာ"

ထိချီ ထရပ်လာသည်။

"ဟုတ်ပါတယ်၊ ဝူးချီဆိုတာ ကျုပ်ပါပဲ၊ ကျုပ် မင်းအဖေကို လက်တုန့်ပြန်ချင်ခဲ့တယ်၊ ဒါကြောင့် မင်းကို သုံးနှစ်ချိန်းပြီး သူ့ကို အပြစ်ပေးမလို့ပါ၊ ဒါပေမယ့် သူဟာ လုကောက်ကျီ လက်ချက်နဲ့ သေဆုံးသွားခဲ့တယ်"

လင်းလျှံ မျက်လုံးဝိုင်းသွားသည်။

"ဘယ်လို. . ."

"ဟုတ်တယ်၊ လုကောက်ကျီဟာ ငါတို့တွေနောက် အခဲ ကြေဘဲ ထပ်ကြပ်မကွာ ရှိနေခဲ့တယ်၊ ရှမ်းထင်းလီနဲ့ မင်း အဖေကို လုပ်ကြံပြီး ငါ့ကို အထင်လွဲအောင်လုပ်တယ်၊ သူက တော့ ကျောက်နီနဂါးရုပ်နှစ်ခုကို ပိုင်ဆိုင်ခဲ့တယ်၊ ငါဇာတ်မြှုပ်နေ ပြီး ပြန်စုံစမ်းတော့ သူဟာ ငါသေသွားပြီ ထင်မှတ်ခဲ့တယ်၊ မင်း ခင်ဂိုဏ်းကို ဖျက်ဆီးခဲ့တာ၊ ကြံ့စုဂိုဏ်းကို ဖျက်ဆီးခဲ့တာ သူ ပါပဲ၊ သိုင်းလောကကို ဂယက်ရိုက်လာစေတဲ့ ဝိညာဉ်ရိုပ်ဂိုဏ်း ချုပ်ဟာ သူပဲဆိုတာ ငါစုံစမ်းခဲ့မိပြီ"

လင်းလျှံ သဘောပေါက်သွားသည်။

"ဒါကြောင့် ရှင်က ကြားလူ ရှိတယ်လို့ သတိပေးခဲ့တာ ကိုး ဒီသုံးနှစ်အတွင်း သိုင်းလောကမှာ ပျောက်ကွယ်သွားခဲ့ရတာ ပဲ ဒါကြောင့်ကိုး"

ဝူးချီ(ဝါ)ထိချီ သက်ပြင်းချကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နှစ်ယောက် ကိစ္စ မဖြေရှင်းခင် လုကောက်ကျိုကို ချိန်းဆိုထားတယ်၊ စာရင်းရှင်းဖို့ပါ"

လင်းလျှံ ဆုံးဖြတ်ချက်တစ်ခု ခိုင်မာစွာ ချလိုက်ပြီး ခေါင်းညိတ်လိုက်လေသည်။

"ကောင်းတယ်၊ ဒီလူယုတ်မာကို အရင်သုတ်သင်ပစ်ရအောင်"

ထိချို လက်ကာပြရင်း. . .

"အခု သူဟာ ဆင့်ပွားသိုင်းပညာ သုံးပုံနှစ်ပုံ ရရှိနေပြီ၊ ဒါကြောင့် မပေါ့ဆနဲ့၊ အရှင်းဆုံး ပြောရရင် မူရင်းရထားတဲ့ ငါဟာ အဓိပ္ပါယ် မဖော်နိုင်ခဲ့လို့ အဆင့်တိုးတက်မှု မရှိသေးဘူး၊ အစစအရာရာ သတိထားပါ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ရယ်မောသံ တစ်ချက်နှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူကား လုကောက်ကျိုပင် ဖြစ်သည်။

"ဟား. . . ဟား. . . ဟား၊ မင်းဆီက မူရင်းသိုင်းကျမ်းနဲ့ ကျောက်စိမ်းနဂါးသား အရုပ်သာရရင် ငါ့တို့ ယှဉ်နိုင်တဲ့လူ ရှိတော့မှာ မဟုတ်ဘူး၊ ဝိညာဉ်ရိပ်ဂိုဏ်းဟာလဲ ဖြိုင်ဘက်ကင်းပြီ"

သူ၏စကားအဆုံး၌ လင်းလျှံက ဒေါသတကြီးဖြင့် တိုက်ခိုက်လာလေသည်။

သူမသည် တောင်ပင်လယ်လူထူးဆန်းထံမှ သိုင်းပညာ



ရပ်များအား ဖခင်လုပ်ကြံသွားသူအား ဆုံးမရန် ရည်ရွယ်ထားသောကြောင့် အစွမ်းကုန် ဖွင့်ထုတ်လိုက်လေသည်။

လုကောက်ကျို ရယ်မောကာ ဘုန်ပြန်တိုက်ခိုက်လိုက်လေသည်။

ထိချိုကလည်း တုံ့ဆိုင်းမနေဘဲ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လုကောက်ကျိုသည် ထိချိုနှင့် လင်းလျှံအား အထင်သေးမိသည်။

လင်းလျှံသည် ဖခင်အတွက် လုကောက်ကျိုအား လက်စားပြန်ချေသည်ကတစ်ကြောင်း၊ ထိချိုအား ပြန်လည်မေးဆပ်လိုသည်ကတစ်ကြောင်းမို့ အသေခံကာ လုကောက်ကျိုအား ဖမ်းဆွဲထားခဲ့သည်။

ထိချိုအား အထင်သေးမိသော လုကောက်ကျိုသည် ထိချို၏ပြင်းထန်သော တိုက်ခိုက်မှုများအား မကာကွယ်နိုင်တော့ဘဲ ရှေ့မှာလဲ ကျက်သိမ်းသွားရလေသည်။

ထို့အတူ လင်းလျှံမှာလည်း. . .

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ထိချီသည် နွေးကွေးသော ခြေလှမ်းများဖြင့် ထင်းစန်းတောင်ပေါ်မှ ဆင်းလာခဲ့၏။

ထင်းစန်းတောင်ပေါ်၌ ရန်ငြိုး အာဃာတများ အားလုံးကျန်ရစ်ခဲ့ရသလို ဖော်မပြနိုင်သော ဝမ်းနည်းမှုများလည်း ဖြစ်ပေါ်နေ၏။

ကျောက်နီနဂါးရုပ်နှင့် ပတ်သက်သော ရန်ငြိုးအာဃာတများ အဆုံးသတ်ပါစေဟု ထိချီ ဆုတောင်းနေမိတော့သည်။

ထိချီ တစ်ရွေ့ရွေ့ဖြင့် လျှောက်လာသည်။

မကြာမီ ထင်းစန်းတောင်သည် တဖြည်းဖြည်း ပျောက်ကွယ်လာခဲ့လေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com